www.burmeseclassic.com

မှုခင်းအန္တရာယ် ကြိုတင်ကာကွယ်နိုင်ကြစေဖို့

# မှုခင်း ရှာဖော်

မှုခင်းနှင့်ရသစုံမဂ္ဂဇင်း

VOL (E) , N0 ( 41 )

၂၀၁၄ ခုနှစ် ၊ ဩဂုတ်လ



အဖုံးဆောင် - ရွှေရည်ထိန်တန်

ဓာတ်ပုံ - ချိုမိုးထွန်

www.burmeseclassic.com

www.burmeseclassic.com

## မြစ်ရပ်မှန်မှုခင်းဝတ္ထုများကို ဖတ်ရှုလေ့လာခြင်းအားဖြင့် မှုခင်းများကို ကြိုတင်ကာကွယ်နိုင်ကြစေရန် ရည်ရွယ်လျက်------

မှုခင်းပညာပေးအစီအစဉ်အရ ခွင့်ပြုချက်မြ-၀၃၈၂၈ဖြင့် ရှုထောင့်မှုခင်းနှင့်ရာဇဝတ်စုံမဂ္ဂဇင်းအား လစဉ်လဆန်း (၁)ရက်နေ့တိုင်း ပုံနှိပ်ထုတ်ဝေပါသည်။


ာယက - ဦးတင်လှိုင် (ဝန်ကြီး-ငြိမ်း)

ာယကအဖွဲ့ဝင်များ - ဦးစောငွေ (ဒုညွှန်ချုပ်-ငြိမ်း။ အကျဉ်းဦးစီးဌာန)၊
ရဲမှူးချုပ်တင်ဝင်း (ငြိမ်း)၊ ရဲမှူးကြီးအောင်နိုင်း (ငြိမ်း)၊ ရဲမှူးကြီး မြင့်စိုး (ငြိမ်း)

23 JUL 2014

ဥပဒေအကြံပေးအဖွဲ့ - ဒုရဲမှူးကြီးဝင်းမြင့် (ငြိမ်း)၊ ဒုရဲမှူးကြီး ခင်မောင်ဝင်း (ငြိမ်း)၊ ဦးဘဝင်း (ဒုညွှန်မှူး-ထွေ/အုပ်(ငြိမ်း)၊
ဦးရဲထွန်း (လက်ထောက်ညွှန်မှူး-ဥပဒေ-ငြိမ်း)

အကြံပေးလမ်းညွှန်မှု - ဒေါ်သက်ရီ (အကြံပေး-မြန်မာနိုင်ငံအမျိုး သမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း)

အယ်ဒီတာချုပ်/ထုတ်ဝေသူ - ဦးသက်နိုင်ဦး (အမှုဆောင်အရာရှိချုပ်)

ဒုတိယအယ်ဒီတာချုပ်နှင့်တာဝန်ခံအယ်ဒီတာ -မောင်ငြိမ်းသူ (ကြို့ပင်ကောက်)၊ (မြန်မာနိုင်ငံစာရေးဆရာအသင်း။ တွဲဖက်အတွင်းရေးမှူး)

အထွေထွေအုပ်ချုပ်ရေးမှူး- ဒေါ်ညိုညိုစိမ့် (ဒုတိယအမှုဆောင်အရာရှိချုပ်)

အထွေထွေအကြံပေးအဖွဲ့ - ဦးမင်းဆွေ(AE ဆောက်လုပ်ရေး-ငြိမ်း)၊ ဗိုလ်ကြီးစိုးပိုင် (ငြိမ်း)၊ ဦးသိန်းဝင်း (ကြို့ပင်ကောက်)

ုလုပ်ငန်းကြီးကြပ်ရေးမှူး - ဒေါ်တင်တင်အောင်

ွဲဖက်အုပ်ချုပ်ရေးမှူး - ဦးငွေနိုင်၊ ဦးအောင်ကျော်ဦး

ုအဖွဲ့မှူး - ဒေါ်ခင်စန်းဝင်း၊ဒေါ်ဖြူဖြူလှိုင်

ိုင်းတာဝန်ခံ - စောဝဏ္ဏ

ုလုပ်ငန်းအဖွဲ့ - ဦးတင်လင်းဦး၊ ဦးတင်ကြိုင်၊ ဒေါ်လှိုင်လေးဝင်း

ာအုပ်ချုပ်အဖွဲ့. - ဦးတင်ဦး၊ ဦးမြင့်ဦးအဖွဲ့.

ုပ် - စိန်နဂါးပုံနှိပ်တိုက်၊ (၀၃၀၃၇)၊ အမှတ်(၈၉)၊ (၅၆)လမ်းတို၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ာဆုံးဖလင် - EAGLE COLOUR SEPARATION


## ရှုထောင့်မီဒီယာအဖွဲ့၏ တိုင်းဒေသကြီး။ ပြည်နယ်၊ ခရိုင်၊ မြို့နယ် မီဒီယာရုံးခွဲများ

ောင်မင်းအဖွဲ့ (ရန်ကုန်တိုင်း)၊ ဦးအောင်ကျော်ဦးအဖွဲ့ (ကချင်ပြည်နယ်)၊ ဦးနိုင်မင်းအဖွဲ့ (နေပြည်တော်)၊ ဦးခင်ဇော်ဦးအဖွဲ့ (ကရင်ပြည်နယ်)၊ ဦးသိန်းလှိုင်အဖွဲ့ (မွန်ပြည်နယ်)၊
ိန်းဇော်ဦးအဖွဲ့ (မူဆယ်/ရှမ်းမြောက်)၊ ဦးစံဇာတီအောင်အဖွဲ့ (လားရှိုး/ရှမ်းမြောက်)၊ ဦးမြင့်အောင်အဖွဲ့ (ကယားပြည်နယ်)၊ ဦးဇော်ရှင်းအဖွဲ့ (ပဲခူးတိုင်းဒေသကြီး-အရှေ့ပိုင်း)၊
ူးကြီးခင်မောင်ဝင်း (ငြိမ်း)အဖွဲ့ (ပဲခူးတိုင်းဒေသကြီး-အနောက်ပိုင်း)၊ ဦးတင်စိုး/ဦးထွဒ်အဖွဲ့ (သာယာဝတီခရိုင်)၊ ဦးခင်မောင်ဝင်း/ဦးလှထူးအဖွဲ့ (မကွေးတိုင်း)၊ ဦးညီညီဦးအဖွဲ့
ာအုံခရိုင်)၊ ဦးရွှေဝင်းအဖွဲ့ (ပြည်ခရိုင်)၊ ဦးအောင်သန်းထွန်းနှင့် ဦးမျိုးဆွေဦးအဖွဲ့ (ပြည်မြို့နယ်)၊ ဦးထွန်းမြင့်အဖွဲ့ (ဝန်းတောင်း/ဥရှစ်ပင်)၊ ဦးလှထူးအဖွဲ့ (အောင်လံ/ပြည်)၊
ျိုးသက်အောင်အဖွဲ့ (ဖီးတုန်း)၊ ဦးအောင်မြင့်/ဦးမြင့်အောင်အဖွဲ့ (ရွှေတောင်)၊ ဦးတင်ဝင်းအဖွဲ့ (ဂုတီးတုန်း)၊ ဦးခင်သောင်း/ဦးစည်သူအောင်အဖွဲ့ (သဲကုန်း)၊
င်မောင်ကြည်/ဦးဖိုးဇော်အဖွဲ့ (ပေါင်းတည်)၊ ဦးထွန်းဝေအဖွဲ့ (ထံမ)၊ ဦးတင်ဝင်းအဖွဲ့ (အုတ်ဖို)၊ ဦးသိန်းလွင်အဖွဲ့ (နတ်တလင်း)၊ ဦးစိုင်းဇော်ဇော်အဖွဲ့ (အင်းမ/ဝတ်ဂုတ်)၊
ောင်မောင်သိန်း/ဦးသက်ဝင်းအဖွဲ့ (မင်းလှ)၊ ဦးမြင့်လွင်အဖွဲ့ (သာပေါင်း)၊ ဦးအေးအောင်အဖွဲ့ (ပေါင်းတလည်)၊ ဦးထက်အောင်လှိုင်/ဦးသက်မြင့်ဝင်းအဖွဲ့ (လက်ပံတန်း)၊
င်ဇော်အဖွဲ့ (မိုးညို)၊ ဦးမောင်မောင်စိုးအဖွဲ့ (ဘုရားကြီး)၊ ဦးအောင်မျိုးဦးအဖွဲ့ (ကျောက်တံခါး)၊ ဦးအောင်ဇော်မင်းအဖွဲ့ (မြန်အောင်)၊ ဒုရဲမှူးတင်လှိုင်(ငြိမ်း)အဖွဲ့ (ပေါက်ခေါင်း)၊
ုလှအဖွဲ့ (ကြံခင်း)၊ ဦးစိုးမင်းအဖွဲ့ (ဘတ်ရဲ)၊ ဦးကျော်နိုင်ဦးအဖွဲ့ (ထဝမြို့နယ်)၊ ဦးသန်းဝင်းအဖွဲ့ (ချောင်း)၊ ဦးလှရွှေအဖွဲ့ (ကျောက်ပန်းတောင်း)၊ ဦးစိန်ဝင်းအဖွဲ့ (ရေစကြို)၊
အဖွဲ့ (အရှေ့ပိုင်းခရိုင်/သာကေတ)၊ ဦးအောင်အောင်လွင်အဖွဲ့ (မြစ်ကြီးနား)၊ ဦးထွန်းထွန်းမင်းအဖွဲ့ (ပိုင်းဇော်)၊ ဒေါ်လှလှကြည်အဖွဲ့ (မြောက်ပိုင်းခရိုင်-လှိုင်သာယာ-၁)၊
င်ထွန်းဦးအဖွဲ့ (မြောက်ပိုင်းခရိုင်-လှိုင်သာယာ-၂)၊ ဦးဝင်းလှိုင်အဖွဲ့ (ဒေါပုံ၁)၊ ဦးတင်လှိုင်အဖွဲ့ (ဒေါပုံ၂)၊ ဦးကိုကိုနိုင်အဖွဲ့ (ရွှေပြည်သာ)၊ ဦးရင်သန်းအဖွဲ့ (ဥက္ကံ)၊
ျော်ငွေးအောင်အဖွဲ့ (ပဒုက္ကူ)၊ ဦးမောင်မောင်အဖွဲ့ (သာကေတ-၂)၊ ဦးထွဒ်/ဦးစိုးတင်မြင့်အဖွဲ့ (ကြို့ပင်ကောက်)

## သတင်းနှင့်စာမူများပေးပို့ရန်လိပ်စာ

ရှုထောင့်မှုခင်းနှင့်ရာဇဝတ်မဂ္ဂဇင်းရုံး။ သတင်းစုဆောင်းရေးရုံးခွဲ (၉၆)၊ မဟာသုခလမ်း၊ ကျိုက်တော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
**PH: 01-297297, 01-9006017, FAX : 01-397164**
**Email : shuhtaunt@gmail.com, www.shuhtauntheadofficeygn.com**

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ။ ဓမ္မော မေ သရဏံ အညံ နတ္ထိ။
သံဃာ မေ သရဏံ အညံ နတ္ထိ။

ဒီပါတပတိ အာဒိစ္စော၊ ရတ္တိမာဘာတိ စန္ဒိမာ၊ သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော၊ အထသဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ၊ တာဒိသံ တေဇသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ၊ နမက္ကာရာနုဘာဝေန၊ သဗ္ဗေပုဗ္ဗရေန္တု သက်ပွာ။

ဩြောင်း-တစ်ရာ့ရှစ်ကွက် ဗုဒ္ဓစက်၊ တစ်ဆယ့်လေးချက် ဓမ္မစက်၊ တစ်ဆယ့်ရှစ်ချက် သံဃစက်၊ လရောင်ဝင်းလျက် ရှင်ပစ္စေက ဗုဒ္ဓါရပာန္တာစက်၊ မြင်းမိုရ်တောင်ဦး မြင့်ခေါင်ကျူးလျက် မိဘာစက်၊ ဂုဏ်ကျေးဇူးအထူးသိလျက် ဆရာစက်၊ ဗြဟ္မာစိုးရိလက်နက် ဗြဟ္မာ့စက်၊ မိုးကြိုးလက်နက် သိကြားစက်၊ လောင်မီးကျလျက် နတ်တို့စက်၊ ဘွဲ့ဖြူလက်နက် ဘီလူးစက်၊ တောင်ဟုန်ပြင်းလျက် ဂဠုန်မင်းစက်၊ အာခံတွင်းက ဝင်းဝင်းတောက်လျက် နဂါးစက်၊ သုံးထောင်သချာ ဟောဝန္တာ အာဏာစိုးလျက် သီဟာစက်၊ စက်ကြီးတစ်ဆယ့်သုံးပါး ရွတ်သံကြားက ဘေးများမြင်မှုမကောင်းစုတို့ ဝေးကကြဉ်ရှောင် အောင်စေတတ်သည် မြတ်သည့်ဆရာ ပညာတည်း။

ဩြောင်း-နမော ဗုဒ္ဓါနုဘာဝေန၊ ဩြောင်း-နမောဓမ္မာနုဘာဝေန၊ ဩြောင်း-နမော သံဃာနုဘာဝေန၊
ဩြောင်း-နမော ဒူရေ-ဒူရေ သွား ဟုံ-ဟုံ။


ပင်မဝိဇ္ဇာ သမားတော်ကြီး လိပ်ခေါင်း၊ ဂရင်ဂျီနာဆေးခန်း၏ အထူးကြေညာချက်

သတိ – အမျိုးသမီးများနှင့် အမ ... ဤကြော်ငြာကို ဖတ်ဖြစ်အောင် ... တ်ပါ။

# လိပ်ခေါင်းဂရင်ဂျီနာ စအိုနာအသီးအာကျိတ်

စအိုနှင့် စအိုပတ်ဝန်းကျင်တွင်ဖြစ်သော အောက်ပါရောဂါများ အမြန်စမ်းသပ်ခံယူပါ။ ရောဂါရင့်က စအို ... တ်၍ စအိုကင်ဆာဖြစ်မည်။ စအိုပိတ်က ဝမ်းမိုက်ဖောက်၍ ဝမ်းသွားရမည်။ (ထို့ကြောင့် စအိုပိတ်က အသက် ... ရှယ်ရှိသည်။ လိပ်ခေါင်း၊ အပြင်စူထွက်၊ ပူခြင်း၊ စပ်ခြင်း၊ နာခြင်း၊ အောင့်ခြင်း၊ ဝမ်းသွားမရ၊ ဝမ်းကျုန့်၊ အတွင်းလိ ... အိုကျဉ်း၊ စအိုဝဆစ်ဆို့၊ အရိ၊ အချွဲ၊ သွေးပြည်ထွက်၊ စအိုဝအဖုအသီး၊ (ဂရင်ဂျီနာ သွေးပြည်ထွက်ရောဂါများ၊ မ ... ဖြတ်၊ မပူမစပ်၊ မနာ၊ စမ်းမိုက်မဖောက်၊ အလုပ်မပျက်၊ အပျောက် ကုသပေးသည်။ ချက်ချင်း သက်သာမည်၊ ရောဂါနုလျှင် (၃) ရက်နှင့် အမြစ်ပြတ်ပျောက်မည်။ ရာသက်ပန် ပြန်မဖြစ်စေရ။ အမျိုးသမီးများအတွက် ဝါရင့်ဆရာ ... ကိုယ်တိုင်ကုသပေးမည်။ ရင်သားအကျိတ်နှင့် စအို အသီးအကျိတ်၊ အသားပိုများရှိက အမြန်စမ်းသပ်ခံယူပါ။ (တစ်ေ ... နဖွင့်သည်။)

ပင်မဝိဇ္ဇာဆေးခန်းခွဲမရှိ။ ဖုန်း-၀၁-၂၄၆၄၉၂၊ ၀၉-၅၁၂၁၇၈၉။ ၀၁၃၀/၁၁၁၈၇


ပင်မဝိဇ္ဇာ (၂၅၂)၊ ရွှေဘုံသာအလယ်လမ်း၊ ရွှေထိပ်တန်းမျက်မှန်ဆိုင်အပေါ် ... ပ်၊ ရန်ကုန်မြို့။




www.burmeseclassic.com

www.burmeseclassic.com

# အဋ္ဌကထာကြေးပိဋကတ်တော်အလှူ



– ဝိမာနဝတ္ထုအဋ္ဌကထာအလှူရှင် –

နှစ်ပေါက်သော ကျေးဇူးရှင်မိဘများအား အမှူးထား၍ ရတနာတွက်နိုင်သော၊ သုနန္ဒာလမ်း (၄)တိုးချဲ့ရပ်ကွက်၊ ကြီးတံတားထိပ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်နေ ဒုဗိုလ်မှူးကြီးမင်းနိုင် (ငြိမ်း)နှင့်ဇနီး ဗိုလ်ကြီး မိတင်ရီ (ငြိမ်း)၊ သမီးကြီး မအေးအေးနိုင်(ခေတ္တ-စင်ကာပူ)၊ သားလတ် မောင်ကျော်ကျော်နိုင်နှင့် ဇနီး မဝင်းလဲ့မြ၊ သား Wilson Naing, သမီး Nikko Minte Naing, သမီးထွေး ဒေါက်တာကြူကြူနိုင် ခင်ပွန်း ဒေါက်တာကျော်လင်းထွန်း တို့မှ.........

၁။ ခုဒ္ဒကပါဌအဋ္ဌကထာတစ်အုပ်လှူဒါန်းပြုလုပ်ထားပြီး ၂။ ဝိမာနဝတ္ထု အဋ္ဌကထာ (၁)အုပ်ကိုလည်း လှူဒါန်းပြုလုပ်နေပါသည်။

သို့ ................... ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့

မြတ်ဗုဒ္ဓသာသနာ အရှည်တည်တံ့လေအောင် ကြံဆောင်၍ ဘုရားဟောတ်ခပတ်ပိဋကတ် ကျမ်းစာမြတ် တို့ကို " ကြေးပိဋကတ်တော်" ပြုလုပ်လှူဒါန်းလာခဲ့သည်မှာ–

၁။ ပါဠိပိဋကတ်တော် (၃)ပုံကို ကြေးပြားချပ်ရေ (၉၆၂၈)ချပ်ဖြင့် ရေးထွင်းပြုလုပ်လှူဒါန်းထားကြပြီး

၂။ မြန်မာပြန်ပိဋကတ်တော် (၃)ပုံကိုလည်း ကြေးပြားချပ်ရေ(၈၅၉၀)ချပ်ဖြင့် ရေးထွင်းပြုလုပ်လှူဒါန်းထားကြပြီး

၃။ ယခုတဖန် အဋ္ဌကထာဝင်ပိဋကတ်တော် ကျမ်းစာမြတ်များတွင် စာအုပ်ရေ (၃၀)ခန့်မျှ ရေးထွင်းလှူဒါန်းထားကြပြီးဖြစ်ပါသည်။ ကျန်ရှိသော ကျမ်းစာအုပ် (၂၀)ကိုလည်း ဆက်လက်ပြုလုပ်လှူဒါန်းနေကြပါသည်။ သို့ပါ၍ ကျန်ရှိနေသော အဋ္ဌကထာကျမ်းစာအုပ်များနှင့်ဋီကာကျမ်းစာအုပ်များကိုလည်း ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းကြပါရန်တု သာသနာ့အကျိုး မျှော်ကိုး၍ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန်ဌာန –

စံလောဝတိုက်စာကျောင်း၊ ရွှေကျင်တိုက်ကြီး၊ တဉ္ဈာအေးဘုရားလမ်း၊ (ရွှေတောင်းတော့ဇရပ် ရှေ့) ကြားတောရရပ်ကွက်၊ ပဲခူးမြို့နယ်၊
ဖုန်း – ၀၁-၅၄၈၀၀၅၊ ၀၉ ၅၁၉၅၂၈၆၊ ၀၉ ၄၉၃ ၁၆ ၂၅၃

www.burmeseclassic.com



# ရှုထောင့်မှုခင်းနှင့်ရာသစုံမဂ္ဂဇင်း၊ ဩဂုတ်လထုတ် (၂၀၁၄)

## မာတိကာ


### ဟာသရှုထောင့်

☆ မင်းသွေးနွယ် (ဇီးတုန်း) ၈

☆ မကျည်းတန် (လှိုင်တော်) ၉

☆ ကျော်မျိုးနွယ် ၁၀

☆ ထက်ဦးလူ (မှုဆယ်) ၁၁

### ကာတွန်းရှုထောင့်

✿ ရွှေကိုဦး

✿ ဖွဲ့နေ

✿ ရန်ကြီးအောင်

### ဥပဒေရှုထောင့်

✥ မောင်ညာဏ်ရှင် (ဥပဒေ) ၁၅

### ရှုထောင့်မှုခင်းဝတ္ထုတို/ရှည်

✸ မောင်မောင် (ဝိတောက်မြိုင်)
(ရှေးထုံးလည်းမပယ်နဲ့ ဈေးသုံးလည်း--) ၁၉

✸ ပုသိမ် အောင်သန်းဦး
(ဘယ်ရှေးကံရယ်ဖန်လာပုံဆန်းကြယ်) ၂၇

✸ တေတုလှနိုင်
(တရားခံဆိုရာ၌) ၃၂

✸ မောင်ဆွေ (တောင်ငူ)
(တျွန်ဓမ္မာ မိန်းမသား) ၃၈

✸ မောင်မောင်ဝင်းထင်
(ထက်ဦးဆရာ) ၄၅

✸ မောင်မောင်ညွှန့် (သရက်)
(အကြွေးမထားသောအကြွေး) ၅၀

✸ မိုးသစ်
(ငယ်ငယ်တရန်ကြွင်းရန်စ) ၅၉

✸ ရဲရင့်သူရိန်
(မထင်မှတ်သော နှစ်ကျော့ပြန်---) ၆၇

✸ သင်းသင်းလှိုင် (တစ်ကုန်း)
(တွေ့ရင်ပြောကြပါကွယ်) ၇၅

✸ မင်းသကြိန်
(စုံထောက်ကြီး ဦးဘလှနှင့် -----) ၈၂

✸ မောင်မောင်မြင့် (ဥသျှာမြို့သစ်)
(ထံကြွမ္မာ) ၉၂

✸ မောင်မောင်စိန်လင်း (နတ်မောက်)
(မျက်လုံးဒေါက်ထောက်) ၁၀၂


www.burmeseclassic.com

www.burmeseclassic.com




ရှုထောင့်မှုခင်းဝတ္ထုရှည် (စ/ဆုံး)

✹ တွင်းကြီးသားတင်ဝင်းဦး
(မီးဝါပြချိန် နေညိုချိန်) ၁၁၅

ရသဝတ္ထုတို

☛ ဆွေမြင့်သူ (ကြေး/မြေ)
(နှုတ်ခမ်းပါးလေးသက်သေတည်) ၁၃၃

ရှုထောင့်ဆောင်းပါး

✹ ဆူးသစ်
(မိုလ်ချုပ်ကတော့ ဗိုလ်ချုပ်ပါ) ၁၄၄

နှလုံးသားရှုထောင့်ကဏ္ဍ

✠ ရှီ (တက္ကသိုလ်)
(ဆေးရောင်ပြယ်လွင့်သွားသော---) ၁၄၈

✠ တာဝန်ခံအယ်ဒီတာသုံးသပ်ချက် ၁၅၆

ရှုထောင့်ဖြောင့်ချက်နှလုံးသားကဏ္ဍ

✠ ဟန်နီ (တောင်ကြီး)
(ဆုံမှတ်တို့ရှိလားရာ) ၁၅၈

ရှုထောင့်ရုပ်ရှင်ကဏ္ဍ

☆ ကျော်ဇောဟိန်း (ဒေါပုံ)
(နှင်စေရင်) ၆၆

☆ နိုင်စင်သန့်
(နိမိတ်စကား) ၆၉

စာအုပ်စင်ရှုထောင့်

✪ တိုကြီးထူး ၇၂

ရှုထောင့်ဗေဒင်ကဏ္ဍ

✤ တက္ကသိုလ်စိုးမိုးနိုင် ၁၇၄


www.burmeseclassic.com

www.burmeseclassic.com




## "အလင်းသွယ် ကြယ်တစ်ပွင့်"

ခင်းသွေးနွယ် (ဖီးထုန်း)

✿ ဥပဒေဘောင်အတွင်း
နေထိုင်ခြင်း ဘေးရန်ကွာ
မှုခင်းတွေ ကျဆင်းရေး
တင်းဝေးစေရာ...။
တွေးချင့်ပွား သိပညာ
သင်ခန်းစာ ယူစေအပ်
ကြောင်းကျိုးယှဉ် ဦးတည်နှင်း
မှုခင်းဖြစ်ရပ်.....။

✿ စည်းကမ်းမှု ကျင့်ဝတ်များ
လိုက်နာသွား စိတ်ချမ်းသာ
ပြုကျင့်ရာ ကိုယ့်လုပ်ရပ်
မြင့်မြတ်စေရာ...
သတိနှင့် နှိုင်းယှဉ်ကာ
ဘဝတာ ဆင်ခြင်အပ်
အသိဖွေ လမ်းထွင်ရှင်း
မှုခင်းဖြစ်ရပ်....။



✿ လမ်းပြဖွေ စာပေလမ်း
ကြိုင်လျှမ်းခဲ့ အောင်ပန်းပန်
ရှုထောင့်စုံ အဖြစ်အပျက်
ပေးဆက်ရည်သန်
တကယ်ဖြစ်ရပ် အခြေခံ
စာပေတန် မှုမပျက်
ဖြစ်မှုတွေ တင်းဝေးရန်

ရလဒ်မှန် ပြည်သူ့တွက်
ဒုစရိုက် ရှောင်ကွင်းဖွယ်တို့
သုစရိုက် ဆောင်နှင်းရှယ်ဖို့
အလင်းသွယ် ကြယ်တစ်ပွင့်
ဖြန့်ခင်းနှောင် အားမာန်ဝင့်လို့
ရှုတ်လှုပ်ရှင့်ချီလျက်....။ ။



www.burmeseclassic.com

www.burmeseclassic.com



# ဒေါသဗီးခုနစ်ဝါး

**မထျည်းထန် (ထို့င်တော်)**



- သူတထူး၏
ကျေးဇူးချေဖျက် ကျေးစွပ်ရက်သော
စိတ်မနောသည် 'မက္ခ'မည်၏။
- ဂုဏ်တုဂုဏ်ပြိုင် အနိုင်တုပ
'ပဠာသ'သည် စိတ်ယုတ်မည်၏
- စိတ်မငြိမ်းချမ်း၊ ဝမ်းနည်းကြောင့်ကြ
'သောက'ဖျာပွေ၊ ပူလောင်စေ၏။
- ဆောက်တည်ရာမဲ့ မထိန်းနိုင်ခဲ့
ဖြိုင်ဖြိုင်လောင်ငြီး၊ မီး 'ပရိဒေဝ'
ဆိုးရွားလှ၏။
- သွားလာလုပ်ကိုင်၊ နေထိုင်ကျပ်တည်း
ရောဂါသည်းထန်၊ ခန္ဓာဆင်းရဲ
မှတ်စွဲသင့်ကြ အို 'ဒုက္ခ'တည့်။
- စိတ်ညစ်စိတ်ပျက် စိတ်လက်ဝင်ပန်း
စိတ်နွမ်းစိတ်နာ၊ စိတ်မချမ်းသာတ
'ဒေါမနဿ'ခေါ်ဆိုကြ၏။
- ပရိဒေဝ ထိုမှလွန်ကဲ
ရင်ထဲပြင်းစွာ ဝေဒနာတား
'ဉပါသာယ' မတ်တတ်တယိုင်
မေ့မြောနိုင်၏။
- ဒေါသနှင့်စပ်၊ ခုနစ်ရပ်မီး
လျှံငြီးလောင်မြိုက်၊ ရင်ဝဆိုက်မျှ
'ဒေါသအတက်' 'အသက်ဒေါသ'
အတုသိုလ်ဖိတ် ခွဲခြမ်းစိတ်ဖြာ
အမှားကွာအောင် ပညာဉာဏ်သိ
ထိန်းချုပ်ဘိလော့။
- ထွက်သည့်ဒေါသ၊ ထွက်ပြသည်မှာ
အလိမ္မာမမည်၊ အရည်အချင်းမဟုတ်
ထိန်းသိမ်းချုပ်တည်း၊ သည်းညည်းခံနိုင်
အောင့်အည်းနိုင်မှ၊ ဒေါသလောင်မီးငြိမ်းလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



# "ချိုထွင်မှုဏ်ရသ"

ကျော်မျိုးနွယ်



✺ ရုပ်ဆင်းအင်္ဂါ
ရောင်ညှိုဝါနှင့်
ယှက်ဖြာရောင်ခြေး
နီပျောက်ထွေးတင်
လှသွေးသွင်ထူး
တစ်တီတူးငှက်
အသံဖျက်၍
ချစ်ဖျက်ရကြောင်း သိခဲ့သည်။

✺ မည်းနက်အရောင်
ဆင်းမပြောင်လည်း
သံအောင်သီကြွေး
နှေ့ဏ်ပေးတို
လေးလေးမှန်မှန်
လွှမ်းမောသံကြောင့်
ကိုယ့်ထံဆင့်ပွား
ချစ်သနားကြောင်း သိခဲ့သည်။

✺ ကြည်-----
လူ့လောကတွင်
မလှရုပ်ဆိုး
ဖြစ်ကြုံတိုးစေ
အဖိုးထိုက်လှ
ဖြစ်လိုမှုထား
နှုတ်ဖျားချိုသာ
အကြင်နာနှင့်
မေတ္တာပေါင်းသွယ်
ခွန်းဖလှယ်လျှင်
ခင်ဖွယ်မြတ်နိုး
ချစ်သူတိုးလိမ့်မည်တကား။ ။



www.burmeseclassic.com

www.burmeseclassic.com



# "ယောက်ျား"

ထက်ဦးထူ (မူဆယ်)



❑ ဘာမှမဖြစ်ရင် ဘာမှမဖြစ်ဘူး
ကိုယ်ဖြစ် ကိုယ်ခံတဲ့၊
ကြိုးဝိုင်းထဲက နှုတ်ထွက်ရမလို
ယဉ်ကျေးတဲ့ စကားစုများ။

❑ ရတာမလို လိုတာရဖို့
ပြေးလမ်းပေါ်က
ခရီးသွားခြေထောက်များ၊
ရုတ်တရက် ငြိသွားတဲ့
ခလုတ်ကန်သင်းက
အသည်းခိုက်ခိုက်တုန်။

❑ ဒဏ်ရာများနဲ့ တမှာ
အလွမ်းအသောများနဲ့ တမှာ
ရပ်တန့်နေလို့မရတဲ့ တို့ရဲ့တမှာ
အဝေးပြေးလမ်းမရဲ့ ဝိတ်ဆုံး။


❑ ပန်းတိုင်အောက်က
သရဖူတစ်လုံးနဲ့ လူတစ်ယောက်
ကိုယ်ဖြစ်ကိုယ်ခံ ပန်းဝန်လျှတ်၊
ကိုယ်စံရမယ့် အခိုက်အတန့်လေး
စံပယ်ဖြူ ... ပန်ချင်သူတများ ....။



www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှုထောင့်







www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှုထောင့်






www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှုဆောင့်






www.burmeseclassic.com

www.burmeseclassic.com



# ဥပဒေရေးရာအမေးအဖြေ

မောင်ဉာဏ်ရှင် (ဥပဒေ)

**မေး။** ဆရာ ကျွန်မယောက္ခမက ကျွန်မခင်ပွန်းအမည်ပေါက် ကျွန်မတို့ပိုင်ဆိုင်တဲ့ကားကို ပြန်မပေးဘူး။ ကျွန်မ ဘယ်လိုလုပ်ရမလဲ ဖြေကြားပေးစေချင်ပါတယ်။

အဖြစ်က ဒီလိုဆရာ။ ကျွန်မ ခင်ပွန်း မကြာသေးခင်က ကွယ်လွန်သွားတယ်။ ကျွန်မ ခင်ပွန်း ရှိစဉ်က ကားကို ယောက္ခမ အိမ်မှာထားပြီး ကျွန်မတို့နဲ့အတူသုံးစွဲခဲ့ကြတယ်။ ကျွန်မတို့တိုက်ခန်းက ဒုတိယထပ်မှာဆိုတော့ ကားကိုယောက္ခမ အိမ်မှာပဲထားရတယ်။ ခုတော့ ယောက္ခမတွေက သူတို့ပိုင်တဲ့ကား မပေးနိုင်ဘူးလို့ ပြောနေတယ်။ ဘယ်လိုလုပ်ရမလဲဆိုတာ ကျေးဇူးပြု၍ ဖြေကြားပေးစေလိုပါတယ်။

**မသူဇာဝင်း**

**ဗိုလ်ချုပ်ထစ်။ ဗိုလ်တထောင်မြို့နယ်**

**ဖြေ။** မသူဇာဝင်းအမေးကိုဖြေရရင် မော်တော်ကားဆိုတာက ရွေ့ပြောင်းနိုင်တဲ့ပစ္စည်းဖြစ်တယ်။ သာမန် အားဖြင့်ဆိုရင် ထတ်ဝယ်ရှိနေသူကိုသာ ပိုင်ရှင်လို့ဆိုနိုင်ပါတယ်။ ဒါပေမဲ့ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက သတ်မှတ် ထားတည်ပြုထားတဲ့ လုပ်ထုံးလုပ်နည်းများအရဆိုရင် ယာဉ်မှတ်ပုံတင်ဌာနမှာ ပိုင်ရှင်အဖြစ် အမည်ပေါက်သူကိုသာ ပိုင်ရှင်အဖြစ် တရားဝင်အသိအမှတ်ပြုရမှာဖြစ်ပါတယ်။ တကယ်လို့ အကြောင်းတစ်စုံတစ်ရာကြောင့် ပိုင်ရှင်အမည်ပေါက်သူက ပြန်လည် ရောင်းချပြီး ဝယ်ယူလိုက်သူက အမည်မပြောင်းရသေးဘူးဆိုရင်လည်း ဝယ်ယူထားတဲ့စာချုပ်စာတမ်းရှိနေမယ်ဆိုရင်လည်း ပိုင်ရှင်အဖြစ်မှတ်ယူနိုင်ပါတယ်။

မသူဇာဝင်း ခင်ပွန်းအမည်ပေါက်ကားက ယောက္ခမလက်ရှိဖြစ်နေတယ်။ အမည်ပေါက်က မသူဇာဝင်းအမည်နဲ့ ဆုတ်လား။ မသူဇာဝင်းခင်ပွန်းနဲ့ယောက္ခမတို့ ကားအရောင်းအဝယ်စာချုပ် ရှိနေရင်တော့ တစ်မျိုးပေါ့။ စာချုပ်မရှိရင် ...သူဇာဝင်း ခင်ပွန်းပိုင်ကားလို့ပဲ ဆိုနိုင်ပါတယ်။ ခင်ပွန်းအမည်ပေါက် ခင်ပွန်းပိုင်ကားကို ခင်ပွန်းကွယ်လွန်သွားတဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com



မယားသာ ပိုင်ဆိုင်ခွင့်ရှိမှာဖြစ်ပါတယ်။ မသူဇာဝင်းအနေနဲ့ တားတိုလက်ရောက်ရလိုမှု တရားစွဲနိုင်ပါတယ်ဆိုတဲ့အကြောင်း ဖြေကြားလိုက်ရပါတယ်။

**မေး။** ဆရာ ကျွန်တော်နဲ့လူတစ်ယောက် ကုမ္ပဏီထူထောင်ပြီး အကျိုးတူလုပ်ငန်းတစ်ခု လုပ်ကြတယ်။ ဒီလို လုပ်ကိုင်ရင်းနဲ့ စာရင်းရှင်းလိုက်တော့ ကျွန်တော်ပေးရန်ရှိတဲ့ ငွေကြေးသိန်း(၃၀)လောက်တင်ရှိလာတာ တွေ့ရတယ်။ ကျွန်တော့်မှာလည်း အဆင်မပြေသေးတော့ မပေးနိုင်ဘူး။ အဲဒါ သူက ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုနဲ့ တရားစွဲတယ်။ အဲဒါ ဘယ်လိုဖြစ်လာနိုင်သလဲ၊ ဖြေကြားပေးပါ ဆရာ။

**ဦးမြတ်ကျော်မင်း၊ ဝဲခူးမြို့**

**ဖြေ။** ဦးမြတ်ကျော်မင်းအမေးကိုဖြေရရင် ကုမ္ပဏီတစ်ခုတည်ထောင်ပြီး အကျိုးတူလုပ်ငန်းတစ်ခုလုပ်ကြတယ်။ နောက်ပိုင်း ငွေစာရင်းရှင်းတဲ့အခါ ဦးမြတ်ကျော်မင်းပေးချေရန် ငွေကြေးသိန်း(၃၀)လောက်ပေါ်လာတယ်။ ဒီပေါ်လာတဲ့ငွေဟာ ဦးမြတ်ကျော်မင်းအနေနဲ့ ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုကို ကျူးလွန်တယ်လို့ မဆိုနိုင်ဘူး။ ဒါကြောင့် ပြစ်မှုကြောင်းအရ တရားမစွဲဆိုနိုင်ဘူး။ ဒါပေမဲ့ ဦးမြတ်ကျော်မင်းကို တရားမကြောင်းနဲ့ စွဲမယ်ဆိုရင်တော့ စွဲလို့ရပါတယ်ဆိုတဲ့အကြောင်း ဖြေကြားလိုက်ရပါတယ်။

**မေး။** ဆရာ ကျွန်တော်တို့မှာ ပေ ၄၀×၆၀ မြေတစ်ကွက်ရှိတယ်။ အဘွားက အိမ်မဆောက်နိုင်တော့ အိမ်ဆောက်နိုင်သူကို ဆောက်စေပြီး တစ်ခန်းစီနေတယ်။ ကျွန်တော်ကလည်း ဇနီးသည်အိမ်နေလိုက်၊ အဘွားအိမ်လာနေလိုက် လုပ်နေတယ်။ အဘွားက ကျွန်တော်နဲ့အတူ မနေနိုင်တော့ အဘွားတို့စီစဉ်သဘောတူနေထိုင်ကြတာကို ဘာမှမပြောပါဘူး။ အခုတော့ အဘွားကဆုံးပြီး အဘွားမြေကွက်ကို ကျွန်တော်ရလိုက်တယ်။ အဘွားမြေကွက်က ကျွန်တော့်အမည်ပေါက်နှစ်(၆၀)ဂရမ်ပင်ထွက်နေပါပြီ။ အဘွားနဲ့သဘောတူ အိမ်ဆောက်နေသူက အခု ဖယ်မပေးဘူးဆရာ။ အဲဒါ ဘယ်လိုလုပ်ရင်ကောင်းမလဲ ဖြေကြားပေးပါ။

**မောင်စံထင်းကျော်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)**



www.burmeseclassic.com

www.burmeseclassic.com



**ဖြေ။** မောင်စံကျော်လင်းအဘွား မြေကွက်မှာ မြေစိုက်အိမ်စိုက်ဖြင့် အတူနေထိုင်သွားကြရန် သဘောတူချက်ကို မောင်စံလင်းကျော်အဘွားနဲ့ အိမ်ဆောက်နေထိုင်ကြသူတို့ ပြုခဲ့ကြတာမဟုတ်လား။ ဒီသဘောတူညီချက်ဟာ အဘွားနဲ့ အိမ်ဆောက်နေထိုင်သူတို့နှင့်သာ ပတ်သက်တဲ့သဘောတူညီချက်ဖြစ်တယ်။ ခုထော့ မောင်စံလင်းကျော်က မြေကွက်ကို ကိုယ်ပိုင်အခွင့်အရေးနဲ့ ဂရန်လျှောက်ထားရရှိခဲ့တဲ့ မြေကွက်လည်းဖြစ်နေပြီ မဟုတ်လား။ ဒါကြောင့် အဘွားနှင့် အိမ်ဆောက်နေထိုင်သူတို့ သဘောတူပဋိညာဉ်ကို မောင်စံလင်းကျော်က ဆက်ခံလိုက်နာဆောင်ရွက်ရန် မလိုအပ်ပါဘူး။ မောင်စံလင်းကျော်အမည်ဖြင့် မြေဂရန်ရရှိချိန်မှစ၍ အဘွား၏မြေပိုင်ဆိုင်ခွင့် ဆိတ်သုဉ်းခဲ့ပြီးဖြစ်ပါတယ်။ အိမ်ဆောက်နေထိုင်သူတို့ မြေပေါ် ဆက်လက်နေထိုင်ခြင်းဟာ ကျူးကျော်သူအဖြစ် နေထိုင်ရာရောက်တယ်။ မောင်စံလင်းကျော်အနေနဲ့ အိမ်ဆောက်နေထိုင်သူများကို ကျူးကျော်သူကိုနှင်လိုမှုနဲ့ တရားစွဲဆိုနှင်ထုတ်နိုင်ပါကြောင်း ဖြေကြားလိုက်ရပါသည်။

**မေး။** ဆရာ့ကို အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး မေးပါရစေ။ ဆရာ့ကို အမေးအဖြေတွေမှာ အိမ်ထောင်ရေးပြစ်မှုများ အကြောင်း၊ ကွာရှင်းလျှင် အိမ်ထောင်ရေးပြစ်မှုကျူးလွန်သူ ပစ္စည်းများမရနိုင်ကြောင်း စသည်ဖြင့်ဖတ်ရပါတယ်။ ကျွန်တော့် အဖြစ်က ဆရာ့အမေးအဖြေတွေနဲ့ သိပ်မကွာပါဘူး ထင်ပါတယ်။ ကျွန်တော်နဲ့ကျွန်တော့်ဇနီး ပေါင်းခဲ့တာ(၁၀)နှစ်ကျော်ပြီ ဆရာ။ လွန်ခဲ့တဲ့တစ်နှစ်လောက်က ကျွန်တော့်မိန်းမ အခြားယောကျ်ားတစ်ဦးနဲ့ ဖောက်ပြန်နေလို့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၇အရ မယားခိုးမှုနဲ့စွဲခဲ့တယ်။ အခု တရားရုံးက ဖောက်ပြန်တဲ့ ကျော်မင်းကို ထောင်ဒဏ်(၁)နှစ်ချလိုက်တယ်။ ကျွန်တော်တို့ လင်မယား တရားဝင် မကွာရှင်းရသေးသလို ပစ္စည်းလည်းမခွဲရသေးဘူး။ ကျွန်တော်တို့နှစ်ဦးပိုင် မြေကွက်နဲ့တိုက်တစ်လုံးရှိတယ်။ အဲဒါ ဘယ်လိုဆက်လုပ်ရမလဲ ဖြေကြားပေးပါ ဆရာ။

**မောင်သန်းဇော်မင်း၊ ဝဲခူးမြို့**

**ဖြေ။** မောင်သန်းဇော်မင်း အမေးကိုဖတ်ရတာ စိတ်မကောင်းပါဘူး။ မောင်သန်းဇော်မင်းဇနီးသည်က အခြားယောကျ်ားတစ်ယောက်နဲ့ ဖောက်ပြန်ခဲ့တယ်မဟုတ်လား။ မောင်သန်းဇော်မင်းက ဖောက်ပြန်သူ ကျော်မင်းကို မယားခိုးမှုနဲ့တရားစွဲလို့ ထောင်တစ်နှစ်ကျသွားခဲ့ပြီပဲ။ ဒီအခြေအနေမှာကြည့်ရင် မောင်သန်းဇော်မင်းဇနီးသည်ဟာ ကြီးလေးတဲ့အိမ်ထောင်ရေးပြစ်မှုကို ကျူးလွန်တယ်လို့ဆိုရမှာပဲ။ ဒီလို ကြီးလေးတဲ့ အိမ်ထောင်ရေး ပြစ်မှုကျူးလွန်သူမယားကို လင်ယောကျ်ားလေးအနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



တွာရှင်းခွင့်ရှိတယ်။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မယားဓါတော်ပြန်မှုဟာ ကြီးလေးတဲ့အိမ်ထောင်ရေးပြစ်မှုဖြစ်ကြောင်း ထင်ရှားလျှင် ယောကျ်ားဟာ လင်မယားနှစ်ဦးပိုင်ပစ္စည်းအားလုံးကို ရခွင့်ရှိတယ်လို့ဆိုတယ်။

ဒီအခြေအနေမှာ မောင်သန်းဇော်မင်းအနေနဲ့ လင်မယားနှစ်ဦးပိုင် မြေကွက်နဲ့မြေကွက်ရှိ တိုက်ကိုရထိုက်ပါတယ်။ ဇနီးသည်ကတော့ အထိုးခံစားခွင့်အားလုံး ဆုံးရှုံးနိုင်ပါတယ်။ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ လင်မယားကွာရှင်း ပြတ်စဲလိုမှုသတ်သတ် ဒါမှမဟုတ် လင်မယားကွာရှင်းစေလိုမှုနဲ့ ပစ္စည်းခွဲ ဝေပေးစေလိုမှုနဲ့ စွဲဆိုရမှာဖြစ်ပါတယ်။ မောင်သန်းဇော်မင်းအနေနဲ့ လင်မယားကွာရှင်းစေလိုမှုနဲ့ ပစ္စည်းခွဲဝေပေးစေလိုမှုဖြင့် တရားစွဲဆိုတာဟာ အကောင်းဆုံးဖြစ်နိုင်ပါကြောင်း ဖြေကြားလိုက်ရပါတယ်။

**မေး။** ဆရာ့ကို အမွေပြဿနာလေးတစ်ခု မေးပါရစေ။ ကျွန်တော့်အဖေဟာ လွန်ခဲ့တဲ့(၁၅)နှစ်လောက်က ဆုံးသွားတယ်။ ကျွန်တော်နဲ့ ကျွန်တော့်ညီ၊ သားနှစ်ယောက်ကျန်ခဲ့တယ်။ ကျွန်တော်တို့နှစ်ယောက် အမေနဲ့အတူနေတယ်။ အဖေ့မှာက ညီမတစ်ယောက်ရှိတယ်။ အဲဒီညီမနဲ့ အဘိုးအဘွားများက အတူနေတယ်။ လွန်ခဲ့တဲ့ငါးနှစ်လောက်က အဘိုးဆုံးပြီး သုံးနှစ်လောက်က အဘွားဆုံးတယ်။ အဘိုးအဘွားပိုင် တိုက်နဲ့ခြံမှာ အဒေါ်နေတယ်။ အဲဒီ အဘိုးအဘွားများ ကျန်ခဲ့တဲ့အမွေကို ကျွန်တော်တို့အဖေက မရှိတော့ဘူးဆိုတော့ ကျွန်တော်တို့အနေနဲ့ ရပိုင်ခွင့်ရှိ/မရှိ ဖြေကြားပေးစေချင်ပါတယ် ဆရာ။

**မောင်မြင့်မောင်မောင်၊ ထားဝယ်မြို့နယ်။**

**ဖြေ။** မောင်မြင့်မောင်မောင်တို့အနေနဲ့ အဘိုးအဘွားများကျန်ခဲ့တဲ့အမွေကို ရပိုင်ခွင့်ရှိပါတယ်။ မောင်မြင့်မောင်မောင်တို့အဖေက အဘိုးအဘွားများ(သူ့မိဘများ) အရင်ကွယ်လွန်တဲ့အတွက် မောင်မြင့်မောင်မောင်တို့က အမွေမပီမြေးများဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ အမွေမပီမြေးဆိုတာက ဘိုးဘွားနှစ်ယောက် ဖြစ်စေ၊ နှစ်ယောက်စလုံးဖြစ်စေ မကွယ်လွန်မီ ကွယ်လွန်သွားသော သားသမီးများက‌မွေးဖွားသည့် ထိုဘိုးဘွားရဲ့မြေးများကို ဆိုလိုတယ်။

အမွေမပီမြေးများက သူတို့ရဲ့ဦးကြီး၊ ဦးလေး၊ အဒေါ်တို့အပေါ် ဘိုးဘွား၏အမွေကို တောင်းဆိုနိုင်ကြောင်း ဆုံးဖြတ်ထားတာလည်းရှိတယ်။ ဒါကြောင့် မောင်မြင့်မောင်မောင်တို့အနေနဲ့ အဒေါ်ထံမှာ ဘိုးဘွားတို့ကျန်ရစ်ခဲ့တဲ့အမွေကို တောင်းဆိုနိုင်ပါကြောင်း ဖြေကြားလိုက်ရပါတယ်။

**မောင်ညဏ်ရှင် (ဥပဒေ)**



www.burmeseclassic.com

www.burmeseclassic.com

# ရှေးထုံးလည်းမပယ်နဲ့ ချေးသုံးလည်းမလွယ်နဲ့

မောင်မောင် (ပိတောက်ဖြိုင်)





www.burmeseclassic.com

www.burmeseclassic.com



## "ရှေးထုံးထည်းမစတ်နဲ့ ရှေးသုံးထည်းမထွတ်နဲ့"

**ဆောင်ဆောင်(ဗိဿာတ်မြို့င်)**

မရောက်တာ ကြာပြီဖြစ်သော မွေးရပ်မြေသို့ မမျှော်လင့်ဘဲ ရောက်ခဲ့သည်။ အကြောင်းက အစ်ကို့သမီး နှင်းနှင်းတစ်ယောက် အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့ခြင်းကြောင့် အသုဘချ ရက်အမီ သွားရောက်ခဲ့ခြင်းဖြစ်သည်။

အသုဘ ချမည့်ရက်က ဖေဖော်ဝါရီ (၁၂)ရက်၊ နောက်တစ်ရက်မှာ သင်္ကြန်အကြိုနေ့ ဖြစ်သည်။ သိကြတဲ့အတိုင်းပဲ ဒီရက်ဒီအခါတွင် သွားကြလာကြသူက အလွန်များသည်။ ကားဆရာများ အတွက်ကတော့ အကြိုက်တွေ့သွားသည်။ ယခုလည်း ကြည့်လေ မိမိသွားရမည့် ခရီးက ကြို့ပင်ကောက်မြို့၊ ပုံမှန်ထားခက ၂၅၀၀ိ/ သာရှိသည်။ မိမိပေးလိုက်ရသည်က ၅၀၀၀ိ/ ဖြစ်သည်။ ဒါတောင် ထိုင်ခုံမရ၊ အလယ်တန်းမှာ ခုံငယ်လေးဖြင့် ထိုင်ရသည်။ ဤသည်လည်း ဒုက္ခတစ်မျိုးဟုဆိုရပေမည်။

မိမိရောက်သွားချိန်တွင် အစ်ကို့အိမ်ရှေ့ ကလဖျင်းမဏ္ဍပ်ထဲတွင် ညှိဝရိသတ်က အပြည့်ဖြစ်နေသည်။ အစ်ကိုက ကျောင်းဆရာအငြိမ်းစားဆိုတော့ ခင်မင်သူများတာကတစ်ကြောင်း၊ ကွယ်လွန်သူ သမီးလေးကလည်း ငယ်ငယ်ရွယ်ရွယ်သာရှိသေးတာကြောင့် သနားကရုဏာရှိကြသည်က တစ်ကြောင်းတို့ကြောင့် ညှိဝရိသတ်က များနေဟန်ဖြစ်သည်။ ညှိဝရိသတ်အတွင်း တောင်တောင် အီအီပြောဆိုသံတွေကြားနေရသည်။

"အခုချမယ့် အသုဘ နှင်းနှင်းဟာ ခြောက်ယောက်မြောက်တွ"

"ဟုတ်တယ်ကွ၊ တို့ရွာ အနောက်ပိုင်းမှာ တစ်လတောင်မပြည့်သေးဘူး ခြောက်ယောက်တောင်ရှိသွားပြီဆိုတော့ထူးဆန်းသလိုဖြစ်နေတယ်"

"ဟော့ကောင်တွေ စကားပြောတာဆင်ခြင်ကြကွာ။ အသုဘကိစ္စမှာ မရေတွက်ကောင်းဘူးလို့ လူကြီးသူမတွေ ပြောဖူးတယ်ကွ"

"မင်းတို့ကလဲကွာ လူဆိုတာ သေမျိုးပဲတာ။ သေချင်တဲ့ အချိန် သေမှာပဲ။ သေချင်သလောက် သေမှာပဲ။ ဒါဘာဆန်းသလဲ"

"မဟုတ်သေးဘူးကွ။ အခု ဖြစ်နေတာက ဆက်တိုက်ကြီးလို ဖြစ်နေတာ။ ကြောက်စရာတောင် ဖြစ်နေတယ်"

"အင်း .. ခက်တော့ခက်တယ်ကွ။ ရှေးထုံးအစဉ်အလာတွေ၊ ဓလေ့ထုံးစံတွေဆိုတာ မယုံရခက် ယုံရခက် ဆိုရမလို ဖြစ်နေတယ်။ ဟိုတလောက ကိုတာတီးကလေးတစ်ယောက် ဆုံးသွားတယ်။ ရက်တောင်မလည်သေးဘူး ကိုစိန်ကြီးကလေး ဆုံးပြန်တယ်။ အဲဒီမှာ ထူးခြားတာတစ်ခု ရှိတယ်ကွ"

"ဘာထူးခြားလို့လဲ"

"မင်း မသိသေးဘူးလား၊ ကလေးက လသားလေးပဲ ရှိသေးတော့ ကိုစိန်ကြီးရယ် ကိုထွန်းကြိုင်ရယ် နှစ်ယောက်တည်း သင်္ချိုင်းမှာ သွားမြှုပ်ကြတယ်။ ကလေးအလောင်းကို ရွာဘက်ခေါင်းထိုးမြှုပ်သတဲ့ကွာ။ အဲဒါ ကိုထွန်းကြိုင် ပြောစကားကြောင့် လူကြီးတွေသိသွားပြီး ဒါမလုပ်ကောင်းဘူး၊ ရွာကို ထိခိုက်တတ်တယ်လို့ ဝိုင်းပြောကြလို့ ပြန်တူးပြီး နေရာပြောင်း မြှုပ်ရတယ်ကွ"

"အဲဒါ ပြီးတာပဲမဟုတ် လား"

"ပြီးတော့ပြီးတာပေါ့။ နောက်ဆက်တွဲတွေ ဖြစ်လာတာ မင်းမတွေ့ဘူးလား။ လေးငါးရက်ပဲကြာတယ်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဘုမ သမီးလေး ဆုံးပြန်ရော၊ တယ်မကြာဘူး ပြည်သူ့ဆေးရုံမှာတင်ထားတဲ့ ဦးသန်းထွန်းသမီးလေး ဆုံးပြန်တယ်။ အဲဒီမှာလဲ မကျေနပ်တဲ့ ရွာသားအချို့ ထီးတိုးစကားဆိုကြပြန်တယ်"

"ဘာတွေ ပြောကြလို့လဲကွ"


"မင်းကလဲ တော်တော်တုံးတဲ့ကောင်ပဲ။ အဲဒီကလေးမလေး အလောင်းကို ကားငှားပြီး ပြည်ကနေယူလာတာ ရွာထဲက သယ်တယ် ... ဒါဟာ မလုပ်ကောင်းဘူးလို့ လူကြီးတွေက ဆိုကြတယ်။ တိုက်ဆိုင်ချင်တော့ အဲဒီကလေးမလေး မြေချမယ့်နေ့မှာပဲ ဘကြီး ဦးကျော်ညွန့် ဆုံးသွားပြန်တယ်။ ထုံးတမ်း အစဉ်အလာအရ တစ်ရပ်ကွက်ထဲမှာ သေဆုံးသူ နှစ်ဦးရှိရင် နောက်မှ သေသူက အရင်မြေချရမယ်ဆိုတော့ အခက်ဖြစ်သွားပြန်ရော။ မထူးတော့ဘူးဆိုပြီး တစ်ရက်တည်းမှာပဲ နှစ်လောင်းသင်္ဂြိုဟ်ကြရတယ်။ နောက်မှသေတဲ့အဘဦးကျော်ညွန့်အလောင်းက အရှေ့ကသယ်ရတယ်မဟုတ်လား။ အဲဒီနေ့ ညမှာပဲ ဆရာ ဦးကျော်သန်းရဲ့ သမီး နှင်းနှင်း ဆုံးပြန်တယ်လေ"

"ဘာတွေမှန်းလဲ မသိပါဘူးကွာ။ ရှုပ်ယှက်ခတ်နေတာပဲ။ ငါတော့ သူ့သေနေ့စေ့လို့ သေတာပဲလို့ ထင်တာပဲ"

လူငယ်တစ်စုရဲ့ တစ်ယောက်တစ်ပေါက် ပြောနေကြသည်များက ဤမှာပင် အဆုံးသတ်သွားသည်။ အသက် ရှစ်ဆယ်ကျော် ဘကြီးဦးချစ်လှိုင်က လူငယ်တွေတစ်ယောက်တစ်ပေါက် ပြောနေသည်ကို ငြိမ်နားထောင်နေရာမှ သူ့အမြင် သူ့အတွေးများကို ပြောလာသည်။

"လူလေးတို့ ပြောကြဆိုကြတာတွေဟာ ကိုယ့်ဘက်ကတော့ မှန်တယ်လို့ ထင်နေကြမှာပဲ။ အဘ ဘာမှ မပြောလိုပါဘူး။ တစ်ခုတော့ရှိတယ်ကွ။ တို့မြန်မာမှုနယ်ပယ်မှာ စကားပုံတစ်ခုရှိတယ်။ **ရှေးထုံးလည်းမပယ်နဲ့ ရှေးသုံးလည်းမထွင်နဲ့တဲ့**။ ဒီစကားအလကား မဟုတ်ဘူးကွ ရှေးလူကြီးသူမတွေက သူတို့အတွေ့အကြုံ ဗဟုသုတ အကြားအမြင်တွေကို နောင်လာနောက်သားတွေ ကောင်းစေချင်တဲ့ စေတနာနဲ့ လိုက်နာမှတ်သားစေအောင် ပြောခဲ့တာပဲ ....

"ဒီခေတ်မှာတော့ကွာ ယုံကြည်သူတွေနည်းလာပြီး ထင်ရာ စွတ်လုပ်တတ်တဲ့သူတွေ များလာတယ်။ အဘတို့ကတော့ ဒီအသက် ဒီအရွယ်အထိ ဘိုးစဉ်ဘောင်ဆက် အစဉ်အလာကို ထိန်းလာခဲ့ကြတာပဲကွ။ မင်းတို့ စောစောက ပြောသလို လူသေအလောင်း မြှုပ်တဲ့အခါမှာ ရွာဘက်ကို ဦးတိုက်မြှုပ်တာဟာ ရွာကိုခိုက်တတ်တယ်။ ဒါတင်မဟုတ်သေးဘူး။ ရွာဘက်ကို ခြေကန်ပြီး မမြှုပ်ရဘူး။ နောက်သင်္ချိုင်းမှာ





www.burmeseclassic.com

www.burmeseclassic.com



အသုဘာချတဲ့အခါမှာလဲပဲ နိမိတ်မရှိတဲ့ စကားတွေ မပြောရဘူး။ ဘယ်သူတော့ ဖြင့်သွားရှာပြီ၊ မကြာခင် ဘယ်သူလိုက် ခဲ့လိမ့်မယ်။ နောက်ထပ် တွင်းတစ်တွင်း တူးထားလိုက်တော့ ဆိုတာမျိုးတွေ မ ပြောရဘူးကွ ...

"နောက်ရှိသေးတယ် ... ဆေး ရုံမှာပဲဖြစ်ဖြစ်၊ တခြားတစ်နေရာရာမှာ ပဲဖြစ်ဖြစ် သေဆုံးသွားသူကို သင်္ဂြိုဟ်ဖို့ အတွက် ပြန်ယူရာမှာ ရွာထဲက မယူရ ဘူး။ ရွာပြင်ဘက်က ယူရတယ်။ အိမ် နောက်ဖေးမှာပဲ အလောင်းကိုထားကြရ တယ်။ အိမ်ပေါ်ကိုလဲ လုံးဝမတင်ရဘူး ...

"မင်းတို့ ခေတ်မှာတော့ ဒီ အယူအဆတွေကို အယုံအကြည်နည်း လာကြတယ်။ မိဘ သံယောဇဉ်၊ သား သမီး ညီအစ်ကို မောင်နှမသံယောဇဉ် တွေ ကြီးမှုကြောင့်လို့ အဘတော့ ထင် တာပဲ။ အပြစ်တော့ ဆိုဖွယ်မရှိပါဘူး။ တစ်ခုတော့ရှိတာပေါ့ကွာ ဘာမှ မဖြစ် သေးရင် ဘာမှမဖြစ်ဘူးလို့ပဲ ဆိုရမှာပေါ့။ ဖြစ်လာပြန်တော့လဲ တိုက်ဆိုင်မှုပါလို့ သာ ဆိုကြတယ်။ မင်းတို့ခေတ် မင်းတို့ အခါတုန်းကွ"

ဘကြီး ဦးချစ်လှိုင်က သူ့စကား ကို ရပ်ထားလိုက်ပြီး ရေနွေးကြမ်းတစ် ခွက်ကို မော့ချလိုက်သည်။ သူ့နဖူးမှာ စီးကျနေသော ချွေးပေါက်များကို သူ့ ခေါင်းတွင် ပတ်ထားသော တဘက် ဟောင်းလေးကိုဖြုတ်ယူ၍ သုတ်နေ သည်။ ဝရံတာအများကလည်း ထပ် တောင်လေးများ တဖျတ်ဖျတ်ဖြင့် အပူ ဒဏ်ကို အလူးအလဲ ခံနေကြရသည်။ အချိန်က နေ့လယ်တစ်နာရီခန့်သာရှိ သေးသည်။ နေမင်းကလည်း ပူပြင်း တောင်းတုန်းဖြစ်သည်။

အစ်ကိုဖြစ်သူ ဦးကျော်သန်း ကလည်း သမီးလေးကို သံယောဇဉ်ကြီး စွာဖြင့် အသက်ဝိညာဉ် ကင်းမဲ့နေပြီ ဖြစ်သော ရုပ်အလောင်းကို ကြည့်မဝ နိုင်။ မြေသို့ပင်မမြှုပ်ချင်သေး။ ရသမျှ အချိန်လေးကိုပင် သမီးလေးကို ဒီလော ကကြီးထဲမှာ ရှိနေစေချင်ဟန်ဖြစ်နေ သည်။ "ဪ .. ပုထုဇဉ်လူသားတို့၏ သံယောဇဉ်က ဆိုးဝါးလှပါတကား"လို့ မိမိတွေးလိုက်မိသည်။

မိမိက ဧည့်ဝရံတာကို ကြည့် ပြီး အားနာလာမိသည်။ အစ်ကိုဖြစ်သူ ကို အကျိုးအကြောင်း ရှင်းပြရတော့ သည်။ "မင်းကောင်းသလိုသာ စီစဉ် လိုက်ပါတော့ကွာ"လို့ ဝမ်းနည်းကြေကွဲ သံဖြင့် ပြောပါသည်။ မိမိလည်း စိတ်မ ကောင်းစွာဖြင့် အသုဘာချရေးကိစ္စကို

**အသက်ဝိညာဉ်**

**ကင်းမဲ့နေပြီဖြစ်သော ရုပ်အလောင်းကို**

**ကြည့်မဝနိုင်။ မြေသို့ပင်မမြှုပ်ချင်သေး။**

**ရသမျှအချိန်လေးကိုပင် သမီးလေးကို**

**ဒီလောကကြီးထဲမှာ**

**ရှိနေစေချင်ဟန်ဖြစ်နေသည် ---**



www.burmeseclassic.com

www.burmeseclassic.com



အမြန်စီစဉ်လိုက်ရသည်။

နှင်းနှင်း ရုပ်အလောင်းကို သုသာန်သို့သယ်ယူကြသည့်အခါ လိုက်ပါပို့ဆောင်သူများ အတော်များလှသည်။ အလောင်းကိုမြေမချမီ ခေါင်းကိုဖွင့်ပြသည်။ ပိုင်းအုံတိုးဝှေကြည့်ကြသည်။ ငယ်ရွယ်သေးသူ နှင်းနှင်း၏ မျက်နှာလေးမှာ ပကတိပုံမပျက်သေး။ အိပ်နေသလားဟုထင်ရသည်။ အားလုံးက စိတ်မကောင်းဖြစ်ကြရသည်။ အထူးသဖြင့် အမျိုးသမီးတစ်စု မျက်ရည်မဆည်နိုင်ငိုကြွေးနေကြသည်။

အားလုံးကိုတောင်းပန်၍ ခေါင်းကို ပြန်ပိတ်လျက် မြေမြှုပ်ရန် စီစဉ်ကြရသည်။ ထိုစဉ် လူငယ်တစ်ဦးထံမှ အမှတ်မထင် စကားသံတစ်ခု ထွက်လာသည်။

"ဟော့ကောင်တွေ နောက်တစ်ယောက်အတွက် တွင်းတစ်တွင်း တူးထား လိုက်ဦးတွ"

မထင်မှတ်သော စကားသံကြောင့် ပရိသတ်တို့၏ အကြည့်သည် အသံလာရာဆီသို့ ရောက်သွားကြသည်။ မိမိဝင်လျှင် ခေါင်းနားဝန်းကြီးသွားမိသည်။ အသာ ဦးချစ်လှိုင် ပြောသော ရှေးလူကြီးများ စကားတို့ကို ပြန်လည် ကြားယောင်မိတော့သည်။

နှင်းနှင်း အသုဘကိစ္စ ပြီးဆုံးသွားပြီ ဖြစ်သည်။ အစ်ကို ဦးကျော်သန်း၏ အပူမီးတွေကတော့ ငြိမ်းအေးနိုင်ဦးမည်မတုတ်သေးပေ။ တော်ရုံတန်ရုံ အသည်းနှလုံးဆိုပါက ရူးသွားနိုင်သည်ဟု ဆိုလောက်ပါသည်။

ကြည့်ပါ၊ ဇနီးသည်က လေဖြတ်နေသည်။ အသက်ထိုးဆယ်ကျော်ယောက္ခမဖြစ်သူက ထူမှထမှ လှုပ်ရှားနိုင်သည်။ မကြာခင် ရက်ပိုင်းအတွင်းက ပြည်သူ့ဆေးရုံတွင် သေဆုံးသွားသည့် အမျိုးသမီးလေးမှာ သူ့ယောက်ဖ အရင်း၏ သမီးဖြစ်သည်။ တစ်ရက်တည်း မြှုင်တူသင်္ဂြိုဟ်ခဲ့ရသော ဦးကျော်ညွှန့်မှာလည်း သူ့သမက်၏ အဘိုးအရင်းဖြစ်သည်။ အားလုံး လူမှုကိစ္စအဝဝတို့သည် အစ်ကို ဦးကျော်သန်းနှင့် မတင်းရာ မတင်းကြောင်း ဆက်နွယ်နေခြင်းသာဖြစ်သည်။

ဦးနှောက်ခြောက်စရာ ကောင်းလှသော သူ့အဖြစ်ကို နှစ်သိမ့်စကားဆိုရန် စကားလုံးဝင် ရှာမရဖြစ်ခဲ့ရသည်။ နောက်ဆုံးမှာတော့ "အစ်ကိုရယ် တရားနဲ့သာ ဖြေလိုက်ပါတော့" လို့သာ ပြောနိုင်ခဲ့ပါသည်။

မိမိ ခေတ္တတည်းခိုရာ ညီမလေး အိမ်သို့ ပြန်လာခဲ့သည်။ ရင်မောလွန်းသဖြင့် ညီမလေးကို သံပရာရည် တစ်ခွက် ဖျော်ခိုင်းလိုက်ရသည်။ တဝကြီး သောက်ချ လိုက်ပြီး ပက်လက်ကုလားထိုင်တွင် တရေးမှေးခနဲ အိပ်ပျော်သွားသည်။

"ကိုဇော်လင်းမောင် ... ကိုဇော်လင်းမောင် .. အမြန်လာပါလို့ ဥက္ကဋ္ဌကြီးက ခေါ်ခိုင်းတယ်။ မမော်ကြီးတို့ ဖရဲခင်းထဲမှာ ကိုကြက်သား ဓားထိုးခံရလို့ သေသွားပြီတဲ့ဗျ"


အိမ်ရှေ့မှ ဆူညံဆူညံသံ ကြားသဖြင့် မိမိ လန့်နိုးခဲ့ရသည်။ လက်မှ နာရီကိုကြည့်လိုက်တော့ လေးနာရီဖြစ်သည်။ ဇော်လင်းမောင်ဆိုသည်က မိမိတူ၊ ရယက စာရေးဖြစ်သည်။ ရယက ဥက္ကဋ္ဌက အသက်ကြီးရင့်ပြီး မျက်စိမှုန်ခါးတုန်းနေပြီဖြစ်၍ အရာရာတွင် ဇော်လင်းမောင် ပါနေရခြင်းဖြစ်သည်။ အပြေးအလွှား ထလိုက်သွားသည်။ ညဆယ်နာရီခန့်မှ ပြန်ရောက်လာသည်။ အကျိုးအကြောင်း ပြောပြ၍ စိတ်မကောင်းဖွယ်ရာ ကြားသိခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com





♣♣♣

"ကိုကြက်သားက လူအေး လူရိုးတစ်ယောက်ပါ။ အသောက်အစားလဲ ကင်းတယ်"

"ဒါဆို ဘယ်လိုဖြစ်ရတာလဲ၊ သတ်တဲ့သူကော သိသလား"

"ကျွန်တော့် အထင်ကတော့ ဒီလူ သူ့အမေဒဏ် ခံသွားရတယ် ထင်တာပဲ။ သနားပါတယ် ဘကြီးရာ။ ဒီလူက သူ့အမေနဲ့အတူနေပြီး အမေကို လုပ်ကျွေးနေတာ။ သတ်တဲ့သူကတော့ ကိုတင်သောင်းလို့ပြောတာပဲ။ ရဲကတော့ ညတွင်းချင်း လိုက်နေပါတယ်။ အလောင်းကိုတော့ ဆေးရုံပို့လိုက်ပါပြီ။ ဒဏ်ရာတွေက လည်ပင်းနဲ့ ရင်ဘတ်မှာ လေးချက်တောင် တွေ့ရတယ်။ ဓားမြှောင်ကို ကိုကြက်သား လက်ထဲထည့်ခဲ့တာ တွေ့ရတယ် ဘကြီးရဲ့"

"ဘာဖြစ်လို့ သတ်တာလဲ"

"သေသေချာချာတော့ မပြောနိုင်ဘူးပေါ့။ ဒါပေမဲ့ သူတို့ မှာ ဇာတ်လမ်းတော့ရှိတယ်"

"ဘယ်လို ဇာတ်လမ်းပါ လိမ့်"

"ကိုတင်သောင်းနဲ့ ကိုကြက်သားက သွေးသားမကင်းကြဘူး။ ကိုတင်သောင်းက မိန်းမနဲ့ကွဲပြီး ကိုကြက်သားကို အိမ်မှာ စာရင်းငှား (သူရင်းငှား) အဖြစ်နေတယ်။ ကြာလာတော့ ကိုတင်သောင်းက ငွေလေးစုမိလာတယ်။ အဲဒီငွေထဲက ကိုကြက်သားအမေ ယူသုံးထားတာ ခုနစ်သိန်း ရှိတယ်လို့ သိရတယ်။ ကိုတင်သောင်းက သူ့ငွေရလိုမှုနဲ့ တိုင်ကြားလို့ ကျွန်တော်တို့ ရယကရုံးက ဖြေရှင်းပေးဖူးတယ်။ မပြေလည်ဘူး။ ဒီနေ့ ထပ်ဖြေရှင်းပေးဖို့ချိန်းတယ်၊ ကိုတင်သောင်း ရောက်မလာဘူး"

"ငွေယူတာက ကြက်သားက ယူတာလား၊ သူ့အမေက ယူတာလား"

"ငွေသုံးတာကတော့ သူ့ အမေပေါ့။ ရှာဖွေပြောဆိုရတာကတော့ ကိုကြက်သားပေါ့။ သူက ရိုးသားတော့ သူ့ကို ယုံကြတယ်။ သူ့အမေက ဖြန်ပေးစရာရှိရင် လက်ပေါက်ကပ်ချင်တယ်။ အဲဒီအခါ ကိုကြက်သားမှာလဲ တာဝန်မကင်းဖြစ်လာတာပေါ့…

"ကျွန်တော် ထင်တာတော့ ဒီလိုဖြစ်ရတာ အကြောင်းတိုက်ဆိုင်မှုတွေဆုံလာတယ်လို့ ဆိုရမှာပဲ။ ကိုတင်သောင်းက သူ့မိန်းမနဲ့ ပြန်ပေါင်းဖို့ရှိတယ်။ ဒီတော့ ငွေလိုတယ်ပေါ့။ သူ့ငွေကို တောင်းတယ် မရဘူး။ တစ်ခါ ဟိုတစ်လောကမှ ဆုံးသွားတဲ့ ဦးကျော်ညွန့်ဆိုတာက ကိုတင်သောင်းရဲ့ အဖေပါ။ အဘိုးကြီးမကျန်းမမာဖြစ်လာတော့ ဆေးကုသပေးဖို့ ငွေတောင်းပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကြက်သားအမေက မပေးပြန်ဘူး ..

"မကြာခင်မှာပဲ အဘိုးကြီး ဆုံးသွားတယ်။ သပြိုဟ်စရိတ်မရှိလို့ သူငွေလေး တောင်းပြန်တော့လဲမရပြန်ဘူး။ ဒီတော့ ကိုတင်သောင်း အတော် စိတ်နာသွားပုံရတယ်"

"ဒါလဲ ဖြစ်နိုင်တာပေါ့ကွာ။ တင်သောင်းက အရက်တွေ ဘာတွေ သောက်တတ်သလား"

"ကိုတင်သောင်းက အရက် သောက်တတ်ဘူးဗျ။ အနေအထိုင်လဲ အေးပါတယ်။ ဒါပေမဲ့ ဒီနေ့ ဆရာလေး ဦးကျော်သန်း သမီး အသုဘမှာ အရက်ဝင်သောက်သွားတယ်လို့ သိရတယ်။ သချိုင်းမှာ "ဟော့ကောင်တွေ နောက်တစ်ယောက်အတွက် တွင်းတစ်တွင်း ဆက်တူးထားဦးကွ" လို့ ပြောတာ ကိုတင်သောင်းဆိုတာ သိရတယ်"

"ဒါဆိုရင် တင်သောင်းက ကြက်သားနဲ့ သူ့အမေတစ်ယောက် ယောက်ကို သတ်မယ်လို့ စိတ်ဆုံးဖြတ်ထားပုံရတယ်"

"ကျွန်တော့် အထင်တော့ ကိုကြက်သားကို သတ်ဖို့ ရည်ရွယ်ချက်ရှိပုံမပေါ်ဘူး။ သူ့အမေကိုသာ ပိုပြီး စိတ်နာနေတာ။ ဖြစ်ချင်တော့ ကိုတင်သောင်းက အသုဘက အရက်သောက်ပြီး အရက်ရှိန်လေးရလာတော့ သွေးတကြွကြွ ဖြစ်မှာပေါ့။ ကိုကြက်သားကလဲ မကော်ကြီး ဖရဲခင်းထဲမှာ ဖရဲသီးခွဲစားနေတုန်း ဝတ်ဝင်း တိုးကြတဲ့အခါ ကိုကြက်သား ထံ ဆိုးသွားတယ်ဆိုရမှာပဲ။ တစ်လမပြည့်ခင် ရက်အတွင်းမှာ ကျွန်တော်တို့ရွာမှာ ခုနစ်ယောက်မြောက်သေဆုံးခြင်းပါပဲ။ ဘယ်လိုတွေဖြစ်နေသလဲမသိပါဘူး ဘကြီးရာ"

"တကယ်တော့ ဒါတွေဟာ ထံကြမ္မာဆိုးဝင်တာပဲလို့ ဆိုရမှာပဲ။ ဒီကံကြမ္မာတွေဟာ ဘယ်ကစသလဲဆိုရင် လူတွေရဲ့ လောဘ၊ ဒေါသ၊ မောဟ တရားတွေက စခဲ့တာပဲ။ ဒီကြားထဲ သုရာမေရိယဆိုတဲ့ သေရည်အရက်က လဲ ဝင်နှောက်သွားသေးတယ် မဟုတ်လား။ အဲဒါ သင်ခန်းစာယူစရာတွေပဲပေါ့ကွာ"

❦❦❦

သကြိုန်အကြတ်နေ့မှာ အစ်ကို့ သမီး နှင်းနှင်းအတွက် ရက်လည်ဆွမ်းကျွေး ကောင်းမှုပြုလုပ်သည်။ ညှိဝရိသတ်များ ပြန်လည်ဆုံကြပြန်သည်။ စကားဝိုင်းတွင် မောင်ကြက်သားအကြောင်း ရောက်သွားကြသည်။ ရိုးသားပြီး မိခင်ကြီးကို လုပ်ကျွေးနေသူမို့ တရုတ်ကာပိုကြသည်။ ဝမ်းနည်း စကား ဆိုကြသည်။ လူသတ်တရားခံ တင်သောင်းကို သုံးလေးရက်အတွင်း ဖမ်းမိ

**"ဒါဆိုရင် တင်သောင်းက ကြက်သားနဲ့ သူ့အမေတစ်ယောက် ယောက်ကို သတ်မယ်လို့ စိတ်ဆုံးဖြတ် ထားပုံရတယ်"**



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြောင်း သိကြရသဖြင့် ရဲတင်ဖွဲ့ဝင်များ၏ စွမ်းဆောင်မှုအပေါ် ချီးကျူးစကားများ ဆိုနေကြသည်။ အဘ ဦးချစ်လှိုင်၏ စကားများကလည်း သတိပြုစရာတု ဆိုရပေမည်။

"အင်း … မောင်ကြွက်သားအဖြစ်ကလဲ .. ရင်နာစရာ ကောင်းသတွာ။ ပြီးခဲ့တာတွေလဲ ပြီးခဲ့ပြီပေါ့။ ဒါပေမဲ့ ထပ်ကာမဖြစ်ဖို့ ရက်ပိုင်းအတွင်းမှာ ခုနစ်ယောက်မြောက်ဖြစ်သွားတယ်ဆိုတော့ တို့တစ်တွေ သတိပြုစရာတော့ ဖြစ်တယ်တွာ။ တစ်ခုခုတော့ မှားနေပြီလို့ ထင်သတွာ …

"ရှေးလူကြီးတွေ ပြောခဲ့တဲ့ စကားတွေဟာ အလကားမထုတ်ဘူးတွာ။ ချေးသုံးလွယ်တော့ ဖွဲ့တတ်တယ်။ ရှေးထုံးပယ်တော့ လွဲတတ်တယ်ဆိုတဲ့ သဘောအရ တို့ရွာမှာ ဒီရက်အတွင်း ဖြစ်ပျက်ခဲ့တာတွေကို ပြန်စဉ်းစားကြည့်ရင် ပြောမှားဆိုမှား၊ လုပ်မှားကိုင်မှားတွေကို တရေးရေးပေါ်လာလိမ့်မယ်။ ဒါတွေကို မင်းတို့ လူငယ်တွေ အထူးသတိပြုဖို့ အဘပြောလိုတယ်တွာ။ တစ်ဦးနဲ့တစ်ဦးလဲ မေတ္တာတရားရှေ့ထားကြပါလို့လဲ ပြောချင်သတွာ"

အဘ ဦးချစ်လှိုင်၏ စကား အဆုံးမှာတော့ လူငယ်အများပြောများဆိုမှား လုပ်မှားကိုင်မှားတွေကို သတိတရားနဲ့ တရေးရေး ပေါ်လာပေလိမ့်မည်။

ဿဿဿ

ညနေပိုင်းမှာတော့ နှစ်စဉ် နှစ်တိုင်း ပြုနေကျဖြစ်သည့် သင်္ကြန်အကြိုထိနေ့မှာ ရှေးရိုးစဉ်လာမပျက် ဘုရားလှည့်ပွဲကိစ္စစီစဉ်ကြသည်။ ရွာဦးဘုန်းကြီးကျောင်းမှ မိုးကောင်းဘုရားဆင်းတုတော်ကို ဝန်းရထားဖြင့်ပင့်ဆောင်ကြသည်။

ရှေ့ဆုံးမှ ဘုရားလူကြီးများနှင့် သတ်ကြီးဂုဏ်ထိများ ၎င်းနောက်မှ ဝရိုတ်အိုးထိုက်စီပိုက်လျက် အမျိုးသမီးလေးများ။ ပြီးနောက် စည်တော်တီးဝိုင်းအဖွဲ့ ပြီးလျှင် ဝန်းရထားဖြင့် မိုးကောင်းဆင်းတုတော်၊ နောက်ဆုံးမှ ဒိုးပတ်ဝိုင်းနှင့် ဦးရွှေရိုးနှင့် ဒေါ်မိုးအထာအဖွဲ့တို့ ဖြင့် စည်ကားသိုက်မြိုက်လှသည်။ ရွာရိုးတစ်လျှောက် ရွာသူရွာသားများက အိမ်ပေါက်စေ့ ရေအိုး ရေပုံးများဖြင့် ဘုရားဆင်းတုတော်အား ရေသွန်းပူဇော်ကြသည်။

ဝန်းရထားပေါ်မှ ဘုရားလူကြီး ဦးဝင်းနိုင်၏ ဆုတောင်း မေတ္တာပို့သံက ရွာရိုးတလျှောက် လွှမ်းခြုံသွားသည်။

"သာဓု .. သာဓု .. ဤသို့ …
ထုသလကြောင့် လာမည့်နှစ်သစ်မှာ …
မိုးလေဝသ မှန်ကန်၍ ဆန်ရေစပါး …
ပေါကြွယ်ဝပါစေ၊ လူလူချင်းမေတ္တာ …
ထား၍ အေးချမ်းကြပါစေ။ မကောင်း…
အညစ်အကြေးမှန်သမျှ နှစ်ဟောင်း…
ကျန်ခဲ့ပြီး နှစ်သစ်မှာ ရွာသူရွာသား…
ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ…
လိုအင် ဆန္ဒတွေ ပြည့်ဝကြပါစေ…
သင်္ကြန်ရေတစ်စက်ဟာ အမှန်…
ဖျက်နိုင်သည့် မေတ္တာရေဖြစ်ပါစေ…
တည်း"

ဒီနှစ်ထူးခြားချက်မှာ ဘု…
လှည့်အပြီး ညနေပိုင်းတွင် သ…
လတ်ဆေးမိုးကြိုး ရွာချလိုက်ရာ …
ရွာသားများ၏ ရင်မှာ အေးမြသွား…
တော့သည်။

မောင်မောင်(ဗိုလ်တထောင်မြို့…



www.burmeseclassic.com

www.burmeseclassic.com



# ဘယ်ရေးတို့ရယ်
# ပန်လောပုံဆန်းကြွယ်

ပုသိမ်အောင်သန်းဦး





www.burmeseclassic.com

www.burmeseclassic.com

**"ဘယ်ရွေးထံရယ်**
**ဇန်ထာဝုံဆန်းကြယ်"**
**ဝုသိမ်အောင်သန်းဦး**

"မငိုပါနဲ့ တလေးရယ် ပြီးခဲ့ပြီပဲ"

အချုပ်သားကြီး ဦးဘမောင်က မောင်လှိုင်ကို ချော့နေသည်။ မောင်လှိုင်ကား တရှုပ်ရှုပ်နှင့် ငိုနေ၏။ ဝတ်ဝန်းကျင်ရှိ အချုပ်သားများက မောင်လှိုင်ကို ငေးကြောင်ကြည့်နေကြ၏။

"ကျွန်တော် ထောင်ကျမှာ မကြောက်ပါဘူး။ သေဒဏ်ပေးခံရမှာလဲ မကြောက်ပါဘူး။ ဒါပေမယ့် ကျွန်တော် မရှိရင် ကျွန်တော့်အမေ ဒုက္ခရောက်ပြီဗျ။ ကျွန်တော့်အမေကို ဘယ်သူ ရှာကျွေးမှာလဲ"

ဦးဘမောင်က မောင်လှိုင်ကို ကြေကွဲစွာ ကြည့်သည်။

"မင်းအမေကို မင်း ရှာကျွေးနေခဲ့တာပေါ့"

"ဟုတ်တယ် ကျွန်တော် အမေ့ကို ရှာကျွေးနေတာ ကျွန်တော် လယ်ထဲကိုင်းထဲမှာ အလုပ်လုပ်ပြီး ကျွေးနေတာ။ ပန်းရန်လုပ်ပြီး ကျွေးနေတာ။ ခု ဖြစ်ရတာက မောင်မြိုင်ကြောင့်--"

"မောင်မြိုင်ဆိုတာ မင်း အစ်ကို မဟုတ်လား"

"ဟုတ်တယ် သူ့ကြောင့် ခုလို ဖြစ်ရတာ။ သူ့ကြောင့် အမေဒုက္ခရောက်ခဲ့ရတာများပြီ။ အဲဒီနေ့က အမေ့အပေါ်မှာ အနိုင်ကျင့်ပြီး အမေစိတ်ဆင်းရဲအောင်လုပ်နေတာ ကျွန်တော် မကြည့်ရက်လို ခုလိုဖြစ်ခဲ့ရတာပါဗျာ။ ကျွန်တော့်စိတ်ကို မထိန်းလိုက်နိုင်ဘူး။ ဒေါသကို ချုန်းမအုပ်လိုက်နိုင်ဘူး။ ခုတော့ ပြင်လို့မရတော့ပါဘူး။ နောင်တရနေလို့လဲ အပိုပဲ။ ဒါကြောင့် ကျွန်တော် ငိုနေမိတာပါ။ နောက်ဆုံးတော့ ကျွန်တော့်အပြစ်ပါပဲဗျာ။ ကျွန်တော် မိုက်မဲခဲ့လို့ပါပဲ"

မောင်လှိုင်၏ စကားကို နားထောင်ရင်း အချုပ်သားများအားလုံး ငေးငိုင်တွေဝေနေမိကြတော့၏။

✡✡✡✡✡

သည်နေ့က မောင်မြိုင် အရက် မူးပြီး အိမ်သို့ ပြန်လာသည်။ ထောင်းထောင်းပြန်လာသည် မဟုတ်။ အမေ့ကို ဒုက္ခပေးဖို့ ပြန်လာခြင်းဖြစ်သည်။ အမေ့ဆီက ငွေကိုတောင်း၏။ ပြီးခဲ့သောအပတ်ကပင် အမေ့နားကပ်လေး ဖြုတ်ပေးပြီးပြီ။ အမေ့နားကပ်ပေါင်ပြီး ဂျင်ထိုးသည်။ ဖဲရိုက်သည်။ ပြီးတော့ အရက်မူးအောင်သောက်ပြီး ပြန်လာသည်။ အိမ်ရောက်တော့ ဆူပူသောင်းကျန်းသည်။

အိမ်ရှိ ပစ္စည်းအချို့ကို ခိုးယူရောင်းစားခဲ့သည်မှာလည်း အကြိမ်ကြိမ် တုန်သလောက်ပင် ရှိနေပြီ။ သူ့အဝတ်တွေကိုပင် ဈေးပေါပေါနှင့် ရောင်းစားခဲ့ပြီးပြီ။ သူ့တွင် ဝတ်စရာ မရှိတော့။ မောင်လှိုင်၏ အကျီ၊ ပုဆိုးဘောင်းဘီတွေ ယူဝတ်သည်။

မောင်လှိုင်က သူ့အဝတ်တွေ ယူဝတ်ရမလားဟု ဆိုတော့ မောင်မြိုင်၏ ဒေါသက တားရှ်ဆီးရှ်မရ။ မောင်လှိုင်၏ အဝတ်တွေကို မီးရှို့ပစ်မည်။ ဓားဖြင့် ခုတ်ပိုင်းပစ်မည်ဟုဆိုကာ သောင်းကျန်းတော့သည်။ နောက်ဆုံးတော့ မောင်လှိုင် အရှုံးပေးခဲ့ရသည်သာ။

အခုလည်း အမေ့ကို ဒုက္ခပေးနေပြန်ပြီ။ အမေ့မှာ ပေးစရာမရှိ။ သူက အလုပ်ကောင်းကောင်းမလုပ်ဘဲ

www.burmeseclassic.com



ဒုက္ခသာ ကောင်းကောင်းပေးနေသဖြင့် အမေစိတ်ညစ်ရပေါင်းများပြီ။ မောင်လှိုင် အိမ်တွင် မရှိလျှင် ပိုပြီး အမေ့အပေါ် အနိုင်ကျင့်ဗိုလ်ကျခဲ့သည်။ အမေက သားငယ် မောင်လှိုင်မသိအောင် ဖုံးထွယ်ထားခဲ့၏။

ယခုတော့ မောင်လှိုင် အလုပ် ပင်ပင်ပန်းပန်းလုပ်ပြီး အိမ်ပြန်ရောက်ခိုက် မောင်မြိုင်က အိမ်ပေါ်တွင် သောင်းကျန်းနေခြင်းဖြစ်၏။ အမေ့မှာ တရှုပ်ရှုပ်နှင့် ငိုရင်း မောင်မြိုင်ကို တောင်းပန်နေလေသည်။ သို့သော် မောင်မြိုင်တလည်း အလျှော့မပေး။ အိမ်မှာ ငွေမရှိလျှင် တခြားသူတွေထံ ချေးငှားပေးဖို့ပြောသည်။ အိမ်ရှိပစ္စည်း အချို့အား ပေါက်ခွဲပစ်နေသည်။ သည်တော့လည်း မောင်လှိုင်မှာ မနေသာ။

"ဒီမှာအစ်ကို အမေ့ကို တော့ စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့ဗျာ၊ အမေဟာ အဖေမရှိကတည်းက ကျွန်တော်တို့ကို ရှာကျွေးခဲ့တာပါ။ ခု အိုမင်းမစွမ်းဖြစ်နေတဲ့အခါ ကျွန်တော်တို့က တာဝန်ယူပြီး ကျွေးမွေးရမှာပေါ့။ ခုတော့ အစ်ကိုက ရှာမကျွေးတဲ့အပြင် အမေစိတ်ဆင်းရဲအောင်ချည်း လုပ်နေတာတော့ မကောင်းပါဘူးဗျာ"

"တိတ်စမ်း မောင်လှိုင်၊ မင်းက သားလိမ္မာလုပ်ပြမနေနဲ့။ ငါလဲ ရှာကျွေးနေတာပဲ။ ခုငါငွေလိုနေတယ်။ မင်းမှာတော ပိုက်ဆံဘယ်လောက်ရှိလဲ"

အမေ့ဆီ ပိုက်ဆံတောင်းနေရာမှ မောင်လှိုင်ဆီသို့ မြားဦးလှည့်လာသည်။ မောင်လှိုင်က ခပ်တည်တည်နှင့် မောင်မြိုင်ကိုကြည့်သည်။

"ငါပိုက်ဆံရှာတာ အလုပ်လုပ်တာ ငါ့အမေစားဖို့သောက်ဖို့ ငါတို့အိမ်ထောင်အဆင်ပြေဖို့ကွ။ မင်းအရက်သောက်ဖို့ ဂျင်ကစားဖို့ မဟုတ်ဘူး"

မောင်လှိုင်က ဒေါသဖြင့် မင်းနဲ့ငါစကားတွေ ပြောချလိုက်သောအခါ မောင်မြိုင်က တဟားဟားနှင့် ရယ်လေသည်။

"မင်းက သုဝဏ္ဏသာမ သားလိမ္မာ၊ ငါကတော့ အဇာတသတ်ပေါ့။ ဟား ... ဟား ... ဟား ... ဒီမှာ မောင်လှိုင် .. ငါ့မှာ အရေးတကြီးငွေလိုနေတယ်။ မင်းဆီက ပိုက်ဆံမရရင် အမေ့ဆီတောင်းမှာပဲ။ အမေ့ဆီမှာ ပိုက်ဆံမရှိရင် သူများဆီချေးခိုင်းမှာပဲ။ အေး ... အဲဒီလိုမှ ငါ့ကိုမကူညီကြရင် တစ်အိမ်လုံးကို မီးရှို့ပစ်မယ်"

မောင်မြိုင်က ရေနံဆီမီးခွက်နှင့် မီးခြစ်ကိုကိုင်ကာ တကယ်ပင် မီးရှို့ရန်ပြင်တော့၏။

"ကဲ ... မပေးဘူးလား၊ ပေးမလား။ နောက်မှ ကျုပ်အဆိုးမဆိုကြနဲ့နော်။ ကျုပ်ငွေလိုနေတယ်။ ကျုပ်ရှုံးသွားတဲ့ငွေတွေ ပြန်ရအောင် ငွေနဲ့ပြန်လိုက်ရမယ်။ လှေမျောလှေနဲ့လိုက်၊ ငွေမျောငွေနဲ့လိုက်တဲ့ ကြားဖူးတယ်မဟုတ်လား။ ကျုပ်မှာ ငွေတွေကုန်သွားပြီ။ အဲဒီငွေတွေ ပြန်ရအောင် လိုက်နေတာ။ နားမလည်ကြဘူးလား။ ကဲ ... ပေးမလား မပေးဘူးလား"

"နေပါဦး သားကြီးရယ်။ အမေသွားချေးကြည့်ပါဦးမယ်။ အိမ်တော့ မီးမရှို့လိုက်ပါနဲ့ကွယ်။ အားလုံး ဒုက္ခရောက်ကုန်ပါ့မယ်"

မောင်လှိုင် အမေ့ကိုကြည့်ပြီး စိတ်မကောင်း ဖြစ်နေမိသည်။ မောင်မြိုင်ကိုလည်း အံကြိတ်ပြီး ကြည့်လိုက်သည်။

"ခင်ဗျားဟာ အသက်[ကြီး]

www.burmeseclassic.com



ပြီး အချိန်မစီးတဲ့လူပဲ။ အစ်ကိုကြီး အဖရာတဲ့ဗျူ။ ခုတော့ ခင်ဗျားဘာမှ နားလည်မှုမရှိပါလား။ ဘာလို့အမေ့ကို ဒီလောကဒုက္ခပေးနေရတာလဲ"

"မင်းလျှာမရှည်နဲ့၊ အမေ့ကို ဒုက္ခမပေးစေချင်ရင် မင်းမှာရှိတဲ့ ပိုက်ဆံငါ့ကိုပေး"

မောင်လှိုင် စိတ်ကိုမထိန်းနိုင်တော့။ သူ့အစ်ကို မောင်မြိုင်အပေါ် ခုန်အုပ်ပြီး လက်သီးဖြင့်ဝစ်ထိုးလိုက်သည်။ မောင်မြိုင်ကလည်း သူ့ကိုပြန်၍ထိုးသည်။ တစ်ယောက်တစ်ပြန် ထိုးကြိတ်ကြရင်း မီးဖိုချောင်အနီး ရောက်သွားသည်။ ထရုံတွင် ထိုးထားသော ဓားမကို မောင်လှိုင် ဆွဲဖြုတ်လိုက်သည်။

ပြီးတော့ ... မောင်မြိုင်၏ လည်ပင်းဆီသို့ ဓားမကို ခါထမ်းပြီး ခုတ်ချလိုက်သည်။

အမေ၏ ကြောက်လန့်တကြား အော်သံနှင့်အတူ မောင်မြိုင်၏ အသံနက်ကြီး တစ်အိမ်လုံးဟိန်းထွက်သွားသည်။

☆☆☆☆☆



"ကျွန်တော် လွန်သလား ဦးဘမောင်"

"မလွန်ပါဘူး ကလေးရယ်၊ ဒါပေမဲ့ ထံ ... ထံရဲ့အကျိုးလို့ပဲ ဆိုရတော့မှာပေါ့ကွယ်။ အကြောင်းက ခုလို ဖန်လာတော့လဲ ဘာတတ်နိုင်တော့မှာလဲ"

"ကျွန်တော် မှားသွားပါတယ် ဦးဘမောင်။ ကျွန်တော် ဓားဆွဲ မိလိုက်တာကိုက မှားသွားတယ်။ အမှန်ဆို လက်သီးလောက်၊ တုတ်လောက်နဲ့ပဲ ဖြေရှင်းသင့်တာပေါ့ဗျာ"

"ပြီးခဲ့ပြီပဲ ကလေးရယ်။ ဒါတွေ တွေးမနေပါနဲ့တော့"

"မတွေးလို့မဖြစ်ဘူး ဦးဘမောင်၊ ခုတော့ ကျွန်တော့်အမေ ရူးတော့မယ်၊ သားကြီးကသေ၊ သားငယ်က ထောင်ကျဆိုတော့ ..."

"အင်း ... ဒုက္ခ ... ဒုက္ခ"

ဦးဘမောင်က ရေရွတ်ရင်း အချုပ်ခန်း အပြင်သို့ ငေးကြည့်နေသည်။

"တကယ်တော့ မောင်မြိုင် ပိုက်လို့ သားငယ်ခုလိုဘဝ ရောက်ခဲ့ရတာပါ။ အင်း ... ဖြစ်ချင်တာလဲ မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရ၊ မဖြစ်ချင်တာလဲ ဖြစ်ရဆိုတဲ့ ဘဝ သံသရာသီချင်းလိုပေါ့ကွာ။ ထို့တွေ ဘာတတ်နိုင်မှာတုံး။ ငါလဲ အတူတူပဲ ... ငါ့ကိုသတ်ဖို့ရန်မူလို့ ခုခံရင်း ခုလို အချုပ်ထဲရောက်ရတာ။ ငါဘယ်တုန်းကမှ မဖျော်လင့်တဲ့ ဘဝပေါ့ကွာ။ ငါဆိုလဲ သားမယားတွေ ဒုက္ခအဖုံဖုံနဲ့ ထျန်ခဲ့ တာပါပဲ။ ဖြေပါ ကလေးရယ်"

"ဟုတ်တဲ့ ဦးဘမောင်၊ အမေ့ တာဝန်ကို ကျွန်တော်ကျေအောင် မထမ်းနိုင်တော့ဘူး။ အဲဒါပဲ စိတ်မကောင်းဖြစ်နေမိတာပါ"

ထိုစဉ် မောင်လှိုင်၏ အမေသည် တုန်တုန်ယင်ယင်နှင့် ရဲသားလေးများ ခြံရံပြီး ရောက်လာသည်။ သူ့လက်ထဲတွင် သားစားဖို့ ထမင်းနှင့်ထင်း ....

မောင်လှိုင် အမေ့ကိုကြည့်ပြီး ငိုသည်။ သူ့အမေလည်း ငိုသည်။ အတန်ကြာမှ အံကိုကြိတ်ရင်း မောင်လှိုင် စကားဆိုမိ၏။

"သားဆီ ထမင်းမပို့ပါနဲ့တော့ အမေရယ်။ အမေဝင်ဝန်းလှပါတယ်။ သားဒီမှာ ဖြစ်သလိုစားပါ့မယ်"

"မဟုတ်တာ သားရယ်။ ဒါ အမေချက်တဲ့ ထမင်းဟင်းတွေ မဟုတ်ပါဘူး။ အမေ့ကိုသနားကြတဲ့ အိမ်နီးချင်းတွေက ပိုင်းပြီးပေးကြတဲ့ ထမင်းနဲ့ဟင်းတွေပါ။ သူတို့ကလဲ သားလေး ခုလိုဖြစ်သွားရတာ နားလည်ခွင့်လွှတ်ကြပါတယ်။ ဆောင်မြိုင်ကြောင့် သားလေးစိတ်မထိန်းနိုင်ဘဲ ဖြစ်ရတာဆိုပြီး ရင်ထုမနာ ဖြစ်နေကြပါတယ်။

မောင်လှိုင်က အမေ့ကို ကြည့်ပြီး ငိုပြန်သည်။ ဦးဘမောင်က သားအမိကိုကြည့်ရင်း ...

"မောင်လှိုင်အတွက် မပူပါနဲ့၊ သူက သူ့အမေရဲ့ စားဝတ်နေရေးကို ပူပြီး စိတ်မချမ်းသော ဖြစ်နေတာ"


သူမိခင်လည်း မောင်လှိုင်ကို ကြည့်ပြီး ငိုပြန်၏။ အတန်ကြာမှ ...

"သားလေး ... အမေ့အတွက်မပူပါနဲ့၊ တကယ်လို့ သားလေး ထောင်ကျသွားရင်လဲ အမေ့ကို ခေါ်ထားမယ့်လူတွေ ရှိပါတယ်ကွယ်။ ဒါပေမဲ့ အမေကခြားသူတွေနဲ့ သွားပြီးမနေပါဘူး။ ဆရာလေး ခေါ်သုမာလာ ကျောင်းမှာ သီလရှင်ဘဝနဲ့ သွားပြီး တရားအားထုတ်နေပါ့မယ်။ အမေ့အတွက် မပူပါနဲ့တော့။ သားလေးသာ တရားဥပဒေရဲ့ အဆုံးအဖြတ်ကို ခံယူပြီး ထောင်ထဲမှာ တာဝန်ကျေကျေနေပါကွယ်။ သားလေးထောင်က ပြန်လွတ်လာရင် အမေတို့ပျော်ပျော်ရွှင်ရွှင်နဲ့ ပြန်တွေ့ကြတာပေါ့။ ဘဝ ဘဝက ဝဋ်ကြွေးတွေကြောင့် ခုလို ဖြစ်ရ၊ ပျက်ရတာပဲလို့ မှတ်ပါသားရယ်။ အမေသွားမယ်နော်။ သားအမေ့အတွက် မပူနဲ့ စိတ်ချ။ သားလေးသာ ကောင်းကောင်း မွန်မွန်နေ။ သားလေး ကျန်းမာချမ်းသာပါစေကွယ်"

မောင်လှိုင်သည် သူ့အမေကိုကြည့်ရင်း ခေါ်ဖြုံးဖြုံးလိုက်မိသည်။ သူမရှိတော့သည့်နောက် အမေက တစ်ဝင် သီလရှင်ဘဝနှင့် အရိုးထုတ်တော့မည်လော။ မောင်လှိုင်တစ်ယောက် အမေ့ကိုကြည့်ရင်း ... သာဓု ... သာဓု ... သာဓု ... ရေရွတ်ကာ မျက်လုံးအိမ်တွင် မျက်ရည်များစီးကျလာပြီး ကျန်ရစ်ခဲ့တော့သည်။

စုဘီစ်အောင်သန်းဦး

www.burmeseclassic.com



# တရားခံ သိုရဥ

ကေတုလှနိုင်



www.burmeseclassic.com

www.burmeseclassic.com



"တရားခံဟုဆိုရာ၌ ..."

ကေတုလှနိုင်

သည်နေ့က ကျွန်တော်တို့ရဲစခန်းတွင် ခိုးမှုတစ်ခုနှင့်ပတ်သက်၍ မသင်္ကာသော လူတစ်ယောက်အား ခေါ်၍ စစ်ဆေးလျက်ရှိသည်။ ခိုးမှုမှာ လင်ရောမယားပါ အလုပ်ခွင်မှာရှိခိုက် (၅) နှစ်အရွယ်သားငယ်ကို အဒေါ်အိမ်ကတစ်ဆင့် မူလတန်းကျောင်းသို့ ပို့ထားခဲ့သည်။ အိမ်မှာ ဘယ်သူမျှ မရှိသောအချိန် နေ့ခင်းကြောင်တောင် သူခိုးခိုးခံခြင်းဖြစ်သည်။ စင်စစ် ဖောက်ထွင်းခိုးယူမှုဖြစ်သည်။

အဝတ်အစားအနည်းငယ်နှင့် ငွေသားငါးသိန်းကျော် အခိုးခံလိုက်ရသည်။ ထို့ကြောင့် ထိုဖောက်ထွင်းအခိုးခံရသောအိမ်နီးချင်း ရပ်ကွက်ထဲမှ မသင်္ကာသူတစ်ယောက်အား ခေါ်၍စစ်ဆေးနေရခြင်းဖြစ်သည်။ ဤသို့စစ်ဆေးနေခိုက်မှာပဲ ရိုက်မှုတစ်မှုဝင်လာသည်။ မြောက်ဥက္ကလာပ ရိုက်ပျိုးရေးခြံမှာဖြစ်သော ရိုက်မှုဖြစ်သည်။ အရက်ဆိုင်မှအပြန် အရက်မူးနေကြသူ အချင်းချင်း စကားများရာမှ တစ်ယောက်ကို တစ်ယောက် ရိုက်နှက်ထိုးကြိတ်ကြခြင်းဖြစ်သည်။

ဒဏ်ရာ ရရှိသူအား မြောက်ဥက္ကလာပဆေးရုံသို့ ပို့ပေးခဲ့ပြီး ရိုက်သူသုံးယောက်အား ရဲစခန်းအချုပ်ထဲ ထည့်ထားလိုက်သည်။ သည်အမှုဆောင်ရွက်နေဆဲမှာပဲ ဖုန်းဖြင့်သတင်းတစ်ခုဝင်လာသည်။ မြောက်ဥက္ကလာပ တံတားကလေးဘူတာအနီး မီးရထားသံလမ်းနှင့် ကားလမ်းကြားရှိ ကျွန်းပင်များအောက်တွင် လူတစ်ယောက်လဲကျ သေဆုံးနေသည်ဆိုသော သတင်းဖြစ်သည်။

လူတစ်ယောက်သေဆုံးနေသည်ဆိုသောသတင်းမှာ အများဆုံးဖြတ်တတ်သည်မှာ လူသတ်မှုပါပေ။ သို့နှင့် ကျွန်တော်သည် လောလောဆယ်ကိုင်တွယ်နေသော အမှုအခင်းများကို နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်နှင့် လွှဲခဲ့ပြီး ရဲတပ်ဖွဲ့ဝင်အချို့နှင့် ရဲစခန်းမှထွက်လာခဲ့ကြသည်။ ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်များမှာ အစိုးရလခစား ဝန်ထမ်းများဖြစ်လင့်ကစား အလုပ်တာဝန်ချိန်ကို တစ်နေ့(၈)နာရီဟူ၍ သတ်မှတ်ထားနိုင်မည်မဟုတ်ပါ။ ကျွန်တော်တို့ရဲ့ တပ်ဖွဲ့ဝင်များမှာ ၂၄ နာရီတာဝန်ရှိသည်။ မိမိတာဝန်ချိန်မှာ ပေါ်ပေါက်လာသမျှ အမှုအခင်းများကို ရှောင်လွှဲ၍မရပါ။ တာဝန်ထမ်းဆောင်ရမည်သာဖြစ်သည်။

အများသူငါ အိပ်စက်အနားယူနေသည့် အချိန်ကာလမျိုး၌ မိုးပဲရွာရွာလေပဲကျကျ ရောက်လာသည့်အလုပ်တာဝန်ကို ရွှေ့ဆိုင်းမရ ဆုံးခန်းတိုင်အောင် လုပ်ရမည်သာဖြစ်သည်။ သို့သော် အမှုတိုင်း ရှင်းလင်းသည် မဟုတ်။ လိမ်ယုက်ရှုပ်ထွေးနေသော အမှုအခင်းတွေက အနန္တ။ မကြာသေးခင်က လိုက်ခဲ့ရသော လူသေမှုဆိုလျှင် သတင်းစဦးက လူသတ်မှုသဘောဆောင်နေသည်။ သေသူသည် သူ၏နှလုံးရောဂါဖြင့် ပက်



www.burmeseclassic.com

www.burmeseclassic.com



လက်ကုလားထိုင်ပေါ်တွင် သေဆုံးခဲ့ခြင်းပင်။

သို့သော် သေသူသည် ညှော်သည်ဖြစ်ပြီး အိမ်ရှင်၏ဇနီးနှင့် မကင်းသူဖြစ်နေသည်။ သူနှင့် အိမ်ရှင်၏ဇနီး ရခဲ့သော ကလေးတစ်ယောက်လည်း ရှိနေသည်။ ရှိနေသောကလေးက (၅) ယောက်။ သည်ကြားထဲ ကလေးအမေက ထိုအိမ်မှာမရှိ။ လင်ငယ်နောက် လိုက်သွားသည်ဟု သိရသည်။ အိမ်ရှင်၏အစ်ကိုက ကလေး(၅)ယောက်တာဝန်ကို ယူထားကြောင်းကိုလည်း သိရပြန်သည်။

ထိုလူသေမှုတွင် မှုခင်းဆရာဝန်က သေသူမှာ နှလုံးရောဂါဖြင့် သေဆုံးကြောင်း ထောက်ခံ၍သာ တော်၏။ ထိုမိန်းမက ခပ်ချောချော။ ထို့ကြောင့်လည်း ပတ်ရှုပ်နေခြင်းဖြစ်သည်။ ရဲဝန်ထမ်းဘဝတွင် ခုလို လိမ်ယုက်ရှုပ်ထွေးနေသော အမှုအခင်းတွေနှင့် ကြုံရသည်မှာ များလှပြီ။ စားဝတ်နေရေးကြောင့်ပဲလား အကျင့်စာရိတ္တ ဖောက်ပြန်ကြသောကြောင့်ပဲလား။ ဒါကို ကျွန်တော်တွေး၍ အဖြေမရသေးပါ။

လူတစ်ယောက် လဲကျသေဆုံးနေသောနေရာသို့ ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိခဲ့လေပြီ။ ရဲယာဉ်ကို ဘတ်စ်ကားလမ်းဘေး တစ်နေရာမှာရပ်သည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များလည်း ရှိနေကြသည်။ ကျွန်းပင်ပေါက်များ၏ ကျွန်းရွက်များက ပူပြင်းသောနေရောင်ကို ကာကွယ်အုပ်မိုးထားသည်။ ဘတ်စ်ကားလမ်းပေါ်မှာ ယာဉ်အမျိုးမျိုး ရပ်နားသည်မှ တဝေါဝေါတဝူးဝူး ဖြတ်သန်းမောင်းနှင်လျက်ရှိသည်။ တစ်ခါတစ်ခါ မြို့ပတ်ရထားတွဲရှည်ကြီးက အစုန်လာလိုက် အဆန်သွားလိုက်ရှိနေသည်။

လူသေအလောင်း၏ လူတွေဝိုင်းအုံ၍ ကြည့်နေကြသည်။ ကျွန်တော်ရောက်လာခါမှ ဝိုင်းအုံကြည့်ရှုသူတွေ ၍များလာသည်။ ကျွန်းပင်တစ်ပင် ခြေရင်းမြေပေါ်တွင် အသက် (၆၀)ကျော် လူကြီးတစ်ယောက် လဲကျသေဆုံးနေသည်မှာ သိ ကြာဟန်မတူ။ သို့သော် အလောင်းမှာ တောင့်နေပြီ။ ပု

> **ဆရာဝန်က သေသူမှာ**
> **နှလုံးရောဂါဖြင့် သေဆုံးကြောင်း**
> **ထောက်ခံ၍သာတော်၏။**
> **ထိုမိန်းမက ခပ်ချောချော။**
> **ထို့ကြောင့်လည်း ပတ်ရှုပ်နေခြင်း ဖြစ်သည်---**



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်တွေလည်း တက်ရောက်လာကြပြီဖြစ်သည်။ လူကြီးသည် ညစ်ထေးနွမ်းကြေလှသော ရှပ်အင်္ကျီအနီရောင်ခံ အပြာကွက်ကို လက်ခေါက်တင်၍ ဝတ်ထားသည်။ ပုဆိုးကလည်း ချည်ချောမာစလိုက် ဖြစ်သော်လည်း အကွက်မပေါ်တော့။ ရာဘာညှပ်ဖိနပ် တစ်ရန်မှာ အလောင်းဘေးမှာ ရှိနေပါသေးသည်။

အလောင်းအနီးအပါးတွင် ဘယ်လိုသဲလွန်စ ရှိနေမလဲ ရှာကြည့်ပါသေးသည်။ ဘာမျှမတွေ့ခဲ့ရ။ သေဆုံးသူ ဘာကြောင့်သေဆုံးခဲ့ရကြောင်းထက် လောလောဆယ် သေသူဘယ်သူဘယ်ဝါဖြစ်ကြောင်း သိဖို့လိုသည်။ ဒါက ကျွန်တော်တို့ အမှုလိုက်များအဖွဲ့ အလိုအပ်ဆုံးဖြစ်နေသည်။ သို့မှသာ သူဘယ်ကလာတယ်။ ဘာကြောင့်သေတယ်ဆိုတာ စုံစမ်းနိုင်မည်။ သေပြီးခါမှ တစ်စုံတစ်ယောက်က သေသူအလောင်းကို သည်နေရာမှာ လာချသွားတာပဲလား။ ရောဂါကြောင့် သေတာလား။ အဆိပ်သင့်ပြီး သေတာလား။ သေသူနှင့်ပတ်သက်၍ စူးစမ်းစရာတွေ များလှသည်။

သေသူ၏ အင်္ကျီအိတ်ကပ်ထဲမှမစားရသေးသော ကွမ်းယာထုပ်ကို တွေ့သည်။ အခြား ဘာပစ္စည်းမျှမပါ။ ဆွေမျိုးသားချင်း တစ်ယောက်မျှ ရောက်မလာသေးပုံကို ထောက်ချင့်လျှင် သေသူသည် ရေမျောကမ်းတင် သွားချင်ရာသွား လာချင်ရာလာ လာနေသူများလား။ တော်သေးသည်။ ရဲစခန်းတွင် အမျိုးသမီးတစ်ယောက် လူပျောက်လာတိုင်သည်ဟု သတင်းရသည်။ ပျောက်နေသူသည် သူ၏ခင်ပွန်း ဦးကျော်သောင်းဟုဆို၏။

လူပျောက်တိုင်ချက် ဖွင့်သော အမျိုးသမီးကြီးသည် အသက်(၅၀)ကျော်ရှိနေပြီ။ သူ့အမည်မှာ ဒေါ်သိန်းလှဟုဆိုသည်။ အလျှင်က ကုန်စိမ်းရောင်းသည်။ ခုတော့ ဖုန်းတစ်လုံးနှင့် အိမ်ခြံမြေပွဲစား လုပ်နေသူဖြစ်သည်။ ကျွန်တော်က ဒေါ်သိန်းလှအား ခေါ်၍ မြောက်ဥက္ကလာပ ရေခဲတိုက်ထဲရောက်နေသော သူ့ခင်ပွန်း ဦးကျော်သောင်း အလောင်း





www.burmeseclassic.com

www.burmeseclassic.com

ကို ပြသည်။ ဦးကျော်သောင်း ဟုတ်မဟုတ် မေးသည်။ ဟုတ်မှန်ပါသည်ဟု ပြောသည်။

''အမယ်လေး ကိုကျော်သောင်းရယ် လမ်းဘေးမှာ သေရတယ်လို့ အဖြစ်ဆိုးလှချည်လား၊ ကျုပ်ကို သံယောဇဉ်ရှိတယ်ဆို။ ရှင်သေရင် ကျုပ်ကို စိတ်မချဘူးဆို။ ခုတော့ ရှင်က ကျုပ်ကို စိတ်ချသွားပြီပေါ့''

ဒေါ်သိန်းလှက ပြောပြောဆိုဆို ရှုံ့ပွဲချ ငိုပါလေတော့သည်။ မျက်ရည်တွေကလည်း ဖြိုင်ဖြိုင်စီးကျ လာပါလေတော့သည်။ ဒါမျိုးတွေကိုလည်း ကျွန်တော်တို့မှာ မကြာခဏ ကြုံတွေ့နေရသည်။ ဒေါ်သိန်းလှက တော်သေးသည်။ သူ့ထက်ကဲ ရှေ့ပြည်စိုးတွေက ခပ်များများ။ ကျွန်တော်တို့မှာ သူတို့ငိုတာ ရင်ထဲကဆန္ဒတွေ ထုတ်ပြောကြတာကိုတားဖို့ခက်သည်။ အချိန်အတိုင်းအတာ တစ်ခုအထိ စောင့်ကြည့်နေရသည်။ အတော်လေး ကြာတော့မှပဲ ဒေါ်သိန်းလှအား

''ကဲ ... အဒေါ်ရေ အပြင်ထွက်ကြမယ်''

ဟုပြောပြီး မော်ကျူရီ ရေခဲတိုက် အပြင်ဘက်သို့ခေါ်လာရသည်။ ကျွန်တော့်မှာ သေသူဘယ်သူဘယ်ဝါ သိရပေမယ့် သူ သေတာဘာကြောင့်လဲ၊ ရာဇဝတ်မှုဖြစ်နေသလား စူးစမ်းရဦးမည်။

ဒေါ်သိန်းလှက ရဲစခန်းတွင်

''ရဲမှူးကြီးရယ် ... အဒေါ့်ယောကျ်ား ကိုကျော်သောင်းကို အဒေါ်သတ်လိုက်တာပါ''

ဟုပြောချလိုက်လေရကား ကျွန်တော်တို့မှာ တအံ့တသြဖြစ်၍ သွားရပါတော့သည်။ သို့သော် သေသူဦးကျော်သောင်းသည် သေဆုံးရာ၌ သူ၏ခန္ဓာကိုယ်တွင် ဒဏ်ရာတစ်စုံတစ်ရာ မရှိ။ အဆိပ်မိသည့် အခြေအနေမျိုးလည်း မဟုတ်။ မှုခင်းဆရာဝန် စစ်ဆေးချက်ကိုတော့ မရ သေးပါ။ ဒေါ်သိန်းလှသည် ဦးကျော်သောင်းအား မည်ကဲ့သို့ သတ်လိုက်ပါသလဲ။

''အဒေါ် တကယ်ပြောတာလား''

''တကယ် ပြောတာပေါ့ကွယ် .. အဒေါ်လိမ်ညာပြောတတ်ပါဘူး''

> **''အမယ်လေး ကိုကျော်သောင်းရယ် လမ်းဘေးမှာ သေရတယ်လို့ အဖြစ်ဆိုးလှချည်လား၊ ကျုပ်ကို သံယောဇဉ်ရှိတယ်ဆို။ ရှင်သေရင် ကျုပ်ကို စိတ်မချဘူးဆို။ ခုတော့ ရှင်က ကျုပ်ကို စိတ်ချသွားပြီပေါ့''**



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဒေါ်သိန်းလှက သူတို့လင်မယားဘဝ တစ်စိတ်တစ်ပိုင်းကို ပြောပြသည်။ ဦးကျော်သောင်းသည် ရေသန့်စက်ရုံတစ်ရုံတွင် ကားမောင်းသည်။ ရေသန့်ဘူးတွေ ဖြန့်ဖြူးသည့် ကားမောင်းရသော ဒရိုင်ဘာဖြစ်သည်။ ဒရိုင်ဘာဆိုတော့ အရက်နှင့်မကင်း။ ညနေ အလုပ်ဆင်းချိန် ပင်ပန်းသည့်အတွက် သွေးလေလည်ပတ်ခြင်း မှန်ကန်စေသည့်သဘောဖြင့် အရက်တစ်ခွက် တစ်ဖလားသောက်သည်။

နောက်ပိုင်း ဒေါ်သိန်းလှက ဖဲကိုအရှုံးအမှုံးကစားလာသည်။ တစ်နေ့လုံး ဖဲလည်ရိုက်သည်။ အိမ်မှာ ထမင်းဟင်းပင် မချက်တော့။ ဦးကျော်သောင်း ပြောသော်လည်း မရ။ သည်တော့ ဦးကျော်သောင်းက ဒေါ်သိန်းလှကို မပြော။ အရက်ကို ပိုရှုံပိုရှုံ သောက်လာသည်။ အရက်ကြောင့် ရေသန့်ကားဒရိုင်ဘာအလုပ် ပြုတ်ခဲ့ရသည်။ သည်လိုနှင့် ဒေါ်သိန်းလှက ဖဲရိုက်ချင်တိုင်းဖဲရိုက်ပြီး ဦးကျော်သောင်းက အရက်ကို သောက်ချင်တိုင်း သောက်ခဲ့သည်။ ဒေါ်သိန်းလှက ဦးကျော်သောင်းအရက်မူးနေလျှင် ရန်စကားပြောစရာ မလိုဟုတွက်ပြီး ဦးကျော်သောင်းအရက်ဖိုးကို ကြံဖန်ရှာပေးသည်။



သည်လိုနှင့် ဦးကျော်သောင်းမှာ အရက်ကြောင်ကြောင်ပြီး အရက်ဆိုင်က သူ့အိမ်မပြန်တော့ဘဲ ကြုံရာဘတ်စ်ကားနှင့် တက်လိုက်သွားခဲ့သည်။ သူ့အိမ်ကို ပြန်မရောက်သည်မှာ တစ်လကျော်ခဲ့ပြီ။ ခုတော့ တံတားကလေးဘူတာအနီး ကျွန်းပင်တွေအောက်မှာ သူ့ဘဝကို နိဂုံးချုပ်ခဲ့ရပါတော့သည်။

"အဲ့ဒီလိုမျိုးမို့ အဒေါ် ယောကျ်ားကို အဒေါ်သတ်တာပါလို့ ပြောရတာပါ"

သည်တော့လည်း ကျွန်တော်သည် ဒေါ်သိန်းလှအား ဖမ်းချုပ်လိုက်ချင်သည်မှာ အမှန်ပါလေ။

သို့သော် .....

ကေဟုဇာနိုင်

www.burmeseclassic.com



# ကျွန်မမှာ မိန်းမသား

မောင်ဆွေ (တောင်ငူ)





www.burmeseclassic.com

www.burmeseclassic.com



## ကျွန်မဗျာ မိန်းမသား

မောင်ဆွေ(ထောင်ငူ)

ဆူးပေါ်ဖက်ကျတော့ ဖက်ပဲ ပေါက်သတဲ့။ ဖက်ပေါ်ကို ဆူးတကျပြန်တော့လည်း ဖက်ပဲ ပေါက်သတဲ့တော်ရဲ့။

ဖက်ရဲ့ ပမာနှိုင်းပြီး ကျုပ်တို့ မိန်းမသားတွေကို ရှေးကာဝိ စာဆို ပညာရှင်တွေက သတိပေးထားခဲ့တာ သွေးထွက်အောင် မှန်ပါ့တော် ကိုရွှေ သတင်းထောက်ရဲ့ ...

တော်က စပ်စပ်စုစု ကျုပ် အကြောင်း အင်တာဗျူးချင်တယ် ဆိုလို့သာ ပြောရတယ်။ ကျုပ်ပြောတဲ့ စကားတော်တို့ရဲ့ ရွှေပေလွှာပုံရပိုက်ပေါ် တစ်ခွန်းစ၊ နှစ်ခွန်းစလောက်တောင် ထမ္မည်း မှတ်တမ်းအတင်ခံရပါ့မလား၊ တော်ကရော သေချာပေါက်ပါရပါစေ့မယ်လို့ ကတိပေးဝန့်ပါ့မလား ဟုတ်စ — ကျုပ်မေးတာ တော် မဖြေနိုင်ဘူး မို့လား ...

ပါစေရပါ့မယ် ဒေါ်ရွှေမိရယ် —

အမေးရှိလို့သာ အဖြေရှိရတယ်။ ကျုပ်ဘွင်းဘွင်းပြောရရင် သေသွားတဲ့ ကျုပ် ယောကျ်ား ကိုထွန်းသူသာ လွဲရင် ကျုပ်ဘယ်ယောကျ်ားကိုမှ စကား တတ မပြောချင်တော့ဘူး။ မပတ်သက်ချင်တော့ဘူး။ သင်းတို့တ ကျုပ်ရဲ့ ယောကျ်ား ကိုထွန်းသူရဲ့ စိတ်နှလုံးလို ဘယ်သူမှ မဖြူစင်ကြဘူး။ ဖြူစင်ပါတယ် ဆိုရင်တောင် ကိုထွန်းသူကိုတော့ သေချာပေါက် မမီဘူးရယ်။ ကျုပ် အတပ်သိသတော့ ...

ကိုထွန်းသူက သဘောဖြူ၊ အူစင်း၊ တိုင်းပြည်နဲ့လူမျိုး အတွက် ရှေ့တန်း စစ်မြေပြင် တစ်နေရာမှာ တရားသောစစ်ပွဲကို ဆင်နွှဲရင်း အသက် စွန့်သွားခဲ့တာ သူတော်ကောင်းကြီး။

သူသေသွားတာ ဆယ့်ငါးနှစ်ရှိပြီ။ အရိုးတောင်ရှိမယ်မထင်တော့ဘူး။ ဆွေးလောက်ရောပေါ့။ ဒါပေမယ့် သူက အခု အထိ ကျုပ်တို့ မိသားစုကို လုပ် ကျွေးနေတုန်း။ မိန်းမအတွက် ပင်စင်၊ သားသမီးတွေအတွက် ပင်စင်၊ သူသေလို့ တိုက်ပွဲကျလို့ ရှုပ်ရှုပ်ချုံချုံ စွန့်လွှတ်စွန့်စား အသက်စွန့်သွားတဲ့ သူ့ရဲ့ သတ္တိကို နိုင်ငံတော်က ဂုဏ်ပြုတဲ့ အနေနဲ့ သူရဲကောင်းမှတ်တမ်းဝင် ဘွဲ့တံဆိပ်ချီးမြှင့်ခဲ့တယ်။

သူ့မိခင် တပ်ရင်းကလည်း သူ့ရဲ့ခံစားခွင့်တွေအပြင် တပ်နားက မခွာချင်တဲ့ ကျုပ်တို့ မိသားစုကို တပ်နဲ့ နီးတဲ့ ဟောဒီ မြို့သစ်ရပ်ကွက်မှာ မြေတစ်ခြံနဲ့ အိမ်တစ်လုံး ရေမီးအပြည့် အစုံနဲ့ လေးပင်သုံးပင် ထရံကာ ဇလီသတ်၊ ပျဉ်ခင်းသွပ်မိုး အိမ်တစ်လုံး ဂုဏ်ပြုလက်ဆောင်ပေးထားခဲ့တယ်။

ကိုထွန်းလူက ကျုပ်တို့ မိသားစုကို အသက်သေသွားတာတောင် ခုထိ လုပ်ကျွေးနေတုန်း။ သူတော်ကောင်းကြီး ညအိပ်ရာဝင်တိုင်း သွားလေသူ ကိုထွန်းလူရဲ့ ဂုဏ်ကို ရည်မှန်းပြီး ကျုပ်ညတိုင်း ဘုရားရှိခိုးတယ်၊ ဆီမီးပူဇော်တယ်၊ ရေချမ်းကပ်တယ် ဝေနေယျ သတ္တဝါတွေကို မေတ္တာပို့ အမျှအတန်းဝေတယ်။

မနက်ဆိုလည်း ဆွမ်းတော်တင် ဘုရားရှိခိုးမေတ္တာပို့အမျှဝေတယ်။ ကျုပ် မိသားစု သားနှစ်ယောက်၊ သမီး နှစ်ယောက် အားလုံး လေးယောက်နဲ့ ပါးစပ် ငါးပေါက်။ မလောက်မင ပင်စင် လစာအတွက် ပန်းရန် နေ့စားလုပ်ပြီး တင့်တင့်တယ်တယ် မဟုတ်ပေ။ မျှမျှတတ ဖြစ်အောင် ရှာစားရင်း ဒီကနေ့ အထိ အေးအေးချမ်းချမ်းပဲ နေလာခဲ့သတော့ ...

နေရတဲ့ရပ်ကွက်က မြို့သစ် ဆိုပေမယ့် ကွက်သစ်ဟာ ကွက်သစ်ပဲလေ။ လူပေါင်းစုံ၊ အလွှာပေါင်းစုံ၊ စရိုက်ပေါင်းစုံ၊ လူ့ဘောက်သောက်တို့ စုဝေးတဲ့ နေရာကိုး။



www.burmeseclassic.com

www.burmeseclassic.com



တည်တည်တံ့တံ့ လူပါသလို ငမူး၊ ငရူး၊ လက်ကြောမတင်းတဲ့ လူငါးဖျင်းသလက်၊ လူငါးခုံးမတွေလည်း ပါတာပဲတိုး။

ကျုပ်တို့လို အိမ်ထောင်မရှိ၊ လင်မရှိ၊ မုဆိုးမတွေ အတွက် တည်တည်တံ့တံ့သမားနဲ့ တွေ့လို့က အကြောင်း မဟုတ်ပါဘူး။

ခုနက လူပေါ်ကြော့ လက်ကြော မတင်းတဲ့ လူငဖျင်းသလက်၊ လူငါးခုံးမကောင်တွေနဲ့ တွေ့ရင်တော့ မလွယ်ဘူးသာ မှတ်။

သင်းတို့က လက်ကြောသာ မတင်းရှိရမယ်။ ဟိုကြောကျတော့ တင်းကြတယ်တော်ရေ။ ဇက်ကြော၊ ဇက်ကြော အတင်းတင်း ကျုပ်က ဘွင်းဘွင်းနော် တိုရှေ့သတင်းထောက်ရဲ့။

တော်သိချင်တဲ့ ကျုပ်ရဲ့ ဇာတ်လမ်းအစက အဲဒီမှာ စတာပဲ။

ကျုပ်ကို လာဆွယ ငဖျင်း၊ ငသိမ်၊ နာမည်တိုက ဖိုးဝိန်တဲ့။ လူပုံက ညှည်းဆိုးဆိုး၊ ဖြစ်မှာပေါ့။ တစ်နေ့ တစ်နေ့ အရက်အိုးနဲ့နှုတ်ခမ်းတွေ့နေတဲ့လူ ငမူးယစ်ထုပ်။

သင်းက လူမျိုတဲ့။ ကျုပ်တော့ မထင်ပေါင်။ ဘယ်ဇာတိ၊ ဘယ် အမျိုးအနွယ်၊ ဘယ်က တလေးကာဝ မှန်းမသိ။

အင်း သင်းနဲ့ နှိုမှိုရင်လည်း ပတ်သက်စရာမရှိ လောက်ဘူး။ ခက်တာက သင်းက ဆယ်လမ်းမှာနေတာ၊ ကျုပ်က ကိုးလမ်းမှာ နေတာ။ လမ်းက တစ်လမ်းခြား မဟုတ်ဘူး။ ဟိုဘက်လမ်းနဲ့ ဒီဘက်လမ်း။

ပြီးတော့ ပင်စင်လစာနဲ့ မလုံလောက်တာနဲ့ ပန်းရန်ထွက်လုပ်တဲ့ ကျုပ်နဲ့ သင်းကလည်း အလုပ်မရှိ အကိုင်မရှိ အရက်ဖိုးမရှိလို့ ပန်းရန်မှာ လူကြမ်း ခေါ်ခိုင်းတာနဲ့ တစ်ပတ်လောက် အလုပ်ခွင် တစ်ခုတည်းမှာ အတူဆုံဖြစ်ရင်းက မုဆိုးမဖြစ်တဲ့ ကျုပ်ကို သင်းက ရမယ်ရှာခဲ့တာကိုး တော်ရဲ့။

☆☆☆



တံခွန်မရှိသော ဘုရား အလံ မရှိသော ရထား မတင့်တယ် သကဲ့သို့ မောင်တစ်ကျိပ်ပင် ရှိသော်ငြားလည်း လင်မရှိ မုဆိုးမတို့အတွက် ကွက်သစ်လို လူပေါက်သောက်ချော နေသော နေရာအရပ်၌ မတင့်တယ်နိုင် ပါပေ။

လူပေါက်ပန်းဈေး၊ လူဖော့ လူသွမ်း၊ လူသရမ်းတို့က အရက်ဘ လေး တမြမြ၊ တရီဝေဝေဖြင့် မူးလို့ မှားသယောင်ယောင်နှင့် ရောချကာ မရှေ့မိအား ထိကပါး ရိကပါး လုပ်ကာ အခွင့်သာလျှင် သာသလို၊ လူလည်ကျ

www.burmeseclassic.com

ထစ်သလို။

"တောက မောင်ကြီး တွေက မရွှေမိကို ခင်ကြတယ်ဗျ။ မြို့သစ်က တောဒီ မောင်ကြီးက မရွှေမိကို ခင်ပါတယ်ဗျ။ ချစ်တယ်လို့ ပြောတာဝုတ်ဘူးနော်။ ခင်တာ ခင်တာ အော့ဂေ့ ဟီး ဟီး အတွတ် အတွတ်"

"သေနာကောင်တွေ၊ တာထနာတွေ၊ မြွေပွေးကိုက်တွေ၊ ငါ့ထင် ငါ့ထောက်ကျားတ တိုင်းပြည်နဲ့ လူမျိုးအတွက် အသက်စွန့်သွားတဲ့ သူ့ရဲ့ကောင်းတဲ့ နင်တို့ ခြေဖျားတောင်မမီတဲ့ ငါ့တိုထာမစမ်းနဲ့ သိလား။ ငါ့ ထောက်ကျားကိုထွန်းလှရဲ့ အရည်အချင်းကို နင်တို့ မီအောင် လုပ်ဦးတဲ့။ သင်းတို့ကို တယ်မပြောချင်ဘူး။ ထာ သားတို့၊ သမီးတို့ အဲဒီကလေကာဝ အကောင်တွေနဲ့ တုမပြောနဲ့ မတန်ဘူး"

ဒါက မရွှေမိ နေ့စဉ် ရေရွတ်ဖြေရှင်းနေရသော အိမ်ရှေ့ကို ရောက်ရောက်လာသော အရက်သမား အမှိုက်ထုပ်များအတွက် မရိုးနိုင်သည့် သင်ပုန်းကြီးဖတ်စာ-

ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ကျပြီး အမြွာပူးနှစ်ခါမွေးတော့ သားနှစ်ယောက်၊ သမီးနှစ်ယောက် ထွန်းထားတာ အိမ်ထောင်သက် ငါးနှစ်ပြည့်ချိန်၌ ခင်ပွန်း ကိုထွန်းလှမှာ ရှေ့တန်းတာစ်နေရာ၌ တိုင်းပြည်အတွက် အသက်စွန့်သွားခဲ့ရသော အခါ မိဘရပ်ထဲ ဖာတိချက်ကြော် အညာမြေသို့ မပြန်တော့ဘဲ ခင်ပွန်း၏ တစ်ရင်းနှင့် မခွဲနိုင်သောကြောင့် တစ်နှင့်နီးသော မြို့သစ်၌ တစ်မှချိုးမြွင့်သော မြေကွက်နှင့် အိမ်ကလေး၌ မိသားစု အခြေချနေထိုင်ခဲ့ရာမှ အရွယ်ကောင်း၌ အလှသွေးကြွယ်နေဆဲဖြစ်သော မရွှေမိအား ယခုတဲ့သို့ အညာလွှတ်မည် အထင်နှင့် ကြာတူလီစိတ်ရှိသူအချို့မှ မျက်စိကျတာ တစ်နေ့တစ်ယောက် လူမထပ်ရအောင် အလှည့်နှင့်ဖြူနေသည့် အလား နေ့စဉ်နှင့်အမျှ စိတ်ဒုက္ခ ပေး အနှောင့်အယှက်ပြုနေကြလေ၏။

ဝတ်ဝန်းကျင်ဆိုသည်မှာ တလည်း ငယ်မွေးခြံပေါက် တစ်ရွာတည်းတစ်မြို့တည်းနေလာခဲ့ကြသူများ မဟုတ်ဘဲ ဟိုမှသည်မှ ပြောင်းရွှေ့လာသော ဘီလူးတွေ၊ ကျားတွေဆုံခဲ့ကြသူများဖြစ်သည်မို့ သူ့အကြောင်း ကိုယ့်အကြောင်း ဝဏ်နထာ သေချာစွာ မသိကြသဖြင့် သို့လော သို့လော တွေးတောမေးငေါ့စရာကြီး ဖြစ်နေတော့၏။

"အဲဒီ မရွှေမိက ရှပ်တယ်နဲ့တူတယ်နော်"

"ဟုတ်မှဝေါ့ အေရယ်။ တစ်နေ့တစ်ယောက် လူမှမထပ်ဘဲနဲ့တာ ဒါပဲရှိမှာဝေါ့"

"တီတီ ဟုတ်ပ့ါ လာတဲ့လူတွေကလဲ ကြည့်ဦး အရက်သမား ဖဲသမား ကြက်သမား၊ ဖာခေါင်းသာသာတွေချည်းပဲ"

"အဲဒီ မရွှေမိကလဲ အရွယ်ရှိနေတာ လင်တစ်ယောက် ခေါင်းခေါက်ပြီး တည်တည်တံ့တံ့ ယူလိုက်ရောပေ့ါတယ်"

"အဲ နင်တို့ကလဲ အပင်စိုက်စားတာနဲ့ ဝယ်စားတာ ဘယ်သင်းက ပိုမြိုင်သလဲ မသိဘူးလား"

"ရှင်းပြပါဦးဟယ်။ ငါတို့ မသိလို့"

"အပင်စိုက်ရင် တစ်ပင်ပဲ စားရမယ်ဟယ်။ တစ်မျိုးပဲ စားရမယ်။ အလျဉ်မီချင်မှလဲ မီမယ်။ ဝယ်စားတော့ တစ်နေ့တစ်မျိုး ကြိုက်တာ ရွေးဝယ်စားလို့ရတာပေ့ါဟဲ့။ မရိုးလဲ မရိုးတော့ဘူး။ အလျဉ်မမီမှာလဲ မစိုးရိမ်ရတော့ဘူးဝေါ့ ဟီး-ဟီး"

"အဲ့ တယ်ဟုတ်ပါလား။ ဒါဆိုရင်လဲဝယ်ပဲစားမယ်။ မစိုက်တော့ဘူး ဟီ"

"သေနာမ နင့်အလှည့် ကျမှ အရွေးမတတ်လို့ လေးလုံး ကပ်နေဦးမယ်"

"တဲ့ ဖွတဲ့ လွှဲပါစေ



www.burmeseclassic.com

www.burmeseclassic.com



ဖယ်ပါစေ။ ဝါးစဝ်ပုဝ်နဲ့"

"တီး တီး တီး တား တား တား"

☆☆☆

မိန်းမသားချင်း ဖြစ်သော်ငြားလည်း၊ အချို့မှာ ကိုယ်ချင်းစာနာစိတ် မထားကြ၊ ကိုယ့်ထမင်း ကိုယ်စားပြီး ရေနစ်သူဝါးကူထိုးနှစ်သည့်ပမာ အတင်းတုပ်ကြသူများကလည်း မရှား-

နေ့ပြောနောက်ကြည့် ညပြောအောက်ကြည့်ဆိုသကဲ့သို့ တစ်နေ့သောအခါ ညတစ်ည၌ မျက်နှာချင်းဆိုင်ရှိ ဦးဘိုဝ၏ နေအိမ်သို့ အသွားအိမ်အောက်ထပ် အရောက်၌ အိမ်အပေါ်ထပ်ရှိ ဦးဘိုဝ၏ ဇနီး မလှဝင်းက၎င်း၏ သားသမီးများအား ဆိုဆုံးမနေသည့် စကားသံ အချို့ မထင်မှတ်ဘဲ ကြားလိုက်ရသဖြင့် အိမ်ပေါ် တက်ရန် တန့်ဖြင်နေသော မရွှေမိ၏ ခြေလှမ်းတို့ တုံ့ခနဲ ရပ်သွားရ၏။

"တဲ့ အကောင် မြေတ်တွေ၊ နင်နော် ကိုယ့်သားမို့လို့ ပြောထားရဦးမယ်၊ အိမ်ရှေ့က ရွှေမိတို့ အိမ်ကို လုံးဝမသွားနဲ့နော်--

"ရွှေမိက အရပ်ထဲမှာ တော်တော် နာမည်ပျက်နေပြီ ကိုအောင် အရက်သမား ဖိုးပိန်နဲ့ ဘာလိုလို ညာလိုလိုဖြစ်နေကြတယ်တဲ့--

"ဖိုးပိန်ကလဲ မတွေ့ဘူးလား ညတိုင်းလိုလိုပဲ လာလာနေတာ၊ လာရင်လဲ တော်တော်နဲ့မပြန်ဘူး။ ရွှေမိနဲ့ စကားတွေ ပြောနေတာအကြာကြီးပဲ။ ရွှေမိက ဟိုလူနဲ့လဲ မရှင်းမရှင်း

> အံ့မယ် အံ့မယ် နင်ထမျှား ငါ့ပြန်ပြောလို့ တော့ မသွားနဲ့ ဆို မသွားနဲ့ နင်မှမဟုတ်ဘူး နင့်အမေ ကိုလှုဝလဲ . . .

ဒီလူနဲ့လဲ မရှင်းမရှင်း၊ နင်သွားရင် ကိုယ့်သားအရှယ်လဲ ဖမ်းဆွဲ ရင်ဆွဲ ထားမှာ ပြောမရဘူး။ ဘူမှာလဲ သမီးတွေနဲ့ရှိသေးတယ်-

"ဒီလိုမျိုး ရှုပ်ရှုပ်ယှက်ယှက်တွေနဲ့ ဆက်ဆံတာ မကြိုက်ဘူး"

"အမေကလည်းဗျာ ဒေါ်လေး မရွှေမိက ရိုးပါတယ်ဗျာ။ လူတွေကိုကသာ အချောင်ရမလား ချောင်းနေကြတာ"

"အံ့မယ် အံ့မယ် နင်ထ များ ငါ့ပြန်ပြောလို့၊ တော့ မသွားနဲ့ဆို မသွားနဲ့၊ နင်မှ မဟုတ်ဘူး နင့်အမေ ကိုလှုဝလဲ ကျပ်ကျပ်သတိထား"

"တယ် ဒီမိန်းမ ငါ့ ဘယ် လှည့်လာပြန်ပြီ။ ခက်ပါတယ်ကွာ"

'ရှင်တို့ ယောကျ်ားတွေ က ခက်နေတာ ဟိုက အညာသူမသ ပြောတာ ရုပ်ကလေးကလဲရှိ၊ အရွ ကလေးကလဲရှိဆိုတော့ ဟွန့် မပြေ လိုက်ချင်ဘူး။ အချောင်ရမလားတ တန်း စီချောင်းနေတဲ့ အသီစား၊ အ သားမျိုမယ့်ကြောင်ပါးကြီးတွေ ရစ် ရစ်သီနဲ့ အညီကို ယင်ကောင်တွေအ နေတဲ့ အတိုင်းပဲ"

"တိုးတိုး ပြောပါကွာ။ တော်ကြားသွားရင် ခမျာမှာ ရှက် နစ်နာလှပါတယ်။ တကယ်လဲ မဟု ဘဲနဲ့ဆိုရင်"

"အလိုတော် ကြားကြ ပေါ့ ပြောမနေနိုင်ဘူး။ အိုးတခု လောင်းထပ္ပလို့ တစ်ရပ်ကွက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ထိုးကျော်နေတာ ဟုတ်လို့ကျော်၊ ဝုဝ်လို့ဝေါ် တဲ့၊ စကားပုံတောင်ရှိသေးတယ်။ မြူးစားမြူးစားနေလို့ အဲ အကြောင်းတွေက ရစ်ဝဲရစ်ဝဲ လုပ်နေတာပေါ့။ ကျုပ်ကိုယာ စမ်းကြည့်စမ်းပါလား အဲသလိုမျိုး ထိတပါး ရိကပါးတွေကတော့ ပါးရှစ်စိတ်ကွဲသွားမယ်။ ကျုပ်စိတ်ဓာတ်မျိုးနဲ့ ဆိုပြောပါတယ်"

"မင်း စိတ်နဲ့ဆိုရင်တော့ ဟုတ်မှာပေါ့"

"ဘာရှင့် ကိုလူဝ ရှင့် စကားက တွန်း ရှင်လဲ ကြပ်ကြပ် သတိထားနော်။ အဲဒီအိမ်ဘက် ကျုပ် မပါဘဲ ခြေဦးလှည့်လို့ကတော့ ရှင် ညစာ ငတ်စေသာ မှတ်"

"အမေ့ ဘာပြောတာလဲ ညစာ ဆိုတာ"

"ဟဲ့ သေနာလေးရဲ့ ညစာ ဆိုတာ ထမင်းပေါ့ဟဲ့။ ထမင်း နင်မသိဘူးလား။ တယ်လေ ငါ ထပေါက်လိုက်ရ နီးရောနဲ့"

☆☆☆

အိမ်အပေါ်ထပ်က မိသားစုတွေရဲ့ စကားသံတွေကြောင့် အပေါ်ထပ်ဖို့ တန်ပြင်နေတဲ့ ခြေလှမ်းတွေကို အသာ ပြန်ရုပ်ပြီး မရွှေမိ ကိုယ့်အိမ်ထိုယ် တိတ်တိတ်ကလေး ပြန်ခဲ့ရတယ်။

"ကိုတွန်းလူရယ် ကျုပ်အဖြစ်လာကြည့်လှည့်ပါဦးလားတော်။ တော်မရှိတဲ့ ကျုပ်ဘဝ အခုသိတဲ့ အတိုင်း ဘယ်မှာ လုံခြုံတော့လို့လဲ ဟိုလူက အတင်းပြော ဒီလူက အတင်းပြော ဟိုလူက တဲ့ရဲ့ ဒီလူက စောင်းမြောင်းနဲ့ မိန်းမချင်းကိုယ်ချင်း မစာနာကြဘူး--

"ယောကျ်ားတွေ ဆိုတာကလဲ အိုင်တွေ့ရင်ခြေဆေး ဖို့ပြင်နေကြတာ။ တကတည်း မိန်းမသားဖြစ်ရတဲ့ဘဝ တထယ်ပဲ စိတ်ညစ်ရတယ်တော့။ ခု ကြည့်လေ ကိုယ်ကောင်းရင် ခေါင်းမရွှေ့ပါဘူးလို့ ကျုပ်က ယူဆထားပေမယ့် သင်းတို့က ကျုပ်ခေါင်းကို မရွှေ့ရွှေ့အောင် အတင်းရွှေ့နေကြပြီတော်ရဲ့--

"ကျုပ် ဘာလုပ်ရမလဲ ကိုတွန်းလူ။ ကျုပ်အခု သူများ တံတွေးခွက်ထဲ ဝက်လက် အမျောတော့ မခံနိုင်ဘူး။ ရဲဘော်တစ်ယောက်ရဲ့ ဇနီးမယားဘဝကို ကျုပ် ဘယ်လောက် မြတ်နိုး တန်ဖိုးထားသလဲဆိုတာ၊ ကိုတွန်းလူ အပေါ် ဘယ်လောက် သစ္စာရှိသလဲဆိုတာ၊ ကိုတွန်းလူရဲ့ ဇနီးရွှေမိ ဘယ်လောက်ရဲရင့် သလဲဆိုတာ ကျုပ်သမိုင်းကို ကျုပ်ကိုယ်တိုင်ပဲ ဟောဒီဝန်းကျင်က လူတွေအားလုံးသိအောင်ရေးပြရတော့မှာပေါ့တော်။--

"လာပလေ့စေ။ ဖိုးပိန် ဆိုတဲ့ အကောင် ဒီကနေ့ည ရွှေမိရဲ့လက်သံ ဘယ်လောက် ပြောင်သလဲဆိုတာ သိသွားရစေမယ်။ ဖိုးပိန်ရေ"

အနှစ်နှစ် အလလက တည်းက ကြိတ်မှိတ်ခံစားနေခဲ့သော မရွှေမိ၏ စိတ်ထဲ၌ ဒေါသအလိပ်လိုက် တက်လာသော သွေးတို့ ဆူဝေလာချေပီတည်။ ထိုအချိန်မှာပင်–

"တောက မောင်ကြီး တွေက မရွှေမိကို ခင်ကြတယ်ဗျ။ မြို့သစ်က ကိုဖိုးပိန်က မရွှေမိကို ခင်ကြတယ်ဗျ။ အော့ ...ဟော့...ဟော့ မရွှေမိ ကိုဖိုးပိန် လာလည်ဦးမယ်နော့ ဟဲဟဲ အိပ်ကုန်ပြီလား။ မအိပ်ပါနဲ့ဦး ညအခါ လသာသာ ကိုဖိုးပိန်နဲ့ ကစားမလား၊ နားမလား ဟား ဟား ဟား"

"ကျုပ်ကလဲ မျှော်နေပါသတော့ ကိုဖိုးပိန်ရေ၊ ရှင့်လို အရက်သမား ကလေကဝ အလုပ်လက်ကြောမတင်းတဲ့ လူက ကျုပ်ရဲ့ သေသွားတဲ့ လင် ကိုတွန်းလူရဲ့ တန်ဖိုးနဲ့ဆို ခြေမှုန့်စာလောက်တောင် အနှစ်မရှိဘဲနဲ့ ကျုပ်နဲ့ ကျုပ်ကလေးတွေ မျက်နှာငယ်ရအောင် ပါးစပ်အရသာခံပြီး ထိကပါး ရိကပါး လုပ်နေတဲ့ တော့်လိုလူ့ ပေါက်ပန်းဈေးနဲ့ ကျုပ်ဒီကနေ့ စာရင်း အ

www.burmeseclassic.com



ပြတ်ရှင်းရမယ်"

"ဘာရယ် မရွှေမိ မင်းလို မုဆိုးမ ကလေးအမေကများ ငါလို လူပျိုကြီးနုနုထွတ်ထွတ်ကို နှိမ့်နှိမ့်ချချ ပြောလို့၊ တမ် လာစမ်းပါ၊ လာခဲ့စမ်းပါ လူ နာမည်ကသော ဖိုးပိန် ဟိုဒင်း က တော့ မပိန်ဘူးနော်။ စိတ်–စိတ်–စိတ် ကတော့ မပိန်ဘူး။ လာခဲ့စမ်း၊ အိမ်ပေါ် က ဆင်းခဲ့စမ်း၊ ဒီမှာ ငါ မင်းအိမ်လှေ ကားရင်းမှာ ရောက်နေပြီ"

မရွှေမိ စိတ်မထိန်းနိုင်တော့ ပါ။ အစောပိုင်းကတည်းက ပေါက်တွဲ နေသော ဒေါသအဟုန်က ဖိုးပိန်နှင့် တွေ့တော့ ပို၍ ဆိုးသွားပြီး မုန်ယိုနေ သော ဆင်တစ်ကောင်အား ထူးကြိုးမှ လွှတ်လိုက်သည့်ပမာ ပြင်းစွာသော အ ဟုန်ဖြင့် အိမ်ပေါ်မှပြေးဆင်းရင်း လက် တွင်းမှ မာလကာသား အဝတ်လျှော် တုတ်ဖြင့် ဖိုးပိန်၏ ဦးခေါင်းသို့ အ ချက်ပေါင်းများစွာ ရိုက်ချလိုက်၏။

"ကဲဟယ် ကဲဟယ် ကဲ ဟယ် ငါ့သားအတွက်၊ ငါ့ သမီးအ တွက်၊ ငါ့ယောကျ်ားအတွက် ငါတို့ မိသားစု ဂုဏ်သိက္ခာအတွက်"

"ခွပ်၊ ခွပ်၊ ခွပ်"

"အား အား အား"

ဖိုးပိန် ဆက်မအော်နိုင် တော့ပါ။ မရွှေမိ အိမ်လှေကားရင်း လက်ရန်းတိုင်အား ဆုပ်ကိုင်ရင်း မြေပြင်ပေါ်သို့ တအိအိလဲ ပြိုကျသွား တော့၏။

ဖိုးပိန် ဦးခေါင်းမှ ထွက်လာ သော သွေးများက လှေကားခုံရင်း မြေပြင်၌ လရောင်ဖြင့် ချင်းချင်းနီ နေ၏။

☆☆☆

သူ သေသွားပြီ မရွှေမိ။ ဖိုးပိန် သေသွားပြီ။ ဘာတတ်နိုင်မှာလဲ သေမှတစ်ခန်းရပ်မှာလေ။ သူမသေရင် ဇာတ်လမ်းက ရှည်သထက်ရှည်ပြီး ကျွန်မရဲ့ သားသမီးတွေ ပတ်ဝန်း ကျင်မှာ မျက်နှာငယ်နေရဦးမှာ၊ ခုတော့ ကောင်းသွားပြီ။ ဘယ်သူမှ မေး မ ငေါ့ရဲတော့ဘူး။

ရပ်ကွက် လူကြီးနှင့် ရဲများ ရောက်လာပြီး စစ်ဆေးကြခိုက်၊ မရွှေမိ စိတ်အေးလက်အေး ဖြေရှင်းချက်ပေး လိုက်ပြီး ရဲများ ခေါ်ရာနောက်သို့ အေး ဆေးစွာ လိုက်သွားလိုက်၏။

☆☆☆

ကဲ အဲဒါပဲ ကိုရွှေ သတင်း ထောက်၊ ရှင် ကျူပ်တို့ ဘာတွေ အကူ အညီပေးနိုင်မှာမို့လို့လဲ။ ကဲ ပြောလေ၊ ကျွန်မ ကလေးတွေ ဘယ်လိုနေမလဲ ဘယ်လိုစားမလဲ။ ရှင်တို့ ဘယ်သူ တွေက ဘယ်လိုကူညီမှာလဲ ဖိုးပိန်တို ရော ကျွန်မ မသတ်ရင် ဖိုးပိန် ရပ်တန်း တရပ်ဖို့ ရှင်တို့ ဘယ်သူက ဘယ် လောက် တာဝန်ယူမှာလဲ။ သေချာ ပေါက်တော ကတိပေးနိုင်မှာလား။ ကျွန်မ မိသားစုရဲ့ လင်မရှိ မုဆိုးမ အိမ်ထောင်စုဘဝ လုံခြုံမှုအတွက် ရှင် တရော ကူညီနိုင်မှာမို့လို့လား။ တော် ကူညီရင် တော့်ဇနီး၊ တော့်သားသမီး တွေက မသမုတ်ဘူးလို့ ရှင် ပြောရဲ မှာလား၊ အဲဒါပဲ ကိုရွှေသတင်းထောက် ရဲ့ ကျွန်မတို့ မိန်းမသားတွေ ဘဝဟာ ဆူးပေါ်ကျလည်း ဖက်ပေါက်၊ ဖက်ပေါ် ဆူးကျလည်း ဖက်ပဲပေါက်ရတဲ့ ဘဝ တွေပါ–

မရွှေမိရဲ့ စကားတွေ မေး ခွန်းတွေကို ကျွန်တော် လုံးစေ့ပတ်စေ့ ပြန်မဖြေနိုင်ခဲ့ပါ။ ဘာကြောင့်လဲ ဆို တော့ ကျွန်တော်တို့က မိသားစုဆိုတဲ့ နှောင်ကြိုးတွေနဲ့ အချည်အနှောင်ခံ ထားကြရတဲ့ ယောကျ်ားသားတွေဖြစ် နေပြီး မရွှေမိတို့ကျတော့ မိန်းမသား တွေ ဖြစ်နေလို့ပဲပေါ့။

မောင်ဆွေ(တောင်ငူ)



www.burmeseclassic.com

www.burmeseclassic.com



# လက်ဦးဆရာ
# မည်ထိုက်စွာတဲ့

မောင်မောင်တင်ဝင်း
(ရွှေပင်မြေ)



www.burmeseclassic.com

www.burmeseclassic.com



## "ထက်ဦးဆရာ ဧည့်ထိုက်စွာထဲ"

### ဆောင်ဆောင်ဝင်းထင် (ရွှေဝင်မြေ)

တစ်နေ့သော ညနေ ကျောင်းဆင်းချိန်၌ ဖြစ်လေသည်။ ကျွန်ုပ်၏ အိမ်ရှင်မသည် အငယ်ကောင်သားလေး အီကိုဝင်းအား လက်တစ်ဖက်ကဆွဲ၍ ကျောင်းကြိုရာမှအပြန် ပါးစပ်မှ တဗျစ်တောက်တောက်နှင့် မနားတမ်း ပြောနေလေသည်။ တကယ်တမ်းပြောရပါမူ ကျွန်ုပ်၏ အိမ်ရှင်မသည် စကားနည်းရန်စဲ အေးဆေးစွာ နေတတ်သူဖြစ်ပြီး လောဘ၊ ဒေါသလွန်စွာမှနည်းသူ ဖြစ်လေသည်။ သို့သော် ဒီနေ့ ဒီရက်ကျမှ ထူးဆန်းစွာ ပြောလာသော စကားများအား ကျွန်ုပ်မှာလည်း သတိထား၍ နားထောင်နေမိလျက် သားဖြစ်သွားလေသည်။ အဘယ်ကြောင့်ဆိုသော် အိမ်ရှင်မပြောလာသော စကားများမှာ ကျွန်ုပ်အား တိုင်တန်းသကဲ့သို့ ထိပ်တိုက်ပြောလာသောကြောင့် ဖြစ်၏။

"မောင်ရေ .. မောင့်သား လေးတော့ လွန်လွန်းလာပြီကွာ။ ပထမနေ့တ ဦးထုပ်ပျောက်တယ်၊ ဒုတိယနေ့ ခဲတံနဲ့ ပေတံပျောက်တယ်။ တတိယနေ့ ဖိနပ်ပျောက်တယ်။ အခု ဒီနေ့ တွန်ပါဘူးပါ ထပ်ပျောက်လာတယ်။ အဲဒါနဲ့ သူတို့ အတန်းပိုင်ဆရာမကို တိုင်တော့ ဆရာမက ဘာမှမပူပါနဲ့ အစ်မရယ်တဲ့။ ဒီကိစ္စတတာ အခုလို ဖြစ်ပျက်နေတာ အစ်မနဲ့ ပါဆိုရင် တလေး အခေတွေ အဲဒီလိုမျိုး တိုင်ထားကြတာ လေး ငါးယောက်လောက် ရှိနေပြီ။ အခုလဲ အဲဒီကိစ္စတွေကို ကျွန်မတို့လဲ ကျောင်းအုပ်ဆရာကြီးကို တစ်ဆင့် အစီရင်ခံတင်ပြပြီး တိုင် ကြားပြီးသား ဖြစ်နေပါပြီ။ အခု ခန့်မှန်းလို့ရတာက ဒီကလေးတွေရဲ့ အတန်းတူ အခန်းထဲမှာကို ခြေမငြိမ် လက်မငြိမ်တဲ့ တလေးတစ်ယောက်ယောက်တော့ပါနေပြီ။ ကျွန်မတို့လဲ အနည်းအများဆိုသလို ရိပ်မိနေတာတော့ ကြာပြီ။ လက်ဆုပ်လက်ကိုင် ထိထိကျကျ မတွေ့သေးလို့ စောင့်ကြည့်နေတာပါတဲ့။ အဲဒီ တော့ အဲဒီကိစ္စတွေ ဘယ်လိုလုပ်မလဲ .. အခုတိုင်းသာ အခုလို နေ့စဉ်ရက်ဆက် ပစ္စည်းတွေ ပျောက်နေမယ်ဆိုရင်တော့ ..."

ကျွန်ုပ်မှာ အိမ်ရှင်မအား လက်ကာပြလိုက်ရင်း အေးဆေးစွာပင် "ဘာမှ မပူပါနဲ့ မေရင်ရယ်၊ မကောင်းမှုဆိုတာ ဘယ်ရှုထောင့်ကပဲကြည့်ကြည့် ဆိတ်ကွယ်ရာလို့ မရှိပါဘူးကွာ။ တော်ကြာ သူ့ကျောင်းသားနဲ့ သူ့အတန်းပိုင် ဆရာမ တစ်နည်းမဟုတ်တစ်နည်း ဒီကိစ္စက မကြာခင် အဆင်ပြေသွားမှာပါကွာ။ ဘာ တဲ့ တို့မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးမှာ ကျောင်းအုပ်ဆရာကြီး ပြောသွားတဲ့ ဩဝါဒစကားတွေ အများကြီး ရှိပါတယ်။ "ကျောင်းသား မိဘတွေတဲ့ ဒီကျောင်းကိစ္စနဲ့ ပတ်သက် လို့ ဘာအခက်အခဲရှိရှိ တိုက်ရိုက် ဆက် သွယ်ပါတဲ့။ နောက်တစ်ချက်က မိဘ ဆရာပူးပေါင်းမှ ကျောင်းသားတွေ ပညာ ကောင်းလာမှာတဲ့။ အကျင့်စာရိတ္တနဲ့ ပတ်သက်တဲ့ စိတ်ဓာတ် စည်းကမ်းတွေ ကအစ ကောင်းမွန်သူတွေဖြစ်ပါမှ နောင် လာမယ့် အနာဂတ်အတွက် ထူးချွန် ပြောင်မြောက်တဲ့ ပညာတတ်တွေ၊ အ နိုင်ငံတော်ကြီးရဲ့ အားကိုးအားထား ထိုက်တဲ့ အားကိုးအားထားလောက်တဲ့ နောက်တစ်ချက်က မြန်မာဆိုတာ ထ က သိလာအောင် အမျိုးကိုချစ်ပြီး အ မျိုးရဲ့ ဂုဏ်ကို မြှင့်တင်နိုင်တဲ့ လူတော် ကောင်း၊ လူကောင်းလူမွန်၊ လူထူး တွေ ဖြစ်လာဖို့က အဲ ..အဓိက အ မိဘနဲ့ ဆရာတွေ ပူးပေါင်းမှ ကျော သားသူငယ်လေးတွေက အစ ရွှေ ဝတ် လမ်းကြောင်းဟာ ဖြောင့် တန်းတန်း ကောင်းကောင်းမွန်မွန် လာမှာပါတဲ့။ အခု သားသားတို့

www.burmeseclassic.com



ထယ်တန်းပဲ ရှိသေးတယ်။ အဲ .. ဒါပေမဲ့ အဲဒီ သူငယ်တန်းဟာ လူ့ဘဝရဲ့ အခြေခံ ကျတဲ့ (ဖောင်ဒေးရှင်း) အုတ်မြစ်ပဲတဲ့။ အခု မေရင်ပြောတဲ့ ကိစ္စကြည့်နေ မကြာ ပါဘူး အဖြေမှန် ပေါ်လာပါလိမ့်မယ်" ဟု ရှည်လျားစွာ ပြော၍ နှစ်သိမ့်မိပါ တော့သည်။

ကျွန်ုပ်သည် အိမ်ရှင်မအား ထိုသို့ ရှင်းပြပြီးနောက် ကျွန်ုပ်၏ စိတ်ထဲ တွင် ငယ်စဉ်က ကျွန်ုပ်တို့အား ခြောက် နှစ်တစ်မျိုး မြောက်ခါတစ်ဖုံ ချော့ကာ တစ်လှည့်ပညာသင်ကြားပို့ချပေးခဲ့ကြ သော ဆရာသခင် ကျေးဇူးရှင်၊ ဆရာ အစဉ်အဆက်တို့အား ပြန်လည် တမ်းတ သတိတရရှိနေမိ၏။ ထိုနည်း တူ ကျောင်းဆရာ ကျောင်းဆရာမတို့ သည် နာသုံးနာနှင့် ပြည့်စုံသူများသာ ဖြစ်ကြ၏။ တချို့များသွားကျောက်၊ အချို့တဝည့်မရှား တပြားမရှိ ပီတိတွေ အားရှိတဲ့ .. ဘာပဲဖြစ်ဖြစ် ကျွန်ုပ်တို့ ရှုသာသော မြန်မာလူမျိုးဖြစ်ရခြင်းမှာ အထူးထံကောင်းခြင်းတစ်ရပ် ဖြစ်နေ ၏။

အဘယ်ကြောင့်ဆိုသော် ဆရာ သည် အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဖြစ် ၏ ထို့အတူ မြင်းမိုရ်တောင်ဦး မတ ရှူးစွ မိနှင့်ဘတို့နှင့် တပြေးညီ တန်ခိုးတော့ခွင့်ရခြင်းသည် လည်းကောင်း၊ အိမ်ရာဝင် အိမ်ရာထ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့အား ရည်မှန်း၍ ကန်တော့ရခြင်းသည်လည်းကောင်း လွန်စွာမှ ထူးကဲသော ဓလေ့ထုံးတမ်းကောင်း ဖြစ်နေလေသည်။

ထိုခု ကျွန်ုပ်တို့၏ ကျောင်းနေ ဖက် ငယ်သူငယ်ချင်းအားလုံးတို့မှာ တွံတေးသိန်းတန်၏ အသီးတစ်ရာ အ ညှာတစ်ခု သီချင်းထဲကတဲ့သို့ တစ်ဝမ်း တစ်ခါးအတွက် တစ်လမ်းစီ သွားနေကြ ရသူများ ဖြစ်နေကြလေသည်။

ထို့နည်းအတူ မိဘတိုင်း၏ စေ တနာ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ အစ ရှိသည်များကိုလည်း တွေးတောဆင် ခြင်နေမိ၏။

မကောင်းမြစ်တာ ကောင်းရာ ညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေ ရင်းနှီး၊ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင် ဖခင်မယ်တို့တာဟု ဆိုဘိသကဲ့သို့ မိဘ များသည် သားသမီးတို့၏အပေါ်၌ ကောင်းမြတ်မှုများကိုသာ မြင်လိုကြ၏။ ဆင်စီး၍ မြင်းရံ ချမ်းသာကြွယ်ဝ ဘုန်း ရှိန် ထံရှိန်နှင့် တန်ခိုးထိတ္တိဝ ကြီးမြတ် မှုများကို မြင်လိုကြ၏။ ထို့ကြောင့် မိဘ မေတ္တာ စိမ့်စမ်းပမာ သီတာအလား နှိုင်း လှ၍ ဖော်ညွှန်းထားကြဖြစ်သည်။ ထိုသို့







www.burmeseclassic.com

www.burmeseclassic.com

တွေးတောနေရင်းမှ "ပြော် ကုန္ဒိုင်းမရ မိနှင့်ဖ(ဘ)၏ ကြီးစွမေတ္တာ အသချိုးထား ကမ္ဘာတည်သရွေ့ ရှိမြဲမည်" တူသော (ကဗျာ) တစ်ပုဒ်သည်ပင် ကျွန်ုပ်၏ ရင်ထဲမှာ အလိုအလျောက် ခုန်ထွက်လာတော့၏။ ထိုသို့ အတွေးများနှင့်ပင် ထိုနေ့၏ တစ်နေ့တာအချိန်တို့သည် ကုန်လွန်ခဲ့လေတော့၏။

နောက်တစ်နေ့ ညနေ ကျောင်းဆင်းချိန်၌ ကျွန်ုပ်၏ အိမ်ရှင်မ မေရင်သည် အငယ်ကောင် အီကိုဝင်းအား လက်တစ်ဖက်မှ ဆွဲ၍ ပြုံးရယ်ရွှင်ပျစွာဖြင့် အိမ်ပေါ်သို့ တက်လာ၏။ ပြီးခဲ့သော မနေ့တစ်နေ့က မျက်နှာနှင့် ဒီနေ့ မျက်နှာသည် အတော်ကွာခြားမှုရှိနေ၏။ (ဥပမာ)နိုင်းရပါလျှင် မှိုရသောမျက်နှာ၊ တငေါင်းလပြည့်ဝန်းကြီးတဲ့သို့ ဝင်းထိန်သော မျက်နှာ၊ ဖြစ်နေလေတော့၏။ အဘယ်ကြောင့် ဆိုရပါမူ–

"မောင်ရေ ဒီမှာလေ သားသား အီကိုဝင်းရဲ့ ပျောက်သွားတဲ့ ပစ္စည်းတွေ အကုန်လုံးပြန်ရလာပြီ။ တခြား ကျောင်းသားကျောင်းသူတွေရဲ့ ပစ္စည်းတွေလဲ ပြန်ရတယ်။ နောက်ထပ် လက်ဖက်ရည်ဆိုင် ကုန်စုံဆိုင်တချို့က ပစ္စည်းတွေလည်း ပြန်ရတယ်တဲ့"

ထိုသို့သော စကားကြားရသည်နှင့် ကျွန်ုပ်၏ စိတ်ထဲတွင် လွန်စွာမှ အံ့ဩကြီးစွာ ဖြစ်မိပြီး ကျွန်ုပ် နားမလည်နိုင်သော ကျောင်းပစ္စည်း မဟုတ်သည့် လက်ဖက်ရည်ဆိုင်၊ ကုန်စုံဆိုင်မှ ပစ္စည်းများအကြောင်း ကျွန်ုပ် အနည်းငယ် တွေဝေစဉ်းစားမိ၏။ ထိကျသော အဖြေ ထွက်မလာ။ ထိုအခါမှပင် ကျွန်ုပ်၏ အိမ်ရှင်မက–

"မောင် .. သိပ်သိချင်နေတယ် မဟုတ်လား .. သိနေတယ်ထေ ပြောပြပါ့မယ်။ အဖြစ်က ဒီလိုတဲ့ .. အဲဒီကလေးရဲ့ နာမည်က ------ တဲ့။ သားသား အီကိုဝင်းတို့နဲ့ အတန်းတူလေ။ အဲဒီကလေးက မေပုလဲရဲ့ ကျောင်းလွယ်အိတ်ထဲက ခဲတံ၊ ပေတံ၊ ကွန်ပါဘူးတွေကို နှိုက်ယူနေတာ သားသားတို့ အတန်းပိုင် ဆရာမက တွေ့သွားတော့ အဲဒီ ကလေးကို ချော့မေးလဲမရ၊ ခြောက်မေးလဲ မရတဲ့အဆုံး ကျောင်းအုပ်ဆရာကြီးထိုသွားတိုင်တော့မှ ဆရာကြီးက အဲဒီကလေးကို ရုံးခန်းထဲ ခေါ်သွားပြီး ချော့မေးတော့မှ အဲဒီကလေးက အဲဒီလို အလေ

"မောင်ရေ ဒီမှာလေ သားသားအီကိုဝင်းရဲ့ ပျောက်သွားတဲ့ ပစ္စည်းတွေ အကုန်လုံးပြန်ရလာပြီ။ တခြား ကျောင်းသားကျောင်းသူတွေရဲ့ ပစ္စည်းတွေလဲ ပြန်ရတယ်။ နောက်ထပ် လက်ဖက်ရည်ဆိုင် ကုန်စုံဆိုင်တချို့က ပစ္စည်းတွေလည်း ပြန်ရတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



သုတ်ယူရတာဟာ သူ့အဖေရဲ့ ခိုင်းစေချက်နဲ့ သူ့အဖေကိုကြောက်လို့ သူအခုလို လုပ်ရကြောင်း ဆရာကြီးကိုပြောတော့ ဆရာကြီးကလဲ အခု မင့် အဖေဘာအလုပ်လုပ်သလဲလို့ မေးတော့ အဲဒီကောင်လေးက သူ့အဖေမှာ အလုပ်ဆည်မည်ရရ မရှိကြောင်း၊ အချိန်ပြည့် အရက်သောက် ဖယ်တောက်ခြင်းသာ အလုပ်ဖြစ်ပြီး အမေက ဈေးရောင်းကြောင်း၊ ကလေးကပြောတော့မှ ဆရာကြီးက အဲဒီကလေးကို အေး ကောင်းထယ်တွာ၊ အခုချိန် မင့် အဖေအိမ်မှာ ရှိနိုင်ပဲ့ါမလားမေးတော့ အဲဒီကလေးက သူ့အဖေဟာ အချိန်ပြည့် အိမ်မှာရှိကြောင်း ပြောပြတော့မှ ကျောင်းအုပ်ဆရာကြီးက ရယကာဥက္ကဋ္ဌနဲ့ ရဲစခန်းကို အကြောင်းကြား၊ ရပ်မိရပ်ဖအဖြစ် ကျောင်းကော်မတီအဖွဲ့ဝင် ဥက္ကဋ္ဌ အားလုံးတို့ကို ဖုန်းဆက်အကြောင်းကြားပြီး အဲဒီကလေးနဲ့အတူ ကျောင်းရှေ့နားမှာ ရှိတဲ့ လေးဘီးကားတစ်စီးငှားပြီး အဲဒီကလေးအိမ်ကိုသွားခဲ့ကြရတယ် ပြောတာပဲ။ ဟိုရောက်တော့ အဲဒီကလေးရဲ့ အဖေလဲ အိမ်မှာ အဆင်သင့် တွေ့တာနဲ့ ဖြစ်ကြောင်းကုန်စင်ကို ဝဃနဏ ပြောပြတော့ အဲဒီကောင်လေးရဲ့ အဖေဟာ မျက်နှာပျက်ပျက်နဲ့ အဲဒီကောင်လေး ယူခဲ့သမျှ ပစ္စည်းတွေကို ထုတ်ပြတော့ အတော်များနေပြီ ပြောတာပဲ။ အဲဒီတော့မှ ကျောင်းအုပ်ဆရာကြီးက အဲဒီကောင်လေးရဲ့ အဖေကို ပညာပေးစကားအမျိုးမျိုးနဲ့ သွန်သင်ဆုံးမ ဩဝါဒစကားပြောပြီးတဲ့နောက် ဒါပေမဲ့တဲ့ အဲဒီကောင်လေးရဲ့ အဖေကို ရယကာဥက္ကဋ္ဌ၊ ကျောင်းကော်မတီဥက္ကဋ္ဌနဲ့ နယ်ထိန်းတပ်ကြပ်ဆရာအေးငွေတို့ရှေ့မှာ နောက်နောင်ဒီကိစ္စမျိုးမဖြစ်ဖို့ ခံဝန်ချုပ် လက်မှတ်ထိုးခိုင်းပြီး ပစ္စည်းတွေ သိမ်းပြီး နောက်နောင် အဲဒီကိစ္စမျိုး ထပ်ပြီးတော့ ကျူးလွန်မယ် ဆိုရင်တော့ သက်ဆိုင်ရာကတရားစွဲအရေးယူမည်ဖြစ်ကြောင်း၊ ကလေးကိုပါ ကျောင်းကထုတ်ပယ်မည်ဖြစ်ကြောင်းပြောတော့ ဆရာကြီးရဲ့ ဒူးကိုဖက်ပြီးငိုလဲငို၊ တောင်းပန်လိုက်တာမှ ထပ်တလဲလဲပဲတဲ့။ သူ့သားကလေးကို ကျောင်းက ထုတ်မပစ်ဖို့၊ နောက်ပြီးတော့ သားသားအီကိုဝင်းတို့ သူတို့အတန်းပိုင်ဆရာမကိုလဲ ဦးချတောင်းပန်နေ လိုက်တာများ။ အဲဒီတော့မှ ဆရာမကလဲ ကျွန်မကို တောင်းပန်မနေပါနဲ့ .. နောက်နောင်ကိုသာ ဒီကလေး မောင်--- ဒီလိုမဖြစ်ဖို့ တာဝန်ယူရင် ပြီးပြည့်စုံပါတယ်လို့ ပြောပြီး အားလုံးကျောင်းတိုပြန်လာကြတယ်ပြောတာပဲ"

ဟု ရှည်လျားစွာ ပြောပြီးနောက် တော်တော်လေးမောသွား ပြီထင်၏။ သောက်ရေအိုးစင်မှ ရေတစ်ခွက်အား နှစ်ခြိုက်စွာ သောက်နေလေတော့၏။

ကျွန်ုပ်မှာလည်း ထိုကလေးငယ်၏ မိဘမျိုးသည် ဘယ်ကဲ့သို့သော မိဘမျိုးဖြစ်ပါလိမ့်ဟုသာ တွေးတောနေမိပါတော့သည်။

**မောင်မောင်ဝင်းထင်**

**(ရွှေဝင်မြေ)**




www.burmeseclassic.com

www.burmeseclassic.com

# အကြွေးမထားသော

# အကြွေး

မောင်မောင်ညွန့်(သရက်)





www.burmeseclassic.com

www.burmeseclassic.com

**"အပြေးမထားသော အပြေး"**

**ဓောင်ဓောင်ညွန့် (သရက်)**

## (၁)

တပေါင်းလ မိန်လရာသီ၏ ရှုပြင်းလှသော နေအရှိန်သည် ဒေါ်အေးတင် ရင်ထဲဝယ် တောက်လောင်နေသော သောကမီးလောက်မပူနိုင်ဟု ဒေါ်အေးတင် ထင်မိသည်။ ထင်လည်းထင်လောက်စရာပင်။ လင်ဆိုးမထားထားဖား၊ သားဆိုးအမေ တတေတေ ဆိုသကဲ့သို့ လင်ကဆိုးသည့်အထဲ အားနှစ်ယောက်ကလည်း ပြောမကောင်း ဆိုမကောင်း။ ရောက်လေရာ အနံ့တထောင်းထောင်းနဲ့ ဆိုသကဲ့သို့ သူတို့အဖေ ဦးဝကြီး၏ ခြေရာကို ထက်ကြပ်မကွာ လိုက်နင်းဖို့ကြိုးစားနေကြသည်။ ယခုလည်း သူမတို့ အင်ခုံရွာနှင့် တစ်မိုင်သာသာဝေးသော သပြေပင်ရွာ အလှူပွဲသို့ အလှူအဝင်နေ့ (ပွဲတည်နေ့)တတည်းက သွားရန် တန်တပြင်ပြင် လုပ်နေသည်။ ဦးဝကြီး မည်သည့် အလှူမင်္ဂလာပွဲသို့ သွားသည်ဖြစ်စေ တစ်ယောက်ယောက်နှင့် ပြဿနာ ဖြစ်ပြီးမှ ပြန်လာတတ်သည်က ကိုဝကြီး အကျင့်ဖြစ်သည်။ ဒေါ်အေးတင်က ဦးဝကြီးကို စိုးရိမ်စိတ်ဖြင့် တားကြည့်သည်။

"ပြီးခဲ့တဲ့ ရက်ပိုင်းတုန်းက ကိုဝကြီး ကျောက်တိုင်ရွာက မင်္ဂလာဆောင်ကို သွားပြီးမှပဲ အခု သပြေပင်ရွာက အလှူကိုသွားချင်တယ်။ ရွာတောင်ပိုင်းက ဒေါ်မယ်ခနဲ့ မိထုံတို့လဲ သွားကြမှာတော့ အဲတာ ..."

"လျှာမရှည်နဲ့ မိတင်၊ နင့်ပါးစပ်ပိတ်ထား"

ကိုဝကြီး၏ ခပ်ပြတ် ပြတ်စကားကြောင့် ဒေါ်အေးတင် တစ်ယောက် ရေငုံမထားပေမဲ့ နှုတ်ပိတ်ထားလိုက်ရသည်။ မပိတ်လို့လည်း မဖြစ် ဦးဝကြီးလက်သံက ပြောင်မှပြောင်၊ စိတ်အခန့်မသင့်လျှင် လက်လှမ်းမီရာ ပစ္စည်းနှင့် ကောက်ပေါက်တတ်သည့် ကိုဝကြီးအကျင့်က ဂျပန်လက်မှတ်ရ ထန်းတက်သမားလို ဖြစ်နေသည်။ ကိုဝကြီးစိတ်ဓာတ်ကို အလွတ်ရနေသော ဒေါ်အေးတင် အလျှော့ပေးလိုက်သည်။ ထို့နောက် ကျစ်ကျစ်ပါအောင်စုထားသော ငွေတစ်ဆယ်ကို ထုတ်ပေးလိုက်သည်။

"ဒီငွေတစ်ဆယ်နဲ့ ဘာ အသုံးဖြစ်လို့လဲ"

"ကျုပ်မှာလဲ ဒီတစ်ဆယ်ပဲ ရှိတယ်"

"သပြေပင်ရွာ အလှူမှာ နေ့လယ်ပိုင်း နွားပြိုင်ပွဲရှိတယ်ကွ။ တို့ရွာက ချစ်ကြီး၊ စံမြတို့က တစ်ရာကျပ်စီထည့်ပြီး လောင်းကြမှာကွ။ ဒီတော့ မင်းရဲ့နားကပ်ချွတ်ပေးလိုက်၊ လောင်းကြေးနိုင်ရင် ဒီထက်ကောင်းတဲ့ နားကပ် လုပ်ပေးမယ်"

"မိဘတွေ လက်ထက် ကတည်းက နားကပ်ကိုတော့ ရန်မရှာပါနဲ့ ကိုဝကြီးရယ်"

"တယ် ... ဒီမိန်းမ နားပြတ်ချင်လို့လား အခုပေးစမ်း"

ကိုဝကြီး တစ်ချက်လွှတ် ရာဇသံကြောင့် ဒေါ်အေးတင် နားနှစ်ဖက်ကို စမ်းမိသည်။ လိုချင်တာ မရရင်



www.burmeseclassic.com

www.burmeseclassic.com

ဖွတ်ယူတတ်သော ဦးဝကြီး အတျင့်က ကြောက်စရာကောင်းသည်။ နားပြတ် မည်စိုးသောကြောင့် နားကပ် အမြန် ချွတ်ပေးလိုက်သည်။

☆☆☆☆☆

(၂)

"အမေတလဲ ပြတ်ပြတ်သားသားပြောပါ အမေရဲ့"

ဒေါ်အေးတင် သက်ငယ်ပျစ်ရင်းက သားဖြစ်သူ ဖိုးမောင်၏ အမေးစကားကြောင့် ဘာပြန်ပြောရမှန်း မသိ ဖြစ်သွားသည်။

"ကျွန်တော့်ကို ပြောပါ အမေရဲ့ အမေ့နားက နားကပ် ဘယ်ရောက်သွားသလဲ"

"ဟို ... အမေ အသုံး လိုလို့ ခဏပေါင်ထားတယ်"

ဒေါ်အေးတင်က သား အ ချင်း ပြဿနာတက်မည် စိုးသော ကြောင့် အဖြစ်မှန်ကို ဖုံးကွယ်ထား လိုက်သည်။ သားဖြစ်သူ ဖိုးမောင်က နားကပ်မရှိတော့သည့် သူ့အမေ နား ပေါက် ဟောင်းလောင်းကို ကြေကွဲ ကြည့်နေရင်းမှ

"အမေ့နားကပ် ဘယ်သူ ဆီမှာပေါင်ထားလဲ။ ဟို ရွာတောင်ပိုင်း က အမြတ်ကြီးစား ဒေါ်ငွေတိုးဆီ ပေါင်ထားတာလား၊ အရှေ့ပိုင်းက ဦး သာဖံဆီမှာလား"

"နေပါဦး သားရယ် ... အမေရှင်းပြပါ့မယ်"

ဒေါ်အေးတင် အဖြစ်မှန် ရှင်းပြလိုက်သည်။

"ဟာ ... အမေ ရတ်စက်ပါလား"

ဖိုးမောင် သက်ပြင်း ချတ်ချ၍ အနီးရှိ ကွပ်ပျစ်ပေါ်သို့





www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"အမေ့ဘဝနဲ့ အမေ ရှိပါစေတော့ကွယ်။ အထူးသဖြင့် ဒီ ထိစွက် သားရဲ့အစ်ကို ဖိုးထောင် မသိပါစေနဲ့ကွယ်။ ဖိုးထောင်က အသောက်အစားရှိတော့ မူးလာရင် မဖြစ်သင့်တာတွေ ဖြစ်ကုန်လိမ့်မယ်"

ဒေါ်အေးတင်က ဖိုးမောင် ဝခုံးကိုကိုင်၍ အကျိုးအကြောင်း ရှင်းပြနေသည်။

"ကျုပ်အတွက်က စိတ်ချပါအမေ၊ အဖေ့လုပ်ရပ်ကြောင့် အမေ့ အတွက် စိတ်မကောင်းဖြစ်တာ တစ်ခုပဲ"

"ဘဝကပြုခဲ့တဲ့ ကံတရားပေါ့ကွယ်"

"အမေနဲ့ ဖိုးမောင် ဘာတွေတိုင်ပင်နေကြတာလဲ"

သားကြီး ဖိုးထောင် အသံကြားလိုက်ရတော့ ဒေါ်အေးတင် လန့်ချပ် သွားသည်။

"ဩော် ... သားကြီး ထောင် ပြန်လာပြီပဲ၊ မနက်ဖြန် တစ်ရွာလုံး ရှာလယ်လမ်းကို သဲချရမယ်လို့ ရွာသူကြီး ဦးဘညိုက ပြောထားတယ် လေ အဲဒါ ..."

"အမေ ဘာမှ လျှောက်ပြော မနေနဲ့။ ကျုပ်အကုန်လုံးသိပြီးပြီ အဖေရယ် အမေ့နားကပ်ကိုယူပြီး နွားမောင်းပွဲမှာလောင်းတာ ရှုံးကုန်ပြီဗျ။ လုပ်ရတ်တယ်ဗျာ ထာရင်သိမယ်"

"မလုပ်ကြပါနဲ့ သားတို့ရယ်။ အခုလိုပြောတာပဲ သားမှာ အပြစ်ရနေပြီ"

☆☆☆☆☆

(၃)

"ဘာပဲဖြစ်ဖြစ် ချစ်ကြီးရာ ဒီ .. ဒီထောင်တွေလုပ်တာ လုံး ... လုံးဝ မတရားဘူး"

"ဟုတ်တယ် ကိုဝကြီး ကျုပ်တို့ လောင်းတဲ့ နွားလှည်းက မျှင်ကြီး (ဒုံဝင်ကြီး)ကို အရင်ဝင်တိုးတာဗျ"

နွားလှည်းပြိုင်ပွဲတွင် ရှုံးလာသော ကိုဝကြီးနှင့် ချစ်ကြီးတို့ အရက်မူး ပြန်လာကြခြင်းဖြစ်သည်။ ကိုဝကြီးက ထွတ်လုလု ဖြစ်နေသော ပုဆိုးကို ဖြစ်သလို ပြင်ဝတ်ရင်းက–

"အလှည့်ဆိုတာ တစ်နေ့ကြုံမှာပါ ချစ်ကြီးရာ ... သွားပြီဟေ့"

ကိုဝကြီး ယိုင်တိယိုင် ထိုးလှမ်းလာရင်း သူ့အိမ်ရှေ့ ရောက်လာသည်။

"ဟေ့ ... မိတင် မိတင် ဘယ်သွားကုန်ကြသလဲဟေ ... ဟေ့"

"ဟော ... အဖေပြန်လာပြီ ... ကျုပ်တော့ တောင်ပိုင်းက ဘကြီးသိန်းတို့အိမ်သွားတော့မယ်"

ဖိုးမောင်က အေးအေး နေတတ်သူပီပီ ရှောင်ထွက်သွားသည်။ အိမ်ရှေ့တွပ်ပျစ်ပေါ်တွင် ဆန်ရွေးနေသော ဒေါ်အေးတင်က အိမ်ခြေရင်းဘက်တွင် နွားစာစဉ်းနေသော သားကြီး ဖိုးထောင်ကို လေသံအုပ်အုပ်ဖြင့် သတိပေးလိုက်သည်။

"သားကြီး မင်းတို့ အဖေ ဘာပြောပြော ပြန်မပြောနဲ့နော်၊ ပြန်ပြောရင် သားပဲအပြစ်ရမှာ"

"ဟေ့ မိတင် နင်တို့ သား



www.burmeseclassic.com

www.burmeseclassic.com



အမိတွေ ငါ့အကြောင်း ပြောနေကြတယ်ပေါ့"

"ကိုဝကြီး အကြောင်း ကျုပ်တို့ ဘာမှမပြောပါဘူးတော်"

"အောင်မာ ... နင့်လေသံက တယ်မာပါလား ဒီမိန်းမ တယ် .. ငါရိုက်မိတော့မယ်"

ဦးဝကြီးက ဒေါ်အေးတင်ကိုရိုက်ရန် လက်ဝါးတရွယ်ရွယ်ဖြစ်နေသည်။

"အမေ့မှာ ဘာအပြစ်ရှိလို့လဲ။ အမေ့နားကပ်ကိုရှောင်းပြီး နွားပွဲမှာ လောင်းတဲ့ အဖေ့မှာသာအပြစ်ရှိတာ"

"ဟေ့ကောင် ဖိုးထောင် မင်းက ငါ့သားပါကွ။ ငါ့ကိုပြန်ပြောစရာမလိုဘူး"

ဒေါ်အေးတင် နွားစာစဉ်းနေသော ဖိုးထောင်ဆီ အမြန် ပြေးလာ၍ လက်မောင်းကိုလှုပ်ကိုင်ရင်း-

"သားရယ် အမေ တောင်းပန်ပါတယ်ကွယ် တခြားကို ရှောင်နေပါ သားရယ်"

"ဟေ့ကောင် မင်းက စားကြီးတကိုင်ကိုင်နဲ့ ငါ့ကိုခုတ်ချင်လို့လား လာကွာ ခုတ်လှည့်"

ဒေါ်အေးတင် ဦးဝကြီး ဆီသို့ အတင်းပြေးလာပြီး တောင်းပန်ရပြန်သည်။

"ကိုဝကြီးရယ် သားကို ငရဲတွေ မပေးပါနဲ့တော့ ကျုပ် တောင်းပန်ပါတယ်တော်"

"ဒီမှာ မိတင် ငါက ငရဲ ပေးတာမဟုတ်ဘူး။ ဒီကောင်က အဖိစိခုန်ချနေတဲ့ အကောင်"

"ကျုပ်က ခုန်မချဘူး၊ အဖေက အတင်းတွန်းချနေတာ"

"သား .. သား မိဘကိုပြန်မပြောရဘူး။ သားမှာအပြစ်ရလိမ့်မယ်။ အမေ့ကို သနားရင် တခြားမှာရှောင်နေပါ သားရယ်"

☆☆☆☆☆

(၄)

ရှောင်ထွဲ၍ ဓရမှန်းသိ၍ ဖိုးထောင်နှင့် ဖိုးမောင် ညီအစ်ကိုနှစ်ယောက် ရွာဦးဘုန်းတော်ကြီးကျောင်းသို့ ရင်တထိတ်ထိတ်ဖြင့် ထလာခဲ့ကြသည်။ ကျောင်းပေါ်ရောက်တော့ ဘုရားကို ဦးချဝတ်ပြုကြသည်။ ထို့နောက် ဆရာတော်ဦးတုမာရအား ဦးချ၍ သင့်လျော်သောနေရာတွင် ခစားကျိုးကျိုး လေး ထိုင်နေလိုက်ကြ သည်။

"ဖိုးထောင်နဲ့ ဖိုးမောင် ရောက်ပြီလားဟေ့"

ဆရာတော်က ကွမ်းညှပ်ဖြင့် ကွမ်းသီးစိတ်များညှပ်ရင်း မေးလိုက်သည်။

"ရောက်ပါပြီဘုရား"

နှစ်ယောက်သား သံပြိုင် ဖြေလိုက်ကြသည်။ ဆရာတော်က သူတို့နှစ်ယောက်ကို ကြည့်၍-

"ဟိုတစ်နေ့က မင်းတို့အဖေ ကိုဝကြီးနဲ့ ရန်ဖြစ်ကြတယ်ဆို ငါ့ကို မှန်မှန်ပြောကြစမ်း"

ဖိုးထောင်နှင့် ဖိုးမောင် တစ်ယောက်မျက်နှာ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ကြသည်။ ဆရာတော်က သူတို့နှစ်ယောက်ကို အကဲခတ်သလို ကြည့်လိုက်သည်။

"မင်းတို့ ငါ့ကိုညာဖို့တော့ ကြံကြနဲ့"

ဖိုးထောင်နှင့် ဖိုးမောင် အပါ အဝင် အင်ခုံရွာမှ ဆရာတော်ကျောင်း ွင် စာသင်ဖူးသော ကျောင်းသား ိုင်း ဆရာတော်ကို ချစ်ကြောက်ရိုသေ သေးစားကြသည်။ ဆရာတော်က ည့် ကျောင်းသားများကို မေတ္တာရှေ့ ား၍ စာပေများသင် ကားပေးသလို ည်းတမ်းနှင့်အညီ အုပ်ချုပ်သည်။ ဖြစ်ရှိသူ ကျောင်းသား၊ ကိုရင်များကို ည်း ထိရောက်စွာဆုံးမတတ်သည်။ ယ်ထိုင်ပြန် အိုးအိမ်ထောင်ကြသည့် ရွယ်ရောက်သော်လည်း ဆရာတော် ၏ ဆုံးမဩဝါဒကို နာခံကြသည်။

"ဟဲ့ ဖိုးထောင်နဲ့ဖိုးမောင် တော ဘာလို့ပြန်မဖြေကြတာလဲ"

"မှန်လှပါဘုရား အဲဒီနေ့ အဖေရယ် အမေ့နားကပ်ကိုယူပြီး ိုင်ပွဲမှာ လောင်းလာပြီး အမေ့ကို ရန်ရှာတာနဲ့ အဖေ့ကို ပြန်ပြောမိတာပါ ဘုရား"

"တယ် ... မိုက်တဲ့ ကောင်တွေ အနန္တဂိုဏ်းဝင်မိဘကို ပြစ်မှားရင် ဒီဘဝမှာရော သံသရာမှာပါ ဘယ်လောက် အပြစ်ကြီးတယ်ဆိုတာ မင်းတို့ မသိကြဘူးလား"

"သိ ... သိပါတယ် ဘုရား"

"သိရက်သားနဲ့ မိဘကို ဘာလို့ပြန်ပြောရတာလဲ"

"တို ... အမေ့ကို ညှဉ်းဆဲလို့ အဲဒါ"

"မင်းတို့ ဘာမှ ဆင်ခြေမပေးကြနဲ့။ မပြစ်မှားထိုက်တဲ့ ခင်ပွန်းကြီး(၁၀)ပါးထဲမှာ မိဘနှစ်ပါးလဲပါတယ်တွယ်။ အဖေကို သတ်လို့ အဇာတသတ် အဝီစိငရဲကျတာ စာပေတွေထဲမှာ သင်ခဲ့တာ မေ့နေပြီလား"

"မ .. မမေ့ပါဘူး ဘုရား အဝီစိငရဲကိုလဲ ကြောက်တယ်ဘုရား"

"ကြောက်ရင် မိဘကို ပြန်မပြောနဲ့ မပြစ်မှားကြနဲ့"

☆☆☆☆☆

(၅)

"ကိုဝကြီး ခင်ဗျား အရမ်းမူးနေပြီ ကျုပ်တွဲပို့ရမလား"

"ရတယ် ပေတိုး ဒီတစ်ခွက်ထပ်ချလိုက်ဦးမယ်"

ရွာမြောက်ပိုင်း ပေတိုး၏ စပါးတလင်းသိမ်း (ဒေသအခေါ် အကူအားချ)တွင် စပါးတလင်းရှင် ပေတိုးက တြက်သားကာလသားချက်နှင့် အရက်တိုက်သောကြောင့် ရွာမလေ့ထုံးစံအရ ဝိုင်းကူကြသူအားလုံး ရေချိန်ကိုက်နေကြသည်။ ကိုဝကြီး ပေတိုးငှဲ့ပေးသော အရက်ခွက်ကို ယူ၍ အမြန် သောက်ချလိုက်သည်။ ထို့နောက် သူ့အိမ်သို့ ဒယီးဒယိုင်ပြန်လာသည်။ အိမ်ရှေ့ရောက်တော့ နွားချည်တိုင်ကို အားပြုထားရင်း-

"ဟေ့ ... မိတင် ... မိတင် ငါခေါ်တာမကြားဘူးလား ... ဟေ ."

"ကြားပါတယ်တော် ထမင်းအိုး တည်နေလို့ပါ လာပါပြီ"

ဒေါ်အေးတင် ဖျာဖျာသလဲ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ထွက်လာသည်။

“ဟို … ကောင်တွေ ဘယ်သွားကြသလဲ”

“ဖိုးမောင်က နွားကျောင်း၊ ဖိုးထောင်က အိမ်နောက်ဘက်မှာ ထင်း

“ငါတို့ အရက်သွားဝယ် ပေးစမ်း မိတင်”

“ကိုဝကြီး တော် ဒီလောက် မူးနေတာတောင် ထပ်သောက်ဦးမလို့လား”



“တယ် … ဒီမိန်းမ လျှာမရှည်နဲ့ အသားနာချင်လို့လား”

ထိုခဏ၌ သူကြီးဦးဘညို သူတို့အိမ်ရှေ့ရောက်လာသည်။

“ဟော့ … ဝကြီး ရွာထဲ မှာ ဆူညံဆူညံနဲ့ ရန်ဖြစ်နေကြပြန်ပြီလား ဒီကောင် ထိပ်တုံးနဲ့ တွေ့တော့မယ်”

“သူကြီး … ခင်ဗျား အဲဒီလိုတော့ မတရားမပြောနဲ့ ဟိုတစ်နေ့က ခင်ဗျားသားနဲ့၊ ခင်ဗျားတူ ငမျော့တို့ ရွာပတ်ပြီး ဆဲတာကျတော့ သူကြီး ထိပ်တုံး ပျောက်နေလို့လား”

ကိုဝကြီး၏ ချက်ကျလ စကားကြောင့် သူကြီးဦးဘညို သံပရ သီးစားသလို မျက်နှာကြီး ရှုံ့မဲ့သွ သည်။

“ကိုဝကြီး .. တော် သူကြ ကို ဘာပြုလို့ပြန်ပြောရတာလဲ။ ကျ တောင်းဝန်ပါတယ်တော်”

ဒေါ်အေးတင်က ခေါ် ပေါင်းတဘက်ဖြင့် ဦးဝကြီးပါးစပ် ပိတ်သည်။ ဦးဝကြီးက သူ့ ပါး ထိုပိတ်ထားသော ဒေါ်အေးတင်



www.burmeseclassic.com

www.burmeseclassic.com



ထို ဖယ်ချ ဆောင့်တွန်းပစ်လိုက်ရာ မြေပြင်ပေါ်ပက်လက်လန် လဲကျသွားသည်။ ဦးဝကြီးက လူစိတ်ကင်းမဲ့နေသည့်အလား ခြေထောက်တစ်ဖက်ဖြင့် ဒေါ်အေးတင်၏ လည်ပင်းကို နင်းထားသည်။ ထိုမြင်ကွင်းကို မြင်လိုက်ရသော ဖိုးထောင် ရင်ထဲ ဒေါသသွေးတွေ လှိုက်တက်လာသည်။

"အဖေ အမေ့ကို မလုပ်နဲ့ အမေ့ကို လွှတ် ကိုင်း ကွာ"

"ခွပ်"

"အား"

☆☆☆☆☆

(၆)

ဦးဝကြီး ဒေါ်အေးတင် မိသားစု၏ ဘဝကံကြမ္မာအလှည့် အပြောင်းက လျှပ်တစ်ပြက်အတွင်း မြန်ဆန်လွန်းလှသည်။ ဦးဝကြီးမှာ သားဖြစ်သူ ဖိုးထောင်၏ ပေါက်ဆိန်ချက်ကြောင့် အုတ်ဆက်ပြုတ်၍ နေရာတွင်ပွဲချင်းပြီး သေဆုံးသွားသည်။ ဖိုးထောင်မှာလည်း လူသတ်မှုဖြင့် ထောင်ထဲ ရောက်ခဲ့ရသည်။

"ဖိုးထောင်ထတော့ အဖာတသတ်လိုပဲ နှောင်ဘဝမှာ အဝီစိကျမယ့် အကောင်"

"ဟုတ်ပါ့တော် သူမို့ ကိုယ့်အဖေကို ရက်ရက်စက်စက် သတ်ရက်တယ်"

"ကျုပ်ဖြင့် တွေးတောင် မတွေးရဲပါဘူးဗျာ"

ရပ်ရွာ သဘာဝအတိုင်း ထင်ရာမြင်ရာ ပြောဆိုကြသော်လည်း လက်တွေ့ခံစားရသူ ဒေါ်အေးတင်မှာတော့ တစ်ပူပေါ်နှစ်ပူဆင့်ဆိုသလို စိတ်သောကဖိစီးမှုကြောင့် အိပ်ရာထဲ ဘုန်းဘုန်းလဲကာ တစ်လအကြာတွင် ကွယ်လွန်သွားရှာသည်။ ဖိုးမောင်တစ်ယောက်လည်း တစ်ကောင်ကြွက်ဝမာ ယောင်လည်လည်ကျန်ခဲ့သည်။

သတ္တရာဇ် ရထားကြီးက တစ်နှစ်ပြီးတစ်နှစ် ဖြတ်ကျော်လာသကဲ့သို့ ဆယ်နှစ်ဟူသော အချိန်တာလသည် ဘာမှမကြာလိုက်သလို ဖိုးမောင် တစ်ယောက်တည်း မျက်စိသူငယ် နားသူငယ် နေလာခဲ့ရာက အစ်ကိုဖြစ်သူ ဖိုးထောင် ထောင်မှထွက်လာတော့ ပျော်လိုက်သည်ဖြစ်ခြင်း၊ ညီအစ်ကိုနှစ်ယောက် ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးဖြင့် လုပ်ကိုင် စားသောက်လာကြရင်း တစ်နှစ်အကြာ ဖိုးထောင်တစ်ရွာသူနှင့် အိမ်ထောင်ပြုသည်။ သူစိမ်းဖက်လာတော့ ညီအစ်ကိုချင်း တဖြည်းဖြည်း စိတ်ဝမ်းကွဲလာသည်။ တစ်နေ့ ဖိုးထောင် အရက်မူးလာပြီး ဇနီးဖြစ်သူ၏စကားကို ယုံ၍ ဖိုးမောင်ကို လှံဖြင့်အတင်း လိုက်ထိုးသည်။

"အစ်ကို မှားမယ်နော် ... အစ်ကို့မိန်းမပိုက်ဆံကို ကျုပ် မယူဘူး အစ်ကိုလွန်မယ်"

ဖိုးမောင်က လွှတ် အောင်ပြေးရင်းက ရှင်းပြသော်လည်း ဖိုးထောင်က မူးနေသူပီပီ စိတ်အဟုန်မြင့်တက်ကာ ဖိုးမောင်ကို လှံဖြင့်တအားထိုးလိုက်သည်။ ဖိုးမောင် အလန့်တကြား ဘေးသို့တိမ်းရှောင်လိုက်ရာ လှံသွားက ဖိုးမောင်ဘေးနားမှ သရက်ပင်ကိုစိုက်ဝင်၍ လှံရိုးမှာ တုန်ခါနေ



www.burmeseclassic.com

www.burmeseclassic.com





သည်။ ဖိုးထောင်ဒေါသစိတ် ဝိုမိုပြင်း ထန်လာပြီး စလွယ်သိုင်းလွယ်ထား သော ထပ်ထပ်ချည်လွယ်အိတ်ထဲမှ ဓားမြှောင်ကိုထုတ်၍ ဖိုးမောင်ကိုထိုးရန် လိုက်ပြန်သည်။

"ဟေ့ ဖိုးထောင်မလုပ်နဲ့၊ မှားကုန်တော့မယ် ဟေ့ ထောင် ဖိုး ထောင်"

ဆွေရိပ်မျိုးရိပ် မတင်းသော ဦးသာရင်က နွားစာစဥ်းရင်းက ဖိုး ထောင်ကို တန့်တား ပြောဆိုသော် လည်း ဖိုးထောင်က သွေးဆူနေသော ကျားဆိုးတစ်ကောင်ပမာ ဘာကိုမျှ ဂရုမစိုက်ပေ။ ရွာလယ်လမ်းအရောက် ရှေ့မှပြေးနေသော ဖိုးမောင်က လမ်း ဘေးမှ ဝါးကျစ်တုတ်ကို အမြန် ကောက်၍ နောက်မှလိုက်လာသော ဖိုး ထောင်၏ ဦးခေါင်းအား ရိုက်ချလိုက်ရာ ဖိုးထောင်အရုပ် ကြိုးပျက် လဲကျသွား သည်။

ဖိုးမောင် တုတ်နဲ့ရိုက်လို့ ဖိုး ထောင် သေပြီဟူသော သတင်းက အင်ခုံတစ်ရွာလုံး ပြန့်နှံ့သွားသည်။

"ဒီကောင် ဖိုးထောင်က သေချင်လို့ကြမ္မာငင်နေတာကွ ဖိုးမောင် က အသောက်အစားကင်းပြီး အေး အေးဆေးဆေးနေတဲ့ကောင်ကွ"

"ဒါပေါ့ကွာ ဝဋ်ဆိုတာ လည်တတ်တယ်။ သူ့အဖေ ဦးဝကြီး ကို သတ်တဲ့ ဝဋ်ကြွေးက ဒီဘဝမှာပဲ ချက်ချင်းပေးဆပ်လိုက်ရတာကွ"

"ဟုတ်ပါ့ကွာ ဟုတ်ပ့ါ အဲဒီ မိဘကိုပြစ်မှားတဲ့ ကံကြီးထိုက်တာ ပေါ့ကွာ"

တစ်ရွာလုံးက အမျိုးမျိုး ပြောဆို ဝေဖန်ကြသည်။ မည်သို့ ဝင် ဖြစ်စေ ဖိုးထောင်တို့ ညီအစ်ကို နှစ် ယောက်၏ ဖြစ်ရပ်များကို တမလွန်က ဒေါ်အေးတင် သိနိုင်မြင်နိုင်ခဲ့ပါလျှင် ...

**မောင်မောင်ညွန့်(သရက်)**

www.burmeseclassic.com



# ငယ်ငယ်ကရန်ကြွင်းရန်စ

မျိုးသစ်



www.burmeseclassic.com

www.burmeseclassic.com



## "ငယ်ငယ်က ရန်ကြွင်းရန်စ"

**ချိုးသစ်**

(၁)

တချို့ ငယ်နုစဉ်က ဖြစ်ခဲ့သော ရန်ကြွင်းရန်စတို့မှာ ကြီးသည်အထိ တငွေ့ငွေ့ဖြင့် လောင်ကျွမ်းနေဆဲ။ အငြိုးအတေးကြီးသူ တို့အတွက် ဖျောက်ဖျက်ရန် မလွယ်။ တနုံ့နုံ့ခံစားနေရသည်။ ခံစားချက်များနှင့် အခါသင့် အခွင့်သာချိန်တွင် လှလှပပ လက်စားချေကြတော့မည်မှာ မလွဲသေချာ။ဒါကိုပင် မှန်ကန်ခြင်းတစ်ရပ်ဟု ယူဆခဲ့လေသလား မသိပြီ။

သို့သော် သားစဉ်မြေး ဆက်တိုင်အောင် ကာလရှည်ကြာစွာ ဖွဲ့နှောင်ခဲ့သော ရန်ငြိုးတို့မှာ အပြစ်မဲ့သူများကိုပင် (ကျောင်းတော်ကရန်စ) အဖြစ် ထည့်သွင်းသတ်မှတ်ခဲ့ရာ ရင်နှင့်ဖွယ် ဇာတ်လမ်းများ မွေးဖွားစေခဲ့သည်။

(ရန်)ဟူသမျှသည် ပူလောင်ခြင်းဖြင်းသော ဒေါသတရားမှ ပေါက်ဖွားလာခဲ့သောကြောင့် လောင်မြိုက်မှုတို့ဖြင့် ကြေကွဲ ဝမ်းနည်းကြရ၏။ ထို့ကြောင့်ပင် မဃာဒေဝလင်္ကာတွင် (ဖျက်ဖျက်ဆီးဆီးလောင်သည့် မီးသို့ နီးစပ်ရာရာ ဝရိဝါနှင့် ဉာတကာမျိုးဆွေ၊ ပျက်စီးစေ၏၊ ရေနိမ့်ရာစီး၊ မီးမြင့်ရာလောင်ဆိုသောထောင်သို့၊ မရှောင်စိတ်က မျက်ဒေါသနှင့် မာနလွန်စွာ မထစ်ရာဘူး)ဟု ဆုံးမခဲ့ခြင်းဖြစ်သည်။

(ဒေါသောအတ္တံနဇာနာတိ) ဒေါသတွင် အကြောင်းအထျိုး၊ အကောင်းအဆိုး၊ ဘာမျှ မတွေးတော။မသိနိုင်တော့ဟူ၍ ဗုဒ္ဓမြတ်စွာဟောကြားခဲ့၏။ ရန်ငြိုးရန်စဖြင့် လွှမ်းခြုံထားသော ဒေါသသည်ပို၍ အမြင်တရား မရှိခြင်းတိုမူ...

*****

(၂)

"ကဲ လာစမ်းပါကွာ၊ မင်းကလဲ လူငယ်ဖြစ်ပြီး နှေးကွေးလိုက်တာ"

ကျေးရွာ ဥက္ကဋ္ဌ ဦးနေထွန်း စိတ်မရှည်ချင်တော့။ သူနှင့်အတူပါလာသူ ရာအိမ်မှူး ကိုကျော်ခန့် ခြေလှမ်းများက လှုပ်စိ၊ မလှမ်းချင်သလို၊ လှမ်းချင်သလို။ ခရီးမတွင်သဖြင့် စိတ်တိုနေသည်။ ငွေးချို၊ သဖန်းတော စသည့် ရွာများထိ သွားရန် ခရီးကရှိသေး၏။ အနည်းဆုံး သုံးမိုင်သာသာ။ သည်လိုဖင်နှေးနေပုံဖြင့် နေမြင့်ဗိုကများသည်။ ထမင်းစားရန်ဝင်အခတ်။ ခုမှ ရွာအထွက်ဝင် မကျော်တတ်သေး။

"လာနေပါတယ် ဦးလေးရဲ့၊ ဦးလေး အရပ်အမောင်း မားမားကြီးနဲ့ ခြေလှမ်းကျယ်ကို မနည်းလိုက်နေရတာ။ လူလဲ ပောဟဲလိုက်လို့"

မှန်တော့လည်း မှန်သည်။ ဦးနေထွန်း အရပ်က ခြောက်ပေနီးနီး ကျန်းမာသန်စွမ်း ထွားကျိုင်းပြီး ကို ကျော်ခန့် အရပ်ငါးပေပင် ပြည့်မည်မ ထင်။ လူပုံကလည်း သေးသေးညှက်ညှက်၊ ဗလံလေး။ လိုက်ဖက်မညီသ နှစ်ဦးအတွက် တကယ့် ပြဿနာ။ ဒီ တော့လည်း ဦးနေထွန်း ပြုံးပြီးရပ်စော နေ၏။ သနားသွားပုံလည်းရသည်။

အစိမ်းရင့် အစိမ်းနုများ ရောယှက်ထားသော-

တစ်ဖက် တစ်ချက်တွင်ရှိနေ သည့် ပြောင်းတောအတွင်းမှ လမ်း တာတန်းကိုပင် ရောက်ရန် လျှော လှမ်းရပေဦးမည်။ ကိုင်းတစ်ကွင်းထ သဲနှင့်မြေသားမှာ ခြေနုတ်လေးသည်

"ဝုတ် ဝုတ်"

ခွေးတစ်ကောင်၏ ဟော သံ၊ လူနေရပ်ရွာနှင့် မနီးသည့်နေရာ ခွေးဟောင်သံမှာအထူးအဆန်း။ (ဘ ထခွေး တိုင်းထဲရောက်နေပါလိမ့်)

"ဝုတ် ဝုတ်"

နီညိုရောင် ခွေးပုလေး တ ကောင်။ အမြီးစုတ်ဖွားဖွားနှင့် လည် တလေးတစ်ခုက လည်ပင်းတွင်ရှိနေ ချစ်စရာလေးမို့ ဦးနေထွန်းနှင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ခန့် ငေးကြည့်မိသည်။ ခွေးလေးမှာ လမ်းရှိရာသို့ ထွက်ပေါက်လိုက် ပြောင်းခင်းအတွင်း ပြေးဝင်လိုက်။ အလုပ်ရှုပ်နေပုံရသည်။ လူသားဆို ဗျာများနေသူ တစ်ယောက် ဟန်ဝန်မျိုး။

"ဒီခွေး ပေါက်လိုက်၊ ပြေးလိုက် ဘာဖြစ်နေတာလဲ မသိဘူး"

"ဟုတ်တယ် ဦးလေးရဲ့ ခွေး က အလေအလွင့်မဟုတ်ဘဲ အလှမွေးတဲ့ အိမ်ခွေးဆိုတော့ ဆန်းတယ်နော်"

"ဝုတ် ဝုတ်"

"ဟော ထွက်ပေါက်ပြီး ဝင်ပြေးပြန်ပြီ တွေ့လား ဦးလေး"

"တို့တို ပြောင်းခင်းထဲ ဝင်စေချင်တာနဲ့တူတယ်။ သွားပုံကြည့်လေ"

သို့ဖြင့် ဦးနေထွန်းနှင့် ကိုထော်ခန့်တို့ ခွေးလေး နောက်လိုက်သွားခဲ့ကြသည်။ ခွေးလေးက မြေမို့မို့လေး အနီး ယက်လက်စကျင်းကို ဆက်ယက်နေပြန်၏။ ခွေးငယ်ယက် ထုတ်မှုကြောင့် တစ်စုံတစ်ခုက ထွက်လာသဖြင့် ကြည့်နေသူများ လန့်သွား၏။

"ဟာ လူသေ လက်ကြီးပါလား"

*****

(၃)

(ဆွမ်းခံရင်း ငှက်သင့်) ဦးနေထွန်းတို့ အလုပ်များသွားရခြင်းပါ။ အပြေးအလွှား ရဲစခန်းသို့ အကြောင်းကြား၍ ခေါ်ရသည်။ ရွာမှလူများလည်း လိုက်လာကြ၏။ အလောင်းမပေါ်မီ အနေအထား၊ ဖော်ပြီးသည့် အခြေအနေအားလုံးကို ရဲတပ်ဖွဲ့ဝင်များက ဓာတ်ပုံရိုက်ယူနေကြသည်။ အကွက်စေ့အောင့် စေ့ ရိုက်နေခြင်းပင်။

အသက်နှစ်ဆယ်ဝန်းကျင် ခေတ်ဆန်စွာ ဝတ်စားထားသော အမျိုးသမီး တစ်ဦး၏ ရုပ်အလောင်း၊ စောင်းလျက် အနေအထားဖြင့် တွင်းထဲတွင် လဲလျောင်းနေရှာ၏။ သူမ၏ အသက်မဲ့နေသော ကိုယ်လုံးအောက် တစ်နေရာ၌ ခရီးဆောင်အိတ်တစ်လုံး အလောင်းကို မတင်လိုက်ကြသည်။

ရဲစခန်းမှူး ကိုယ်တိုင် လိုက်လာသဖြင့် စခန်းမှူးနှင့် ဒုရဲအုပ် တစ်ဦးတို့က အလောင်းကို စစ်ဆေးနေစဉ် ကျန်လူများက ရဲလုပ်ငန်းများကုန်စင်အောင် ဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းနေကြ၏။ အမျိုးသမီးငယ်၏ ခန္ဓာကိုယ်ပေါ်တွင်ရှိ ဒဏ်ရာ၊ ဒဏ်ချက်များကို စစ်ဆေးပြီး မနီးမဝေး၌ တွေ့ရသော ဝါးရင်းပိုင်း တုတ်တစ်ချောင်းကို အဝတ်စအုပ်မကိုင်လိုက်၏။ လက်ရာများ မပျက်စေလိုပါ။ ထို ဝါးတုတ်ချောင်းပေါ်တွင် မသတ်ဖွယ် သွေးစသွေးနများ တွေ့သဖြင့် ရပ်တျေး အသိသက်သေများနှင့် တရားဝင် သိမ်းဆည်းလိုက်သည့် အနေအထား။

ထို့အတူ အမျိုးသမီး ငယ်၏ ခရီးဆောင်အိတ်ကို သိမ်းဆည်းကာ သက်သေများ ရှေ့မှောက်တွင် ဖွင့်လှစ်စစ်ဆေးခဲ့သည်။ အိတ်ထဲတွင် အမျိုးသမီးဝတ်စုံသုံးစုံ၊ ဝလက်စတစ်အိတ်ဖြင့် သီးသန့်ထည့်ထားသည့် မှတ်ပုံတင်ကတ်တစ်ခု၊ ငွေသားငါးထောင်ကျော်စာ တစ်စောင်ကိုတွေ့နေရ၏။





www.burmeseclassic.com

www.burmeseclassic.com



စာမှာ လွှန်ခဲ့သည်နေ့ ညပိုင်း လာခိုးမည်ဆိုသော အချိန်းအချက် လုပ်သည့်စာပင်။ အမျိုးသမီးတလေးမှာ ခိုးရာလိုက်ရာမှ အသတ်ခံလိုက်ရပုံ ရှိသည်။

"ဥက္ကဋ္ဌတို့ ဒီအမျိုးသမီးကို သိလား။ ဒီရွာကတော့ မဟုတ်ဘူး ထင်တယ်"

ဥက္ကဋ္ဌ ဦးနေထွန်းအနေ ဖြင့် ဇဝေဇဝါဖြစ်နေသော်လည်း ကောင်စီဝင်တစ်ဦးက သွက်သွက်လက်လက် ဖြေလိုက်ရာ နှံ့နှံ့စပ်စပ်ရှိသူ ဖြစ်ဟန်တူသည်။

"သစ်ဆိမ့်က ဦးတင်အေး သမီးလေးပါ။ နာမည်တော့ မသိပါဘူး"

ရွာခွဲ မသိ၍သာ မေးနေ ရလင့်ကစား စခန်းမှူး လက်ထဲတွင်ရှိသည့်မှတ်ပုံတင်ကတ်ထဲ၌ တိုက်နယ်နှင့် ဖခင်နာမည် အမျိုးသမီးငယ်၏ နာမည်မှာ ပါပြီးသား။

မစန်းစန်းလှိုင် ဖခင် ဦးတင်အေး၊ အသက်ကို ခုနစ်အရတွက်မည်ဆို နှစ်ဆယ့်တစ်နှစ်။ငယ်ငယ်ရွယ်ရွယ် ကြွေလွင့် ရရှာပကော။ ခေါင်းနှင့်ကိုယ်လုံးပေါ်တွင် အရိုက်ခံထားရသော ဒဏ်ရာ ဒဏ်ချက်တို့ဝင် မနည်းလှ။မစန်းစန်းလှိုင်၏ အလောင်းကို ရဲမှတ်တမ်းနှင့် အတူ ဆေးရုံပို့၍ ဆေးစစ်ချက်ခံယူ ရပေဦးမည်။ ရွာမှာ ဥက္ကဋ္ဌကြီးတို့ အဖွဲ့ နှင့် အလောင်းကို ဆေးရုံပို့ရန် စီစဉ်ရဖြန်သည်။ ပြီးမှ နေ့တွင်း ချင်း(သစ်ဆိမ့်)သို့ ခရီးဆက်ရမည်။ မစန်းစန်းလှိုင် မိခင်၊ ဖခင်တို့က သစ်ဆိမ့်တွင်ရှိနေသည် မဟုတ်ပါလား။ သစ်ဆိမ့်ရှိ ကောင်စီဝင်များကို မှာလိုက်သည်။

*****

(၄)

စခန်းမှူးတို့ ရောက်ချိန်တွင် ငိုပွဲကြီးနှင့် တိုးနေခဲ့သည်ပင်။

တစ်ဦး တစ်ယောက်က သတင်းပေးလိုက်သဖြင့် သိသွားပုံရ၏။ တာပေါ်လမ်းမှ လမ်းရိုးအတိုင်း ဆင်းလာသူများထက် ဖြတ်လမ်းမှ ခြေလျင် (သို့ မဟုတ်) စက်ဘီးနှင့်လာသူများမှာ အမြန်ရောက်နိုင်သည်။ သေသူမိဘားစုများမှာ ရှိနေသော်လည်း အချို့က ဆေးရုံ လိုက်သွားကြသည်။

စခန်းမှူးနှင့် ရဲတပ်ဖွဲ့ ဝင်နှစ်ယောက် ရှေ့တုလားထိုင်မှာ ဝင်ထိုင်လိုက်ချိန်တွင် အိမ်ထဲတွင် အုံးထနေသော ငိုယိုပွဲ။ ကြိုတင်ရောက်ပါမည်ဆိုသော်လည်း ကောင်စီဝင်များမှာ အနည်းငယ် နောက်ကျနေသဖြင့် လာရောက် သတင်းမေးမြန်းနေသူများက စခန်းမှူးကြီးတို့ကို ညှော်ခံနေကြရသည်။ မစန်းစန်းလှိုင် ဖခင် ဦးတင်အေးက မြို့ဆေးရုံလိုက်သွားသဖြင့် မိခင်ဖြစ်သူ ဒေါ်သင်းလှိုင်သာ ကျန် ခဲ့၏။ သို့ဖြင့် ဒေါ်သင်းလှိုင်မှာ သမီးအတွက် အငိုမီးတောက်နေရာမှ အားတင်းထလာရရှာသည်။

စခန်းမှူးက စကား စလိုက်ပါသည်။

"စိတ်မကောင်းပါဘူးဗျာ ဆက်ပြီး လုပ်ရမယ့် ကိစ္စတွေ ရှိနေ လာစုံစမ်းရတာပါ၊ အဒေါ်က မစန်းစန်းလှိုင် မိခင်ပေါ့နော်"

"မှန်ပါတယ်ရှင်"

"သမီး မနေ့ညက ခိုး လိုက်သွားတာ ဘယ်အချိန်သိပါသလဲ"

"မိုးလင်းမှ သိပါတယ် ဘူးထဲမှာ သူဝတ်တဲ့ ဆွဲကြိုး၊ လ ကောက်၊ လက်စွပ်တွေထားခဲ့ပြီး စ ရေးထားခဲ့ပါတယ်"

"သူ့ကိုယ်မှာ နားကပ် လေးပဲတွေ့ပါတယ်။ တခြားမမြင်မိဘူး"

"ဟုတ်ပါတယ်၊ အား ထားပစ်ခဲ့တာပါ"

"ရေးထားတယ်ဆိုတဲ့ လေး တဆိတ်ကြည့်ပါရစေ"

ဒေါ်သင်းလှိုင် အပေါ် အ အိတ်တွင်း အသင့် ထည့်ထားသည် လေးကို ထုတ်ပေးလိုက်ပါသည်။ တို ခိုးရာ လိုက်သွားကြောင်း စာ



www.burmeseclassic.com

www.burmeseclassic.com



အသိပေးထားသည့် စာတစ်စောင်သာ။ ဘာမျှထွေထွေထူးထူးမပါ။ သို့သော် ကို ခင်း အဖေ ဦးသိန်းဆောင်ဆိုတာသိရင် သဘောတူမှာ မဟုတ်ဘူး။ ချက်ချင်း အဖေ့ကို အသိမပေးပါနဲ့၊ ကျွန်မတို့ အ ချစ်ကို မခွဲစေလိုပါ။ ဆိုသည့် စာပိုဒ်က ခန်းမှူးရဲအုပ် ခင်မောင်အေးကို စိတ် ဝင်စားစေသည်။

"ဒါဖြင့် မစန်းစန်းလှိုင် စာ ကို ဦးတင်အေး မသိသေးဘူးပေါ့"

"ဟုတ်ကဲ့"

ဒေါ်သင်းလှိုင်၏ ဟုတ်ကဲ့ ဆို သော အသံမှာ တိုးညင်း၍ အပြစ်တစ်ခု ဆို ကျူးလွန်မိသဖြင့် ဝန်ခံရပုံမျိုး။ ဦး ခင်မောင်အေး ကောင်းကောင်း သတိ ထားမိသည်။ စိတ်နောက်ကျိနေသူကို ထွေထွေရာရာ မမေးလိုတော့ပါ။

"ကိုမင်းဆိုတာ ဘယ်ရွာက လဲ"

"ကိုသိန်းဆောင် သားဆို င် ငွေးချိုတပါ"

*****

(၅)

စခန်းမှူး ရဲအုပ် ခင်မောင် အေး စဉ်းစားနေမိသည်။ အသတ်ခံရ သွားနေသည်မှာ သစ်ဆိမ့်၊ ထားခိုးသူ ငွေးချို၊ အလောင်းတွေ့သည့်နေရာ ချင်ဦး တစ်ရွာနှင့် တစ်ရွာ အလှမ်း ဝေးသည့်နယ်။ ပြီးတော့ လိုချင်တပ် မက်စရာ ဝစ္စည်းဝစ္စယလည်းမပါ။ ရွာ တွေက ဖိုခနောက်ဆိုင်ဖြစ်သော်လည်း မနီးလှ၊ ငွေးချိုမှာ သစ်ဆိမ့်သွားသူအဖို့ ဖြတ်လမ်းမှာ ကျွန်းဦးနယ်စပ်ကို ဖြတ် ရမည်ပင်။ လမ်းဆက်ဖြတ်သည့်တိုင် လုယက်သူမရှိ။ တင်းရှင်းသည်။ ထို အမှုနှင့် ပတ်သက်၍ မေးရမည့်သူမှာ ကိုမင်း(ခ) ကိုမင်းညွှန့်အောင်။ သူကိုယ် တိုင် စာတစ်တန် ပေတစ်တန်ဖြင့် ခိုးခဲ့ သည့် မိန်းကလေးအသတ်ခံရခြင်းတွင် သူ့မှာတာဝန်မကင်း။ သူ့ကို ပြည့်စုံ တိကျစွာ မေးမြန်းပြီး သုံးသပ်ဆုံးဖြတ် ရပေမည်။ ခိုင်မာသော အထောက်အ ထားမရှိပါက သူ့ကိုပင်ယိုးစွပ်ရတော့ မည့်အဖြစ်။ ဥပဒေဆိုသည်ထင်ကြေး နှင့် ကောက်ချက်ချ၍မရ။ တိကျခိုင်မာ မှုရှိရပေမည်။ သေချာသော စုံစမ်း စစ် ဆေးမှုများဖြင့် တည်ဆောက်ရသည်။

အခင်း ဖြစ်ပွားသည့် နေရာ ဝန်းကျင်တွင် သဲလွန်စတူ၍ မည်မည် ရရ မကျန်။ ရိုက်ခဲ့သည့် တုတ်တစ် ချောင်း ဖြစ်ပုံရသော သွေးစများ ပေကျံ နေဆဲ ဝါးတုတ်တစ်ချောင်းသာ။ အ လောင်းအနီး ခြေရာလက်ရာ အထင် အရှားမတွေ့ရ။ အမျိုးသမီးငယ်ကို မတရားပြုကျင့် သတ်ဖြတ်ခြင်းလည်း မဟုတ်နိုင်။ အဝတ်အစားများကအစ သေသေသပ်သပ် ချို့ယွင်းမှု မမြင်။ ဆေးစာရလျှင် ပို၍တိကျ ခိုင်မာသော အဖြေရပေမည်။

တစ်ခုဆိုရန် ရှိသည်က သေ သူ့မျက်နှာပေါ်တွင် ကြောက်ရွံ့စိုးထိတ်မှု များမှာ အထင်းသား။ မသေမီ ကြောက် လန့်ခြင်းဝေဒနာ ပြင်းစွာခံစားလိုက်ရ သည့်ဟန်။ သွားခေါ်သူများနှင့်အတူ မောင်မင်းညွှန့်အောင် ပါလာသည်။ အ သက် နှစ်ဆယ်သာသာ။ မွန်ရည်သော ရုပ်ရည်နှင့် ယောကျ်ား ပီပီသသ ခန့် ထည်သည်။

"မောင်မင်းညွှန့်အောင်ကို ခေါ်လိုက်တဲ့ကိစ္စ သိရောပေါ့"

"ရဲကြပ်ကြီးပြောမှ သိရတာ ပါ။ ဝမ်းနည်း စိတ်မကောင်းဖြစ်ရပါ တယ်။ ကျွန်တော်ခေါ်ရာ လိုက်လာရင် ဒီလို ဖြစ်မှာမဟုတ်ဘူးဗျာ"

"ဘယ်လို မင်းနောက် ခိုးရာ လိုက်လာတာ မဟုတ်ဘူးလား"

"မှန်ပါတယ်။ လိုက်လာတာ ပါ။ လမ်းတစ်ဝက်ရောက်မှ စိတ်ဆိုးပြန် သွားတာ"

"နို့ မင်းက အဲဒီအချိန်မှာ ထိုယ်ခိုးလာတဲ့ လူစိတ်ဆိုးပြီး တစ် ယောက်တည်း ပြန်သွားတာ လက်ပိုက် ကြည့်နေတယ်ပေါ့ ဟုတ်လား"

"မဟုတ်ပါဘူး၊ အဲဒီ အချိန်

www.burmeseclassic.com



က ကျွန်တော် မရှိဘူး။ တစ်ယောက်နဲ့ ကျန်ခဲ့တယ်။ ကျွန်တော်က အိမ်ပြန် အဝတ်အစားတွေ ယူနေတုန်းပါ"

"ကျန်ခဲ့တဲ့ တစ်ယောက်က ဘယ်သူလဲ မင်းသူငယ်ချင်း အဖော်လား"

"မဟုတ်ပါဘူး အဖေ ပါ"

*****

(၆)

"ဟေ"

စခန်းမှူး အံ့အားသင့် သွားတော့ အဖေ့ကို လမ်းမှာတွေ့တယ်။ အဖေ့မျက်နှာ မကောင်းဘူး။ သားရယ် မင်းချစ်သူဟာ မိုက်ရိုင်းတယ်ကွာ၊ တို့ မင်းကို စောင့်နေတုန်း သူ့မိဘနဲ့ ဝတ်သက်လို့ စကားများတယ်။ မင်း သိတဲ့ အတိုင်း သူ့အမေက တစ်ချိန်က ငါ့ချစ်သူပါ။ ကြေးရတက်တစ်ဦးဖြစ်တဲ့ တင်အေးကနေ ဂုဏ်နဲ့မောင်ပိုင်စီးသွားတာလေ။ ငါခံစားခဲ့ရတဲ့ အကြောင်း ပြောမိလို့ သူက သူ့အဖေဘက်ကပါပြီး ကတ်ကတ်လန် ရန်တွေ့တယ်။ ငါ့ကို မခန့်

"ကျွန်းဦး အထွက် ပြောင်းခင်းထဲမှာပါ"

တကယ်တမ်း မင်းညွှန့်အောင်သည် သူ့ချစ်သူ အသတ်ခံရသည့် နေရာကိုပင် သိပုံမပေါ်။ ကွာဟခြားနားမှုတွေကိုတွေ့နေရ၏။ မောင်မင်းညွှန့်အောင်ကို ပြန်လွှတ်လိုက်ပြီး၊ ရဲတစ်ဖွဲ့ဝင်တစ်ယောက်အား မာဇီ (အရပ်ဝတ်) ဝတ်စေ၍ ငွေးချိုကောင်စီ ဥက္ကဋ္ဌ သို့ သီးသန့် စာတစ်စောင် အပို့လွှတ်လိုက်သည်။

**စခန်းမှူးကြီးရယ် ခွေးလေးက တကယ်လိမ္မာတာ၊ သူသာ ထွက်ပြီးမဟောင်ဘဲ လမ်းပြသလိုအဝင်အထွက် မလုပ်ရင် ကျွန်တော်နဲ့ကျော်ခန့် သိမှာမဟုတ်ဘူး။**

ရသည်။ သားမိန်းမခိုးတဲ့ နောက်အဖေပါရတယ်လို့။

"ဟုတ်ပါတယ်။ အဖေက စိတ်မချလို့ ကျွန်တော် နောက်ကပါလာတယ်။ ခိုးလာတဲ့အထိ လမ်းတစ်ဝက်က စောင့်နေတာ။ ကျွန်တော်တို့ကို ရွာပြန်ရင် မြန်မြန်မိမယ်။ မြို့ကိုသွား သူ့မိတ်ဆွေအိမ်ရှိတယ်လို့ အကြံပေးတာလဲ အဖေပဲ။ ဒါကြောင့် ကျွန်တော် အိမ်ပြန်ပြီး အဝတ်အစားနဲ့ ငွေပြန်ယူတာပေါ့။ အိမ်က ကျွန်တော်ပြန်လာ ပက်စက်တွေပြောလို့ နောက်ဆုံးရှင့်သားကိုလဲ ဒီလိုဆို မယူနိုင်ဘူး ပြောပြီး စိတ်ဆိုးမာန်ဆိုး ပြန်သွားတယ်တဲ့။ အဖေ့စကားကြောင့် ကျွန်တော်ပါ ဒေါသဖြစ်မိတယ်။ ဒင်း မယူချင်လဲနေပေ့ါ။ တကယ်တော့ ဒီဇာတ်လမ်းကို သူရော ကျွန်တော်ပါ သိပြီးသားတွေပဲတာ၊ အဲဒီလို ဖြစ်စရာမှ မဟုတ်တာ။ ကျွန်တော်တို့လဲ စက်ဘီးနဲ့ ပြန်ခဲ့တယ်"

"မင်း အဖေနဲ့ တလေး မလေးထားခဲ့တာ ဘယ်နေရာလဲ"

အမှု လာတိုင်စဉ်က ထွ… ထိပ် ကောင်စီဥက္ကဋ္ဌ ဦးနေထွန်း… စကားများကို သတိရနေမိ၏။

"စခန်းမှူးကြီးရယ် ခွေ… လေးက တကယ်လိမ္မာတာ၊ သူ… ထွက်ပြီး မဟောင်ဘဲ လမ်းပြ… အဝင်အထွက် မလုပ်ရင် ကျွန်တေ… ကျော်ခန့် သိမှာမဟုတ်ဘူး။ ဖြတ်… မှာပဲ။ အထဲရောက်တော့လဲ ယတ်… စ ကျင်းကို ဆက်ယက်လို့ ပေါ်လာ… နိုဖြင့် သိမှာကိုး မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ခွေးလိမ္မာလေးတစ်ကောင်ကတဲ့ လူသတ်မှုပေါ့"

"အေးဗျာ အဲဒီလို ပြောရမှာပဲ"

စခန်းမှူး ရဲအုပ် ခင်မောင်အား ခေါင်းထဲ လက်ခနဲ အတွေးပေါ်လာသည်။ စာတစ်စောင်ရေး၍ ကျွန်းထိပ် ကောင်စီ ဥက္ကဋ္ဌထံသို့ ရဲတပ်ဖွဲ့ဝင်တစ်ယောက်နှင့် ပို့ပေးလိုက်ပြန်၏။ သူ့အစီအစဉ်အတွက် သူ့စိတ်ထဲတွင် ပီတိဖြစ်၍ မဆုံး။

*****

(၇)

ငွေးချိုကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ ရောက်လာကြ၏။

ဥက္ကဋ္ဌ အဖွဲ့ဝင်တစ်ဦး၊ ရပ်ရွာလူကြီးတစ်ဦးနှင့် မင်းညွန့်အောင်တို့သားအဖ နှစ်ယောက်။ စာထဲမှာ ပါသည့်အတိုင်း ဆောင်ရွက်လာသဖြင့် ငွေးချိုဥက္ကဋ္ဌကို ရင်ထဲမှ ကျေးဇူးတင်မိသည်။ မြန်မြန် ပြည်သူ ပေါင်းစည်းကူညီမှုဆိုတာ ဒါပါပဲ။ စခန်းအစောင့်ရဲတပ်ဖွဲ့ဝင်က မင်းညွန့်အောင်ကို စခန်းရှေ့ တန်းလျားခုံတွင် ထိုင်နေစေပြီး ကျန်သူများကို ရုံးခန်းတွင်း သွင်းလိုက်သည်။ မင်းညွန့်အောင် အဖေ ဦးသိန်းဆောင်ပုံက ရှုံ့ထည်တည်၊ ဗလကောင်းကောင်း၊ ဝင်တိုက်ဖြင့် ထီမထင်သည့်ဟန်ပန်။ နာမည်ကျော်ရွှေခါးပတ်ရ မြန်မာ့လက်ဝှေ့သမားကြီးဟု ကိုယ့်ကိုယ်ကိုယ်မှတ် ထင်နေသလား မသိ။

"တိုင်း ... ထိုင်ကြဗျာ"

"ကျုပ်ကို ခေါ်တယ်ဆို စခန်းမှူးကြီး"

တာဝန်နှင့် ရဲအရာရှိ တစ်ယောက်ကို ဆက်ဆံပုံက ရင့်သီးလှ၏။ စခန်းမှူးကပြုံး၍သာနေသည်။ ကောင်းသည် ဆိုးသည်တစ်ခွန်းမပြော။ သည်းခံနေခဲ့၏။

"ဟုတ်ပါတယ်၊ သေသူမစန်းစန်းလှိုင်နဲ့ နောက်ဆုံးတွေ့ခဲ့တာလေး သိချင်လို့"

"မနေ့က မင်းမင်းလဲ ပြောခဲ့တယ် မဟုတ်လား"

"မှန်တယ်၊ ဒါပေမယ့် သူနဲ့နောက်ဆုံး တွေ့တာမဟုတ်ဘူးလေ။ ကာယကံရှင်ပြောတာ ပိုပြည့်စုံတော့မပေါ့"

"သူတို့ ခိုးလာတယ်၊ လမ်းမှာ စောင့်နေတဲ့ ကျုပ်နဲ့ တွေ့တော့ စေတနာနဲ့ ကျုပ်အိမ်မှာ မနေဖို့ပြောပြီး မြို့က ကျုပ် မိတ်ဆွေအိမ်သွားဖို့ စီစဉ်ပေးလိုက်တယ်။ မောင်မင်းက အိမ်ပြန် အဝတ်အစား ယူနေတုန်း ကလေးမလေးနဲ့ စကားများပြီး ကျုပ်ပြန်ခဲ့တာပါပဲ။ သူလဲ ပြန်သွားတယ်လေ"

"ဘယ်နေရာမှာ စကားများတာလဲ"

"တာအတက်နား လောက်မှာပါ"

"ခင်ဗျား ကျန်ခဲ့တာ ကျွန်းထိပ် ပြောင်းခင်းထဲမှာဆို"

"ဟုတ်ပါတယ်၊ မင်း မင်းလာမယ့်လမ်းအတိုင်း လျှောက်လာကြတာပါ"

"ဪ-ဒါဖြင့် စကားများရင်း လျှောက်လာတယ်ပေါ့"

"ဟုတ်တယ်၊ သူစိတ်ဆိုးမာန်ဆိုး ပြန်သွားပြီး ပြောင်းခင်းထဲမှာ အသတ်ခံရတာတွေက ကျုပ်တို့သားအဖနဲ့ မဆိုင်တော့ဘူးဗျာ။ သိလဲမသိဘူး"

"ခင်ဗျားကို ပြောင်းခင်းထဲမှာ သတ်ထားတယ်လို့ ဘယ်သူပြောတာလဲ"

"ဟို-ဟို ကျုပ်-ကျုပ် မေ့နေပြီ။ ပြောတဲ့လူ ရှိပါတယ်ဗျာ"

"ခင်ဗျား မပြောနဲ့။ ငွေးချိုဥက္ကဋ္ဌကြီးတို့တောင် သိမယ်မထင်ဘူး။ ကျွန်တော် ပြောတာဟုတ်ရဲ့လား ဥက္ကဋ္ဌကြီး"

"မှန်ပါတယ်။ မှန်ပါတယ်။ သတ်ထားတဲ့နေရာ မသိပါဘူး"

ငွေးချို ဥက္ကဋ္ဌတို့အဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



ထောက်ခံကြပါသည်။ တကယ်လည်း သိမည်မဟုတ်ပါ။

"ဒီကိစ္စ မသိအောင်လဲ အဲဒီ ဘက် သတင်းမပြန့်ဖို့ တမင်အုပ်ဆိုင်းထားတာ၊ ခရီးကလဲ လှမ်းတယ်လေ။ ဒါပေမယ့် ခင်ဗျားသိနေတယ်။ မင်းမင်းတို့ ပေးထားတဲ့မြို့က လိပ်စာဟာ မသွားဖြစ်ဘူးဆိုတာ သိနေတော့ ရေးပေးထားတဲ့ လိပ်စာက အတုကြီး၊ ခင်ဗျားသိတဲ့ လူတစ်ယောက်မှမရှိဘူး။ လိမ်တာက မပိရိတာတွေလေ။ ခိုးရာလိုက်လာတဲ့ မိန်းကလေး တစ်ယောက်ဟာ သူတော်ရတော့မယ့် ယောက္ခမနဲ့ ချက်ချင်း စကားများပြီး တစ်ယောက်တည်း နှစ်မိုင်ကျော်သုံးမိုင်ခရီး ပြန်တာလဲ သဘာဝမကျလှပါဘူး။ စဉ်းစားကြည့်ပါလေ"

ဦးသိန်းဆောင် သည်းမခံနိုင်တော့ အသံကျယ်လာ၏။

"ဒီလိုဆို စခန်းမှူးက ကျုပ်ကို လူသတ်တယ်လို့ စွပ်စွဲနေတာပေါ့"

"စွပ်စွဲတာ မဟုတ်ပါဘူး။ အတိအကျ ပြောနေတာပါ။ မောင်ဆင့်ရေ ကျွန်းထိပ် ဥက္ကဋ္ဌကြီး သွားခေါ်ပါကွာ"

ခဏအကြာတွင် ဦးနေထွန်းနှင့် လူငယ်တစ်ယောက် စခန်းမှူး၏ အခန်းတွင်း ဝင်လာသည်။ လူငယ်လက်ထဲ၌ လည်ပတ်တွင်ကြိုးတန်းလန်းနှင့် ခွေးမြီးဖွားလေးတစ်ကောင်။ ခွေးလေးက စခန်းမှူးရှေ့ ကုလားထိုင်တွင် ထိုင်နေသည့် ဦးသိန်းဆောင်ကို မြင်သောအခါ နှာခေါင်းကို ရှုံ့ချည်ပွချည်လုပ်ပြီး ကျားစီးဖားစီး ဟောင်တော့သည်။ အတင်းကိုက်ဆွဲတော့ မယောင်ရှန်းနေသောကြောင့် ကိုင်ဆွဲလာသူ လူငယ်က မနည်းဝင် ထိန်းထားရ၏။ ဝိုင်းဝန်းကြည့်နေသူများမှာ ပါးစပ် အဟောင်းသားနှင့် တအံ့တဩ။

"ကျွန်းထိပ် ဥက္ကဋ္ဌတို့ လူသေ အလောင်းတွေ့ရတာလဲ ခွေးကြောင့်ပဲ။ နောက်မှသိရတာ ဒီခွေးလေးက သေတဲ့ မစန်းစန်းလှိုင်ကို တကယ်ချစ်တာတဲ့။ ကလေးမလေးခိုးရာလိုက်တော့ သူနောက်က လိုက်လာတယ်နဲ့ တူတယ်။ အသတ်ခံရတဲ့အချိန် သူရှိရင် လူသတ်သမားကို သိရ မယ်လို့ အထင်နဲ့ စမ်းကြည့်တာ မှန်နေပြီ"

"ကျုပ် မသတ်ဘူး၊ ကျုပ် မသတ်ဘူး"

"ခင်ဗျား ငြင်းချင် သလောက် ငြင်းပါ။ ဝါးတုတ်ပေါ်က သွေးစသွေးနနဲ့ လက်ရာဟာ ခင်ဗျားဆိုရင်တော့ ငြင်းရင်လဲ အပိုပါပဲ။ စီအိုင်ဒီဖို့ စစ်ဦးမှာ လောလောဆယ်တော့"

ရဲတပ်ဖွဲ့ဝင်များကလည်း မြန်ပါပေ့။ ဆရာသမား အချက်ပြလိုက်သောအခါ လက်ထိတ်ခတ်ပြီးနေ လေပြီ။ ဦးသိန်းဆောင်မှာ ခေါင်းငိုက်စိုက်၊ တုံးထိုဘာဝေမပြောလေတော့။ ဖမ်းဆီးပြီး နောက်နေ့ ရီမန်ယူကာ ဆက်စစ်သည်။ နှစ်ရက်ခန့်အကြာတွင် ထွက်ချက် ပေးပါတော့သည်။ ဦးသိန်းဆောင်က သားဖြစ်သူ မင်းမင်းကို လွှတ်လိုက်ကတည်းက သတ်ရန်အကြံရှိပြီး လမ်းတွင် လူမြင်မှာစိုးသည်ဟု တစ်ဖက်လှည့်ခေါ်ကာ ဝါးတုတ်ကို ကိုင်ဆနေဆဲ မစန်းစန်းလှိုင် ရှိခိုးတောင်းပန်သည် တိုင် ဘီးလူးသရဲစီးပြီးနေသူ့အလားနား မဝင်။ ဆင့်၍ဆင့်၍ ရိုက်ခဲ့သည်။ ခွေး တစ်ကောင်က ဝင်ကိုက်သဖြင့် ကန်ဝဲ လိုက် ရသေးသည်ဟူ၏။ သို့ဖြင့် မ စန်းစန်းလှိုင် သေခဲ့ရသည်။

လက်ရှိ ဇနီးသေသွားသည် အထိ ငယ်ချစ်ဟောင်းနှင့် ညားနေသူ တစ်ဦးအပေါ် (ငယ်ငယ်က ရန်ငြေး ရန်စ)အငြိုးအတေးများမှာ မဆိုင်သော မျိုးဆက်အဖြစ်မဲ့ကြသူလေးများ ထ ဆားခံဖြစ်ရသည့် ရင်နင့်စဖွယ် ဖ လမ်းတစ်ခုအနေနှင့် ....။

(မေတ္တာပွား၍ ဒေါသ ထ ကင်းဝေးနိုင်ကြပါစေ)

မျိုးသ



www.burmeseclassic.com

www.burmeseclassic.com

# မထင်မှတ်သော နှစ်ကျော့ပြန်ဖောက်ထွင်းမှု

ရဲရင့်သူရိန်





www.burmeseclassic.com

www.burmeseclassic.com



**"မထင်မှတ်သော နှစ်ကျော့ ပြန်ဖောက်ထွင်းမှု"**

**ရဲရင့်သူရိန် (နေပြည်တော်)**

သန်လျင် ရေနံချက်စက်ရုံမှာ မြန်မာနိုင်ငံ၏ အကြီးဆုံးစက်ရုံကြီးများတွင်တစ်ခုအပါအဝင်ဖြစ်သည် ဟုဆိုနိုင်သည်။ စက်ရုံမှူးကြီး ဦးအုန်းကျော်သည် နေ့လယ်စာ ထမင်းစားချိန် (၁၂) နာရီခန့်၌ မိမိနေထိုင်သည့် ရေနံချက် စက်ရုံဝင်းအတွင်းရှိ တိုက်ခန်းသို့ စက်ရုံမှကားဖြင့် ပြန်လာခဲ့သည်။ တိုက်ရှေ့၌ ကားရပ်လိုက်ပြီး နေအိမ်ရှေ့တံခါးမကြီးအားဖွင့်ရန်ပြင်လိုက်စဉ် ရုတ်တရက် အံ့အားသင့်သွားသည်။

"ဟာ ... တံခါးသော့ မရှိတော့ပါလား"

တံခါးက မှန်တစ်ချပ်လည်းကွဲနေတယ် တံခါးစေ့ထားသည်ကိုတွေ့ရပြီးသော့ခလောက်မှာအောက်သို့ပြုတ်ကျနေသည်ကို တွေ့ရသည်။ စက်ရုံမှူးကြီးက ယာဉ်မောင်း မောင်ထွန်းအား လှမ်းခေါ်လိုက်ပြီး အိမ်ထဲသို့ အမြန်ဝင်ကြည့်လိုက်သည်။

တီဗီစင်ပေါ်မှ (၂၁) လက်မတိုရှီဘာတီဗီနှင့်Seiko5 တိုင်ကပ်နာရီတို့မှာ မရှိတော့၊ အိမ်ပေါ်ထပ်ရှိ အဝတ်ဗီရိုမှာလည်း ပွင့်နေပြီး အဝတ်အစား (၁၀)စုံခန့် ပျောက်နေသည်။ အချို့ အဝတ်အစားများမှာ ဗီရိုအောက်ခြေ၌ ဖရိုဖရဲပြန့်ကျဲနေသည်။

"ကလင် ... ကလင် ... ကလင်"

"ဟုတ်ကဲ့ အမိန့်ရှိပါ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး က တာဝန်မှူး ရဲအုပ် သိန်းလှိုင် ပါ"

"ဟုတ်ကဲ့ ကျွန်တော် ရေနံချက်စက်ရုံက စက်ရုံမှူး ဦးအုန်းကျော်ပါ။ ကျွန်တော့် အိမ် ဖောက်ထွင်းခိုးယူခံရလို့ပါခင်ဗျာ လွန်ခဲ့တဲ့ (၆)လလောက်ကလဲ ရွှေထည်ပစ္စည်းနဲ့ငွေတွေခိုးယူခံရလို့ တိုင်ကြားထားပါတယ်၊ အခုဒါနဲ့ဆိုရင် နှစ်ကြိမ်ရှိပါပြီခင်ဗျာ"

"ဟုတ်ကဲ့ပါ ခင်ဗျာ ကျွန်တော် ခရိုင်ရဲတပ်ဖွဲ့မှူးထံ တင်ပြပြီး ဆက်လက်ဆောင်ရွက်လိုက်ပါ့မယ်၊ စက်ရုံမှူးကြီး အိမ်ကိုလာကြည့်ဖို့ စခန်းမှူးနဲ့ နယ်ထိန်းခေါင်းဆောင်ကို အခု လွှတ်လိုက်ပါ့မယ်ခင်ဗျာ"

စက်ရုံမှူးကြီး တိုက်ခန်းသို့ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မှူး၊ စခန်းမှူးနှင့် နယ်ထိန်း အရာရှိတို့မှ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြသည်။ ထူးခြားသည့် သဲလွန်စ တစ်စုံတစ်ရာ မရှိကြောင်း တွေ့ရသည်။

ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မြတ်စိုးသည် သူ၏ရုံးခန်းသို့ ပြန်ရောက်သည်နှင့် စခန်းမှူး ရဲအုပ်စောထွေးအား ခေါ်ယူလိုက်ပြီး–

"ကဲ စခန်းမှူးဒီတစ်ခါ ဖောက်ထွင်းမှုကိုမဖော်ထုတ်ပေး နိုင်ရင်တော့ တို့ရဲတပ်ဖွဲ့အတွက် သိက္ခာကျစရာဖြစ်လိမ့်မယ်၊ အရင်တစ်ကြိမ်ကအမှုလဲ မပေါ ပေါက်သေးလို့ ခေတ္တစုံစမ်းမှု ဆိုင်းငံ့ပိတ်ထားရတယ်၊ အခု တစ်ခါတော့ မပေါ်ပေါ်အောင် ဖော်ထုတ်ရလိမ့်မယ်၊ အဲဒီတော့ ခင်ဗျား စခန်းက မှုခင်းဖော် ထုတ်မှုမှာ ကျွမ်းကျင်ပါးနပ် ရှိတဲ့ အရာရှိတစ်ယောက်ကို ရွေး ပြီး သီးခြားတာဝန်ပေးပါ။ အဲ အမှုကို ခင်ဗျားကိုယ်တိုင် အ ကပ် ကြီးကြပ်ဆောင်ရွက်ပါ တာဝန်ပေးမယ့် အရာရှိ လာပြီး သတင်းပို့ခိုင်းပါ"

"ဟုတ်ကဲ့ပါ ခင်ဗျ ကျွန်တော်ဆက်ပြီး ဆောင်ရွ လိုက်ပါ့မယ်"

ဒုရဲအုပ် သူရိန်



www.burmeseclassic.com

www.burmeseclassic.com

သံလျင်ရဲစခန်းမှ အမှုစစ်ရဲအရာရှိ (အိုင်အို) တစ်ဦးဖြစ်သည်။ မှုခင်းများ ဖော်ထုတ်ရာတွင် ပါးနပ် လိမ္မာမှုနှင့် ကျွမ်းကျင်မှုရှိသည်။ လုပ်ရည်ကိုင်ရည်ရှိသည်။ ဖွဲ့ရှိသည်။ ဒုရဲအုပ်သူရိန် ဖော်ထုတ်သည့် အမှုများတွင် မပေါ်ပေါက်သည့်အမှုဟူ၍ သိပ်မရှိလှ။

"ကျွန်တော် ဒုရဲအုပ်သူရိန်ပါ"

ခရိုင်ရဲတပ်ဖွဲ့မှူးအား အလေးပြုလိုက်သည်။

"အေး ... မင်းကို သီးခြားတာဝန်ပေးတဲ့အကြောင်းကတော့ ဒီအမှုကို အမြန်ဆုံးပေါ်ပေါက်စေချင်တယ်၊(၂)ကြိမ်တိုင်တိုင်ဖောက်ထွင်းခံရတဲ့ကိစ္စဖြစ်လို့ မင်း ... မဖြစ်မနေကြိုးစားပြီးဖော်ထုတ်ပါ ... မင်းလက်ထဲကအမှုတွေ စခန်းမှူးကိုလွှဲပေးလိုက်ပါ၊ဒီအမှုတစ်ခုတည်းကိုပဲကြိုးစားဖော်ထုတ်ပြီး(၃)ရက်တစ်ကြိမ်တိုးတက်မှုအစီရင်ခံပါ"

"ဟုတ်ကဲ့ပါခင်ဗျာ .. ကျွန်တော်ကြိုးစားဖော်ထုတ်ပါ့မယ်"

ခရိုင်ရဲတပ်ဖွဲ့မှူးအား အလေးပြုလိုက်ပြီးဒုရဲအုပ်သူရိန်မှာ ရုံးခန်းတွင်းမှ ပြန်လည်ထွက်ခွာခဲ့လေသည်။

ရေနံချက် စက်ရုံဝင်း အတွင်းရှိ စက်ရုံမှူးကြီး၏ နေအိမ်ဖောက်ထွင်းခံရမှုစုံစမ်းဖော်ထုတ်ရန် တာဝန်မှာ ကျွန်ုပ်၏ ပခုံးပေါ်သို့ကျရောက်လာချေပြီ။ မှုခင်းတစ်ခုကို ဖော်ထုတ်ရာတွင် ပထမဆုံး အကျယ်စဉ်းစားမှုမှ အကျဉ်းသို့ သွားရန်လိုသည်။ အနီးစပ်ဆုံးပစ်မှတ်များကိုလည်း စုံစမ်းရှာဖွေရဦးမည်။

ရေနံချက် စက်ရုံဝင်း၏ အောက်ဘက်ရှိ ဒါရ်ကာရပ်ကွက်ထဲမှ ဖောက်ထွင်းမှုနှင့် ကျော်စောသတင်းရှိသူ ဖောက်ထွင်း ခိုးယူတတ်သူ (၄)ဦးအား ဖမ်းဆီး စစ်ဆေးခဲ့သော်လည်း ချုပ်ရိုးမန် တစ်ပတ်သာကုန်သွားသည် ထူးခြားမှုမရှိပေ။

ဖောက်ထွင်း ခိုးယူခံရချိန်မှာ နံနက်(၈)နာရီမှနေ့လယ်(၁၂)နာရီကြားဖြစ်သည်ဆိုသည့်အချက်ကို ကျွန်ုပ်မေ့ထား၍ မရချေ။ သော့ကိုရိုက်ချိုးသွားခြင်းနှင့် အတွင်းချက်ကိုဖြုတ်ရန် မှန်တစ်ချပ်ရိုက်ခွဲသွားခြင်း၊ အဝတ်များ ပြန့်ကျဲနေခြင်း စသည့်အချက်များကိုလည်း ထည့်သွင်းစဉ်းစားရပေလိမ့်မည်။

ထို့ပြင် တီဗွီ၊ နာရီနှင့် အဝတ်အထည်များကို သယ်ဆောင်၍ ပြင်ပသို့ထုတ်ယူသွားရန် ရုတ်တရက် လွယ်ကူမည်မဟုတ်ကြောင်းနှင့်ရေနံချက်စက်ရုံဂိတ်ပေါက်ဝများ၌စစ်ဆေးရေးဂိတ်များရှိပြီး ခိုးယူခံရသည့်အချိန်ပိုင်း အတွင်းက ဂိတ်များမှ ပြင်ပသို့ထွက်သွားသူမရှိကြောင်းလည်း စုံစမ်းသိရှိထားသည်။

နီးစပ်ရာ ရဲစခန်းများနှင့် ရန်ကုန်တိုင်းအတွင်းရဲစခန်းများသို့ ပစ္စည်းပျောက်ကြော်ငြာများဖြန့်ဝေလိုက်သည်။သန်လျင်မြို့နယ်အတွင်းရှိ တီဗွီ၊ကက်ဆက်ပြင်ဆိုင် ပြုပြင်ရောင်းဝယ်ရေးဆိုင်များသို့လည်း တီဗွီလာရောက်ရောင်းချသူရှိပါကရဲတပ်ဖွဲ့သို့ အကြောင်းကြားပေးပါရန် တိတ်တဆိတ်မှာကြားထားလိုက်သည်။

ကျွန်ုပ်မှာ နယ်ထိန်းရဲတပ်သား အေးဝင်းနှင့် တွဲဖက်၍ အဆိုပါ အမှုအားလျှို့ဝှက်စုံစမ်းထောက်လှမ်းမှုများပြုလုပ်ခဲ့လေသည်။

ခိုးယူခံပြီး သတ္တမမြောက်နေ့တွင် သန်လျင်ကမ်းနားပိုင်းရှိ တီဗွီပြုပြင်ရောင်းချ သူကိုဝင်းတင်က ကျွန်ုပ်၏ နေအိမ်သို့ရောက်ရှိလာသည်။

www.burmeseclassic.com



"ဆရာ . . . ဒီနေ့ ညနေ (၅)နာရီမှာ တီဗွီတစ်လုံး ကျွန်တော်ဆိုင်ကိုလာရောင်းမယ်လို့ပြောတယ်ဆရာ"

"လာရောင်းမယ့်တီဗွီက ဘာအမျိုးအစားလဲဗျ"

"၂၁ လက်မ တိုရှီဘာလို့ပြောပါတယ် ဆရာ"

ထူးခြားသတင်း တစ်ခုဖြစ်ပြီး ကျွန်ုပ်စိတ်ဝင်စားသွားသည်။ အမှုအတွက်အားထားရမည့် သဲလွန်စတစ်ခုဖြစ်နိုင်သည်။

"ကိုဝင်းတင် ခင်ဗျားကို တီဗွီရောင်းဖို့လာပြောတဲ့သူက ဘယ်အရွယ်လောက်လဲ။ဗမာလူမျိုးပဲလား။ တီဗွီအကြောင်းကိုရောနည်းလည်လား"

"အသက်ကတော့ ၂၅ နှစ်လောက်ရှိပြီဆရာ၊ ဗမာတော့ မဟုတ်ဘူး။ ကရင်လိုလိုပုံစံပဲ တီဗွီအကြောင်းကို နားလည်ပုံရတယ်ဆရာ"

ကျွန်ုပ်က ထပ်မေးလိုက်သည်။

"သူလာတော့ ဘာနဲ့လာသလဲ။ ခေတ်လူငယ်ပုံစံလား။ ခင်ဗျားသူ့အပေါ်ထူးခြားမှုဘာတွေ့သလဲ"

"သူလာတာ ရာလေးဘီး အနက်ရောင်နဲ့ပါ ဆရာ။ ခေတ်လူငယ်ပုံစံပဲ ဆံပင်အရှည်အဖျားကောက်ပြီး အကျႌကိုလဲ အပြင်ထုတ်ဝတ်ထားတယ်ဆရာ။ ထူးခြားတာကတော့ အနက်ရောင် သက္ကလပ်ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထားတယ်ဆရာ"

"ကောင်းပါပြီ ကိုဝင်းတင် ညနေပိုင်း လာရောင်းရင် အဲဒီတီဗွီကို ခင်ဗျားလက်ခံပြီး ဝယ်ပေးပါ။ ဒီသတင်းကို ဘယ်သူ့မှမပေါက်ကြားပါစေနဲ့။ ကျွန်တော်တို့ ခင်ဗျား ဆိုင်ပတ်ဝန်းကျင်မှာရှိနေမယ်"

"ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော် ပိပိရိရိ ဆောင်ရွက်ပါ့မယ်"

ထိုနေ့ ညနေပိုင်းက ကျွန်ုပ်နှင့် တပ်ဖွဲ့ဝင်များက အရပ်ဝတ်ဖြင့် စောင့်ကြည့်သော်လည်း တီဗွီလာရောက်ရောင်းချသူမရှိချေ။ကျွန်ုပ်တို့စောင့်ဆိုင်းမှုမှာ အချည်းအနှီးဖြစ်ခဲ့သည်။ သုံးရက်ခန့် ဆက်လက်စောင့်ကြည့်ခဲ့သော်လည်း ထူးခြားမှုရှိမလာခဲ့။ ဖောက်ထွင်းသူမှာ သတင်းရသွား၍လား၊ ဒါမှမဟုတ် အဆိုပါဆိုင်၌ မရောင်းချင်တော့၍လား မပြောတတ်တော့။ ပစ်မှတ်ကအနားရောက်လာမလိုလိုနှင့် အဝေးဆုံး ထွက်ပြေးသွားလေပြီ။

မှုခင်းတစ်ခု ဖော်ထုတ်နိုင်ရန် အခင်းဖြစ်အရပ်သို့ အကြိမ်ကြိမ် သွားရောက်ကြည့်ရှုစစ်ဆေးသည့် အလေ့အကျင့် ကျွန်ုပ်၌ ထားရှိသည်။ ယခုတစ်ခေါက်တွင်တော့ အဝင်အထွက်လမ်းများကို သမားရိုးကျကြည့်ရှုစစ်ဆေးခြင်း မဟုတ်တော့ဘဲ စက်ရုံမှူးကြီးအိမ်နံဘေးရှိဘေးချင်းကပ်လျက်အိမ်သို့လမ်းကြောင်းပြောင်းလွှဲ၍ စုံစမ်း လေ့လာခဲ့သည်။ အပြင်စည်းတွင် ထူးခြားမှုမရှိ၍ အတွင်းစည်းသို့ ဝင်ရောက်စုံစမ်းသည့် သဘောပင်ဖြစ်သည်။

ဘေးချင်း ကပ်လျက်တိုက်အိမ်မှာ ရေနံချက်စက်ရုံ အရာရှိကြီးတစ်ဦး၏ အိမ်ဖြစ်ပြီး မိသားစု ငါးဦးနေထိုင်ကြောင်း သိရှိထားသည်။ အဆိုပါ တိုက်အိမ်ရှေ့ရှိ လူခေါ်ဘဲလ်အား ကျွန်ုပ်မှ နှိပ်လိုက်သည်။

"ကလင် ကလင်"

ခဏအကြာတွင် အိမ်ရှေ့ တံခါးလာဖွင့်ပေးသည့် ထ ငယ်တစ်ဦးကို တွေ့ရပြီး

"အစ်ကို ဘာကိစ္စရှိ လဲခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုက သန်လျင်ရဲစခန်းက ဒုရဲအုပ် သူရိန်ပါ။ စက်ရုံမှူးကြီးအိမ်ကပစ္စည်းတွေ ခိုးယူခံရတဲ့ကိစ္စ လာစုံစမ်းရင်း ညီလေး အိမ် ခဏဝင်လာတာပါ။ အစ်ကိုတို့ စခန်းမှူးနဲ့ ညီလေးရဲ့ မိဘတွေကလဲ ရပ်ဆွေရပ်မျိုးတွေလို့ပြောပါတယ်"

"သြော် ဟုတ်ကဲ့ အိမ်ထဲ ဝင်ထိုင်ပါဦး ခင်ဗျ"

ကျွန်ုပ် အိမ်အတွင်းသို့ အကဲခတ် ကြည့်ရှုလိုက်သည်။ ထိုစဉ် လူငယ်တစ်ဦး အိမ်ပေါ်ထပ် လှေကားမှ ဆင်းလာသည်ကိုတွေ့ရသည်။

"ကိုကြီး ဒါ ရဲစခန်းက ဒုရဲအုပ်သူရိန်တဲ့။ စက်ရုံမှူးကြီးအိမ်ကပစ္စည်း ပျောက်တဲ့ကိစ္စ လာစုံစမ်းတာ"

"သြော် ဟုတ်လား။ တွေ့ရတာ ဝမ်းသာပါတယ် ဘရားသား။ ကျွန်တော့်ကို ညီလေးတစ်ယောက်လိုခင်မင်နိုင်ပါတယ်။ ကျွန်တော့် သူငယ်ချင်းတွေနဲ့ ချိန်းထားလို့ အပြင်သွားလိုက်ပါဦးမယ် ခင်ဗျ"

ပြောပြောဆိုဆို ထွက်သွားသော အသက်(၂၅)နှစ်ခန့် အရွယ် လူငယ်လေးကိုကြည့်၍ ကျွန်ုပ်လည်းတစ်စုံတစ်ခုကိုသွားသတိရလိုက်မိသည်။ ရုပ်ရည်သန့်ပြန့်၍ ခေတ်ဆန်ပြီး သွက်လက်သောလူငယ်လေးပါလား။

အဆိုပါ လူငယ်မှာ အင်္ကျီကို အပြင်ထုတ်ထားပြီး ဆံပင်အဖျားကောက်၍ မျက်နှာပုံစံမှာကရင်ပုံစံမျိုးဖြစ်လေသည်။

"ညီလေးရေ အစ်ကို ပြန်လိုက်ပါဦးမယ် အလုပ်လေး ရှိသေးလို့ပါ"

"ဟုတ်ကဲ့ပါ ခင်ဗျ"

မောင်ဇော်ဇော်အား နှုတ်ဆက်၍ ပြန်အထွက်တွင် တံခါးဖွင့်ထားသည့် ကားဂိုဒေါင်ဘက်သို့ အမှတ်မထင် လှမ်းကြည့်မိရာ ရာလေးစက်ဘီး အနက် တစ်စီးအား တွေ့လိုက်ရသည်။

ကျွန်ုပ်လည်း ရဲစခန်းသို့ပြန်အရောက်တွင် နယ်ထိန်းရဲတပ်သား အေးဝင်းကို ခေါ်ယူလိုက်ပြီး နောက်နေ့နံနက်တွင် ကျွန်ုပ်နှင့်အတူ ရေနံချက်စက်ရုံသို့လိုက်ရန် မှာကြားလိုက်သည်။ နောက်နေ့နံနက် (၈) နာရီခန့် ရေနံချက်စက်ရုံဝင်းအပြင်ဘက်ကင်းတဲအနီးမှ ကျွန်ုပ်တို့စောင့်ကြည့်နေစဉ် မောင်ဇော်ဇော်၏ အစ်ကိုကျော်ကျော်ထွက်လာသည်ကို တွေ့ရသည်။ ကျွန်ုပ်မှ–

"ကဲ ... အေးဝင်း ငါအခုပြထားတဲ့ လူငယ်နောက်ကို လိုက်ကြည့်ပြီး ငါ့ကို ပြန်တင်ပြပါ"

"ဟုတ်ကဲ့ပါဆရာ .. ကျွန်တော် လိုက်ကြည့်လိုက်ပါ့မယ်"

ရဲတပ်ဖွဲ့ဝင် အေးဝင်းကို မောင်ကျော်ကျော်၏နောက်သို့ နောက်ယောင်ခံလိုက်ကြည့်ရန် တာဝန်ပေးလိုက်ပြီး ကျွန်ုပ်လည်း ရဲစခန်းသို့ ပြန်ထွက်ခွာလာခဲ့လေသည်။ ထိုနေ့ည (၉) နာရီခန့်တွင် ရဲတပ်ဖွဲ့ဝင် အေးဝင်းက ကျွန်ုပ်၏ နေအိမ်သို့ ရောက်ရှိလာပြီး–

"ဆရာ ကျွန်တော် .. ကျော်ကျော် နောက်ကို လိုက်ကြည့်တော့ ကျော်ကျော်ဟာ ရန်ကုန်က ရွှေဘဲစားသောက်ဆိုင်မှာ သူ့သူငယ်ချင်း(၄)ယောက်နဲ့ မနက်စာ စားကြတယ်ဆရာ.. သောက်ကြစားကြနဲ့ ကုန်ကျစရိတ်ငွေအားလုံးကိုလဲ သူပဲရှင်းတာတွေ့ရတယ်။ ပြီးတော့ သူ့သူငယ်ချင်းတွေနဲ့ သမ္မတရုပ်ရှင်ရုံမှာ ရုပ်ရှင် ဝင်ကြည့်ကြတာတွေ့တယ်။ ရုပ်ရှင်လက်မှတ်ဖိုးကိုလဲ သူပဲရှင်းတယ် ဆရာ"

"အေး .. ကောင်းပြီ

www.burmeseclassic.com



အခု ဒီအကြောင်းတွေကို မင်း ဘယ်သူ့မှ မပြောပါနဲ့''

''ဟုတ်ကဲ့ စိတ်ချပါ ဆရာ''

နောက်တစ်နေ့ နံနက် (၉)နာရီအချိန့်ခန့်တွင် မောင်ဖော်ဖော်နှင့်မောင်ကျော်ကျော်တို့၏နေအိမ်တိုက်ခန်းသို့ထပ်မံသွားရောက်ခဲ့လေသည်။ သူတို့ မိဘများ မရှိသည့်အချိန် မှန်းဆ၍ သွားခဲ့ခြင်းဖြစ်သည်။ မောင်ဖော်ဖော်က–

''လာ အစ်ကို အိမ်ထဲဝင်ပါ ခင်ဗျ''

ဟု ဖိတ်ခေါ်ပြီး လက်ဖက်ရည်မုန့်များနှင့်ဧည့်ခံသည်။ ကျွန်ုပ်မှ–

''ဒီဘက်ကြုံလို့ ဝင်လာခဲ့တာပါ ညီလေး . . ဒါနဲ့ မောင်ကျော်ကျော် မတွေ့ပါလားကွ''

ဟု မေးလိုက်ရာ

''ကိုကြီး အပေါ်ထပ်မှာ ရှိပါတယ်၊ ခုနလေးတင် အပြင်က ပြန်လာတယ်''

ဟု ပြန်ပြောလေသည်။

ထိုစဉ် ကျော်ကျော်မှာ အိမ်ပေါ်ထပ်မှဆင်းလာသည်ကို တွေ့ရပြီး အပြင်ထွက်ရန် ဟန်ပြင်နေသည်ကို တွေ့ရသည်။ ကျွန်ုပ်လည်း နေအိမ်ဧည့်ခန်းရှိ ဦးထုပ်များချိတ်ထားသည့် နေရာသို့လှမ်းကြည့်မိရာ သက္ကလပ်အနက်ရောင် ဦးထုပ်တစ်လုံးကို ဦးထုပ်လေးငါးလုံးကြား၌ တွေ့လိုက်ရသည်၊ ကျွန်ုပ်မှ–

''ဟို သက္ကလပ်ဦးထုပ်အနက်ကလေးက လှတယ်နော်၊ ဘယ်သူ့ဦးထုပ်လဲကွ''

''ကိုကိုကြီးရဲ့ ဦးထုပ်ပါ သူအပြင်သွားရင် အမြဲဆောင်းသွားတယ်''

ကျွန်ုပ် စဉ်းစားတွေးတောနေမိသည်မှာ သက္ကလပ်ဦးထုပ် အနက်ရောင်၊ ရာလေးစက်ဘီး အနက်ရောင်၊ ဆံပင်ရှည်ရှည်အဖျားကောက်၊ မျက်နှာကရင်ပုံစံ၊ အင်္ကျီအပြင်ထုတ်ဝတ်တတ်ပြီး စကားပြော ခေတ်ဆန်သည်ဆိုသည့်အချက်များမှာ တိုက်ဆိုင်လွန်းလှသည်။

''ညီလေး . . . ဖော်ဖော် ကိုကြီးကမ်းနားဘက်သွားလိုက်ဦးမယ်''

ကျော်ကျော်မှာ သူ့၏ညီအား လှမ်းပြောလိုက်ပြီး အပြင်သွားရန် ဦးထုပ်ကိုယူနေစဉ် ကျွန်ုပ်က–

''အစ်ကိုလဲ ကမ်းနားဘက် သွားမလို့ ညီလေးရေ အတူသွားကြရအောင်''

ဟု ပြောလိုက်သည်။ ကျော်ကျော်မှာ ကျွန်ုပ်နှင့်အတူ အပြင်သို့သွားရောက်ခြင်းအပေါ် နှစ်လိုဖွယ် မရှိကြောင်း ကျွန်ုပ် သတိပြုမိသည်။

အပြင်သို့ ထွက်ခဲ့ကြရင်း ကျွန်ုပ်မှ စတင်၍ စကားစလိုက်သည်။

''အစ်ကို ညီလေးနဲ့ အတူလိုက်လာတာ အကြောင်းရှိတယ်''

''ဘာအကြောင်းများ လဲ အစ်ကို ပြောပါဦး''

''ညီလေး ဒီကနေ လှမ်းကြည့်လိုက် စက်ရုံမှူးအိမ် ဘေးကတိုက်ကြီးကို မြင်တယ် ဟုတ်လား''

ကျွန်ုပ်က ပြောပြော ဆို တိုက်အိမ်ကြီးအားလက်ညှိုး ထိုးပြလိုက်သည်။

''တွေ့တယ်လေ ဘာ ဖြစ်လို့လဲ''

''အဲဒီ တိုက်ကြီးအပေါ် ထပ်မှာ ညီအစ်မနှစ်ယောက် တယ်၊ အခုတော့ ရွာကိုခဏ သွားကြတယ်၊ စက်ရုံမှူးအိမ် တီဗွီကိုသယ်ထုတ်သွားတာ ညီအစ်မနှစ်ယောက် အပေါ် ကနေ လှမ်းမြင်လိုက်တ

www.burmeseclassic.com



ပြောတယ်''

ကျွန်ုပ်မှ ကျော်ကျော် မျက်နှာကိုအကဲခတ်လိုက်သည်။ စိတ်ဝင်စားသွားသည့်ပုံစံတွေ့ရသည်။

''ဟုတ်လား ... အဲဒါ ကျွန်တော်နဲ့ဘယ်လိုပတ်သက်လို့လဲ''

''ညီလေး သေချာနားထောင်ပါ .. အဲဒီနေ့က ညီလေးတီဗွီကို အဝတ်နဲ့အုပ် ပုဏ္ဏရိက်ပန်းပင် ပတ်လမ်းကနေ ညီလေးတို့တိုက်ဘက်သို့သယ်သွားတယ်လို့ တိတိကျကျ ပြောနေတယ် အဲဒီအချိန်က (၉) နာရီခွဲလောက်ရှိနေပြီပြောတယ်''

ကျော်ကျော်မှာ တစ်ချက် တွေဝေသွားသည်။ ကျွန်ုပ်လည်းပစ်မှတ်ဆက်တိုက်ပစ်ရန် ဆုံးဖြတ်လိုက်သည်။ အမှန်တကယ်တွင် တိုက်ပေါ်ထပ်မှ ညီမနှစ်ဦးက ကျွန်ုပ်အား ထွက်ဆိုချက်ပေးခဲ့ခြင်းမရှိခဲ့ချေ။ ကျွန်ုပ်က ကျော်ကျော်အပေါ်စိတ်ဓာတ်စစ်ဆင်ရေးပြုလုပ်နေခြင်းသာဖြစ်သည်။

''ဒါမဟုတ်ဘဲနဲ့ ကျွန်တော်ကို မတရားစွပ်စွဲတာပဲ .. သူတို့ကိုပြန်ပြီးတရားစွဲပစ်မယ်''

''ညီလေး သူတို့က မဟုတ်ဘဲနဲ့တော့ ပြောမှာမဟုတ်ဘူး''

ကျွန်ုပ်လည်း မထူးတော့ပြီမို့ ပစ်မှတ်ကိုဆက်တိုက်ပစ်လိုက်ပြန်သည်။

''ညီလေးနဲ့ အစ်ကိုက ခင်မင်နေကြပြန်ပြီဖြစ်လို့ အစ်ကိုက အကူအညီတွေ ပေးမှာပါ။ မင်းမိဘတွေနဲ့ အစ်ကိုတို့ စခန်းမှူးကဲ သူငယ်ချင်းတွေဆိုတော့ ကိုယ်က ကူညီမှာပါ''

ကျော်ကျော်မှာ တစ်ချက် တွေဝေသွားပြန်သည်။

''အစ်ကိုက ဘယ်လို ကူညီပေးမှာလဲ''

''ညီလေးမှာရှိတဲ့ တီဗွီနဲ့ တိုင်ကပ်နာရီကို လမ်းဘေးတစ်နေရာရာမှာ လူမသိအောင် ပြန်ထားလိုက်ပါ .. လမ်းဘေးကပြန်တွေ့တယ်ဆိုပြီး ညီလေးလဲပြဿနာမတက်နိုင်တော့ဘူးပေါ့''

''ကျွန်တော်က တကယ် မယူတာပဲ ဘယ်လိုလုပ်ပြန်ထားလို့ရမှာလဲ''

အမှုပေါ်ပေါက်ခါနီးမှ လွဲနေပြန်သည်။ ကျော်ကျော်မှာ ချီတုံချတုံဖြစ်နေပုံရသည်။

ကျွန်တော်တို့ နှစ်ဦး စကား တပြောပြောနှင့် လာခဲ့ရာ ရေနံချက်စက်ရုံဝင်းကြီး၏အပြင်ဘက်သို့ ရောက်ရှိခဲ့ပြီး ဆိုက်ကားတစ်စီးကို ငှားစီး၍ကမ်းနားဘက်သို့ထွက်ခဲ့ကြသည်။ ကျော်ကျော်မှာမူ ရှေ့ထိုင်ခုံ၌ ထိုင်ပြီး ကျွန်ုပ်လည်း နောက်ထိုင်ခုံမှ လိုက်ပါလာခဲ့လေသည်။ ဆိုက်ကားသမားရှိနေ၍ လမ်း၌စကားမပြောဖြစ်ကြတော့။ ကမ်းနားဆိပ်ရောက်ခါနီးတွင် ဗွီဒီယို ပြပြင်ရေး ဆိုင်ရှေ့၌ ရုတ်တရက်ကိုဝင်းတင်ကို တွေ့လိုက်ရ၍ ကျွန်ုပ်လည်းအားတက်သွားသည်။ ကျွန်ုပ် လက်ထောင်ပြလိုက်ပြီး ကျော်ကျော်၏ ကျောပြင်အား လက်ညှိုးထိုးပြလိုက်သည်။ ကိုဝင်းတင်က နားလည် ခေါင်းညိတ်ပြပြီး ကျွန်ုပ်တို့ နှစ်ဦးထိုင်သောက်နေသည့် လက်ဖက်ရည်ဆိုင်ထဲသို့လိုက်လာခဲ့သည်။ ကျော်ကျော်ကို သေချာစွာ အကဲခတ်ကြည့်ရှုပြီး သေချာကြောင်းလက်မထောင်ပြသွားခဲ့သည်။

ပစ်မှတ်က တိကျသေချာသွားလေပြီ။ ကျွန်ုပ်က စတင် စကားစလိုက်သည်။

''ကဲ ညီလေး .. အစ်ကိုပြောတာ စဉ်းစားပြီးပြီလား .. မစဉ်းစားသေးရင်အခုမင်းကို



www.burmeseclassic.com

www.burmeseclassic.com



လက်ထိတ်ခတ်ပြီး အမှုနဲ့ ဖမ်းလိုက်မယ်၊ အစ်ကိုတို့မှာ တိကျတဲ့ အထောက်အထားတွေရှိတယ်။ ညီလေး တီဗွီကို ရောင်းဖို့ လာစပ်တာကိုလဲ သိထားတယ်။ အစ်ကို့ကို အမှန်အတိုင်းပြောပါ‥ ဥပဒေဘောင်ထဲက တတ်နိုင်သလောက် ကူညီပေးပါ့မယ်''

ကျော်ကျော်မှာ စဉ်းစားမနေတော့ဘဲ–

''ဟုတ်ကဲ့ ‥ တီဗွီကို မြို့မမြောက်ရပ်ကွက်ထဲက ဒေါ်သင်းသင်းအိမ်မှာ ပေါင်ထားခဲ့ပါတယ်၊ နာရီကိုတော့ ကျောင်းဆရာတစ်ယောက်ဆီမှာ ကျွန်တော် ရောင်းလိုက်ပါတယ်''

ကျော်ကျော်ထံမှ ဝန်ခံချက်ရရှိခဲ့ပေပြီ။ ကျွန်ုပ်လည်း ကျော်ကျော်နှင့်အတူမြို့မမြောက်ရပ်ကွက်သို့ သွားရောက်ခဲ့ပြီး (၂၁)လက်မတီဗွီကို သိမ်းဆည်းခဲ့လေသည်။ ကျော်ကျော်ကို ရဲစခန်းသို့ ခေါ်ဆောင်ခဲ့ပြီး ကျန်သက်သေခံပစ္စည်းများဖြစ်သည့် တိုင်ကပ်နာရီနှင့်အဝတ်အထည်များအား ထပ်မံ သိမ်းဆည်းခဲ့သည်။

''ဒါနဲ့ ညီလေး နေပါဦးကွ၊ လွန်ခဲ့တဲ့ ၆ လလောက်က ရွှေတွေ ပျောက်တုန်းကလဲ ညီလေးပဲလား''

''ဟုတ်ပါတယ် ကျွန်တော်ပါ အစ်ကို''

ဖောက်ထွင်း ခိုးယူခဲ့သည့် ရွှေများအား ပုဇွန်တောင်ဈေးရှိ ရွှေဆိုင်များ၌ လိုက်လံသိမ်းဆည်းရရှိခဲ့သည်။

''ကျွန်တော် ‥ အစ်ကိုလာမဖမ်းခင်ညက အိပ်မက်ဆိုးတွေမက်တယ်အစ်ကို။ကျွန်တော် အခန်းတစ်ခန်းထဲ ရောက်နေပြီး မီးတွေက ပတ်ချာလည်ဝိုင်းနေတယ်၊ ကူညီတဲ့လူလဲမရှိ ထွက်ပေါက်လဲမရှိ ဖြစ်နေတယ်။ မနက်ကျတော့ ကျွန်တော်အဖမ်းခံရတာပါပဲ''

''ကျွန်တော်နားလည်ပါပြီ၊ နောင်တလဲရပါပြီ။ ကျွန်တော်အပေါင်းအသင်းတွေနဲ့ သုံးဖြုန်းချင်လို့ ကျွန်တော် မိုက်ခဲ့မိတာပါ''

ကျွန်ုပ်က–

''အစ်ကို တာဝန် ဝတ္တရားအရ ပြောဆိုခဲ့ရတာကိုလဲ ခွင့်လွှတ်ပါ ညီလေး ‥ ညီလေး ကျခံရမယ့်ပြစ်ဒဏ်အတွက် ဥပဒေ ဘောင်အတွင်းက အစ်ကို တတ်နိုင်သမျှ အကူအညီပေးသွားမှာပါ''

မထင်မှတ်သော နှစ်ကျော့ပြန်ဖောက်ထွင်းမှုကား ပေါ်ပေါက်ခဲ့လေပြီ။ ပြစ်မှုကျူးလွန်သူ တရားခံ ကျော်ကျော်အား ဥပဒေနှင့်အညီ သန်လျင်မြို့နယ်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ခြင်းဖြစ်သည်။အမှန်တကယ်မှာမူ ကျော်ကျော်သည် အကျင့်စာရိတ္တ ယိုယွင်းပျက်စီးနေသူတစ်ဦး မဟုတ်ချေ။ သူငယ်ချင်းအပေါင်းအသင်းများနှင့် သောက်စားပျော်ပါးလိုပြီး သုံးဖြုန်းရန်ငွေလိုချင်၍ဖောက်ထွင်းမှုကို ကျူးလွန်ခဲ့ခြင်းဖြစ်သည်။ ပထမအကြိမ်တွင် ကျူးလွန်မှု ပေါ်ပေါက်ခဲ့ခြင်းမရှိသဖြင့် ပို၍ အတင့်ရဲလာပြီး ဒုတိယအကြိမ် ထပ်မံကျူးလွန်ခဲ့သည်။ မည်သို့ပင်ဆိုစေ ကျော်ကျော်သည် နောင်တ တရားများကို ရင်ဝယ်ပိုက်ကာ ဥပဒေကချမှတ်သည့် ပြစ်ဒဏ်ကို မလွဲမသွေကျခံရမည်ဖြစ်ပေတော့သည်။

ရဲရင့်သူရိန်
(နေပြည်တော်)



www.burmeseclassic.com

www.burmeseclassic.com



# တွေ့ရင်ပြောကြပါကွယ်

သင်းသင်းလှိုင် (တပ်ကုန်း)



www.burmeseclassic.com

www.burmeseclassic.com

**“တွေ့ရင်ပြောကြပါကွယ်”**

**သင်းသင်းထွို်င်(တစ်ထုန်း)**

“ငှက်ပျောတစ်ခိုင် သားတစ်ထိုင်တဲ့၊ သားလေးငှက်တုတ်ထိုင်နေပြီ သမီးလေး။ ဘယ်မိဘကမှ သားသမီးကို ပစ်မသွားရက်ပါဘူး။ မွေးစကလေးကို နို့ဦးရည်လေးတောင် မတိုက်ဘဲ ထားသွားခဲ့တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။ အမေတောင်အရွယ်ရောက်နေတဲ့သမီးကို သတိရနေသေးရင် သမီးရောသမီး သားလေးကို သတိမရဘဲနေမလား။ ဒီအဖြစ်အပျက်တွေကို မယုံနိုင်ဘူး။ အမေမယုံနိုင်ဘူး။ သမီးဒီလိုလုပ်မယ့်အကြောင်းတော့ရှိမယ်” တွေ့ရင်ပြောကြပါကွယ်”

အမေတစ်ယောက်ရဲ့ တမ်းတနေမှု လွမ်းမောဖွယ် ကောင်းလှပါတယ်။ ဒီဇာတ်လမ်းလေးက တကယ့်အဖြစ်အပျက် ကြေကွဲစရာ ဇာတ်လမ်းလေးပါ။ စိတ်ဝင်စားမယ်ဆိုရင် သေသေချာချာဖတ်ပြီး ကူညီပေးကြပါ။ “တွေ့ရင်ပြောကြပါ” ဇာတ်လမ်းလေးက ဒီလိုပါ။

နှင်းဝေမှုန်ဆိုင်းနေတဲ့ ပဲခူးရိုးမတောင်တန်းကြီးတွေကို အဝေးက လှမ်းမြင်နေရသည်။ နှင်းဝေမှုန်ဆိုင်းနေပေမဲ့ ဆောင်းတွင်းကြီးမဟုတ်ပါ။ မိုးတွင်းကာလဖြစ်ပါသည်။ တောင်ခိုးဝေဝေ မှုန်ခြေဆိုင်းနေသည်ဟု ဆိုကမမှားပါ။ ဥတ္တရသီရိမြို့နယ် မရောက်မီ လမ်းကလေးမှ တစ်ဆင့်သွားလျှင် သည်ရွာကလေးကို ရောက်မည်။ အဝေးတကြည့်လျှင် သတ္တသတ္တာဟဒ္ဒာန ဗုဒ္ဓဂါယာနှင့် မဟာဗောဓိဘုရားကိုခပ် ရေးရေးလှမ်းမြင်နိုင်သည်။

သည်ရွာကလေးက အေးချမ်းသာယာပြီး စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးကောင်းမွန်သည့် ရွာကလေးဖြစ်သည့်အတွက် “သာယာအေး”ဟု အမည်တွင်သည်။ သာယာအေးရွာ၏ ကျန်းမာရေးတာဝန်ကို ထမ်းဆောင်နေသည့် သားဖွားဆရာမလေးက စိတ်ထားနူးညံ့ သဘောကောင်းသူလေးဖြစ်သည်။ အေး ချမ်းသောမျက်နှာ၊ လှပသောအပြုံးပိုင်ရှင်၊ ဝင်းဖန့်သောအသားအရေရှိပြီး ချစ်ခင်နှစ်လိုဖွယ်ရာ အမူအရာရှိသည့် အလှကို ပိုင်ဆိုင်ထားသူ တစ်ဦးဖြစ်သည်။ တစ်ရွာလုံးက ဆရာမလေးကို အားကိုးကြသည်။

“ဆရာမ၊ ဆရာရေ သီတာခိုင် ဗိုက်နာလို့ လိုက်ခဲ့ပါဦး”

“အေးအေး လာပြီ လာပြီ လှည်းပါလား၊ အဖော်ကောပါလား။ ပစ္စည်းတွေလှည်းပေါ်တင်လိုက်ဦး”

ဆရာမလေးက လိုအပ်သည့် ပစ္စည်းများယူဆောင်၍ လူနာအိမ်ကိုလိုက်ခဲ့သည်။ သီတာခိုင်က သားဦးကိုယ်ဝန်ဖြစ်သည်။ အသက်တစ်ဆယ့်ကိုးနှစ်သာရှိ သေးသည်။ ဆရာမလေးထံတွင် ကိုယ်ဝန်စောင့်ရှောက်မှုကို ခံယူနေသူဖြစ်သည်။ ရောက်သည့်အချိန်ကို ကြည့်လိုက်သည်။ ဆယ်နာရီရှိနေပြီ။ ရောက်ရောက်ချင်း စမ်းသပ်မှုများပြုလုပ်လိုက်သည်။ သားအိမ်ဝ လက်တ



www.burmeseclassic.com

www.burmeseclassic.com



ထိုးသာပွင့်သေးသည်။ မွေးလူနာမိန်းကလေးက နာကျင်မှုကို မခံစားနိုင်၍ အော်ဟစ်နေသည်။

ဆရာမလေးက မွေးဖွားနှင့်ပတ်သက်သည့် အတွေ့အကြုံများကို သေချာရှင်းပြပြီး အားပေးစကား ပြောကြားသည်။ မွေးဖွားသည့်အချိန်ကို စောင့်စားနေသည်။ စောင့်စားနေသော်လည်း ကလေးဦးခေါင်းသည် မွေးလမ်းဝသို့ ဆင်းမလာ။ သားအိမ်အဝကလည်း တိုးတက်၍ပွင့်မလာ။ အတွေ့အကြုံအရဆိုလျှင် လူနာမိန်းကလေးသည် ဆေးရုံပို့၍ မွေးဖွားရန် လိုအပ်ကြောင်း မှန်းဆနိုင်ပြီ။

"တဲ အဒေါ်တို့ရေ သီတာခိုင်ကတော့ အိမ်မှာမွေးလို့မရနိုင်ဘူး။ ဆေးရုံသွားရလိမ့်မယ်။ ဒါကြောင့် လိုအပ်တဲ့ပစ္စည်းတွေယူပြီး ထားခေါ်ပေတော့။ ဆရာမ ဆေးရုံကို လိုက်ပို့ပေးမယ်"



နံနက်စောစော ဝေလီ ဝေလင်းအချိန်မှာ ဆေးရုံသို့ ရောက်ရှိသည်။ သီတာခိုင့်အမေ၊ အစ်မ၊ အဒေါ်တို့ ပါလာကြသည်။ သီတာခိုင့်ယောကျ်ားကတော့ ကောက်စိုက်ချိန်နွားတွေနှင့် အလုပ်မအားသောကြောင့် နောက်နေ့မှလာခဲ့ရန် သီတာခိုင်က မှာကြားသဖြင့်နေခဲ့လေသည်။

"ညီမလေးရေ ဘာ ကျွေ့စ်လဲ တွယ့်"

"ပရိုလောင်းလေးပါ အစ်မရေ။ သားဦးကိုယ်ဝန်လေးလဲဖြစ်နေတယ်။ အရပ်ကလဲ နည်းနည်းပုတယ်"

www.burmeseclassic.com



တာဝန်ကျ ဆရာဝန်မလေးက သားဖွားမီးယပ် အထူးကုကို အကြောင်းကြားလိုက်သည်။ တပ်ကုန်းဆေးရုံသည် အရင်ကလို ခုတင်ငါးဆယ်ဆံ့ဆေးရုံလေး မဟုတ်တော့ပါ။ ခုတင် တစ်ရာဆံ့ဆေးရုံဖြစ်သည့်အားလျော်စွာ အထူးကု ဆရာဝန်များ ပြည့်စုံသည့်ဆေးရုံ ဖြစ်နေလေပြီ။

သားဖွား အထူးကု ဆရာဝန်မကြီး ရောက်လာပြီး စမ်းသပ်မှုများ ပြုလုပ်ကာ လူနာရှင်များအား ခွဲစိတ်၍မွေးရမည် ဖြစ်ကြောင်း သဘောတူပါက လက်မှတ်ထိုးစေရန် အရေးပေါ် ခွဲစိတ်ရန် သီတာခိုင်ကို ခွဲစိတ်ခန်းသို့ ခေါ်ဆောင်သွား လေသည်။

နံနက် ဆယ်နာရီခွဲတွင် သီတာခိုင်အား သားယောကျ်ားလေး တစ်ယောက်ကို အောင်မြင်စွာ မွေးဖွားပေးလိုက်သည်။ မွေးပြီး ပထမနေ့-

"သီတာခိုင် ဘယ်လို နေလဲ နေလို့ထိုင်လို့ကောင်းရဲ့ လား"

"ဟုတ်တဲ့"

"အစ်မ---အစ်မ ထပ်ဦး ...... လူနာကို ဆေးတိုက်မလို့ သီတာခိုင် ဘယ်သွားလဲ"

တာဝန်ကျ ဆရာဝန်မများက ရောင်းလှည့်တိုင်း သီတာခိုင်ကို ဂရုတစိုက်မေးကြသည်။

"အရည်လေးသောက်နော် ဒါမှ နို့ထွက်မှာ။ သားသားလေးကို နို့ဦးရည်တိုက်ရမယ်။ နို့ဦးရည်က ကလေးအတွက် အားဖြစ်စေတယ်နော်"

မွေးပြီး ဒုတိယနေ့

"သီတာခိုင် ချုပ်ရိုးက အ
လား။ နာရင် ဆရာမတွေကို ပြောနော်
နို့ရည်ကောထွက်ပြီလား။ သားသား
လေးငိုနေတယ်။ နို့တိုက်ဦးနော်"

သီတာခိုင့် ယောကျ်ား
လည်း ရောက်ရှိလာသည်။ သားလေး
မွေးသဖြင့် အလွန်ပျော်နေသည်
မိန်းမကို အားပေးကာ အလုပ်ရှိသဖြ
ရွာကိုခဏပြန်ရသည်။ သီတာခိုင်
တော့ အမေနှင့်အဖေက စောင့်
သည်။

မွေးပြီး တတိယနေ့ နံန
နှစ်နာရီခန့်-

"မမ ငါ အိမ်သာသွား



www.burmeseclassic.com

www.burmeseclassic.com



မယ်"

"ညီမလေး မမ လိုက်ပို့မယ် နေဦး"

"ရပါတယ်။ အခု ကောင်းကောင်း လမ်းလျှောက်နိုင်ပြီပဲ။ ကိုယ့်ဘာသာကိုယ်သွားမယ်။ ကလေးကိုသာ ကြည့်ထားလိုက်ပါ"

သီတာခိုင်၏ အစ်မ ကလေး နှင့်အတူဖက်၍ လဲနေရင်းက အိပ်ပျော်သွားသည်။ အမေနှင့်အစ်မသုံးရက်လုံးလုံး ပင်ပန်းသောကြောင့် အိပ်ပျော်သွားခဲ့သည်။

"အစ်မ အစ်မ ထပါဦး ူနာကို ဆေးတိုက်မလို့ သီတာခိုင် ထယ်သွားလဲ"

တာဝန်ကျ ဆရာဝန်မ ေးက သီတာခိုင်ကို ဆေးတိုက်ရန် ာတ်လာသည်။ အိပ်နေသော သီခိုင့် အစ်မနှင့် အမေကို သီတာခိုင် ာဖြင့် မေးနေခြင်းဖြစ်သည်။

"အိမ်သာသွားတယ် ဆရာ အခုထိ ပြန်မလာသေးဘူး။ ကျွန်မ ကြည့်လိုက်ဦးမယ်"



"ဘာလို့လူနာကို တစ်ယောက်တည်းလွှတ်လိုက်တာလဲ ရှင်တို့ သိစ်ခက်တာပဲ"

ဆရာမလေးက ညည်းတွားရင်း ဆေးတိုက်ရန် စောင့်နေသည်။

"ဆရာမ၊ ဆရာမ အိမ်သာထဲမှာလဲ မတွေ့ဘူး"

"ကဲကဲ ဆေးရုံ ဒီဖြင် အဆောင်တွေ လိုက်ကြည့်ကြရအောင် လမ်းတွေဘာတွေများ ထွက်လျှောက်နေသလားလို့"

အားလုံး နေရာ အနှံ့အပြားသို့ လိုက်ရှာသော်လည်း သီတာခိုင့် အရိပ်အယောင်မတွေ့ပါ။ တစ်ဆေးရုံလုံး အုတ်အော်သောင်းတင်းဖြစ်သွားကြသည်။ ကားလမ်းနှင့်နီးသဖြင့် ကားများတိုက်ပြီလား၊ ရေထဲများကျသွားပြီလား၊ သို့လောသို့လောဖြင့် ရှာဖွေကြသည် မတွေ့။ ဆေးရုံအုပ်ကို အကြောင်းကြားကာ ရဲစခန်းသို့ တိုင်ကြားရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်၊ နှစ်ရက်၊ သုံးရက်မှသည် ဆယ်ရက်တိုင်ပြီ ဘာသတင်းမျှမရ။ အမြို့မြို့အနယ်နယ် ရဲစခန်းသို့ အကြောင်းကြားထာ ဓာတ်ပုံပို့ လူရောက်တိုင်ကြားထားသည်။ သတင်းစာထဲထည့်ကြသည်။ အင်တာနက် တင်ကြသည်။ ယနေ့ထိ ဘာသံမျှမကြားပါ။ ကြာတော့ ဆေးရုံမှာ အမြဲမနေရ၊ အဘွားဖြစ်သူ မြေးကို ပိုက်၍ ဆေးရုံမှဆင်းရတော့သည်။

"အမယ်လေး ဆရာမ နှိုဦးရည်က ကောင်းတယ်ဆို။ နှိုဦးရည်တိုက်ရင် ကလေးကျန်းမာတယ်ဆို။ အခု ကျုပ်မြေးလေး နှိုဦးရည် မစို့ရဘဲ နို့ဘူးစို့နေရပြီ။ ကျုပ်သမီးလေးမတွေ့ဘဲ ကျုပ် တို့ပြန်ရတော့မယ်။ သမီးလေး ဘယ်များ ထွက်သွားပြီလဲ တွေ့ရင်ပြောကြပါကွယ်"

တစ်ရက်နှင့် တစ်ရက် တွေနိုးတွေနိုး မျှော်ကိုးနေရသည်။ ဟိုလူက ဟိုနားမှာရှိသလို ဒီလူက ဒီနားမှာရှိသလို လိုက်ရှာသော်လည်းမတွေ့။

# အမယ်လေး ဆရာမ နှိုဦးရည်ကကောင်းတယ်ဆို။ နှိုဦးရည်တိုက်ရင် ကလေး ကျန်းမာတယ်ဆို။ အခု ကျုပ်မြေးလေး နှိုဦးရည်မစို့ရဘဲ နို့ဘူးစို့နေရပြီ။

လူမောင်ငွေကုန်သာအဖတ်တင်လေ… သည်။

✿ ✿ ✿

"အန်တီ သမီးတွေသိ… ရမလား"

"ဘယ်သူလဲဟေ့ အေး… အေးဝါလား လာလေကွယ် ဝင်ခဲ့"

သာယာအေးရွာတွင် … ဝန်ကျသည့် သားဖွားဆရာမလေး… ဖြစ်သည်။ ကျွန်မက တစ်ကုန်း… မိခင်ကလေးဌာနမှာ ကျန်းမာရေး… ဆရာမအဖြစ် တာဝန်ထမ်းဆော… နေသူ ဖြစ်သည်။ တစ်ကုန်းမြို့… တာဝန်ကျလာသည့် သားဖွားဆ… အသစ်ကလေးများကို လုပ်ငန်း… တွေ့အကြုံများကို သင်တန်းပေး… ခြင်း တာဝန်ကို ယူနေသူတစ်ဦး… သည်။ ရောက်လာသမျှ ဆ… အားလုံးကို ကျွန်မသားဖွားခန်း… လက်တွေ့ သင်ကြားပေးပြီး … ကျင်မှု ရှိမှသာ ကျေးရွာများ… ပို့ဆောင်ပေးရသည်။ ထို့ကြော… ရောက်လာသည့် ဆရာမအ…



www.burmeseclassic.com

www.burmeseclassic.com



သားအမိသဖွယ် ခင်မင်ရင်းနှီးနေသည်။ သူတို့၏ အခက်အခဲကို ဖြေရှင်းပေးသူ၊ အတိုင်ပင်ခံတစ်ဦး ဆိုလည်း မမှားပေ။

"အန်တီရယ် သီတာခိုင်တာ ဘယ်လိုဖြစ်လဲဆိုတာ မတွေးတတ်အောင်ဘဲ အန်တီလဲ တွေးကြည့်ပါဦး"

"သူတို့ လင်မယားမှာ ရန်ငြိုးရန်စလဲ မရှိဘူး။ မိဘညီမတွေနဲ့လဲ ဘာမှမဖြစ်ဘူးဆိုတော့ စဉ်းစားရခက်သား။ တစ်ခုတော့ မှတ်တယ် အန်တီ ဒီလိုစဉ်းစားမိတယ်။ ဆွေးပြီး တတိယနေ့ဆိုတာက အန်တီတို့မိဘလူကြီးတွေ ပြောတာကြားဖူးတယ်။ သွေးဟောင်းသွေးသစ်လဲတဲ့နေ့ဖြစ်တယ်။ အဲဒီနေ့မှာ ဆူပူတာတို့ ထိတ်လန့်စရာတွေ မတွေ့ရဘူးတဲ့။ သီတာခိုင်လဲ အိမ်သာသွားရင်း ထိတ်လန့်စရာများတွေ့ပြီး ခြေဦးတည့်ရာ သွားလိုက်တာကနေ မသမာသူတွေနဲ့ တွေ့သွားလားမသိဘူး။ တကယ်လို့ အသက်ကို ရန်ရှာမယ်ဆိုရင်လဲ အလောင်းကို တစ်နေ့မဟုတ် တစ်နေ့တော့ တွေ့မှာပဲ။

"အင်း ...ဆေးရုံအတွက်ကားလမ်းဆိုတော့ အချိန်ကလဲ နှစ်နာရီခွဲ သုံးနာရီဆိုတော့ ကောင်းတဲ့အချိန် မဟုတ်ဘူး။ မသမာသူတွေ ကျက်စားနိုင်တဲ့ အချိန်ကောင်းပဲ။ လူကုန်ကူးသူတွေနဲ့များ တွေ့သွားသလား။ ကောင်မလေးက ခပ်ချောချောလေးဆို ....

"အန်တီရယ် အဲဒီလိုဆိုရင် သီတာခိုင်အတွက် သနားပါတယ်။ ချုပ်ရိုးတောင် မဖြေရသေးဘူးနော်။ သမီးလဲ ရွာမှာ သူ့ကလေးမြင်တိုင်း စိတ်မကောင်းဘူး။ ကလေးက အခုဆိုရင် ခုနစ်လတောင်ရှိပြီ။ မာမာ မာမာနဲ့ အမေကိုစခေါ်နေပြီ၊ သူ့အဘွားက သူ့မြေးကိုကြည့်ပြီး နေ့တိုင်းငိုနေတာ။ အန်တီက စာရေးတော့ အန်တီ ကလောင်စွမ်းနဲ့ လူတိုင်း သိအောင် ပြောပေးပါလား။ အကူအညီကောင်းတဲ့ သဘောပေါ့ "တွေ့ရင်ပြောကြပါ" လို့။

သားဖွား ဆရာမလေးက ဆွေးဆွေးမြည့်မြည့်ဖြင့် ကျွန်မကို အကူအညီတောင်းနေသည်။ အမေဆိုတာ သားသမီးနဲ့ တစ်ခဏတာတောင် ခွဲမရဘူး။ ခဏလေးခွဲရင်တောင် နှိုတင်းပြီး နှိုသက်တဲ့အဖြစ်။ အခုအဖြစ်က စိတ်မကောင်းစရာ။ သီတာခိုင် ဘယ်ဆီရောက်နေပြီလဲ။ လူကုန် ကူးခံရပြီလား။ ဘွားအေတစ်ယောက်၊ အဖေနှင့်တကွ ဆွေမျိုးသားချင်းများက ဘယ်ဝယ်ဘယ်ဝယ် မျှော်မှန်းတမ်းတနေရသည်။ ဘယ်တော့များ ပြန်လာလေမလဲ။ ဘယ်ကများ သတင်းရမလဲ မျှော်မှန်းနေကြပြီ။

ဒီဇာတ်လမ်းလေးဖတ်ပြီး တွေ့ရှိသတင်း ကြားမိသူများ သတင်းပေးကြပါ။ အမေတစ်ယောက်ရဲ့ မေတ္တာကိုမျှော်ကိုးနေတဲ့ သားလေး တစ်ယောက်ကို သနားရင်ဖြင့် "တွေ့ရင်ပြောကြပါကွယ်"

**သင်းသင်းထွေး(ထပ်ထုန်း)**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



စုံထောက်ကြီး ဦးဘလှနှင့် အငြိမ့်မင်းသမီး လှလေးစိန် ပျောက်ဆုံးမှု

မင်းသကြီးနဲ

"ကျွန်တော့်ကို ထိုင်ခွင့်ပြုပါခင်ဗျား"

ဟု ဆိုကာ အသံကြားရသည်နှင့် တစ်ပြိုင်တည်း ကျွန်ုပ်နှင့် စုံထောက်ကြီး ဦးဘလှတို့သည် ပြိုင်တူ လက်ဖက်ရည်သောက်နေကြရင်း ၎င်းအားကြည့်လိုက်ကြလေ၏။

၎င်းသည် ခွင့်တောင်း၍ ခုံလွတ်တစ်ခုတွင် ဝင်၍ ထိုင်လေ၏။ ထို့နောက် ၎င်းက ကျွန်ုပ်နှင့် စုံထောက်ကြီး ဦးဘလှအား-

"အနှောင့်အယှက်ပေးတယ်လို့ မထင်ပါနဲ့၊ စုံထောက်ကြီးတို့အိမ်ကို ရောက်ခဲ့ပါသေးတယ်။ လူတစ်ယောက်က လက်ဖက်ရည်ဆိုင်မှာ တွေ့ခဲ့တယ်လို့ ပြောလို့ လိုက်လာခဲ့တာပါခင်ဗျာ"

ဟု ပြောလေတော့၏။

"ဟုတ်ပါပြီဗျာ။ မိတ်ဆွေက ကျုပ်တို့ကို တွေ့ချင်ရတဲ့ အကြောင်းလေး ပြောပါဦးလေ"

ဟု စုံထောက်ကြီး ဦးဘလှက ပြောလိုက်ရာ ၎င်းက-

"ဟုတ်ကဲ့ ပြောပါ့မယ် ခင်ဗျာ၊ ကျွန်တော်က အငြိမ့်ထောင်ဆရာပါ။ ကျွန်တော့်နာမည် ရွှေစိုးဟန်ပါခင်ဗျာ။ ကျွန်တော် ထောင်တဲ့ အငြိမ့်တွေကလဲ ကျွန်တော့်ကို အကျိုးမပေးဘူး။ ဒါနဲ့ မနှစ်က ကျွန်တော်လဲ အငြိမ့်မထောင်တော့ပါဘူး။ စိတ်ခေါင်းကွဲသွားတယ် ဆိုပါတော့ဗျာ ....

"ကျွန်တော်လဲ အငြိမ့်ပစ္စည်းတွေ ရောင်းစားပစ်မယ် လုပ်နေတုန်း ပြီးခဲ့တဲ့ သုံးလလောက်က လက်ပံတန်းဘက်က မင်းသမီးလေး တစ်လက်ရတယ်ဗျို့။ အသံကလဲ မပြရင် အသံမျိုးဗျ။ ရုပ်ကလေးကလဲ ရုပ်ကျဗျ။ သူတို့ဆီမှာတော့ ဗြောကလေးဘာလေးက နေရရှာတယ် ...

"လက်ပံတန်းကို အလည်အပတ်သွားရင်းနဲ့ ဖြုန်းဆို အဲဒီမိန်းကလေးကို တွေ့တော့တာပဲဗျာ ...

"ကျွန်တော်လဲ မြင်မြင်ချင်းပဲ သဘောကျတော့တာပဲ။ ဒီမိန်းကလေးနဲ့ အလုပ်လုပ်ရရင် တစ်သက်လုံး အငြိမ့်ထောင်ထားတဲ့ အရှုံးတွေ ကျေနိုင်လောက်တာပေါ့ဗျာ။ အဲဒါနဲ့ သူ့ကို မရမက ခေါ်လာခဲ့ရတယ်။ သူ့မိဘတွေကိုလဲ ကျေနပ်အောင်ပေး၊ ဘာပြောကောင်းမလဲဗျာ။ ဒီမိန်းကလေး ကျုပ်နဲ့ လိုက်ပြီး အလုပ်လုပ်မယ် လဲဆိုရော ကျွန်တော်ဟာ ဝမ်းသာလွန်းလို့ သူတို့ရွာတစ်ရွာလုံးကို ဝက်သားဟင်းနဲ့တောင် ထမင်းကျွေးခဲ့သေးတယ်။ အဲဒီမိန်းကလေး နာမည်က မယဉ်နုတဲ့။ ကျွန်တော်က အဲဒီမိန်းကလေးလဲ ကျွန်တော်နဲ့ ပါလာရော အငြိမ့်ထောင်မယ့် နာမည်ကို ဗေဒင်ဆရာကြီးတစ်ယောက်နဲ့ ဗေဒင်တွက်ချက်ပြီး ပေးတော့တာပဲ ...

"မိန်းကလေးနာမည်ကို 'လှလေးစိန်' လို့ ပေးလိုက်တယ်။ ဒါနဲ့ ကျွန်တော်လဲ ဆိုင်းဆရာတွေ ပြန်ခေါ် လူပြက်တွေပြန်ခေါ် လက်ထောက်မင်းသမီးတွေ ပြန်ရှာပြီးတော့ စာဘ်တိုက်လာတာ လေးလရှိပြီဗျ။ ပြည့်ပြည့်စုံစုံကြီးကို တိုက်ပြီးပြီဗျာ။ မိန်းကလေးက အသံကောင်းတော့ သီချင်းတွေကို အများကြီး စပ်ပြီးပြီ။ သီချင်းရေးဆရာတွေကလဲ ထိပ်တန်းပဲဗျို့။ လှလေးစိန်အတွက် ရေးပေးလိုက်တဲ့ သီချင်းတွေကလဲ မနည်းပါဘူး"

ဟု ပြောလိုက်လေ၏။ ထိုအခါ စုံထောက်ကြီး ဦးဘလှက-

"ဒါတွေ ထားတော့ .. အငြိမ့်ထောင်ဆရာကြီး လိုရင်းကလေးကို ရောက်အောင်သွားကြရအောင်ဗျာ"

ဟု ပြောလိုက်ရလေတော့

www.burmeseclassic.com



၏။ ထိုအခါကျမှပင် အငြိမ့်ထောင် ဆရာ ဦးရွှေစိုးဟန်က -

"ဟုတ်ပါ့ဗျာ …ကျွန်တော်လဲ လေကြောအတော့်ကို ရှည်တာပဲ။ ဖြစ်ပုံက ဒီလိုဗျ။ လက်ကမ်းကြော်ငြာတွေ ဘာတွေလဲ ရိုက်ပြီးပြီ။ ဘုရင်ခံ ဒါဘာပွဲက ခွင့်ရလို့ရှိရင် အငြိမ့်ဟာ တစ်ရှိန်ထိုး တိုးတက်သွားရောဗျ …

"ဒါပေမဲ့ ကဖို့တန်းစီထားတာ အငြိမ့်က သုံးဖွဲ့ကြီးများတောင်။ ဘုရင်ခံဒါဘာပွဲမှာ ဘာဖြစ်လို့ ကချင်ရတာလဲဆိုတော့ ဒီလိုပါ။ အနယ်နယ် အရပ်ရပ်က အရာရှိတွေလာကြည့်မှာကိုးဗျ။ အဲဒီတော့ သူတို့နယ်တွေရောက်တဲ့အခါမှာ အကြောင်းကိစ္စရှိလို့ အငြိမ့်ငှားချင်ရင် ဒါဘာပွဲမှာကြည့်ဖူးတဲ့ အငြိမ့်ကိုပဲ ငှားလေ့ရှိတယ်ဗျ။ အဲဒီတော့ ဒါဘာပွဲမှာ ကခွင့်ရအောင် အငြိမ့်တွေဟာ သူ့ထက်ငါ ကြိုးစားကြတာပေါ့ဗျာ။ အဲဒီမှာ ကျွန်တော့်ရဲ့ လှလေးစိန် အငြိမ့်က ပထမ က,ခွင့်ရတယ်။ အရန်အဖြစ်နဲ့က ရွှေကုံကော်ဆိုတဲ့ အငြိမ့်က စာရင်းသွင်းထားခံရတယ်။ အကြောင်းအမျိုးမျိုးကြောင့် လှလေးစိန် မကဖြစ်ခဲ့ရင် ရွှေကုံကော်က ရမယ်ပေါ့ဗျာ။ လာမယ့်နေ့က နိုဝင်ဘာ ၁၉ ရက်ဗျ။ ဒီကနေ့ကဆိုရင် တစ်ပတ်ရှိသေးတာပေါ့။ ဒါပေမဲ့ ကျွန်တော့်ရဲ့ မင်းသမီး လှလေးစိန် ပျောက်နေတာကတော့ လေးရက်ရှိပြီ။ ဘာသတင်းကိုမှ အစအန ရှာမရဘူး။ အဲဒါ စုံထောက်ကြီး ဦးဘလှထံကို ရောက်လာရတာပါပဲခင်ဗျာ။ ကျွန်တော့်ကို ကူညီပါဦးဗျာ။ အထူးသဖြင့်ကတော့ စုံထောက်ကြီး ဦးဘလှပါပဲ။ စုံထောက်ကြီးသာ မကယ်ရင်တော့ ကျွန်တော်တော့ ဒုက္ခရောက်ပါပြီ"

ဟု ပြောလိုက်လေတော့၏။

"နေဦးပါဦး အငြိမ့်ဆရာရဲ့၊ ဒါဘာပွဲမှာ က,ဖို့ စရန်ငွေယူထားသလား မက,ရင်ကော ပြန်ပြီး လျော်ရမှာလား"

ဟု စုံထောက်ကြီး ဦးဘလှက မေးလိုက်လေ၏။

"စရန်ငွေ မယူထားပါဘူးခင်ဗျာ။ မက,နိုင်ရင်တော့ လျော်ရမယ်။ အဲဒါကလဲ အရေးမကြီးပါဘူးဗျာ။ ဒါပေမဲ့ ကျွန်တော်က အဲဒီပွဲမှာကမှ ကျွန်တော့်အငြိမ့်နာမည်ရမှာ"

ဟုဦးရွှေစိုးဟန်က ပြောလိုက်လေ၏။

"ဘယ်နေ့ကပျောက်တာလဲ၊ ဘယ်အချိန်မှာပျောက်တာလဲ၊ အဲဒါကိုအတိအကျ ပြောစမ်းပါ"

ဟု စုံထောက်ကြီးဦးဘလှက မေးလိုက်လေ၏။

"ပြီးခဲ့တဲ့ ကြာသပတေးနေ့က ပျောက်တာဗျ။ အဲဒီနေ့က ကျွန်တော်ကလဲ ကိစ္စတစ်ခုနဲ့ အပြင်ထွက်တယ်။ ဆိုင်းဆရာနဲ့ လှလေးစိန်က သီချင်းတိုက်နေတယ်။ ကျန်တဲ့ လက်ထောက်မင်းသမီးကလေးတွေကလဲ ရှိတယ်။ အဲဒီအချိန်မှာ လူကြီးတစ်ယောက် ရောက်လာပြီး လှလေးစိန်ကို တွေ့ချင်တယ်လို့ ပြောတယ်။ အဲဒီမှာ လူကြီးက လှလေးစိန်ကို ခေါ်ပေးလိုက်တယ်။ အဲဒီမှာ လူကြီးက လှလေးစိန်ကို စာစောင်တစ်စောင် ပေးလိုက်တယ်။ လှလေးစိန်က စာလဲဖတ်ပြီးရော "အဒေါ် … ဒါ ကျွန်မ ဦးလေးပါ၊ ဟောဒီ လမ်းထိပ်လိုက်ပို့လိုက်ဦးမယ်" လို့ဆိုပြီး ပါသွားတာ အခုထိပါပဲဗျာ။ ကျွန်တော်ငဲ ကျွန်တော့်မိန်းမကို ဒီလောက် အရှသလားဆိုပြီး ရိုက်လိုက်တာ ယိုးဒယားက က,တဲ့အတိုင်း တွေ ကောက်နေတာပဲ ….

"ပြီးတော့ ကျွန်တော်ငဲ ပုလိပ်မေးဒီစမ်းပေါ့ဗျာ။ ဒါပေမဲ့ အခု ထိတော့ သဲလွန်စ မရသေးဘူး။ အဲဒါ စုံထောက်ကြီး ဦးဘလှ တ ဆိတ်လောက် ကူညီပါဦးဗျာ။ ကျွန်တော်ဖြင့် ရူးတောင်ရူးချင်ပြီ ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဦးရွှေစိုးဟန်က ပြောလိုက်လေ၏။

စုံထောက်ကြီး ဦးဘလှသည် လက်ဖက်ရည်ကို မော့သောက်လိုက်ပြီးနောက်-

"ဦးရွှေစိုးဟန်ရဲ့ မိန်းမနဲ့ တွေ့ချင်တယ်"

ဟုပြောလိုက်ရာ ဦးစိုးရွှေဟန်က -

"စုံထောက်ကြီးတို့က ယိုးဒယားက ကြည့်ချင်လို့လား"

ဟု ပြောလိုက်လေ၏။ ထို့နောက် ကျွန်ုပ်တို့သည် ဦးရွှေစိုးဟန် အိမ်သို့ မြင်းလှည်းငှား၍ သွားကြလေတော့၏။

>>>

"လှလေးစိန် အငြိမ့်" ဟူသော ဆိုင်းဘုတ် ချိတ်ဆွဲထားသည့် အိမ်ရှေ့သို့ ရောက်သည့်အခါ ဦးရွှေစိုးဟန်က မြင်းလှည်းသမားအား ရပ်ခိုင်းလိုက်ပြီး မြင်းလှည်းပေါ်မှ ဆင်းခဲ့ကြလေ၏။

အိမ်ထဲသို့ ရောက်သည့်အခါ လှလေးစိန် ကနေသော ဓာတ်ပုံများလည်း အမြောက်အမြား ချိတ်ဆွဲထား၏။ "စရန်ငွေ တစ်ဝက် မ,စခဲ့ပါ" ဟူသော စာတန်းတစ်ခုကိုလည်း တွေ့ရလေ၏။

ဦးရွှေစိုးဟန်က ၎င်း၏မိန်းမနှင့် စုံထောက်ကြီး ဦးဘလှအား တွေ့ပေးလိုက်လေ၏။ စုံထောက်ကြီး ဦးဘလှက-

"လှလေးစိန်ကို လာခေါ်တဲ့ လူကြီးရဲ့ ပုံသဏ္ဍာန်ကို မှတ်မိသလောက် လာပြောစမ်းပါ"

ဟု ပြောလိုက်လေ၏။

ထိုအခါ ဦးရွှေစိုးဟန် မိန်းမက-

"အသက် ငါးဆယ်ကျော်လောက်ရှိပြီ။ လူကြီးက ရည်ရည်မွန်မွန်ပါပဲ။ အသားမည်းလိုက်တာတော့ မပြောနဲ့ မီးသွေးခဲကတောင် အဖေခေါ်ရလိမ့်မယ် ထင်တယ်"

ဟုပြောလိုက်လေ၏။

"လှလေးစိန်ကို စာပေးတယ်ဆိုတာ စာအိတ်လား၊ စာရွက်အလွတ်လား"ဟု စုံထောက်ကြီး ဦးဘလှက ပြောလိုက်ရာ-

"စာအိတ် မဟုတ်ပါဘူး… ခေါက်ထားတဲ့ စာရွက်လေးပါ။ ကျွန်မ ကောင်းကောင်း မှတ်မိပါတယ်"

ဟု ဦးရွှေစိုးဟန်၏ မိန်းမက ပြောလေ၏။

"အဲဒီအချိန်မှာ အသားမည်းတဲ့ လူကြီးက လှလေးစိန်ကို လာပြီးခေါ်တာ ခင်ဗျားအပြင် ဘယ်သူတွေ မြင်ကြသေးလဲ"

"ဘယ်သူမှ မမြင်ဘူး။ ဆိုင်းဆရာတွေရော၊ လက်ထောက်မင်းသမီးတွေရော အိမ်ပေါ်မှာရှင်"

ဟု ဦးရွှေစိုးဟန် မိန်းမက ပြောလေ၏။

"သူတို့နှစ်ယောက် ပြောတဲ့အထဲမှာ ခင်ဗျားကြားရတာ ဘာရှိလဲ၊ ပြောစမ်းပါဦး"ဟု စုံထောက်ကြီး ဦးဘလှက မေးလိုက်ရာ ဦးရွှေစိုးဟန် မိန်းမက-

"လှလေးစိန်ဟာ စာကိုဖတ်ပြီးတာနဲ့ 'ကျွန်မပါ လိုက်ပြီး သေရမှာပါပဲ'လို့ ပြောလိုက်တယ်။ အဲဒီအခါမှာ လူကြီးက ကျုပ်သာ မိန်းကလေးဆိုရင်တော့ လိုက်ပြီး သေမှာပဲလို့ ပြောတာကိုတော့ ကြားလိုက်ရတယ်"ဟုပြောလေ၏။

စုံထောက်ကြီး ဦးဘလှသည် တစ်စုံတစ်ရာပြောဆိုခြင်းမရှိဘဲ တစ်နေရာသို့ ငေးမောတွေးတောနေဟန်ရှိ၏။ လေးလေးနက်နက် စဉ်းစားနေသည်ဟု ဆိုလျှင် ပို၍မှန်လေ၏။

"ကယ်ပါဦး စုံထောက်ကြီး ဦးဘလှရယ်။ အဲဒီကိစ္စအတွက် ဘယ်လောက်ပဲကုန်ကုန် ကျွန်တော် အကုန်ခံပါ့မယ်"

ဦးရွှေစိုးဟန်က ပြောလိုက်ရာ စုံထောက်ကြီးဦးဘလှက

"ခင်ဗျား ဘယ်လောက် အကုန်ခံနိုင်လို့လဲ"

ဟု မေးလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ စုံထောက်ကြီး ဦးဘလှ။ ဘုရင်ခံ ဒါဘာပွဲမှာ လှလေးစိန်ကို အငြိမ့် က,နိုင်အောင် သာ ရှာပေးပါ… ဆရာ ဘယ်လောက်တောင်းမလဲ"

ဟု ဦးရွှေစိုးဟန်က မေးလိုက်လေ၏။ ထိုအခါ စုံထောက်ကြီးဦးဘလှက-

"ကဲ… ကျုပ်တို့သွားမယ်"

ဟုဆိုကာ အငြိမ့်ထောင်ဆရာအိမ်မှ ထွက်လာခဲ့ကြလေ၏။

>>>

ကျွန်ုပ်နှင့် စုံထောက်ကြီး ဦးဘလှတို့သည် လမ်းထိပ်ရှိ ကွမ်းယာဆိုင်မှ ကွမ်းယာတစ်ယာ ဝယ်စားရင်း စုံထောက်ကြီး ဦးဘလှက-

"ဟေ့ကောင် ဟောဟို အငြိမ့်ထောင်တဲ့ အိမ်က အငြိမ့်မင်းသမီး လှလေးစိန်ဆိုတာကို မင်းမြင်ဖူးလား" ဟု မေးလိုက်လေ၏။

ကွမ်းယာရောင်းသည့် လူက

"အဲဒီအိမ်က အငြိမ့်မင်းသမီးကို တစ်နေ့ကမှ မြင်ဖူးပါတယ်။ ဟိုလမ်းမတော်ထိပ်က ပွဲရုံပိုင်ရှင် ပွဲစားကြီးနဲ့ အတူလျှောက်လာကြတယ်"ဟုပြောလိုက်၏။

ထိုအခါ စုံထောက်ကြီး ဦးဘလှက-

"ပွဲစားကြီးဆိုတာ သေချာရဲ့လားကွ" ဟု ပြန်မေးလိုက်လေ၏။

"ဘာဖြစ်လို့ မသေချာရမှာလဲဗျာ။ ကျွန်တော့်ဆီမှာတောင် ကွမ်းယာတစ်ယာ ဝယ်စားသေးတယ်။ အဲဒီ မင်းသမီးက ပါးမှာမှဲ့ ကလေးပါသေးတယ်"

ဟု ကွမ်းယာရောင်းသူက ပြန်၍ ပြောလိုက်လျှင် စုံထောက်ကြီး ဦးဘလှက-

"ကျေးဇူးတင်တယ်ကွာ တစ်ခုပဲ မေးဖို့ရှိတော့တယ်။ အဲဒီ ပွဲစားကြီးနာမည်ကို မင်းသိလား"

ဟုပြောလိုက်ရာ ကွမ်းရောင်းသူက

"သိပါတယ် ဆရာ။ ပွဲစားကြီးဆိုပေမဲ့ သူက အားကြီးမိုက်တယ်။ သူ့ကို မသိရင် ကျွန်တော် ဒီမှာ ဘယ်လိုကွမ်းယာရောင်းမလဲ ဆရာလဲ သိမှာပါ။ ဦးလွန်းထေဗျာ" ဟု ပြန်ပြောလေ၏။

ထို့နောက် စုံထောက်ကြီး ဦးဘလှသည် ကွမ်းယာဆိုင်မှ ထွက်ခဲ့လေ၏။ လမ်းတွင် ကျွန်ုပ်အား စုံထောက်ကြီး ဦးဘလှက-

"ကံစမ်းထီ ထိုးလိုက်တာ ဒီတစ်ခါတော့ သိန်းဆုထပေါက်သွားတာပဲဗျို့ … မိန်းမချောတစ်ယောက် လမ်းသွားတာကို အငြိမ့်



www.burmeseclassic.com



လူအဖို့ မှတ်မှတ်သားသား မရှိပေမဲ့ ကွမ်းယာသည်အဖို့တော့ မှတ်မှတ်သားသား ရှိတယ်ဗျ။ အဲဒါနဲ့ ကွမ်းယာဝယ်စားရင်းမေးလိုက်တာ ကျုပ်ထင်တဲ့အတိုင်း ဖြစ်နေတာ” ဟု ပြောလိုက်ရာ ကျွန်ုပ်က-

“ကွမ်းယာဆိုင်က ဟိုဘက်မှာလဲရှိတယ်လေဗျာ၊ ခင်ဗျားက ဘာဖြစ်လို့ ဒီဆိုင်ကိုမှ ရွေးပြီးမေးရတာလဲ”

မေးလိုက်လေ၏။ ထိုအခါ စုံထောက်ကြီး ဦးဘလှက-

“ဒါက ဒီလိုရှိတယ် ဦးဘအေးရ၊ တက္ကစီ ငှားစီးမယ်ဆိုရင်လဲ ဒီဘက်ကိုလာဖို့ များတယ်ဗျ။ ကားလမ်းနဲ့ နီးတာကိုး ကိုယ်ပိုင်ကားပါလာလို့ သူများမမြင်အောင် ကားကို ရပ်ထားမယ်ဆိုရင်လဲ ဒီဘက်မှာ ရပ်ဖို့များတယ်လေ။ ဒါကြောင့် ဒီဘက်က ဆိုင်ကိုမေးရတာ။ ကွမ်းယာသည်ပြောလိုက်တော့ ရှင်းသွားတာပဲ။ ပွဲစားကြီး ဦးလွန်းနဲ့ ပါသွားတယ်ဆို ပဲ။ အဲဒီတော့ ကျုပ်တို့ ပွဲစားကြီးအိမ်ကို သွားကြစို့” ဟု ပြောလိုက်လေတော့၏။

“အဲဒီ ဦးလွန်းဆိုတာ ကျုပ်ကြားဖူးတယ်ဗျ။ ဒီလူဟာ အတော်နာမည်ကြီးတဲ့ လူမိုက်တစ်ယောက်ပဲ။ လက်သည်မပေါ်တဲ့ လူသတ်မှုတွေကို ကျူးလွန်ဖူးတယ်ဆိုပဲ” ဟု ကျွန်ုပ်က ပြောလိုက်၏။

“မှန်ပါတယ်၊ သိပ်ကိုမှန်တာပေါ့ဗျာ။ ဦးဘအေးရာ .. ဒီလူကြီးဟာ လူမိုက်ကြီးပဲ။ ဒါပေမဲ့ သူနဲ့က မတွေ့လို့ကို မဖြစ်ဘူး။ တွေ့ကိုတွေ့ရမှာပဲ” ဟု စုံထောက်ကြီး ဦးဘလှက ပြောလိုက်လေ၏။

ထို့နောက် စုံထောက်ကြီး ဦးဘလှက ဦးဆောင်၍ ကျွန်ုပ်အား ပွဲစားကြီး ဦးလွန်းအိမ်သို့ ခေါ်သွားလေတော့၏။

>>>

ပွဲစားကြီး ဦးလွန်းအိမ်မှာ နှစ်ထပ်အိမ် ဖြစ်၏။ အောက်ထပ်တွင် ‘လွန်းသစ္စာပွဲရုံ’ ဟူသော စာတန်းကို တွေ့ရလေ၏။

သို့ရာတွင် ပွဲရုံဟု ဆိုသော်လည်း မည်သည့်ပစ္စည်းမှ မည်မည်ရရ မရှိချေ။ ကုလားထိုင် သုံး၊ လေးလုံးနှင့် စားပွဲခုံတစ်လုံးသာ ရှိလေ၏။ ထို့ကြောင့် ကျွန်ုပ်က-

“ဗျို့ … ဦးဘလှ ပွဲရုံသာဆိုတယ် ဘာကုန်ပစ္စည်းမှလဲ မရှိပါလားဗျ” ဟု မေးလိုက်ရာမှ စုံထောက်ကြီး ဦးဘလှက-

“ဘယ်နဲ့ဘာမှမရှိရမှာလဲ သူတစ်ယောက်လုံး ထိုင်နေတာ မတွေ့ဘူးလား။ ကျုပ်တို့အနေနဲ့က ဘာကုန်ပစ္စည်းမှ ရှိစရာမလိုပါဘူး။ ပွဲစားကြီး ဦးလွန်းရှိဖို့ပဲ လိုတယ်။ ပြီးတော့ ‘လွန်းသစ္စာပွဲရုံ’ လို့ ဆိုပေမဲ့ ဒီနားတစ်ဝိုက်မှာရှိတဲ့ ပွဲရုံတွေဟာ သူ့ကိုဆက်ကြေးပေးရတာ။ ဒါကြောင့် သူ့ပွဲရုံမှာ ငရုတ်သီးအိတ်တို့၊ ကြက်သွန်အိတ်တို့၊ အာလူးအိတ်တို့ မလိုဘူး” ဟု ပြောလိုက်လေ၏။

ထို့နောက် ကျွန်ုပ်နှင့် စုံထောက်ကြီး ဦးဘလှတို့သည် လွန်းသစ္စာ ပွဲရုံအတွင်းသို့ ဝင်သွားကြလေ၏။

ဦးလွန်းဆိုသူက ကျွန်ုပ်နှင့် စုံထောက်ကြီး ဦးဘလှအား မြင်လျှင် မနှစ်မြို့သော မျက်နှာထားမျိုးဖြင့် -

“ခင်ဗျားမနှစ်သက်ရင်လဲ ကျုပ်တို့ကတော့ ပြောစရာတော့လဲ လာရတာပဲ။ ဦးလွန်းရေ …ခင်ဗျား ခေါ်သွားတဲ့ အငြိမ့်မင်းသမီး လှလေးစိန်ဘယ်မှာလဲ” ဟု စုံထောက်ကြီး ဦးဘလှက မေးလိုက်ရာ ဦးလွန်းဆိုသူမှာ မျက်နှာကြီး နီမြန်းကာ စားပွဲကို လက်သီးဖြင့် ဝုန်းခနဲ မြည်အောင် ထုလိုက်ပြီးနောက် ထိုင်နေရာမှ ဆတ်ခနဲ မတ်တတ်ရပ်လိုက်လေ၏။ ထို့နောက် ဦးလွန်းက-

“ဟေ့ … ကျုပ်နာမည် မကြားဖူးဘူးထင်တယ်။ကိုယ့်လူတို့

www.burmeseclassic.com



မေးတာကို ကျုပ်လိုလူစားက ဖြေရမတဲ့လား" ဟု ကြိမ်းဝါးလိုက်လေ၏။

သို့ရာတွင် စုံထောက်ကြီး ဦးဘလှက တုန်လှုပ်သည့် အမူအရာ အလျှင်းမရှိဘဲ-

"ဒီမှာ ဦးလွန်း လှလေးစိန် ဘယ်မှာရှိတယ်ဆိုတာ မပြောချင်လဲ ရပါတယ်။ ဒါပေမဲ့ အဲဒီညနေက လှလေးစိန်ကို ခေါ်ထုတ်သွားတာ ခင်ဗျားပဲဆိုတာတော့ ငြင်းလို့မရဘူး။ ရုံးတော်ရောက်ရင် ကွမ်းယာဆိုင်က ကွမ်းယာသည်က သက်သေလိုက်လိမ့်မယ်" ဟု စုံထောက်ကြီး ဦးဘလှက ပြောလိုက်လေ၏။

ထိုအခါ ဦးလွန်းဆိုသူသည် လွန်စွာမှ စိတ်ဆိုးသည်ထက် ဆိုးသွားကာ -

"ကျုပ်ကို ဒီလိုလာပြီး ပမာမခန့်လုပ်တဲ့ကောင်တွေ သေသွားတာချည်းပဲ"

ဟုပြော၍ စုံထောက်ကြီး ဦးဘလှအနီးသို့ တိုးလာလေ၏။ ထို့နောက် ၎င်း၏ မျက်နှာကြီးကို စုံထောက်ကြီး ဦးဘလှ၏ မျက်နှာအနီးသို့ တိုးကပ်၍ မဲ့လိုက်လေ၏။ ထိုအခါ စုံထောက်ကြီး ဦးဘလှက-

"ခင်ဗျား မျက်နှာကြီးကို ဒီလိုမဲ့ရွဲ့တာ မြင်ရုံနဲ့ လိပ်ပြာလွင့်ပြီး သေသွားမယ့် လူစားမျိုးထဲမှာ ကျုပ် မပါဘူး" ဟု ပြောလိုက်ရာ ဦးလွန်းသည် ငယ်ထိပ်ကို မီးကြိုးပစ်ခံရသူအလား သွက်သွက်ခါ၍ သွားလေတော့၏။

"အခု ထွက်သွားကြ၊ ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲလိုက်ရမလား" ဟု ဦးလွန်းက ပြောလိုက်ရာ စုံထောက်ကြီး ဦးဘလှက-

"ဘယ်လိုလုပ် ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲရမှာလဲ ဦးလွန်းရယ်၊ လွန်းသစ္စာပွဲရုံကို ဝင်ပြီး ကုန်ဈေးနှုန်း စုံစမ်းတာပါလို့ ပြောလိုက်ရုံပေါ့ဗျာ။ ဒီမှာ ဦးလွန်း ခင်ဗျားအပိုတွေ လုပ်မနေနဲ့၊ ခင်ဗျားဟာ ခင်ဗျား လူမိုက်ပဲလုပ်လုပ်၊ လူလိမ်မှာပဲလုပ်လုပ် ကျုပ်က ဂရုစိုက်မှာမဟုတ်ဘူး။ ဒါပေမဲ့ ခင်ဗျားကို တစ်ခုပြောရဦးမယ်။ တချို့ကိစ္စတွေမှာ ကျုပ်နဲ့ သဘောတူရင် ဖုံးတန်တာဖုံး ဖိတန်တာဖိ လုပ်ပေးတယ်။ ကျုပ်နာမည် စုံထောက်ကြီး ဦးဘလှလို့ ခေါ်တယ်" ဟု ပြောလိုက်ရာ ဦးလွန်းက-

"ကြားဖူးတယ်၊ ဒီနာမည်ကို ကောင်းကောင်းကြားဖူးတယ်။ ဟိုနေရာ ဝင်ရှုပ်၊ ဒီနေရာဝင်ရှုပ်နဲ့ လုပ်နေတယ်ဆိုတာ ..ကဲ ကဲ သွားကြ၊ သွားကြ၊ ကျုပ်ကိုတော့ ဘာမှ မမေးနဲ့၊ ကျုပ်က ဘာမှပြောမှာမဟုတ်ဘူး။ လှလေးစိန်လဲ မသိဘူး။ မြလေးစိန်လဲ မသိဘူး" ဟု ပြောလိုက်လေ၏။

ထို့ကြောင့် ကျွန်ုပ်နှင့် စုံထောက်ကြီးတို့လည်း ဦးလွန်းအိမ်မှ ထွက်ခဲ့ကြလေ၏။ ထို့နောက် စုံထောက်ကြီး ဦးဘလှသည် ကျွန်ုပ်အား-

"မကျေနပ်စရာဗျို့ .. ဘာပဲဖြစ်ဖြစ် အမှုပေါ်အောင်တော့ လိုက်ရလိမ့်မယ်"ဟု ပြောဆိုကာ ကျွန်ုပ်တို့ အိမ်သို့ ပြန်လာခဲ့ကြလေတော့၏။

ကျွန်ုပ်တို့ အိမ်ရှေ့သို့ ရောက်ပြီး တစ်နာရီခန့်ကြာသောအခါ၌ အိမ်ရှေ့မှ တစ်စုံတစ်ယောက် မော်တော်ဆိုင်ကယ်စီးသွားသည်ကို အမှတ်မထင်လှည့်၍ ကြည့်လိုက်မိရာ ဦးလွန်းဆိုသူဖြစ်နေကြောင်း တွေ့ရလေတော့၏။

"ဗျို့ ... ဦးဘလှ၊ ဟိုမှာ ... ဟိုမှာ ဦးလွန်း ..မော်တော်ဆိုင်ကယ်နဲ့"ဟု ကျွန်ုပ်က ပြောလိုက်ရာ စုံထောက်ကြီး ဦးဘလှက ကပျာကယာကြည့်လိုက်လေ၏။ ထို့နောက် စုံထောက်ကြီး ဦးဘလှက ကျွန်ုပ်အား-

"လာဗျို့ ..ဦးဘအေးရေ" ဟုဆိုကာ တက္ကစီကားတစ်စီး

www.burmeseclassic.com





ငှား၍ ကျွန်ုပ်တို့သည် ဦးလွန်း နောက်သို့ လိုက်ကြလေ၏။

ဦးလွန်းမှာမူ ကျွန်ုပ်တို့ နောက်မှ လိုက်လာကြောင်းကို မရိပ်မိရှာပေ။ ဦးလွန်း၏ မော်တော်ဆိုင်ကယ်သည် သဃ်န်းကျွန်းကိုဖြတ်၍ တိုးကြောင်ကလေးဘက်သို့သွား၏။ တိုးကြောင်ကလေးသို့ ရောက်လျှင် မြေနီလမ်းအတိုင်း ချိုးဝင်သွားသဖြင့် စုံထောက်ကြီး ဦးဘလှက ကားသမားအား ရပ်ခိုင်းလိုက်ပြီးနောက် ကျသင့်ငွေကို ရှင်းကာ ကားပေါ်မှ ဆင်းကြလေ၏။

"ဗျို့ ဦးဘလှ ဟိုလူကြီးက ဟိုလမ်းထဲ ချိုးဝင်သွားပြီ။ တော်ကြာ မျက်ခြည်ပြတ်သွားဦးမယ်" ဟု ကျွန်ုပ်က ပြောလိုက်ရာ စုံထောက်ကြီး ဦးဘလှက-

"အဲဒီအတွက် မပူပါနဲ့ ဦးဘအေးရာ၊ အဲဒီလမ်းတစ်လျှောက်လုံးမှာ ဦးလွန်းရဲ့ မော်တော်ဆိုင်ကယ်ဘီးရာတွင် ထင်နေမှာပါ။ ရှာနိုင်လွယ်ပါလိမ့်မယ်။ လာ …လာ ဟောဒီက ဖြတ်ချလိုက်ရင် ဟိုလူကြီးရဲ့ မော်တော်ဆိုင်ကယ် မောင်းသွားတဲ့ မြေနီလမ်းရဲ့ တစ်ဝက်ကျော်ကျော်ကို ရောက်သွားလိမ့်မယ်" ဟုဆိုကာ ၄င်းကစ၍ လယ်ကွင်းကို ဖြတ်လေ၏။ ထို့နောက် ကျွန်ုပ်မှာ စုံထောက်ကြီး ဦးဘလှ နည်းတူ လိုက်လုပ်ရလေတော့၏။

တစ်အောင့်မျှကြာလျှင် ကျွန်ုပ်တို့သည် မြေနီလမ်း၏ လမ်းကွေ့ကို ရောက်လေ၏။ ထိုနေရာသို့ ရောက်၍ ကြည့်လိုက်ရာ မော်တော်ဆိုင်ကယ် ဘီးရာသည် လာလမ်းအတိုင်း ပြန်၍ကွေ့သွားသည်ကို တွေ့ရလေ၏။ ထို့ကြောင့် ကျွန်ုပ်က-

"ဘာဖြစ်လို့ ပြန်ပြီးကွေ့သွားသလဲ မသိဘူးနော်" ဟု ပြောလိုက်မိလေ၏။

"ဒါက ဒီလိုလေဗျာ။ သူ့ကို တစ်စုံတစ်ယောက်က ဟောဟို မြက်ခင်းပေါ်က လှမ်းပြီး စကားပြောလိမ့်မယ်။ အဲဒီတော့ သူက ဆက်ပြီး သွားဖို့မလိုလို့ ပြန်ပြီးကွေ့သွားတာပေါ့။ သွားဖို့မလိုတဲ့အကြောင်းက နှစ်ခုရှိနိုင်တယ်။ တစ်ခုက သူတွေ့ချင်တဲ့လူတွေ အေးအေးချမ်းချမ်းရှိနေတယ်။ သွားပြီးကြည့်ဖို့မလိုတော့ဘူးလို့ သိရရင်လဲ သူ့အနေနဲ့ ပြန်ပြီးကွေ့သွားနိုင်တယ်။ ဒါမှ မဟုတ်ရင်လဲ သူတွေ့ချင်တဲ့လူဟာ မူလနေရာမှာ မရှိတော့ဘူး။ ပျောက်ဆုံးသွားပြီဆိုတာ သိရရင်လဲ မော်တော်ဆိုင်ကယ်ကို ချက်ချင်းလှည့်ပြီး လိုက်နိုင်တယ်။ ဒါပေမဲ့ ဒီလိုမဟုတ်ဘူးဗျ။ မော်တော်ဆိုင်ကယ်ဟာ ကွေ့ထားတာ မှန်တယ်။ ဒါပေမဲ့ ဟောဟိုနားမှာ ရပ်ထားတာ တွေ့ရတယ်။ ဟောဟို ခြေရာဟာ မော်တော်ဆိုင်ကယ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



ကလူ မော်တော်ဆိုင်ကယ် အရပ်မှာ မြေကြီးပေါ် လှမ်းတောက်လိုက်တဲ့ ခြေရာဗျ။ အဲဒီခြေရာက ပျောက်မသွားဘူး။ ဟောဟိုလမ်းချိုးလေးဘက်ကို ဦးတည်ပြီး သွားနေတယ် ...

"အဲဒီတော့ ဘာဖြစ်နိုင်သေးလဲဆိုရင် ဦးလွန်းက မော်တော်ဆိုင်ကယ်ပေါ်က ဆင်းလာမယ်။ ပြီးတော့မှ သူ့လူတစ်ယောက်ကို မော်တော်ဆိုင်ကယ်နဲ့ လိုက်ကြည့်ခိုင်းမှာ၊ ငါ့နောက်က ကပ်ပြီးလိုက်လာတဲ့ မော်တော်ကားတစ်စီးကို မသင်္ကာဘူးလို့ ပြောလိုက်မယ်။ အဲဒီတော့မှ သူ့လူတစ်ယောက်က မော်တော်ဆိုင်ကယ်ကို ယူပြီး စီးသွားမယ်။ ဦးလွန်းကတော့ ဟောဟိုလမ်းချိုးအတိုင်း ဆက်ပြီး ဝင်သွားမယ်" ဟု စုံထောက်ကြီး ဦးဘလှက ပြောလိုက်ရာ တစ်စုံတစ်ယောက်သောသူက ကျွန်ုပ်တို့၏ နောက်မှနေ၍-

"အဲဒါ အမှန်ပဲ။ တစ်လုံးမှ မလွဲဘူး။ ဘာဖြစ်လို့ ဒါလောက်တောင် နှောင့်ယှက်ချင်ရတာတုံး" ဟုပြောလိုက်သော အသံကို ကြားရသဖြင့် လှည့်ကြည့်လိုက်ရာ ဦးလွန်းကိုယ်တိုင် ဖြစ်နေကြောင်းကို အံ့ဩဖွယ်ရာ တွေ့ရလေတော့၏။

"ခင်ဗျားဘက်က ကြည့်ရင် နှောင့်ယှက်တာပေါ့ဗျာ ....

"အငြိမ်းစားထောက်လှမ်းရေး ဦးရွှေစိုးဟန်ဘက်က ကြည့်ရင်တော့ ကူညီတာပေါ့။ အဲဒီထဲမှာ ဦးလွန်းဆိုတဲ့ လူတစ်ယောက်ကို လူလူချင်း ဖမ်းဆီးချုပ်နှောင်မှုနဲ့ ထောင်ထဲကို မထည့်ရအောင် ကျုပ်အနေနဲ့ ကြိုးစားကြည့်ရမှာပေါ့။ ဒါမှမဟုတ်ရင် ဘုရင်ခံဒါဘာပွဲဖျက်စီးရာ ဖျက်စီးကြောင်းလုပ်မှုနဲ့ အချုပ်ထဲသွင်းရအောင် ကူညီရဦးမှာပေါ့လေ" ဟု ပြောလိုက်သောအခါ၌ ဦးလွန်းမှာ လွန်စွာ တုန်လှုပ်သွားလေတော့၏။

ထို့နောက်မှ ဦးလွန်းက-

"လှလေးစိန်ကို ကျုပ်က ဖမ်းဆီးချုပ်နှောင်ထားတာလဲ မဟုတ်ဘူး။ ဘုရင်ခံ ဒါဘာပွဲကို ဖျက်အောင်လုပ်တာလဲ မဟုတ်ဘူး။ အဖြစ်က ဒီလိုဗျို့။ လာကြ လာခဲ့ကြ" ဟုဆိုကာ ကျွန်ုပ်တို့အား မြေနီလမ်းကလေးအတိုင်း ခေါ်၍ သွားလေတော့၏။ အတော်အတန် သွားမိသောအခါ၌ သစ်ရိပ်စွာ ဆောက်ထားသော အိမ်ကလေးတစ်လုံးကို တွေ့ရလေ၏။ အိမ်ပေါ်သို့ တက်လိုက်သည်နှင့် လူငယ်ယောက်ျားလေးတစ်ဦး၏ ဘေးတွင် တရှစ်ရှစ်ငိုနေသော မိန်းကလေးကို တွေ့ရလေ၏။

ထိုမိန်းကလေးအား မြင်လိုက်သည်နှင့် ဦးရွှေစိုးဟန် အိမ်တွင် တွေ့ခဲ့သော ဓာတ်ပုံများကို ပြန်၍ အမှတ်ရမိစေ၏။ ထို့ကြောင့် လှလေးစိန်ဖြစ်ကြောင်း ကျွန်ုပ်ကောင်းစွာ သဘောပေါက်လိုက်မိလေ၏။

ဦးလွန်းက

"ဟောဒီ မမာနေတဲ့ ကလေးက ကျုပ်ရဲ့အသက်သခင် ကျေးဇူးရှင်လေ။ တစ်ခါက ကျုပ်ရဲ့ အသက်ကို ကယ်ဖူးတယ်။ သူက သူ့ဌေးသားဗျ။ သူ့အမေနာမည်ကို ပြောလိုက်ရင် ခင်ဗျားတို့သိမှာပါ" ဟု ပြောကာ ထိုသူငယ်၏ ဖခင်နာမည်ကို ကျွန်ုပ်တို့အား ပြောပြလေ၏။

ထိုသူငယ်၏ ဖခင်မှာ တိုင်းပြည်သိ သူဌေးကြီးတစ်ဦးဖြစ်လေ၏။ ထိုလူငယ်မှာမူ လက်ပံတန်းသို့သွားရင်း လှလေးစိန်နှင့်တွေ့ကာ မေတ္တာမျှခဲ့လေ၏။ သူငယ်လေး၏ ဇာတိမှာ ပြည်မြို့က ဖြစ်၏။ မိဘများက ပြည်မြို့၌ပင် ရှိကြလေ၏။ သူငယ်၏ မိဘများသည် သူငယ်အား လှလေးစိန်နှင့် လုံးဝသဘော မတူကြချေ။ ထို့ကြောင့် သူငယ်အား လှလေးစိန်ကို ခိုးမပြေးနိုင်ရန် အထူးကြပ်မတ်ထားလေ၏။

ထိုအချိန်၌ပင် သူငယ်သည် မကျန်းမမာဖြစ်ကာ ရန်ကုန်သို့

www.burmeseclassic.com



ကြီးသို့ ပို့သ၍ ကုသရလေ၏။ သူငယ်သည် ဆေးရုံသို့ ရောက်နေစဉ်အတွင်း ဦးလွန်းအား တိတ်တဆိတ်လှမ်း၍ ဆက်သွယ်၏။ ထို့နောက် သူငယ်က လှလေးစိန်ထံသို့ စာတစ်စောင်ရေးပေးလိုက်၏။ ထိုအခါ ဦးလွန်းသည် လှလေးစိန်အား သူငယ်၏ စာကိုပြ၍ အမှတ်တမဲ့ ခေါ်ထုတ်သွားလေ၏။



သူငယ်ကိုလည်း လူမှာစောင့်များ အလစ်တွင် မွေ့ချီခိုးယူ၍ ၄င်းပိုင်သော ဤအိမ်ကလေးတွင် လာရောက်ဝှက်ထားပေးလိုက်ခြင်းဖြစ်၏။

လှလေးစိန်မှာ မိမိချစ်သူ မကျန်းမမာ ဖြစ်နေစဉ်အတွင်း အလုပ်ကိစ္စကို မဆိုထားနှင့် မိမိအသက်ဘေးကိုပင် စိုးရိမ်မည့် မိန်းကလေးမျိုး မဟုတ်ချေ။

ဦးလွန်းမှာ လူဆိုးလူမိုက်တစ်ဦးဖြစ်သော်လည်း ဤကိစ္စမျိုး၌မူ သူတစ်ပါး၏ ကောင်းကျိုးကို ဆောင်ရွက်သူတစ်ဦးဖြစ်၏။

ထို့ကြောင့် စုံထောက်ကြီး ဦးဘလှက လှည်းကူးဂါတ်မှ ပုလိပ်အရာရှိတစ်ဦးကို မှာယူပြီးလျှင် ၄င်းတို့နှစ်ဦးအား တရားဝင်အကြင်လင်မယားဖြစ်စေရန် စီစဉ်ပေးပြီး သူငယ်အား စုံထောက်ကြီး ဦးဘလှက-

"ဒီမှာ ငါ့ညီ လှလေးစိန်က က,မှဖြစ်မယ်၊ မက,ရင် ဘုရင်ခံပွဲဆိုတော့ မတွေ့တွေ့အောင် ရှာကြလိမ့်မယ်။ အကောင်းဆုံးကတော့ လှလေးစိန်ကို ကျုပ်တို့နဲ့ ထည့်လိုက်ပါ။ ဒါဘာပွဲကပြီးရင်တော့ ကျုပ်ကိုယ်တိုင် ပြန်ပို့ပေးပါ့မယ်" ဟု ပြောလိုက်လျှင် သူငယ်က သဘောတူလေ၏။

ထို့ကြောင့် ကျွန်ုပ်တို့သည် လှလေးစိန်အား ခေါ်ခဲ့ကြလေ၏။ ဦးလွန်းကမူ-

"စုံထောက်ကြီးရေ အမှုတွေ ဘာတွေဖြစ်ရင် ကျုပ်မပါအောင်တော့ ကြည့်လုပ်ပေးပါဗျာ" ဟု ပြောရင်း ကျန်ရစ်ခဲ့လေတော့၏။

ကျွန်ုပ်နှင့် စုံထောက်ကြီး ဦးဘလှသည် လှလေးစိန်အား အငြိမ့်ထောင်ဆရာ ဦးရွှေစိုးဟန်အိမ်သို့ ပို့ပေးလိုက်လေ၏။

အငြိမ့်ထောင်ဆရာ ဦးရွှေစိုးဟန်ကလည်း-

"စုံထောက်ကြီး ဦးဘလှရဲ့ ကျေးဇူးကတော့ ကြီးပါပေတယ်ဗျာ"

ဟူသော စကားကိုပင် တဖွဖွပြောသော်လည်း လက်ဖက်ရည်လေးတစ်ခွက်ကိုပင် တိုက်ဖော်မရပေ။

ထို့နောက်တွင်မူ ကျွန်ုပ်နှင့် စုံထောက်ကြီး ဦးဘလှတို့သည် ကျွန်ုပ်တို့နေထိုင်ရာ အမှတ်(၁) အရှေ့မြင်းပြိုင်ကွင်းလမ်း တာမွေသို့ ပြန်လာခဲ့ကြလေတော့သတည်း။

မင်းသကြီး



www.burmeseclassic.com

www.burmeseclassic.com



# ကံကြမ္မာ

မောင်မောင်မြင့် (ဥဿာမြို့သစ်)





www.burmeseclassic.com

www.burmeseclassic.com



(၁)

ကျွန်တော် ငပုတောမြို့ ရဲစခန်းတွင် စခန်းမှူးတာဝန် ထမ်းဆောင်နေစဉ် တစ်နေ့ နံနက် ၇နာရီခန့်အချိန်တွင် ရဲစခန်း၌လစဉ်ပြုလုပ်သော မိသားစု "ဒါဘာဆွေးနွေးပွဲ"ပြုလုပ်နေခဲ့ပါသည်။ ဒါဘာဆွေးနွေးပွဲတွင် " တပ်ဖွဲ့ဝင် မိသားစုများအားလုံး စည်းလုံးညီညွတ်ရေး၊ စည်းကမ်းရှိရေး၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်ရေး၊ လုပ်သားပြည်သူများနှင့် ပြဿနာတစ်စုံတစ်ရာ မဖြစ်ရေး၊ အရက်သေစာ မူးယစ်သောက်စားခြင်းမပြုရေး" စသည့်အချက်များနှင့် ပတ်သက်၍ တစ်ချက်ချင်းဆွေးနွေးပြောကြားခဲ့ပြီး တပ်ဖွဲ့ဝင်များ မိသားစုများကလည်း ပြန်လည်တင်ပြဆွေးနွေးစရာရှိသည်များ တင်ပြဆွေးနွေးနေကြရာမှ ဆွေးနွေးပွဲပြီးခါနီးအချိန် နံနက် ၈ နာရီကျော်ကျော်ခန့်တွင် အသက် ၃၀ ခန့် လူငယ်တစ်ယောက်၊ လှော်တက်တစ်ချောင်းကိုင်ပြီး မျက်ရည်များ ကျလျက် ရဲစခန်းသို့ ဝင်လာသည်ကို တွေ့လိုက်ရသဖြင့် ကျွန်တော်က ဆွေးနွေးပွဲရပ်လိုက်ပြီး–

"ညီလေး ဘာဖြစ်လို့လဲ၊ ဘာကူညီပေးရမလဲ၊ ဘာလုပ်ပေးရမလဲ" ဆိုသည့် "ဘ" သုံးလုံးအားပေးစကားနှင့် မေးလိုက်ရာ လူငယ်က–

"ကျွန်တော် ဇနီး အသတ်ခံရလို့ပါ" ဟုပြောလိုက်၍ ကျွန်တော်လည်း ချက်ချင်းပင် "မိသားစု ဒါဘာဆွေးနွေးပွဲ"ပြီးဆုံးကြောင်းပြောလိုက်ရပါသည်။

ကျွန်တော်က လူငယ်အား "ဘယ်မှာ ဖြစ်တာလဲ၊ ဘယ်အချိန်ကလဲ၊ ဘယ်သူက သတ်တာလဲ"ဟုဆက်မေးလိုက်စဉ်–

"ကျောက်တံခါးရွာမှာပါ နံနက် ၃/၄ နာရီလောက်ကပါ။ သတ်တဲ့လူက ကျွန်တော့်ဇနီးကို ဆေးကုပေးနေတဲ့ အောက်လမ်းဆရာပါ၊ ကျွန်တော့် ဇနီးအလောင်းကို ကျွန်တော် လှေနဲ့တင်ယူလာပါတယ်။ ငပုတောကမ်းပါးလှေဆိပ်မှာ ရောက်နေပါပြီ"ဟု ဆက်ပြောလာသဖြင့် ကျွန်တော်လည်း အခင်းဖြစ်အရပ် ချက်ချင်း သွားရောက်ရန်အတွက် တပည့်ကျော်များဖြစ်သည့် နယ်ထိန်း ဒုတပ်ကြပ်တင်ဝင်း၊ တပ်သားတင်အေးနှင့် အဆိုင်တို့အား အသင့်ပြင်စေပြီး မှုခင်းတပ်ကြပ်ကြီးစာရေး စံသိန်းထံ အမှုလာရောက်တိုင်ကြားသူ လူငယ်အား အမှုမှန် ပြောခိုင်း၍ တိုင်ချက်ရေးယူ အမှုဖွင့်စေခဲ့ပါသည်။

အမှုတိုင်ကြားသူ တရားလိုမှာ ငပုတောရဲစခန်းအပိုင် ကျောက်တံခါးကျေးရွာနေ ရေလုပ်သားလုပ်သူ အသက် ၃၀ နှစ်ရှိ ကိုလှတင်ဖြစ်ပြီး သတင်းပေးတိုင်ကြားသည်မှာ မနေ့ည ၁၀ နာရီခန့်အချိန်၊ ၎င်းသည် လှေနှင့် ငံမြစ်အတွင်း ငါးရှာရန် ထွက်သွားခဲ့ရာ အိမ်တွင် ဇနီးဖြစ်သူ အသက် ၂၈ နှစ်ရှိ "မအေးမ" တစ်ယောက်တည်း ကျန်နေခဲ့ကြောင်း ငါးတန်းချသည်မှာ ငါးမရဖြစ်နေသဖြင့် နံနက် ၃ နာရီခန့်အချိန်တွင် အိမ်ပြန်လာခဲ့ကြောင်း၊ လှေဆိပ်၌ လှေထားခဲ့ပြီး အိမ်ပေါ်သို့တက်သွားခဲ့ရာ ဖိနပ်ချွတ်၌ ဖိနပ်အပိုတစ်ရန် တွေ့ရသဖြင့် အိမ်တံခါးမ, ဖွင့်လိုက်ပြီး လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်စဉ် ဇနီးအိပ်ရာမှ ဇနီးအားဆေးကုသပေးနေသော ဆေးဆရာ။ ဆရာညာ အိမ်ပေါ်မှ ထွက်ပြေးသွားသည်ကို တွေ့လိုက်ပြီး ဇနီးဖြစ်သူမှာ ဦးခေါင်းဒဏ်ရာမှ သွေးများထွက်၍ ညည်းညူနေသဖြင့် အသက်ရှိသေးကြော(င်)း သိရသဖြင့် အခြားသူများအား အကြောင်းကြားနေပါက ဇနီးဖြစ်သူအသက်



www.burmeseclassic.com

www.burmeseclassic.com



ရှင်ရန် နောက်ကျနေမည်စိုးသဖြင့် အချိန်မီ အသက်ရှင်ရန်အတွက် ဖနီးဖြစ်သူအား ချက်ချင်းပင် ငပုတောဆေးရုံပို့ရန် ကမ်းပါးရှိလှေသို့ မ,ယူလာခဲ့ပြီး လှေပေါ် တင်၍ လှော်ထွက်လာစဉ် လမ်း၌ ညည်းညူသံ မကြားရတော့သဖြင့် ကြည့်ရာ၊ အသက်မရှိတော့ကြောင်း သိရ၍ လှေအား ဆက်လှော်ခဲ့ပြီး ငပုတောကမ်းပါးအရောက် လှေဆိပ်တွင် လှေနှင့်အလောင်းအား ထားခဲ့ပြီး ရဲစခန်းသို့ လာရောက်ကာ ဇနီးဖြစ်သူအား သတ်ပြီး ထွက်ပြေးသော အောက်လမ်း ဆေးဆရာ ဆရာညာအား အရေးယူပေးရန် လာရောက် တိုင်ကြားခြင်းဖြစ်ကြောင်း ပြောသဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂အရ အရေးယူ အမှုဖွင့်ခဲ့ပါသည်။

ကျွန်တော့်တွင် အကျင့်တစ်ခု ရှိပါသည်။ ကျွန်တော်ရဲစခန်းတွင် ရှိနေသည့်အချိန်၊ အမှုတိုင်ကြားသူသည် ရဲစခန်းလာရောက်၍ အမှုတိုင်ကြားသည်နှင့် ဥပဒေအရ အမှားမှား အယွင်းယွင်း မဖြစ်စေရန် သေသေချာချာ စစ်ဆေးမေးမြန်းစိစစ်ပြီးမှ အမှုအားဖွင့်စေပါသည်။ တိုင်ကြားသူ တရားလိုအား မှုခင်းတပ်ကြပ်ကြီးစာရေးထံတွင် အမှုဖွင့်ခိုင်းရာတွင်လည်း ကျွန်တော်ကိုယ်တိုင် အနားတွင်ထိုင်၍ တိုင်ကြားချက်များအား သေချာစွာ နားထောင်ကာ အပြောအဆို အမူအရာတို့ကို အမြဲ အကဲခတ်နေခဲ့ပါသည်။

ယခု လှတင် လာရောက် တိုင်ကြားသော အမှုကိုလည်း သေချာစွာ နားထောင်၍ အပြောအဆို အမူအရာတို့ကို အကဲခတ်ကြည့်ရာ၊ လှတင်မှာ ကြေကွဲဝမ်းနည်းပုံ ရနေရုံမက၊ တွေဝေ၍ ကြောက်လန့်နေပုံပါ ပေါ်နေပါသည်။ ကျွန်တော်က ကျွန်တော်ထိုင်နေသော ခုံရှေ့ရှိ စားပွဲခုံအား လက်ဝါးဖြင့် "ဗုံး" မြည်အောင် တအားပုတ်လျက် ရဲစခန်းအပေါက်တွင် ရပ်နေသော ရဲဘော်တစ်ယောက်အား "ဟိုကောင် ဘာလုပ်နေတာလဲ" ဟု အော်လိုက်ချိန်တွင် လှတင်မှာ "အောင်မယ်လေး" ဟု လန့်အော်အော်လိုက်သဖြင့် ဤအမှုသည်တစ်ခုခုတော့ မှားနေသည်လိုအပ်နေသည်ဟု သတိထားလိုက်မိသလို၊ လှတင် ဝတ်ထားသော အပြာနုရောင်၊ အင်္ကျီ၊ ညာဘက်ရင်အုံပေါ်မှ သွေးစက်များသည် ကော်လံအထိ စဉ်တက်နေသည့်အပြင် မေးစေ့အောက်နှင့် နဖူးဆံစပ်တွင်လည်း သွေးစက်များ ဟု ထင်ရသော အစက်များ တွေ့နေရသဖြင့်၊ ဤသွေးစွန်းကွက်၊ သွေးစွန်းစက်များသည် ဒဏ်ရာဖြင့်သေသော လူသတ်မှု၏ အကောင်းဆုံးကွင်းဆက်တစ်ခု ဖြစ်နေမလား ဆိုသည့် အချက်ကိုလည်း လူသတ်မှုစစ်ဆေးတိုင်း အမြဲသတိထားနေပါသည်။ လှတင်၏ကိုယ်မှ ပေနေသော အစွန်းအထင်းများမပျက်စေရန်အတွက်လည်း ကျွန်တော်ကိုယ်တိုင် သတိထားနေသည့်အပြင်၊ နယ်ထိန်းအဖွဲ့အားလုံး အသိပေးထားလိုက်ပါသည်။

## (၂)

ကျွန်တော်နှင့် နယ်ထိန်းအဖွဲ့သည် ကမ်းပါးလှေဆိပ်ရှိအလောင်းအား စစ်ဆေးဆေး ပို့ရန်နှင့် အခင်းဖြစ်ရပ်အား သွား ရောက် စစ်ဆေးရန် တရား လှတင်ပါခေါ်၍ ကမ်းနားေ ဆိပ်သို့ ဆင်းလာကြရာတွ မှုခင်း ရဲတပ်ကြပ်ကြီး စာ စံသိန်းကိုပါခေါ်လာခဲ့သည်။ ဆိပ်အရောက်တွင် သက်သေ များပါ ခေါ်၍ လှေဆိပ်ရှိ သော မအေးမ အလောင်းအ စစ်ဆေးရာ ဦးခေါင်းဝဲဘ စောင်းတွင် သုံးလက်မခန့်



www.burmeseclassic.com

www.burmeseclassic.com



ရှည်ရှိ ပြတ်ရှထားသော ဒဏ်ရာတစ်ချက်သာတွေ့ရပါသည်။ အခြား ဒဏ်ရာများ မတွေ့ရသော်လည်း အမျိုးသမီးများ အသတ်ခံရသည့် အမှုတိုင်းတွင် မဖြစ်မနေ ထင်မြင်ချက် တောင်းခံရသည့် ကာမရာဂ ကျူးလွန်ထားခြင်း ရှိ/မရှိနှင့် အခြားဒဏ်ရာများ ရှိ/မရှိ မည်သည့်ဒဏ်ရာကြောင့် သေဆုံးရသည်ကို စစ်ဆေးပေးရန် ဆေးစာရေးလျက် ဆေးရုံဆရာဝန်ကြီးထံ ထင်မြင်ချက် တောင်းရမည် ဖြစ်ပါသည်။ ဆေးရုံသို့ အလောင်းအားမပို့ခင် မအေးမဝတ်ထားသောသွေးများပေကျံနေသည့် ထင်ရသော အင်္ကျီကိုလည်း သက်သေများရှေ့ သက်သေခံပစ္စည်း အဖြစ်သိမ်းဆည်းခဲ့ပြီး အလောင်းအား စစ်ဆေးပေးနိုင်ရန် တပ်ကြပ်ကြီး စံသိန်းနှင့်အတူ ငပုတောဆေးရုံသို့ ပို့ပေးခဲ့ပါသည်။

(၃)

ကျွန်တော်နှင့် အဖွဲ့သည် တရားလိုလှတင်ကိုခေါ်၍ အခင်းဖြစ်ရပ်နှင့် သက်သေများ စစ်ဆေးရန်နှင့် တရားခံအား အမြန် ဖမ်းဆီးနိုင်ရန် နံနက် ၁၀ နာရီကျော်ခန့်အချိန်တွင်ငပုတောမှ ကျောက်တံခါးရွာသို့ စက်လှေဖြင့် ထွက်သွားခဲ့ရာ နံနက် ၁၁ နာရီခန့်အချိန်တွင်ရောက်ရှိ၍ ကျေးရွာကောင်စီ ဥက္ကဋ္ဌ ဦးလှနှင့် အဖွဲ့ဝင် ဦးမြတို့အား ခေါ်ကာ မှုခင်းအခြေအနေအား စုံစမ်းမေးမြန်းရာ၊ လှတင်က ဘာမျှလာရောက် အကြောင်းကြားခြင်း မရှိကြောင်း ပြောပြသိရသဖြင့် အခင်းဖြစ်ရပ်အား စစ်ဆေးရာ၊ အခင်းဖြစ်နေအိမ်သည် ငပုမြစ်ကမ်းမှ ကိုက် ၁၀၀ခန့်အကွာတွင် အရှေ့ဘက် မျက်နှာလှည့် ဆောက်ထားပြီး ၃ပင်၂ခန်း၊ ဓနိမိုး၊ ထရံကာ၊ ပျဉ်ခင်းအိမ်လေးဖြစ်ပြီး အိမ်ညာဘက်ဘေးတွင် အဖီချထားကာ မီးဖိုခန်းထုတ်ထားပါသည်။ အိမ်ရှေ့တံခါးမှာ မ,တင် မ,ချ ထရံတံခါးတစ်ချပ်သာရှိပြီး အလွယ်တကူလည်း ဝင်နိုင်ထွက်နိုင်ပါသည်။ တစ်အိမ်နှင့်တစ်အိမ် အကွာအဝေးမှာ ကိုက် ၃၀၀ ခန့်ကွာဝေးနေသဖြင့်အကြောင်းကိစ္စတစ်ခုခုဖြစ်၍ အကြောင်းမကြားလျှင် မကြားနိုင် မမြင်နိုင်သည့် အခြေအနေရှိနေပါသည်။ အခင်းဖြစ် မြေပုံကြမ်းအား ရေးဆွဲခဲ့ပြီး ဓာတ်ပုံဆရာနှင့် မြေတိုင်းစာရေးတို့အား ခေါ်ယူထားရာ၊ ဓာတ်ပုံဆရာ ရောက်လာသဖြင့် အခင်းဖြစ်အရပ်အား လိုအပ်သလို ဓာတ်ပုံရိုက်စေခဲ့ပါသည်။

(၄)

ကိုလှတင်နှင့် မအေးမတို့သည် လူငယ်သဘာဝမေတ္တာမျှကြရာမှ ရိုးသားသူများ ဖြစ်ကြသဖြင့် မိဘများကလည်း သဘောတူ လက်ထပ်ပေးထားခဲ့ကြရာ အသက် ၅ နှစ်အရွယ်သမီးလေးတစ်ယောက်သာရှိသည်။ မအေးမ ကျန်းမာရေးမကောင်းသဖြင့် တစ်ရွာတည်းနေ မအေးမ၏ မိဘများထံ ပို့ထားကြောင်းလည်း သိရပါသည်။ လှတင်နှင့် မအေးမတို့မှာ ရိုးရိုးသားသားလုပ်ကိုင်စားသောက်နေသူများ ဖြစ်ကြပြီး၊ လွန်ခဲ့သည့်နှစ်ကမှ မအေးမမှာ အမျိုးသမီး မီးယပ်ရောဂါဖြစ်လာ၍ ကျန်းမာရေးကောင်းလိုက် မကောင်းလိုက် ဖြစ်နေသဖြင့်၊ ကျောက်တံခါးရွာသို့ အခြားတစ်နယ်တစ်ကျေးမှ ဆေးကုသရန် ရောက်လာသော အသက် ၄၀ ခန့်ရှိ ဒေါက်တာရမ်းကုလိုလို အောက်လမ်းလိုလို၊ ဆရာညာ ဆိုသူနှင့် ဆေးကုသနေခဲ့ရာမှ ရောဂါသက်သာလာသလို ရှိလာခဲ့ကြောင်း၊ ဆရာညာ၏ ပြုစုယုယ ကုသမှုကောင်းပြီး၊ မအေးမ အိမ်သို့ နေ့/ည အဝင်အထွက်များလာသဖြင့် ဆရာညာ၏ အလိမ်အညာအောက်တွင် မအေး

www.burmeseclassic.com



မတစ်ယောက် ရိုးသားမှုပျောက်၍ လှတင်အပေါ် သစ္စာဖောက် ဆရာညာအပေါ် မေတ္တာရောက်ခဲ့ကြောင်းလည်း စုံစမ်းသိရှိခဲ့ရပါသည်။

ဤအချက်ကို အခြေခံ၍ လူသတ်မှုအား စုံစမ်းစစ်ဆေးရတော့မည်ကိုလည်း သတိထားလိုက်မိပါသည်။ လှတင်၏ တိုင်ချက်တွင် ဖနီးဖြစ်သူအား ဆေးကုသပေးသည့် အောက်လမ်းဆရာကသတ်သည်ဟု တိုင်ထားရာတွင်၊ အောက်လမ်းဆရာ ဆိုသော ဆရာညာသည် စုံစမ်းမရအစပျောက်နေသည်။ ဆရာညာနှင့် မအေးမသည် မေတ္တာမျှနေလျှင် ဘာကြောင့်သတ်မည်နည်းဆိုသည့် အချက်သည်လည်း တွေးစရာဖြစ်လာသည်။ သတိထားရမည့်အချက်။ ဆရာညာပျောက်နေသည့်အချက်နှင့် တွေးစရာအချက်များကြောင့် မအေးမအား သတ်သည့်တရားခံသည် တိတ်တိတ်ပုန်း မေတ္တာမျှနေသော ဆရာညာဘက်ကို မြားဦးလည်ကာ၊ အတိအလင်းချစ်ခြင်းမေတ္တာနှင့် လက်ထပ်ယူထားသည့် လင်ယောက်ျားဖြစ်သူ လှတင်အပေါ် မြားဦးလှည့်သွားခဲ့ပြန်ပါသည်။

အမှုလာရောက် တိုင်ကြားစဉ် အချိန်ကတည်းက လှတင်တွင် ပေကျံနေသော သွေးစက်များ ထင်ရသည့် အစွန်းအထင်းများသည် အတွေ့အကြုံအရ တရားခံတစ်ယောက်တွင် ပေကျံနေရမည့် အနေအထား တွေ့နေရခြင်း၊ အမှုအရာများပျက်နေခြင်းတို့ကြောင့် လှတင်အပေါ် သံသယရှိနေခဲ့ရာမှ ယခု စုံစမ်းတွေ့ရှိချက်များ အရလည်း တရားခံအဖြစ် လှတင်ဘက်သို့ မြားဦးလှည့်သွားရာ လှတင်အား ထပ်မံစစ်ဆေးရန် ဆုံးဖြတ်ချက်ချလိုက်ပါသည်။

(၅)

လှတင်အား ကျေးရွာကောင်စီရုံးခန်း၌ပင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့ရှေ့ ထပ်မံစစ်ဆေးခဲ့ပါသည်။

"ကဲ လှတင် . . မအေးမကို သတ်တဲ့တရားခံ အစစ်ကတော့၊ မင်းတိုင်သလို အောက်လမ်းဆရာ၊ ဆရာညာမဟုတ်ဘူးဆိုတာကိုတော့ စုံစမ်းစစ်ဆေးတွေ့ရှိချက်များအရ သိနေရပါပြီ ဆရာညာ မသတ်ရင်၊ ဘယ်သူသတ်မလဲ၊ မအေးမနဲ့ ဆက်စပ်ဆက်သွယ်နိုးနှောမှု ရှိနေတာကတော့ မင်းနဲ့ဆရာညာရယ် ဒီ နှစ်ယောက်ပဲ ရှိတယ်၊ ဆရာညာ သတ်တာမဟုတ်ရင် ဘယ်သူသတ်မလဲ၊ တစ်ခုတော့ ရှိတာပေါ့ကွာ၊ တို့ရဲတပ်ဖွဲ့ဝင်တွေဆိုတာကလည်း အမှုတစ်ခုဖြစ်လာရင် အမှန်ပေါ်ပေါက်အောင် စစ်ဆေးပေးရမယ့် တာဝန်ရှိတယ်။ တရားခံဖြစ်တဲ့သူဟာ လိမ်ညာလှည့်ပတ်နေရင်တော့ တို့ရဲတပ်ဖွဲ့ဝင်ကလဲ လူသားတွေဆိုတော့ စိတ်ပင်ပန်း လူပင်ပန်းဖြစ်လာရင် သည်းမခံနိုင်တဲ့အဆုံး တရားခံအပေါ် ကိုယ်ထိလက်ရောက် ပါလာရင် မကောင်းဘူးပေါ့ကွာ၊ တရားခံက အသိတရားနဲ့ အမှန်ကို အမှန်အတိုင်း လွယ်လွယ်ကူကူ ပြောပြဖော်ထုတ် ကူညီပေးရင်တော့ ရဲတပ်ဖွဲ့ဝင်တွေကလဲ ကိုယ်ချင်းစာစိတ်ရှိပါတယ်။ ဥပဒေ ဘောင်အတွင်းက ကူညီပေးပါမယ်။ အမှောင်ထဲမှာတော့ ကာမအမှောင်က အဆိုးဆုံး အမှောင်ဖြစ်သလို၊ "မယားထိမ်းကြည့်" ဆိုစကားအရ "မင်းကိုလဲ နားလည်ခွင့်လွှတ်ပေးပါမယ်၊ အတတ်နိုင်ဆုံး ဥပဒေနဲ့ အညီကူညီပေးပါမယ်၊ ဒီလောက်ဆိုရင် မင်းလဲ သဘောပေါက်လောက်ပါပြီ"

ဟု ပြောလိုက်စဉ် လှတင်မှာ ခေါင်းငိုက်စိုက်ကျသွားပြီး မျက်ရည်များပါ မြိုင်မြိုင်



www.burmeseclassic.com

www.burmeseclassic.com



လာလျက်–

"ကျွန်တော် အမှန်အတိုင်း ပြောပါတော့မယ်"

ဟု ပြော၍ သက်သေများရှေ့ အစစ်ခံလိုက်သည်က တော့ ...

"ကျွန်တော်က ရေလုပ်သားတစ်ယောက်ဆိုတော့ မြစ်ရေအတက်၊ အကျ၊ လဝင် လထွက်ကို တွက်ဆပြီး ငဝံမြစ်အတွင်း လှေတစ်စီးနဲ့ မိသားစုဝမ်းရေးအတွက် နေ့နေ့ညည ငါးရှာထွက်ခဲ့ရပါတယ်၊ ကျွန်တော့်ဇနီးရဲ့ ကျန်းမာရေးအရ၊ ဆရာညာကလဲ အိမ်ကိုအဝင်အထွက်များလာလို့ ဘဝင်မကျ စိတ်မချဖြစ်ခဲ့ရပေမယ့် ဇနီးဖြစ်သူရဲ့ ကျန်းမာရေးက သက်သာလာတဲ့အတွက် မထင်ရက်မမြင်ရက်နဲ့ အနေခက်ခဲ့ရပါတယ်။ အခင်းဖြစ်မယ့် ည ၁၀ နာရီကျော်လောကက အိမ်ရှိ ဓားမ တစ်ချောင်း ခါးထိုးပြီး၊ သုံးတောင့်ထိုးလက်နှိပ်ဓာတ်မီးနဲ့ လှော်တက်ကိုယူပြီး လှေဆိပ်ကို ထွက်ခဲ့ပါတယ်။ လှေနဲ့ရေအစုန်အဆန်လိုက်ပြီး ငါးတန်းချခဲ့ပါတယ်။ မြစ်ချင်လာတော့ အဲဒီညက ငါးကလဲ ယခင်လိုမရ၊ အိမ်ကိုလဲ စိတ်မချဖြစ်ပြီး မိုးလင်းမှ အိမ်ပြန်ဖြစ်ပေမယ့် နံနက် ၃ နာရီကျော်ကျော်လောက် အိမ်ပြန်သွားခဲ့ပါတယ်––––

"အိမ်ရှေ့ အရောက် အရိပ်အခြည်ကြည့် အကဲခတ်တဲ့အခါ အိမ်ရှေ့ဖိနပ်ချွတ်မှာ ဆရာညာရဲ့ ဖိနပ်ကို တွေ့လိုက်ရလို့ အိမ်ရှေ့တံခါး အသာမ,ဖွင့်ပြီး ဓာတ်မီးနဲ့ ထိုးကြည့်လိုက်တော့ အိပ်ရာထဲမှာ ဆရာညာနဲ့ ဇနီးတို့အတူ အိပ်နေတာကို တွေ့လိုက်ရတဲ့အတွက် စခန်းမှူးကြီးပြောသလိုပဲ "မယားထိ၊ ဓားကြည့်" ဆိုတဲ့ စကားအတိုင်း၊ မျက်စိထဲဘာမှ မမြင်တော့ဘဲ ခါးမှာ ထိုးထားတဲ့ ဓားမကိုဆွဲယူပြီး အတင်းဝင်ခုတ်လိုက်တော့ ဒုတ်ဆိုတဲ့အသံနဲ့အတူ ဆရာညာ အိပ်ရာကထပြီး အိမ်ပေါ်ကဆင်း ပြေးသွားခဲ့ပါတယ်––

"ကျွန်တော်လဲ ဓာတ်မီးနဲ့ ထိုးကြည့်လိုက်တော့မှ ကျွန်တော့်ဇနီး ဦးခေါင်းဘယ်ဘက်စောင်းကို ခုတ်မိလိုက်ပြီး ထွက်လာတဲ့ သွေးတွေက ကျွန်တော့် ကိုယ်ကို စဉ်ကုန်ပါတယ်။ ကျွန်တော်လဲ ဆရာညာ ထွက်ပြေးတဲ့နောက်လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်လိုက်တော့ ငဝံမြစ်ဘက်ထွက်ပြေးသွားပြီး အလှမ်းဝေးနေလို့ လိုက်ရင်လဲမီမှာ မဟုတ်တော့ကြောင်းသိတဲ့အတွက် အိမ်ပေါ်ပြန်တက်ပြီး ဇနီး ဖြစ်သူကို ပြန်ကြည့်တော့ ညည်းညူသံတော့ကြားနေရလို့ အခြားသူတွေကို အကြောင်းကြားနေရင်လဲ အချိန်ကြာနေပြီး သိကုန်မှာ စိုးရိမ်တာကတစ်ကြောင်း၊ ဇနီးဖြစ်သူကို အသက်ရှင်ဖို့ အချိန်မီဆေးရုံပို့နိုင်ဖို့ မ,ချီပြီးလှေဆိပ်သို့ ယူခဲ့ပါတယ်။ လှေပေါ်တင်ပြီး ငပုတောဆေးရုံပို့ဖို့ လှေလှော်ထွက်ခဲ့ပါတယ်။ မကြာခင်မှာပဲ ဇနီးဖြစ်သူမှာ ညည်းညူသံပျောက်သွားလို့ လက်နှိပ်ဓာတ်မီးနဲ့ထိုးကြည့်ရာ လုံးဝမညည်းညူ မလှုပ်တော့ဘဲ သေနေတာကိုတွေ့ရလို့ငပုတောမြို့ကို ဆက်လှော်ခဲ့ပြီး လှေဆိပ်အရောက်မှာ ရဲစခန်းကိုသွားရောက်ပြီး ဇနီးဖြစ်သူအား အောက်လမ်းဆရာ ဆရာညာ သတ်ပြီးထွက်ပြေးသဖြင့် အရေးယူပေးဖို့ လိမ်၍ တိုင်ကြားခဲ့ကြောင်း အစစ်ခံခဲ့ပါသည်။ ကံကြမ္မာ၏ ဖန်လာပုံအရ တရားလို လှတင်ဘဝမှ တရားခံ လှတင် ဘဝရောက်သွားခဲ့ရသော အမှုဖြစ်ပါသည်။

(၆)

သက်သေများ ရှေ့တွင် လှတင်က မအေးမအား ခုတ်သည်ဆိုသော အစွန်းအထင်း



www.burmeseclassic.com

www.burmeseclassic.com



များ ပေကျံနေသည့် အရိုးအသွား ၁၈ လက်မခန့်ရှိ ဝါးရိုးတပ်ဓားမတစ်ချောင်း၊ လှတင် ဖြစ်မှုကျူးလွန်စဉ်က ဝတ်ထားသည့် ရင်ဘတ်၊ အင်္ကျီအိတ်နှင့် ကော်လံတို့တွင် သွေးစက်များ ထင်ရသော အစွန်းအထင်းများ ပေကျံနေသည့် အင်္ကျီအပြာနုလက်ရှည်အပေါင်းတစ်ထည် လှတင်၏ မေးစေ့အောက်နှင့် နဖူးဆံစပ်တွင် သွေးစက်များ ထင်ရသော အစွန်းအထင်းစက်များအား ခြစ်ချယူ၍ သက်သေခံ ပစ္စည်းများအဖြစ်ရှာဖွေပုံစံနှင့် သိမ်းဆည်းခဲ့သည့်အပြင် အခင်းဖြစ်ရာတွင် အသုံးပြုခဲ့သော လှတင်၏ သုံးတောင့်ထိုး အဲဗာရ်ဒီ လက်နှိပ်ဓာတ်မီးနှင့် ဓာတ်ခဲသုံးလုံးတို့ပါ သက်သေခံ ပစ္စည်းများအဖြစ် လှတင်ထံမှ သိမ်းဆည်းခဲ့ပါသည်။

အမှုနှင့် ပတ်သက်၍ တရားခံ အစစ်အမှန်ပေါ်ပေါက်ပြီး လိုအပ်သည့် သက်သေခံ ပစ္စည်းများကို သိမ်းဆည်းပြီး ဖြစ်သဖြင့် လိုအပ်သည်များ ထပ်မံစစ်ဆေးနိုင်ရန်အတွက် အောက်လမ်းဆရာ ဆရာညာအား လိုက်လံ စုံစမ်းရှာဖွေရာတွင် ကျောက်တံခါးရွာအတွင်း ရှာဖွေ တွေ့ရှိရခြင်း မရှိသဖြင့် ဥက္ကဋ္ဌ အဖွဲ့အား ကူညီစုံစမ်းပေးရန်မှာ ကြားခဲ့ပြီး နောက်မှဆက်လက် စုံစမ်းရန် စီစဉ်လျက် တရားခံ လှတင်ပါခေါ်၍ ညနေ ၅ နာရီခန့်အချိန် ကျောက်တံခါးရွာမှ ရဲစခန်းသို့ ပြန်လာရာ ညနေ ၆ နာရီခန့် အချိန် ပြန်လည် ရောက်ရှိခဲ့ပါသည်။

ရဲစခန်းသို့ ပြန်လည် ရောက်ရှိပြီး တရားခံလှတင်အား အသေးစိတ် ပြန်လည်စစ်ဆေးခဲ့ကာတရားရုံးတွင် အမှန်အတိုင်း ထွက်ဆို အစစ်ခံမည်လားမေးခဲ့ရာတွင်လည်း ၎င်း၏ ဇနီးအား ၎င်းကိုယ်တိုင် ဒေါသအလျောက် သတ်ခဲ့မိခြင်းအတွက် အမှန်အတိုင်းထွက်ဆို အစစ်ခံမည်ဖြစ်ကြောင်း ပြောသဖြင့်၊ ယခုနေ့အချိန်မရှိတော့သဖြင့် နောက်နေ့တွင် မြို့နယ်တရားရုံး၌ ဖြောင့်ချက်ယူရန် စီစဉ်ကာ တရားခံ လှတင်အား အမှုနှင့် ဖမ်းဆီး၍ ရဲစခန်းအချုပ်တွင် ချုပ်ထားခဲ့ပါသည်။

🕯🕯🕯🕯🕯

(၇)

တရားခံ လှတင်အား အချုပ်မှ ထုတ်ယူ၍ မြို့နယ်တရားရုံးတွင် အမှန်အတိုင်း ထွက်ဆိုအစစ်ခံမည်လား ထပ်မံစစ်ဆေး မေးမြန်းရာတွင်လည်း အမှန်အတိုင်း ထွက်ဆိုအစစ်ခံမည်ပြော၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တရားခံ လှတင်အား ငပုတောမြို့နယ် တရားရုံးတွင် ဖြောင့်ချက်ယူရန် ပို့ပေးခဲ့ပါသည်။ တရားရုံးဖြောင့်ချက်ယူပြီး ဖြောင့်ချက်ပေးသော တရားခံဖြစ်သဖြင့် တရားခံ လှတင်အား ရဲစခန်းအချုပ်တွင် သီးခြား ချုပ်ထားခဲ့ပါသည်။

အမှုနှင့် သိမ်းဆည်းခဲ့သော သေဆုံးသူ မအေးမ ဝတ်ထားသည့် အစွန်းအထင်းများ ပေကျံနေသော အဖြူရောင် အင်္ကျီလက်တိုတစ်ထည်၊ တရား ခံ လှတင်ထံမှ သိမ်းဆည်းခဲ့သော အစွန်းအထင်းများပေကျံနေသည့် အင်္ကျီလက်ရှည် အပြာနုရောင် အပေါင်းတစ်ထည်၊ အရိုးအသွားတို့တွင် အစွန်းအထင်းများ ပေကျံနေသည့် အရိုးအသွား ၁၈ လက်မခန့်ရှိ ဝါးရိုးတပ်ဓားမတစ်ချောင်း၊ လှတင်၏ မေးအောက်နှင့်နဖူးဆံစပ်တို့တွင် ပေကျံနေသော သွေးစက်များ ထင်ရသည့် အစက်များ ခြစ်ချယူ ထားသည်တို့ကို ရန်ကုန်မြို့ဓာတု ဗေဒဝန်ရုံးသို့ သက်သေခံ ပစ္စည်း များပေါ်တွင် ပေကျံနေသော အစွန်းအထင်းများသည် လူသွေး များ ဟုတ်မဟုတ် လူသွေး



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါက သွေးအမျိုးအစား တူမတူတို့ကို တိုက်ဆိုင်စစ်ဆေး ထင်မြင်ချက်ပေးရန် ပေးပို့ခဲ့ပါသည်။

⸻ ⸻ ⸻ ⸻ ⸻

(၈)

အမှုနှင့်ပတ်သက်၍ စစ်ဆေးဆောင်ရွက်နေစဉ် အချိန်အတွင်း ၃ ရက်မြောက်သော နေ့ညနေတွင် ကျောက်တံခါးရွာ ကမ်းပါး ငဝံမြစ်အတွင်းတွင် ရေမျောအလောင်းတစ်လောင်းတွေ့ရကြောင်းနှင့် ကမ်းပါးသစ်ပင်တွင် ကြိုးဖြင့်ချည်ထားကြောင်း ကျေးရွာ ဥက္ကဋ္ဌ ဦးလုမှ ရဲစခန်းသို့ လာရောက်အကြောင်းကြားသဖြင့်–

"ဥက္ကဋ္ဌကြီးရေ တစ်မှုမပြီးသေးဘူး၊ နောက်တစ်မှုတက်လာပြန်ပြီ။ လူသတ်မှုတော့ မဖြစ်ပါစေနဲ့လို့ ဆုတောင်းရမှာပေါ့ဗျာ"

ဟု ကျွန်တော်က ပြောလိုက်ပြီး ချက်ချင်းပင် နယ်ထိန်းအဖွဲ့ခေါ်၍ ဥက္ကဋ္ဌလာသော စက်လှေနှင့်ပင် ညနေ ၃နာရီခန့်တွင် ကျောက်တံခါးရွာသို့ လိုက်သွားခဲ့ရာ ညနေ ၄ နာရီခန့်တွင် ရောက်ရှိပြီး ငဝံမြစ်ကမ်းပါးရှိ သမဲ့ပင်တွင် ဥက္ကဋ္ဌအဖွဲ့ကြိုးဖြင့် ချည်ထားသော အလောင်းအား ဝိုင်းအုံကြည့်နေသော လူများသည် အပုပ်နံ့ရနေသဖြင့် ခပ်လှမ်းလှမ်းမှ ကြည့်နေသော အနေအထားကို မြင်လိုက်သိလိုက်ရ သဖြင့် ရေမျောအလောင်းမှာ ၂၄ နာရီ ရေတွင်မြုပ်ခဲ့ပြီး ကိုယ်တွင်းမှ လေပွလာကာ သေပြီး ၄၈နာရီတွင် ရေပေါ်သို့ပေါ်လာပြီး ပြင်ပ လေနှင့် ထိတွေ့မှသာ အပုပ်နံ့ထွက်လာသဖြင့် ရေနစ်သေသူမှာ ၂ ရက်ကျော် ၃ ရက်ခန့်ရှိနေပြီဟုလည်း ခန့်မှန်းလိုက်မိပါသည်။

အလောင်းအား ကမ်းပါးသို့ဆွဲတင်၍ အကြမ်းမျဉ်း စစ်ဆေးကြည့်ရာ၊ အင်္ကျီအဝါကွက်လက်တိုဝတ်ထားပြီး ပုဆိုးမရှိတော့ဘဲ အတွင်းခံဘောင်းဘီတိုအတိုသာ ဝတ်ထားသည်ကိုတွေ့ရပါသည်။ ဒဏ်ရာကြီးကြီး တစ်ခုမျှ မတွေ့ရဘဲ ငါးများတွတ်ထား ကိုက်ထားသည့် ပွန်းပဲ့နေသည့် ဒဏ်ရာသေးများသာ တွေ့ရပါသည်။ ညာလက်ညှိုးတွင် ငွေနှင့် ကွင်းထားသည့် ဓာတ်လုံးလက်စွပ် တစ်ကွင်းဝတ်ထားပြီး ဘယ်လက်ကောက်ဝတ်တွင် ငွေရောင် ရိုးရိုးတီတိုနီနာရီကို စတီးကြိုးဖြင့် ပတ်ထားသည်ကို တွေ့ရပါသည်။

ဆက်လက်၍ အလောင်းအား အသေးစိတ် ပြင်ပသွင်ပြင်လက္ခဏာများအား စစ်ဆေးကြည့်ရာ နှာခေါင်း ပါးစပ်မှ အမြှုပ်ကြည်များထွက်၍ မေးစေ့ဆီသို့ စီးဆင်းနေခြင်း၊ တစ်ကိုယ်လုံး ဖြူဖျော့၍ မျက်လုံးပြူးနေခြင်း၊ လက်ဖဝါး၊ ခြေဖဝါး ပဲကြီးခွံထနေခြင်း၊ တစ်ကိုယ်လုံးအရေပြားများ ကြက်သီးထနေ၍ ၂၄ နာရီကျော် ရေမြုပ်ပြီး အရေပြား၌ အရစ်များ ပေါ်လာသည်ကို တွေ့ရခြင်း၊ လက်သီးဆုပ်လျက်အတွင်း၌ ရေအောက်မှ သဲ၊ နွံမြက်များ ခိုင်မြဲစွာ ဆုပ်ကိုင်ထားသည့် အချက်များကို စစ်ဆေးတွေ့ရှိရသဖြင့် ရေနစ်သေဆုံးသော အလောင်းဖြစ်ကြောင်းလည်း ခန့်မှန်းနိုင်ခဲ့သဖြင့် လူသတ်မှုမဟုတ်၍ စိတ်အေးခဲ့ရပါသည်။

သို့သော်လည်း ရေနစ်အလောင်း၏ အတွင်းမှ လက္ခဏာများ စစ်ဆေးရန်အတွက်လည်း ဆေးရုံပို့ရန် လိုအပ်၍ အလောင်းအား ငပုတောဆေးရုံပို့ရန်စီစဉ်နေစဉ် လူတစ်ယောက်ရောက်လာပြီး အလောင်းကိုကြည့်၍ "ဒီအလောင်းက ဆရာညာ အလောင်းအစစ်ပေါ့ဗျာ" အဲ့ဒီလက်မှာဝတ်ထားတဲ့ လက်စွပ်နဲ့ပဲ ကျွန်တော်မိုက်နာနေတာ

www.burmeseclassic.com



ကို ရေစိမ်သောက်ရင် ပျောက် တယ်ပြောပြီး ရေစိမ်တိုက်လိုက် တာ ဗိုက်နာမပျောက်ဘဲ ပေါက် လိုက်ရတာမပြောပါနဲ့တော့၊ အခု တော့ သူခံစားနေရတဲ့ ရောဂါ ပျောက်အောင် ငဝံမြစ်ရေနဲ့ လက်စွပ်ကိုစိမ်သောက်လိုက်တာ အသက်ပါပျောက်သွားပြီ" ဟု ဟာသနှောပြောလိုက်မှ လူတွေ အလောင်းနား ပြန်ရောက်လာ ကြပြီး ဟိုတစ်ပေါက်ဒီတစ်ပေါက် နဲ့ လူတစ်ယောက်ကလည်း "ဆ ရာညာ အစစ်ပေါ့ဗျာ၊ ကျွန်တော် ကလဲ ခေါင်းမူးမူးနေလို့ ဆေးကု ပေးရင်းက ခင်သွားပြီး လွန်ခဲ့တဲ့ ၃ရက်ခန့်က ညနေ၅နာရီ အချိန် လောက် အချိန်ကြည့်စရာရှိလို့ ကျွန်တော့် တီတိုနီနာရီကို ခဏ ငှားပေးပါ ပြောလို့ ငှားပေးလိုက် တာ အခုအလောင်းမှာ ပတ်ထား တဲ့ နာရီဟာ ကျွန်တော့်နာရီပေါ့ ဗျာ"ဟု ပြောသူကပြော။

"တော်တော် အကျင့် ယုတ်တဲ့ ဆရာညာပဲဗျာ၊ ကျွန် တော်ကတော့ ဆေးဆရာဆိုပြီး အကျင့်သိက္ခာရှိမယ် အောက်မေ့ လို့ ကျွန်တော် ငှက်ဖျားရောဂါ ဖြစ်နေတာ သူနဲ့ ကုနေရာက ခင်မင်သွားပြီး ရွာရောက်တိုင်း အိမ်မှာလာတည်းတာ သူ့အဝတ် အစားတွေနဲ့ ဆေးလွယ်အိတ် တောင် အိမ်မှာ ရှိသေးတယ်။ လွန်ခဲ့တဲ့ ၂ ရက်၊ ၃ ရက် လောက်က ည ၁၁ နာရီခန့် အချိန်အပြင်ခဏသွားမယ်ပြော ပြီး ထွက်သွားတာ ပြန်ရောက်မ လာဘဲ အခုဒီမှာ လာတွေ့ရ တာ"ပြောသူကပြော "နာမည်နဲ့ လိုက်အောင် လိုက်ညာနေတဲ့ လူပဲဗျာ၊ သေတာကောင်းတယ်" ပြောပြီး မေတ္တာပို့သူကပို့နဲ့ အသံ စုံများကြောင့် အလောင်းမှာ အောက်လမ်းဆရာ၊ ဆရာညာ အလောင်း သေချာနေကြောင်း သိလိုက်ရသဖြင့် ဆရာညာအား သိနေသူများကို အစစ်ခံချက်ရ ယူပြီး စက်လှေ စီစဉ်၍ အ လောင်းအား ငပုတောမြို့သို့ ပို့ ကာ ရဲစခန်းတွင် သေမှုသေခင်း အမှုဖွင့်လျက် ဆေးစာနှင့်အတူ ရေနစ်သေဆုံးခြင်း ဟုတ်မဟုတ် စစ်ဆေးပေးရန် အလောင်းအား ငပုတော ဆေးရုံသို့ ဆက်ပို့ပေးခဲ့ ပါသည်။

⏚ ⏚ ⏚ ⏚ ⏚

(၉)

ငပုတောမြို့နယ် ဆေး ရုံမှ ဆရာဝန်ကြီးကလည်း ချက်ချင်းပင် အလောင်း၏ ပြင်ပ လက္ခဏာများ စစ်ဆေးရာတွင် လည်း ကျွန်တော် စစ်ဆေးတွေ့ ရှိခဲ့သည့်အချက်များအတိုင်း စစ် ဆေးတွေ့ရှိရသဖြင့် ရေနစ်သေ ဆုံးသော အလောင်းဖြစ်ကြောင်း ထင်မြင်ချက် ပြန်ကြားခဲ့သည့် အပြင် အလောင်းအား ခွဲစိတ်၍ အတွင်းမှ လက္ခဏာများအား စစ်ဆေးခဲ့ရာတွင်လည်း အဆုတ် ဖောင်းပွ၍ အမြှုပ်များရှိနေခြင်း လေပြွန်အတွင်း၌ နုံးမြေနှင့်ရေထဲ မှ အမှိုက်စများ ဝင်ရောက်နေ ခြင်း၊ လေပြွန်အတွင်း အမြှုပ်များ ထနေခြင်း၊ ဗိုက်အတွင်း အစာ အိမ်နှင့်အူဆက်၌ အမှိုက်နုံးမြေ နှင့် အဆမတန်များနေသော ရေ များ တွေ့ရခြင်းကြောင့် ရေနစ် သေဆုံးသော အလောင်းဖြစ် ကြောင်း ထင်မြင်ချက်ပြန်ကြား ခဲ့ပါသည်။

စစ်ဆေး ပေါ်ပေါက် ချက်အရ ရေမျောအလောင်း အောက်လမ်းဆရာ၊ဆရာညာ အလောင်းဖြစ်နေပြီး မြို့နယ် ဆရာဝန်ကြီး ဒေါက်တာ ဘမှ ပြန်ကြားသော ထင်မြင်ချက်အ ရေနစ်သေဆုံးကြောင်း ပေါ် ပေါက်သဖြင့် အောက်လမ်းဆ ဆရာညာသည် မအေးမ အတူ ညအိပ်နေစဉ်အချိ တရားခံ လှတင်က ဓားဖြင့် လိုက်စဉ် မထိဘဲ ကြောက် ထွက်ပြေးရာမှ ညဘက်ချိန် မြစ်ရေပြင်ကို မြေပြင်ထ

www.burmeseclassic.com



၍ ဆင်းပြေးစဥ် ရေနစ်သေဆုံး သွားသည်ဟုလည်း ခန့်မှန်းနိုင်ခဲ့ ပါသည်။ သူတစ်ပါး မိသားစု ပျက်စီးအောင် ဖျက်ဆီးသူသည် နောင်ဘဝအထိ မနေဘဲ ယခု ဘဝမှာပင် အသေဆိုးနှင့်သေရ သည်ကို သင်ခန်းစာ ယူစရာဖြစ် နေပါသည်။ အောက်လမ်းဆရာ ဆရာညာ၏ ရေနစ်သေဆုံးသော "သေမှုသေခင်းအမှု"အား အ ထောက်အထားများ ပြည့်စုံစွာနှင့် မြို့နယ်တရားရုံးသို့ တရားစွဲတင် ပို့ခဲ့ပါသည်။

(၁၀)

ငပုတောမြို့နယ် ဆေးရုံ ဆရာဝန်ကြီး ဒေါက်တာဘမှုထံ ဆေးစာနှင့်အတူ သေဆုံးသူ မအေးမ၏ အလောင်းအား စစ် ဆေးပေးရန် ပေးပို့ခဲ့ရာတွင် လည်း မြို့နယ်ဆရာဝန်ကြီး၏ ထင်မြင်ချက်တွင် သေဆုံးသူ မအေးမ၏ ဦးခေါင်းဝဲဘက် ချို စောင်းတွင် ၃ လက်မခန့်ရှိ ပြတ် ရှဒဏ်ရာသည် ဦးခေါင်းခွံကွဲပြီး အတွင်းသွေးယိုစီးမှုကြောင့် မုချ သေရမည့် ဒဏ်ရာဖြစ်ကြောင်း။ သေဆုံးသူ မအေးမသည် အ သတ်မခံရမီအချိန်က ကာမရာဂ ကျူးလွန်ခံထားခြင်း ရှိကြောင်း အခြား ဒဏ်ရာများ မတွေ့ရ ကြောင်း။ ထင်မြင်ချက် ပြန်ကြား ခဲ့ပါသည်။

ရန်ကုန်မြို့ ဓာတုဗေဒ ဝန်ရုံးသို့ တိုက်ဆိုင်စစ်ဆေးပေး ရန် ပေးပို့ခဲ့သော သက်သေခံ ပစ္စည်းများ ဖြစ်သည့် သေဆုံး သူ မအေးမ ဝတ်ထားသော အင်္ကျီပေါ်ရှိ အစွန်းအထင်းများ သည် လူသွေးများ ဖြစ်ကြောင်း တရားခံ လှတင်ထံမှ သိမ်းဆည်း သော အရိုးအသွား ၁၈ လက်မ ခန့်ရှိ ဓားအပေါ်တွင် စွန်းထင်း နေသော အစွန်းအထင်းများ၊ အရိုးအတွင်းရှိ အစွန်းအထင်း များသည် လူသွေးများ ဖြစ် ကြောင်း တရားခံ လှတင် ဝတ် ထားသော အင်္ကျီရင်ဘတ်၊ အင်္ကျီအိတ်နှင့် ကော်လံပေါ်တွင် စွန်းထင်းနေသော အစွန်းအထင်း များသည် လူသွေးများ ဖြစ် ကြောင်း၊ လှတင်၏ မေးစေ့ အောက်နှင့် နဖူးဆံစပ်တို့မှ ခြစ် ချယူပြီး ပေးပို့သော အစွန်းအ ထင်းအစက်များသည်လည်း လူ သွေးများဖြစ်ကြောင်း။ သွေးအမျိုး အစားအားလုံးတူကြောင်း။ ဓာတု ဗေဒဝန်ရုံးမှ ထင်မြင်ချက်များ ပြန်လည် ပေးပို့ရရှိခဲ့ပါသည်။

(၁၁)

ကံကြမ္မာ အလှည့် အပြောင်းကြောင့် တရားလိုဘဝ မှ တရားခံဘဝ ရောက်ရှိသွားခဲ့ သော လှတင်၏အမှုအား သက် သေအထောက်အထားများ ခိုင် လုံ ပြည့်စုံစွာနှင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ အရ တရားစွဲ တင်နိုင်ရန်အတွက် အဆင့်ဆင့် တင်ပြခဲ့ရာတွင်လည်း ပြစ်မှုဆိုင် ရာ ဥပဒေပုဒ် ၃၀၂ အရပင် တရားစွဲတင် ရည်ညွှန်းကြားခဲ့ သဖြင့် အမှုအားငပုတောမြို့နယ် တရားရုံးသို့ အချိန်နှင့်တပြေးညီ တရားစွဲတင်ပို့ခဲ့ရာ မြို့နယ်တရား ရုံးမှလည်း အမှုအားနှောင့်နှေး ကြန့်ကြာမှုမရှိစေဘဲ ဥပဒေလုပ် ထုံးလုပ်နည်းများနှင့်အညီ မှန် မှန်နှင့် မြန်မြန်စစ်ဆေးဆောင် ရွက်ခဲ့ရာ သက်သေများကလည်း ခိုင်မာစွာ ထွက်ဆိုကြပြီး သက် သေအထောက်အထားများက လည်း ခိုင်မာနေကာ တရားခံ မှလည်း ဖြောင့်ချက်ပေးဝန်ခံ သော တရားခံဖြစ်သဖြင့် တရား ခံလှတင်အား အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၇) နှစ် အပြစ်ပေးခဲ့ သော တကယ့် ဖြစ်ရပ်မှန် မှုခင်း အား အမည်နေရပ်များ ပြောင်း ၍ သင်ခန်းစာယူစရာ ဇာတ်လမ်း ဆင် မှတ်တမ်း တင်လိုက်ရပါ သည်။

မောင်မောင်မြင့်
(ဥက္ကလာပမြို့သစ်)



www.burmeseclassic.com

www.burmeseclassic.com



# မျက်လုံးဒေါက်တောက် ကြည့်ဦးမယ်

မောင်မောင်စိန်လင်း (နတ်မောက်)



www.burmeseclassic.com

www.burmeseclassic.com



"မျက်လုံးဒေါက်ထောက်
ကြည့်ဦးမယ်"
မောင်မောင်စိန်လင်း
(နတ်မောက်)

(၁)

"မိန်းကလေးများ ရှပ်
ရည်ချောရင်
အရောဝင်ချင်တဲ့ ဝါသ
နာထုံတယ်
ခေါ်ချင်တယ်၊ ပြောချင်
တယ်၊ စကားရှာတယ်၊
ကြွားဝါတယ်၊
ပူးပူးကပ်ကပ် နေချင်
တယ်
သူတို့ဆိုးတော့ လူမသိ
တယ်
အူတိုမျိုးတော့လူမိတယ်
သူ့ကျောပြင်ကိုထုထုပြီး
တော့ မေးစမ်းချင်ပါ
တယ်
ချစ်မှန်းသိလို့ အခွင့်
ကောင်းယူသလားကွယ်
....။"

ရုံးပိတ်ရက်ဖြစ်သော ကြောင့် နေမြင့်အောင်အိပ်ပြီးနေ သော ကိုအောင်ကျော်ဇောမှာ ချစ်ဇနီး၏ ခနိုးခနဲ့ဖြင့်သီဆိုသော သီချင်းလေးကို နားစွင့်နေသည်။ အချိန်ကား နံနက်(၉)နာရီရှိချေပြီ။

"အချစ် မင်းဆိုတဲ့သီချင်းက မောင့်ကိုရွဲ့ပြီးဆိုနေသလား ထင်ရတယ်"

"ရွဲ့စောင်းပြီးဆိုတာ မဟုတ်ဘူး ဒါလင်ရေ ... တဲ့တိုးဆိုနေတာပါ"

"ဒါလင့်သမီးကပြောတယ်။ ဟိုတစ်နေ့က ဒါလင်ကို ရှပ်ချောချော၊ ကိုယ်လုံးကိုယ်ပေါက်လှလှ အမျိုးသမီးတစ်ဦးနဲ့ ဗစ်တိုးရီးယား ဟိုတယ်က ထွက်လာတာကိုတွေ့လိုက်တယ်။ အဖေကြီးကို သိပ်မယုံနဲ့လို့ပြောတယ်။ ငယ်ငယ်တုန်းကနှစ်သက်ခဲ့တဲ့ ဒီသီချင်းလေးကိုဆိုပြီး ဒါလင်ကို စိုးရိမ်လို့ဆိုနေတာပါဒါလင်"

"အချစ်ရယ် ဒါလင်က စီးပွားရေးသမားပါ။ လူသိများထင်ရှားတဲ့သူ ဖြစ်တယ်ဆိုတာ အချစ်သိတယ် မဟုတ်လား။ ကိုယ့်ကိုယ်ကိုယ်ဖျက် သံချေးတက်၊ ဘယ်လုပ်ပါ့မလဲ မစိုးရိမ်ပါနဲ့"

စီးပွားရေးလုပ်ငန်းများ အောင်မြင်နေကြသည့် မိသားစုဖြစ်သော ကိုအောင်ကျော်ဇော၊ ဇနီးမြင့်မြတ်ဆွေတို့ အချစ်စားမြုပြန်နေသည်မှာ စိုးရိမ်လွန်းလို့ ပြောတာပါမောင်ရယ် ဖြစ်သည်။

(၂)

ရက်သတ္တတပတ် အကြာတွင်ဖြစ်သည်။ ဝင့်ဝင့်သူတို့ လင်မယား ရွှေတိဂုံဘုရားကြီးမှ အိမ်သို့ကားဖြင့် ပြန်လာကြစဉ် အဖေကြီးကို အမှတ်မထင်တွေ့လိုက်သည်။ ကားရပ်ပြီး မျက်မွေးတဆုံး ကြည့်လိုက်ကြသည်။ မြင်ကွင်းကို မိခင်ကြီးအား သံတော်ဦးတင်လိုက်သည်။

"မေမေ ဖေဖေကြီးကို ကန်တော်ကြီးပန်းခြံထဲက ဟိုတယ်ဘက်ဆီကို အမျိုးသမီးတစ်ဦးနဲ့ ဝင်သွားတာကို သမီးတွေ့လိုက်တယ်"

"ဟိုတလောကတွေ့တဲ့ အမျိုးသမီးပဲလား"

"မဟုတ်ဘူးအမေ ဒါ



www.burmeseclassic.com

www.burmeseclassic.com

ကနောက်တစ်ယောက်၊ ဟိုတ လောက အမျိုးသမီးထက် တောင် မိုက်သေးတယ်''

''ဘေးချင်းယှဉ်ပြီး လျှောက်သွားတာလား၊ လက် ချိတ်ပြီးသွားကြတာလား''


''ဘေးချင်းယှဉ်ပြီး သွားတာပါမေမေ''

''သဘောရိုး ဖြစ်ပါလိမ့် မယ် သမီးရယ်၊ မင်းတို့အဖေရဲ့ အလုပ်က အမျိုးသမီးတွေနဲ့ ဆက်ဆံနေရတဲ့ လုပ်ငန်းဆို တော့ ဒီမြင်ကွင်းတွေက တွေ့ မြင်နေရမှာပဲ''

မိခင်ဖြစ်သူ ဒေါ်မြင့် မြတ်ဆွေနှင့် သမီးဖြစ်သူ မဝင့် ဝင့်သူတို့သည် အိမ်ဦးနတ်ကြီး ဖြစ်သော ဖခင်ကြီးအပေါ် စိုးရိမ် စိတ်များဖြင့် နှီးနှောဖလှယ်နေကြ သည်။

ဤနေ့သည် သောကြာ နေ့ဖြစ်သည်။ ကိုအောင်ကျော် ဇောသည် စာပေ၊ စာနယ်ဇင်း လောက၊ ဘော်ဒါ၊ ဘော်ဂျက် များနှင့် သောကြာနေ့တိုင်း သော ကြာပိုင်းတွင်ဆုံစည်းကြသည်။ တိုင်းရေးပြည်ရေး၊ စာပေနှင့် စာ နယ်ဇင်းလောကကို အမြင်ချင်းဖ လှယ်ကြသည်။ ဝေဖန်ကြသည်။ လေကန်ကြသည်။ အနှစ်သာရ များကို ဆွေးနွေးကြသည်။ ရေး ကွင်းရေးကွက်များကို နှီးနှောကြ သည်။

ငယ်ပေါင်း ကြီးဖက်များ ဖြစ်ကြသောကြောင့် ခင်မင်ကြ သည်။ တွယ်တာကြသည်။ ကူ ညီကြသည်။ ရေချိန်မြင့်သည်နှင့် အမူ့ လေချိန်လည်းမြင့်တက်လာ ကြလေ့ရှိသည်။ ငယ်ကျိုးငယ်နာ များ၊ ဖြစ်ကြောင်းကုန်စင် ကိုယ် ရေးကိုယ်တာများလည်း ဖွင့်ဟ အံထုတ်လေ့ရှိကြသည်။ ကို အောင်ကျော်ဇောသည် ဇနီးနှင့် သမီးနှစ်ဦးတို့က လုပ်ငန်းခွင်မှ လုပ်ဖော်ကိုင်ဖက် အမျိုးသမီးများ နှင့် သွားလာလှုပ်ရှားရသော လုပ်ငန်းကိစ္စတို့နှင့်ပတ်သက်ပြီး သဘောမတွေ့၊ အမြင်စောင်း သောကိစ္စကို သောကြာပိုင်းတွင် ဖွင့်ဟမိသည်။ အနောက်အ ပြောင်သန်လှသော မောင်မောင် ဝင်းမောင်၊ မောင်မောင်အောင် သန်းတို့က သူတို့ဝါသနာကို အ ကောင်အထည်ဖော်ရန် တိုင်ပ ကြသည်။ အနီးရှိစတိုးဆိုင်မှ အ မျိုးသမီး... သာစမိုင်တာ၊ ဘ...



www.burmeseclassic.com



ဇီယာ၊ မိတ်ကပ်ဗူးတို့ကို တိတ်တဆိတ်ဝယ်လိုက်သည်။ ဆရာအောင်ကျော်ဇောအိမ်သာတက်ချိန်ကိုစောင့်သည်။ အိမ်သာသို့သွားခိုက် ဆရာ၏အိမ်ဆာသသယတင်းဘတ်အိတ်ကြီး၏ အောက်ခြေသို့ ပစ္စည်းများကို ထည့်သွင်းကြသည်။

တနင်္ဂနွေနေ့၏ နံနက်ပိုင်းတွင်ဖြစ်သည်။ အိမ်သူသက်ထားဇနီးမယား၊ သမီးများတို့၏ အိမ်တွင်းလုပ်ငန်းတစ်ရပ်ဖြစ်သောလျှော်ဖွပ်၊ မီးပူတိုက်လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ အဖေကြီး၏ အိမ်ဆာသသယဟင်းဘတ်အိတ်ကြီးကို ရေဖတ်တိုက်၊ ဆေးကြောရန် အိတ်အတွင်းမှပစ္စည်းများကို ထုတ်ယူကြသည်။ စိပ်ပုတီး၊ ဘီယာကံစမ်းမဲများ၊ စာမူများ၊ ဘောက်ချာများ၊ ဓာတ်ပုံများ၊ DVD ခွေများစုံလှသည်။ အပါးပါး အံဩစွာဖြင့် အမျိုးသမီးအတွင်းခံ၊ ဘရာဇီယာ၊ မိတ်ကပ်ဘူးတို့ကိုတွေ့သည်။ အမေကြီးကို သံတော်ဦးတင်လိုက်ပြန်သည်။

"မေမေ အဖေကြီးအိတ်ထဲက အမျိုးသမီးအတွင်းခံ ဘရာဇီယာ၊ မိတ်ကပ်ဘူးတွေ့တယ် မေမေ ဟောဒီမှာ"

"ပြစမ်းသမီး ဒါတွေကအသစ်တွေပဲ ဝတ်ပြီးသားမဟုတ်ဘူး။ ကေန္တ တစ်ယောက်ယောက်က နောက်လိုက်တာဖြစ်လိမ့်မယ် ထင်တယ်သမီး"

နေဖင်ထိုးအောင်အိပ်နေသော ကိုအောင်ကျော်ဇောအိပ်ရာမှထလေပြီ၊ အိမ်သာတက်၊ ရေချိုးသန့်စင်ပြီး နံနက်စာစားရန် ထမင်းစားခန်းတွင်ထိုင်လိုက်သည်။

"ဟဲ့ ဒါတွေက ဘာတွေလဲဟ"

"အဲဒါ ဒါလင့်အိတ်ထဲကတွေ့တဲ့ ပစ္စည်းတွေလေ။ အိတ်ကိုရေဖတ်တိုက် ဆေးကျောဖို့ ပစ္စည်းတွေထုတ်လိုက်တော့ တွေ့တဲ့ပစ္စည်းတွေပါ ဒါလင်"

"ဒါ မောင်မောင်ဝင်းမောင်နဲ့ မောင်မောင်အောင်သန်းတို့ လက်ချက်ဖြစ်ရမယ်"

"ဆွေလဲ ဒီလိုပဲထင်ပါတယ် ဒါလင်၊ ပစ္စည်းတွေကအားလုံးအသစ်တွေ"

"အချစ်နဲ့သမီးတွေကအဖေကြီးကိုစိတ်မချတဲ့ စိတ္တဇသံသယဖြစ်ခံရတဲ့အကြောင်း မူးမူးနဲ့ပြောမိတဲ့အတွက် ပြဿနာတက်အောင် နောက်ပြောင်ကြတာပဲ"

ကိုအောင်ကျော်ဇောနှင့် ချစ်ဇနီးမမြင့်မြတ်ဆွေတို့သည် မောနင်းနာစတာ စာရင်းဖြင့် အိမ်ထောင်သာယာမှုကို ဖာတ်ရှိန်မြင့် နှီးနှောပြောဆိုကြလေသည်။ ဒေါသဓရှိ (ခန္တီပရမ်တပွေါသီသိကွဲ) တစ်ဦးအပေါ်တစ်ဦး ခွင့်လွှတ်သည်းခံကြလေသည်။

(လိမ္မာသော ရထားထိန်းသည် လျင်မြန်စွာသွားသောရထားကို လမ်းမလွဲအောင် ကောင်းစွာစောင့်ရှောက်သကဲ့သို့ မိမိ၌ဖြစ်ပေါ်လာသော အမျက်ဒေါသကို တားဆီးနိုင်သောသူကို လိမ္မာသောရထားထိန်း



www.burmeseclassic.com

www.burmeseclassic.com



ဟု ငါဘုရားခေါ်တော်မူ၏။ မတားဆီးနိုင်သော သူတို့သည် ကြိုးကိုင်သာဖြစ်ကုန်၏။)



(၃)

"ကလင် ကလောင် ကလင် ကလောင်"

"ဘဲလ်တီးသံကြားသဖြင့် တံခါးဖွင့်နိုင်းသည်"

"ဟင် ဂျာကြီးနဲ့စက်ရုံမှူးပါလား၊ အစောကြီးပါလား"

"ဟုတ်တယ် ဆရာမှာထားလို့"

ကိုအောင်ကျော်ဇော သည် မန်နေဂျာကြီး ဦးမောင်မောင်လတ်၏ အသံကြားသော ကြောင့် အိပ်ရာမှထသည်။ ရေမိုးချိုးသန့်စင်လိုက်သည်။

"အချစ်ရေ လုပ်ငန်းတိုးချဲ့ဖို့ကိစ္စအတွက် မိသားစုအလုပ်ရုံ ဆွေးနွေးဖို့ရှိတယ်။ သမီးတို့ကိုလဲ ထကြတော့၊ ရေချိုးသန့်စင်ပြီး အတွင်းဧည့်ခန်းလာကြလို့ ပြောလိုက်ပါ"

"ဟုတ်ကဲ့ ဒါလင်"

ကိုအောင်ကျော်ဇောသည် လုပ်ငန်းတိုးချဲ့လုပ်ကိုင်ရန် စီစဉ်ထားသောကြောင့် လက်ရှိလုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်သွားကြရန် မိသားစုအလုပ်ရုံ ဆွေးနွေးပွဲ၊ အစည်းအဝေးနှင့် စီမံခန့်ခွဲတာဝန်ပေးသည့် အစည်းအဝေးကိုပြုလုပ်ရန် ဆင့်ခေါ်ထားခြင်းဖြစ်လေသည်။

"ဒီနေ့ မိသားစုအစည်းအဝေး၊ စီမံခန့်ခွဲရေး၊ ဆွေးနွေးပွဲကိုပြုလုပ်သည့် အဓိကအချက်ကတော့ ...

(၁) ဆိုင်လုပ်ငန်းတွေကို သမီးကြီး(ဝင့်ဝင့်သူ)က တာဝန်ယူလုပ်ကိုင်ပါ။

(၂) ဖြန့်ချီရေးလုပ်ငန်းများကို သမီးငယ်(သိမ့်သိမ့်သူ)က တာဝန်ယူပါ။

(၃) စက်ရုံမှူးကိုထွတ်ထား ထုတ်လုပ်ရေးကိုတာဝန်ယူပါ။

(၄) မန်နေဂျာကြီး ဦးမောင်မောင်လတ်က လုပ်ငန်းအားလုံးကို ကြီးကြပ်ပါ။

(၅) အချစ်က ဘဏ်



www.burmeseclassic.com

www.burmeseclassic.com



သွင်း/ငွေထုတ်ကို ဂျာကြီးနဲ့ပူး ပေါင်းလုပ်ကိုင်ပါ။

"ဒါလင်က ဘယ်သွားပြီး ဘာတွေလုပ်မှာမို့လို့ ဒီမှာတမ်း ရှည်ကြီးကို မှာနေရတာလဲ ဒါလင်"

"ဆန္ဒတွေမစောပါနဲ့ အချစ်"

"ဒါလင် ပုဂံညောင်ဦးမှာ ဟိုတယ်ဖွင့်ဖို့ စီစဉ်ထားတယ်။ ဒါကြောင့် ဒီလုပ်ငန်းတွေကို တာဝန်ကိုယ်စီယူပြီး လုပ်ကြဖို့စီစဉ်ရခြင်းတယ်"

"ဟိုတယ်လုပ်ငန်းကို ဒါလင်တစ်ဦးတည်း လုပ်မှာလား အစုရှယ်ယာပါသေးလား"

"ပါတယ်အချစ် ဘန်ကောက်က (မာဂရက်သက်ချာ)နဲ့ ဆောင်ကြီးက (နန်းခမ်းမွန်)တို့ပါတယ်(သရီးရှယ်ယာ) လုပ်ကြမှာပါ"

မိသားစုစီးပွားရေး လုပ်ငန်းကြီးအဖြစ် လုပ်ကိုင်လာကြသူများဖြစ်သောကြောင့် အားလုံး တက်ညီလက်ညီဖြင့် ကိုအောင်ကျော်ဇော၏ စိတ်ဆန္ဒ၊ မှာကြားချက်အတိုင်း တာဝန်ယူကြမည်ဖြစ်ကြောင်း ကတိပေးကြသည်။ ကိုအောင်ကျော်ဇောမှာလည်း ဝမ်းသာပီတိဖြစ်ရလေသည်။ အစည်းအဝေးအပြီးတွင်

"ကဲ အားလုံး ရွှေဂုံတိုင်ဟော့ပေါ့သွားပြီးစားကြမယ် သောက်ကြမယ်"

(၄)

ကိုအောင်ကျော်ဇော၊ မာဂရက်သက်ချာ၊ နန်းခမ်းမွန်တို့သည် ပုဂံမြို့ရှိ ဟိုတယ်လုပ်လက်စရှိသော ဟိုတယ်အဆောက်အအုံ ဟိုတယ်လုပ်ငန်းကို ဝယ်ယူလိုက်ကြသည်။ အရှေ့တိုင်းဟိုတယ် အပြင်အဆင်မှ အနောက်တိုင်းဟိုတယ် အပြင်အဆင်အဖြစ်သို့ ပြောင်းလဲဖွဲ့စည်းလိုက်သည်။ ဟိုတယ်အခန်းဖွဲ့စည်းမှု၊ ဟိုတယ်အသုံးအဆောင်ပစ္စည်းများကိုလည်း နိုင်ငံတကာအဆင့်သို့ ပြောင်းလဲလိုက်ကြသည်။ သို့သော်လည်း နိုင်ငံတကာအဆင့်မီ ဟိုတယ်ဖြစ်လာသည်။

မာဂရက်သက်ချာသည် ဘန်ကောက်မြို့တွင် သူမပိုင်ဟိုတယ်တစ်ခုရှိသည်။ သူမ၏ဟိုတယ်သို့ အနောက်ဥရောပမှ လာရောက်တည်းခိုသူများအား သူမအစုရှယ်ယာ ပါဝင်ပိုင်ဆိုင်သော ပုဂံဟိုတယ်သို့ ခရီးဆက်ကြောင်းယူသည်။ သို့ကြောင့်လည်း ပုဂံမြို့ရှိသူတို့၏ဟိုတယ်မှာ အရှေ့တိုင်း၊ အနောက်ဥရောပဒေသမှ လာရောက်တည်းခိုကြသည်မှာ ဝင်လာမစဲတသဲသဲ ဖြစ်နေသည်။

"မန်နေဂျာ ကျွန်မ အခန်းတစ်ခန်းလိုချင်လို့ပါရှင်"

"ကျွန်မတို့ဟိုတယ်မှာ အခန်းမကျန်တော့ပါဘူးရှင်"

"ဒီနားတစ်ဝိုက်က တခြားဟိုတယ်တွေမှာလဲ အခန်းမရှိတော့လို့ပါ။ ကျွန်မကိုဖြစ်တဲ့နည်းနဲ့ အခန်းတစ်ခု စီစဉ်ပေးပါလားရှင်၊ ကျွန်မက ဒီဟိုတယ်အနီးတစ်ဝိုက်မှာ ရုပ်ရှင်ရိုက်ရမှာမို့လို့ပါ။ ဖြစ်အောင်စီစဉ်ပေးပါလားရှင်၊ ကျွန်မဖြစ်သလို နေပါ့မယ်"

"အခန်းကတော့ လုံးဝမရှိတော့ပါဘူးရှင်၊ ဒါပေမဲ့ (ဘော



www.burmeseclassic.com

www.burmeseclassic.com



စွဲ)နေတဲ့ အခန်းတစ်ခန်းတော့ ရှိတယ်။ ကျွန်မဘောစေ့ကို ချိတ်ဆက်ပေးပါ့မယ်''

''ကျေးဇူးပါပဲရှင် ကျွန်မကိုယ်တိုင်တောင်းပန်ပြီး အကူအညီတောင်းပါရစေ''

''ဟလို ဘောစေ့ ကျွန်မရုပ်ရှင်မင်းသမီး (အိခြွေပြည့်ဖြိုးခိုင်)ပါဘောစေ့၊ ကျွန်မဒီအနီးတစ်ဝိုက်မှာ ရိုက်ကွင်းဖြစ်နေလို့ ဘောစေ့အခန်းမှာ တည်းခိုခွင့်ပြုပါရှင်၊ ကျွန်မကိုကူညီပါ။ ဘောစေ့အတွက် ဘာအနှောင့်အယှက်မှ မရှိစေရပါဘူး''

''ခက်တာက ကျွန်တော်က ညပိုင်းမှာအရက်သောက်တယ်။ ကျွန်တော့်အခန်းမှာ မင်းသမီးတည်းလို့ ဖြစ်ပါ့မလား''

''အနားယူချိန်မှာ အရက်ဘီယာသောက်တာ ဆန်းသလားဘောစေ့ရယ်၊ ကျွန်မတို့လဲ အနားယူတဲ့အခါ ဘီယာတို့ စပိုင်တို့သောက်ကြတာပဲ ကျွန်မဘောစေ့ကိုယုံပါတယ် ဆရာ''

''ဒါဆိုလဲ ကျွန်တော့် မန်နေဂျာကို ဖုန်းပေးလိုက်ပါ''

ဟလို မန်နေဂျာ တို့အခန်းမှာ မင်းသမီးကိုနေရာပေးလိုက်ပါ''

တက်သစ်စရုပ်ရှင်၊ ဗီဒီယိုမင်းသမီးလေး (အိခြွေပြည့်ဖြိုးခိုင်)သည် ပုဂံမြို့ရှိ ခေတ်မီဟိုတယ်၏ ပိုင်ရှင်ကိုအောင်ကျော်ဇော၏ အခန်းတွင် တည်းခိုခွင့်ရရှိသောကြောင့် အဆင်ပြေသွားသည်။ စိတ်ချမ်းသာခဲ့ရလေသည်။ (၁၀)ရက်တိုင်တိုင်တည်းခိုပြီး ဇာတ်ကားကိုရိုက်ရမှာဖြစ်လေသည်။

နံနက်မိုးသောက်အလင်းရောက်သည့် ပုဂံမြို့၏နံနက်ပိုင်းတွင်ဖြစ်သည်။ မိုးအကုန်းဆောင်းအကူး၊ လေရူးကတသုန်သုန်ဖြစ်သည်။ မြူမှိုင်းတွေလည်းကျနေသည်။ နေခြည်ဖြာသည့်အချိန်တွင်မူကား ပုဂံမြို့၏ ရှေးဟောင်းဘုရားပုထိုးစေတီများကို အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာတွင် ဖူးမြော်တွေ့ရှိရသည်။

ယာသမီးများက နွားလှည်းထွန်တုံး၊ ထယ်သွားများဖြင့် ယာတောရှိလုပ်ငန်းခွင်သို့

**အနားယူချိန်မှာ အရက်ဘီယာသောက်တာဆန်းသလားဘောစေ့ရယ်၊ ကျွန်မတို့လဲ အနားယူတဲ့အခါ ဘီယာတို့ စပိုင်တို့သောက်ကြတာပဲ ကျွန်မ ဘောစေ့ကိုယုံပါတယ်ဆရာ . . .**



www.burmeseclassic.com

www.burmeseclassic.com



သွားလာလှုပ်ရှားနေကြသည်။ မင်းသမီးမှာလည်း ရိုက်ကွင်းသို့ ဓာတ်ဝင်ခန်းရိုက်ကူးရန်အတွက် ပြင်ဆင်နေသည်။ အလှပြင်ရသည်။

ဟိုတယ်ပိုင်ရှင်ဘောစေ့ ကိုအောင်ကျော်ဇောကတော့ ဂေါက်ရိုက်ပြီး၍ ဂေါက်ကွင်းမှဟိုတယ်သို့ ပြန်ရောက်လာသည်။ ဘဝချင်းမတူသည့် လူသားတို့၏ အခြေအနေမှာ အတိတ်ဘဝတွေက ကံကံ၏အကျိုးတရား အကြောင်းတရားများပင်ဖြစ်သည်။

"ဟာ မင်းသမီး တယ်ချောပါလား၊ တောသူမလေးပုံစံဆိုတော့ တစ်မျိုးတစ်ဘာသာလေး လှနေပါလား"

"ဘောစေ့မြောက်မနေနဲ့ ခေါင်မိုးပေါက်ထွက်သွားလိမ့်မယ်"

"မင်းသမီးကလဲဗျာ ဘောစေ့လို့မခေါ်ပါနဲ့ ခင်မင်မှုအနှစ်သာရမရှိဘူး"

"ဒါဆို ဘယ်လိုခေါ်ရမလဲ"

"ခေါ်ချင်သလို ခေါ်ပါ"

"ဒါဆို ဦးကျော်လို့ခေါ်မယ်လေ"

"ဟာ မင်းသားကြီးဦးကျော်ဟိန်းကိုခေါ်သလို ဖြစ်နေမယ်၊ ဦးကျော်လို့တော့မခေါ်ပါနဲ့"

"ဒါဆိုရင် ဦးအောင်၊ အစ်ကိုအောင်၊ အစ်ကိုလို့ခေါ်မယ်"

"ခေါ်ချင်သလိုသာ ခေါ်ပေတော့ဗျာ"

ဟိုတယ်ပိုင်ရှင် ကိုအောင်ကျော်ဇောနှင့် မင်းသမီးလေး (အိမ်ခြွေပြည့်ဖြိုးခိုင်)တို့မှာ တစ်နေ့တခြား ခင်မင်မှု၊ ရင်းနှီးမှုများရှိလာနေကြသည်။ မျက်လုံးချင်းဆုံ၊ ရင်ခုန်မှုတွေဖြစ်နေကြသည်။ ကိုအောင်ကျော်ဇောသည် ချစ်ဖနီးနှစ်သက်စွာပြောဆိုခဲ့သော သီချင်းလေးကို ပြန်လည်သတိရပြီး ရေရွတ်သီဆိုလိုက်သည်။

"မိန်းကလေးများ ရှပ်ရည်ချောရင်
အရောဝင်ချင်တဲ့ ဝါသနာထိုတယ်
ခေါ်ချင်တယ်၊ ပြောချင်တယ်၊ စကားရှာတယ်၊
ကြွားဝါတယ်
ပူးပူကပ်ကပ်နေချင်တယ်"

"ဦးအောင် မင်းသမီးကို ရည်းစားစကားပြောနေတာလား ဦးအောင်"

"သီချင်းစာသားလေး အတိုင်း ဖြစ်နေတာတော့အမှန်ပဲ ရွှေမင်းသမီး"

"ဒါဆိုရင် မေးစမ်းချင်ပါတယ် ချစ်မှန်းသိလို့ အခွင့်ကောင်းယူသလားကွယ်"

တိတ်ဆိတ်လုံခြုံသော ဟိုတယ်၏ခန်းကြီးတွင် တစ်ယောက်တစ်ခုတင်စီဖြင့် အတူနေထိုင်ကြသော ကိုအောင်ကျော်ဇောနှင့် တက်သစ်စမင်းသမီးလေး (အိမ်ခြွေပြည့်ဖြိုးခိုင်)တို့မှာ နှလုံးသားတွင် တဏှာရစ်ပတ်မှုများ တစ်နေ့တခြား တစ်စတစ်စဖြစ်ပွားနေကြပြီဖြစ်သည်။

(၅)

မင်းပွဲစိုးပွဲ ဧည့်ခံပွဲမှပြန်လာသော ကိုအောင်ကျော်ဇောသည် ဘလက်လေဘယ်၏ ၆၁



www.burmeseclassic.com

www.burmeseclassic.com



ရှိန်အဝါဖြင့် ဖိမ်ရစ်အနားယူနေလေသည်။ အချိန်ကား ည(၈)နာရီ၊ မင်းသမီးလေးသည် (NIGHT SEANE)ညရိုက်ကွင်းရိုက်ကူးပြီး ပြန်လာသည်။ ရိုက်ကွင်းအဝတ်အစားများကိုချွတ်ပြီး အဝတ်အစားလဲသည်။ မိန်းကလေးတို့၏ ဣန္ဒြေဖြင့် အဝတ်အစားကို သပ်သပ်ရပ်ရပ် သိုသိုသိပ်သိပ်မလဲ။ အနောက်တိုင်းသူများ အဝတ်အစားလဲသကဲ့သို့ ပြောင်ချွတ်ချပြီး လဲနေသည်။

"ဒီမှာ ရွှေမင်းသမီး ကျုပ်က ရဟန္တာမဟုတ်ဘူးဗျာ့"

"ရဟန္တာမဟုတ်တော့ ဘာဖြစ်လဲဦးအောင်"

"ရဟန္တာမဟုတ်တော့ ရာန်လျော့ချင်တာပေါ့ မင်းသမီးရယ်"

"ဦးအောင် အတော်မူးနေလား၊ ခိုင်သံပရာရည် ဖျော်ပေးမယ်လေ"


"ကောင်းတာပေါ့ခိုင်၊ ခိုင်ရဲ့အကြင်နာ အယုယလေးတွေကို ခံစားရတော့ စိတ်တွေ ဖောက်ပြန်နေတယ်ခိုင်"

"ကဲ ကဲ ဦးအောင် အိပ်တော့နော် အိပ်တော့"

ဖိုသတ္တဝါ ကိုအောင် ကျော်ဇောနှင့် မသတ္တဝါ မင်းသမီးအိန္ဒြေပြည့်ဖြိုးခိုင်သည် ပုဂံ ညောင်ဦးသို့ လာရောက်ရိုက်ကူး သော ဇာတ်ကားရိုက်ကူးပြီးစီး ပြီဖြစ်သည်။ နောက်နေ့ နံနက် မိုးသောက်အလင်းရောက်သော် ရန်ကုန်ရွှေမြို့တော်ကြီးသို့ ပြန် တော့မည်ဖြစ်သည်။

"ဦးအောင် ဒီညနှုတ် ဆက်ပွဲအနေနဲ့ ခိုင် မန်နေဂျာ နဲ့ ဦးအောင်တို့ကို ကျွေးမွေးချင် ခံချင်ပါတယ်"

"မလိုပါဘူးခိုင်ရယ် ဦး





www.burmeseclassic.com

www.burmeseclassic.com



အောင်က ကိုယ့်အခန်းကိုကူညီတာပဲ ကျွေးမွေးချင်ရင် ဦးအောင်တစ်ယောက်တည်းကိုပဲ ကျွေးပါ။ စားသောက်ဆိုင်ကို အော်ဒါမှာလိုက်ပေါ့”

“ဦးအောင်ဘာစားမလဲ နိုင်ကြိုက်တာမှာပါ။ ဦးအောင်အတွက် ဘလက်တစ်လုံး၊ ကြက်ကြွပ်ကြော်တစ်ပွဲဆိုရင်ရပြီ”

မင်းသမီးလေးက နှုတ်ဆက်ပွဲအနေဖြင့် ကျွေးမွေးသည့်ခံသော အာဟာရ အဖျော်ယမကာတို့နှင့် ကြင်နာသောနှလုံးသားဖြင့် ပြုစုမှုကို ကိုအောင်ကျော်ဇောတစ်ယောက် အပြည့်အဝခံစားရသည်မှာ ဝမ်းသာပီတိဖွမ်းဆီထိ။

(၆)

“ဟလို ဒေါ်မြင့်မြတ်ဆွေပါလားခင်ဗျာ”

“ဟုတ်ပါတယ်ရှင့် ဘယ်သူပါလဲ ဘာကိစ္စရှိလို့ပါလဲရှင်”

“ကျွန်တော် ရုပ်ရှင်မင်းသမီးလေး (အိန္ဒြေပြည့်ဖြိုးခိုင်)ရဲ့ ခင်ပွန်းပါ။ ကိုအောင်ကျော်ဇောနဲ့ ကျွန်တော့်ဇနီးတို့ သူ့ဟိုတယ်မှာ ကာမဖောက်ပြန်မှုတွေရှိခဲ့တယ်။ သက်သေခံအနေနဲ့ ကျွန်တော် (DVD)အခွေပို့လိုက်ပါမယ်”

“ဘာပဲဖြစ်ဖြစ် ရှင်ဘာဖြစ်ချင်ပါသလဲ”

“ဟုတ်ကဲ့ ကျွန်တော် နစ်နာကြေးငွေ သိန်း(၁၀၀)လိုချင်ပါတယ်”

“ကျွန်မခွေကြည့်ပြီး စီစဉ်ပေးပါ့မယ်။ ကျွန်မခင်ပွန်းဂုဏ်သိက္ခာထိခိုက်မခံနိုင်ပါဘူး။ ကျွန်မခင်ပွန်းကိုလဲ အသိမပေးပါနဲ့။ သူက ဒေါသကြီးတယ်။ ခိုက်ရန်ဒေါသ ပဋိပက္ခတွေ ဖြစ်သွားနိုင်ပါတယ်”

“စိတ်ချပါ ကျွန်တော် ဒေါ်မြင့်မြတ်ဆွေထံ အခုပဲ အခွေပို့လိုက်ပါ့မယ်”

ဒေါ်မြင့်မြတ်ဆွေသည် အရှက်ကို အသက်နဲ့လဲမယ်ဆိုသော လူတန်းစားမျိုးဖြစ်သည်။ စီးပွားရေးလုပ်ငန်းကောင်းပြီး ဂုဏ်သတင်းကျော်စောသည့် ခင်ပွန်းသည် ကိုအောင်ကျော်ဇော၏ ဂုဏ်သိက္ခာကို လုံးဝ(လုံးဝ) ထိခိုက်မခံသူဖြစ်လေသည်။

“ဟလို ဒေါ်မြင့်မြတ်ဆွေပါလားခင်ဗျာ ကျွန်တော်မင်းသမီးခင်ပွန်းပါ သဘောထားသိချင်လို့ပါ”

“ဟုတ်ကဲ့ ကျွန်မသိန်း (၁၀၀)ပေးမယ်။ ငွေရကြောင်း အချက်အလက်နဲ့ စာချုပ်တော့ လက်မှတ်ရေးထိုးပေးရမယ်။ ကျွန်မတို့လမ်းထိပ်က လက်ဖက်ရည်ဆိုင်ကိုလာယူပါ”

“ဟုတ်ကဲ့ ခင်ဗျား အခုလာခဲ့ပါ့မယ်”

မင်းသမီးအိန္ဒြေပြည့်ဖြိုးခိုင်၏ ခင်ပွန်းဆိုသူ (ရိုက်ကွင်းမန်နေဂျာ)ဆိုသူ ကိုခင်မောင်သက်ရှိဦးသည် စာချုပ်ပါအချက်အလက်များကို ဖတ်ကြည့်လက်မှတ်ရေးထိုးပြီး ငွေကျပ်သိန်း (၁၀၀) ရယူသွားခဲ့လေသည်။ ဒေါ်မြင့်မြတ်ဆွေသည် ဒီကိစ္စသည် ခင်ပွန်းဖြစ်သူကိုလည်း အသိမပေးပါ။ အဖေကြီးကို စိတ်မချလွန်းသော သမီးနှစ်ဦးကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



အသိမပေးပါ။

(အမြင်မှားသော သူ၏တဏှာအလျှဉ်သုံးဆယ့်ခြောက်ဖါးတို့သည် နှစ်သက်ဖွယ်ရှိသော ရုပါရုံ စသည်တို့ကို ပြင်းထန်စွာ စီးကုန်၏။ ထိုအမြင်မှားသောသူကို ရာဂနှင့်စပ်သော အကြံအစည်တို့ သည် ဆောင်ယူကုန်၏။)

(ဓမ္မပဒ)

(၇)

"ဟဲလို မင်းသမီးအိန္ဒြေပြည့်ဖြိုးနိုင်ပါလား ခင်ဗျား"

"ဟုတ်ပါတယ်ရှင် ဘာကိစ္စပါလဲ ဘယ်သူပါလဲ"

"ကျွန်တော် ပုဂံညောင်ဦးက ဦးအောင်ကျော်ဇောပိုင်ဟိုတယ်က အလုပ်သမားတစ်ဦးပါ။ မင်းသမီးနဲ့ ဦးအောင်ကျော်ဇောတို့ ဟိုတယ်အခန်းမှာ လင်မယားလိုနေကြတဲ့ DVD ခွေကျွန်တော်ရိုက်ယူထားပါတယ်။ မင်းသမီးဂုဏ်သိက္ခာမကျချင်ရင် ကျွန်တော့်ကို ငွေကျပ်သိန်း(၁၀၀)ပေးပါ။ မပေးရင် အင်တာနက်တို့ ဘာလူးခွေရောင်းသူတို့ကို ကျွန်တော်ရောင်းလိုက်မယ်"

"မလုပ်ပါနဲ့ရှင် ကျွန်မအခုမှ နာမည်ရခါစ တက်သစ်စမင်းသမီးပါ။ ကျွန်မငွေပေးပါ့မယ်။ ဒါပေမဲ့ ကျွန်မသိန်း(၁၀၀)

**မင်းသမီးနဲ့ ဦးအောင်ကျော်ဇောတို့ ဟိုတယ် အခန်းမှာ လင်မယားလို နေကြတဲ့ DVD ခွေ ကျွန်တော် ရိုက်ယူထားပါတယ်။**

သိန်းတော့ မတတ်နိုင်ဘူး။ သိန်း(၅၀)ပဲယူပါ။ အဲဒီခွေလဲ ကျွန်မကိုပေးပါ။ လျှောက်ပြီးမဖွပါနဲ့။ ကျွန်မတောင်းပန်ပါတယ်"

ငွေညှစ်သူကဘယ်သူလဲ။ ဖောက်ပြန်ရေးသမား ဘယ်သူလဲ။ သိရှိဖို့ထက် မိမိဘဝတစ်ခုလုံး အရှက်ရမှာကိုသာ စိုးရိမ်နေသောကြောင့် မင်းသမီးအိန္ဒြေပြည့်ဖြိုးနိုင်သည် ပုဂံဟိုတယ်မှ ဝန်ထမ်းဆိုသူအား ချိန်းဆိုသည်။ ငွေရရှိကြောင်းစာချုပ်တွင် အ... ချက်အလက်များရေးသားပြီး လက်မှတ်ရေးထိုးစေသည်။ ငွေ... ပေးလိုက်သည်။ (DVD)ခွေကို... ယူသည်။

(နိုးကြား (အိပ်မပျော်)သောသူအတွက် ညတာ... ရှည်၏။ ခရီးပန်းသောသူအတွက် ယူဇနာခရီးသည် ရှည်၏။ သူတော်ကောင်းတရားကို မသိကုန်သော... လူမိုက်တို့အတွက် သံသ... ရာသည်ရှည်၏။)

(ဓမ္မပ...)

မင်းသမီးအိန္ဒြေပြည့်ဖြိုးနိုင်သည် ဟိုတယ်ကအလု... သမားပါဆိုသော အကြံပက်... မှုကို ကိုအောင်ကျော်ဇောသို့ အ... သိပေးရင်ကောင်းမည်ဟု ... ဆုံးဖြတ်လိုက်သည်။ နှစ်ဦး...



www.burmeseclassic.com

www.burmeseclassic.com



တွက် အရှက်တကွဲ အကျိုးနည်းမဖြစ်ရလေအောင် အကာအကွယ်လုပ်ဖို့စီစဉ်ရန် သတိပေးရန်စီစဉ်သည်။

"ဟလို ပြောပါရွှေမင်းသမီး"

"ဦးအောင် အရေးကြီးပြဿနာတော့ပေါ်နေပြီ။ ဦးအောင်ရဲ့ဟိုတယ်က အလုပ်သမားဆိုသူက ဦးအောင်နဲ့ခိုင်တို့အတူနေခဲ့တဲ့ ပုံရိပ်တွေကို ဗီဒီယိုရိုက်၊ ခွေထုတ်ပြီး ခိုင့်ဆီကိုငွေညှစ်တယ်။ အရှက်ကွဲမှာစိုးလို့ ငွေကျပ်သိန်း(၅၀)ပေးပြီး စာချုပ်မှာလက်မှတ်ထိုးခိုင်းတယ်။ ခွေကိုလဲယူလိုက်တယ် ဦးအောင်"

"ဦးအောင်ရဲ့ ဟိုတယ်အလုပ်သမားတော့ မဖြစ်နိုင်ဘူး။ ဦးအောင်ရဲ့အခန်းထဲကို ဘယ်ဝန်ထမ်း၊ ဘယ်အလုပ်သမားမှ ဝင်ခွင့်မရှိဘူး။ ခိုင်နဲ့အတူ အခန်းထဲကိုအဝင်အထွက်ရှိသူ ဖြစ်နိုင်တယ်"

"ခိုင်လဲ ရိုက်ကွင်းမန်နေဂျာဖြစ်နိုင်တယ်လို့ ယူဆတယ်။ သူကတွဲဖက်ကင်မရာမင်းလဲဖြစ်တော့ ခွေရိုက်တတ်တယ်။ သူ့လက်ချက်ဖြစ်မယ်လို့ ယုံကြည်ထားတယ်။ ပြဿနာတော့ အေးသွားပြီ။ နောက်ထပ်ပြဿနာမရှိအောင် ကာကွယ်ဖို့ ခိုင်သတိပေးတာပါ။ ဦးအောင်က အိမ်ထောင်သည် စီးပွားရေးလုပ်ငန်းရှင်ကြီးဆိုတော့ ကာကွယ်မှုပြုလုပ်ထားဖို့ ခိုင်တင်ပြတာပါ"

"ဦးအောင်ဝမ်းသာပါတယ်။ ကျေးဇူးလဲတင်ပါတယ်။ ခိုင်ငွေရေးကြေးရေး လိုအပ်ရင်လဲပြောပါ။ အားမနာပါနဲ့"

ကိုအောင်ကျော်ဇောနှင့် မင်းသမီးအိန္ဒြေပြည့်ဖြိုးခိုင်တို့သည် ပေါ့လျော့စွာနေထိုင်မှုကြောင့် ဂုဏ်သိက္ခာထိပါးနိုင်သော ငွေညှစ်ခံရမှုကို နောက်ထပ်ပြဿနာမပေါ်ပေါက်စေရန် တိုင်ပင်၍ အကာအကွယ် ပြုလုပ်ကြလေသည်။

(၈)

ကိုအောင်ကျော်ဇောတစ်ယောက် အိပ်မပျော်သော ညတစ်ညဖြစ်နေသည်။ (DVD) ခွေရိုက်ထားသူက နောက်ထပ်ငွေညှစ်မှုတစ်ခုခု လုပ်မည့်အခြေအနေကို တွေးနေသည်။ ဒီလူယုတ်မာကို ဘယ်လိုနှိပ်ကွပ်ရင်ကောင်းမလဲစဉ်းစားနေသည်။ ဇနီးနှင့်သမီးများထံသို့လည်း ငွေညှစ်ခြင်း၊ သိက္ခာကျစေရန် ပြုလုပ်ခြင်းများ ပေါ်ပေါက်လာနိုင်သည်ကို တွေးတောနေမိသည်။ ဇနီးဖြစ်သူကို ကြိုတင်အသိပေးအကြောင်းကြားထားရင်ကောင်းမည်ဟု စိတ်ဆုံးဖြတ်လိုက်သည်။

"ဟဲလို ဒါလင်ပြောပါဒါလင်"

"အချစ်ရေ အရေးကြီးတဲ့ ကိစ္စတစ်ခုပြောချင်တယ်"

"ဒါလင်ကလဲ ကိုယ့်မယားကိုပြောတာများ ခွင့်တောင်းနေရသေးလား"

"ဒီလိုအချစ်ရေ ကိုယ်တို့ဟိုတယ်မှာ လာပြီးတည်းခိုတဲ့ ရုပ်ရှင်၊ ဗီဒီယိုမင်းသမီးလေး အိန္ဒြေပြည့်ဖြိုးခိုင်နဲ့ ဒါလင်နဲ့ ရုပ်ခဲ့ကြဖူးတယ်။ အဲဒါကို ငွေညှစ်လိုသူက ကြိုတင်ပြင်ဆင်ပြီး ဗီဒီယိုခွေရိုက်ယူခဲ့တယ်။ အဲဒီ အခွေကိုအကြောင်းပြုပြီး အင်တာ



www.burmeseclassic.com

www.burmeseclassic.com



နက်တင်မယ်၊ ဘလူးခွေဖြန့်တဲ့ သူတွေကိုရောင်းမယ်၊ မရောင်းစေလိုလျှင် ငွေသိန်း(၁၀၀) တောင်းတယ်၊ သိန်း(၅၀)ပေးပြီး စာချုပ်လုပ်ခိုင်းပြီး ပေးခဲ့ရတယ် အချစ်ရေ''

''ဩော် ဟုတ်လား နာမည်ကဘယ်သူတဲ့လဲ၊ မင်းသမီးနဲ့ ဘာတော်သတဲ့လဲ''

''ဒါလင် အချစ်ဆီကိုလဲ မင်းသမီးရဲ့ခင်ပွန်း ခင်မောင်သက်ချိုဦးဆိုသူက ခွေပြပြီး ငွေသိန်း(၁၀၀)တောင်းတယ်။ ဒါလင်ရဲ့ဂုဏ်သိက္ခာကို ထိပါးမှာစိုးလို့ စာချုပ်စည်းကမ်းချက်ရေးပြီး လက်မှတ်ရေးထိုးပေးလို့ အချစ်သိန်း(၁၀၀)ပေးလိုက်ရတယ် ဒါလင်''

''နောက်ထပ် ငွေညှစ်မှုတစ်ခုခုရှိလာရင် ဒါလင်ကိုချက်ချင်းအသိပေးပါ။ ဒီကောင်ကို တစ်နည်းနည်းနဲ့ ဒါလင်အပြတ်ရှင်းမယ်''

''ပြီးတာတွေ ပြီးပါစေတော့ဒါလင်ရယ်''

ကိုအောင်ကျော်ဇောသည် မြွေပွေးပိုးထိဆိုသလို ခံစားလိုက်ရသောကြောင့် (မင်းသမီးရဲ့ ခင်ပွန်းဆိုသောသူ) (ဟိုတယ်က အလုပ်သမားဆိုသောသူ)ကို ဆားပုလင်းနှင်းမောင်လုပ်ရန် ဘော်ဒါဘော်ဂျက်များဖြင့် ''စစ်မျက်နှာ ဖွင့်ထားလိုက်လေသည်''

ချစ်ဇနီး ဒေါ်မြင့်မြတ်ဆွေကတော့ တရားသမားပီပီ ဒါတွေဟာဖြစ်ပျက်တွေပဲ ဖြစ်ပြီးရင် ပျက်သွားတာပဲ တကယ်ဆိုတော့ ခန္ဓာငါးပါး၊ ရုပ်နာမ်(၂)ပါးသာဖြစ်သည်ဟု တရားဖြင့်ဖြေဖျောက်နေသူ ဖြစ်လေသည်။ သို့ရာတွင် သူမလည်း ပုထုဇဉ်လူသားဆိုတော့ သီချင်းလေးငြ
တွားသီဆိုရင်း ဖြေလျော့ရလေ
သည်။

–အယောင်ဆောင် အပို
မပြောတတ်သူမို့ကွယ်
–မောင်မောင်ဆိုလေ
ကဲလိုက်ချင်နဲ့ကွယ်
–ခုလိုချစ်တာ စည်းစိမ်
လိုပါတယ်
–မောင်အချစ်ဆက်မကူ
ချင် ညှောင်မြစ်ဆက်
တူးချင်ပါတယ်
–မပျက်မဆုံးပေါင်၊ အ
ချစ်ရှာချင်သေးသလာ
ကွယ်
–တစ်သက်မမုန်းပေါ်
မျက်လုံးဒေါက်ထော
ကြည့်ဦးမယ်။

''ဘယ်သူမပြု မိမိမှု''
မောင်မောင်စိန်လင်း(နတ်မော



www.burmeseclassic.com

www.burmeseclassic.com



# မီးဝါပြချိန်နေညိုချိန်

တွင်းကြီးသားတင်ဝင်းဦး (ဝတ္ထုရှည်/စဆုံး)

www.burmeseclassic.com



"မီးဝါပြချိန် နေညိုချိန်"
တွင်းကြီးသား တင်ဝင်းဦး

အချိန်ဆိုတာ ... ဘဝအတွက် အရေးကြီးမှန်း ကျွန်တော်သိသည်။ အချိန်တိုင်း အရေးကြီးနေသည် မှန်သော်လည်း ထိုအချိန်ထဲမှာ အချက်ပြနေသည့် အရာကလည်း လိုသေးသည်။ ဥပမာ အမှားတစ်ခုပြုလုပ်နေလျှင် မပြုလုပ်မိဖို့ အဘယ်သို့သော အသိသတိနှင့် ထိန်းချုပ်ရမည်ဆိုသော အချိန်သည် အမှားနှင့်အမှန်ရဲ့ကြားမှာ ရှိနေမည်လေ။ ထိုအချိန်၌ အသိသတိ ဝင်လာပြီဆိုပါက မှားသလားမှန်သလားဆိုတာ တွေးတောအဖြေရှာပြီး အမှန်ဘက်ကို ပြုလုပ်တိမ်းစောင်းတတ်ဖို့သာ အရေးကြီးသည် မဟုတ်လား ....

ယခုတော့ ... ကျွန်တော့် အဖြစ်က ... အချိန်ဆိုတဲ့ကာလထဲမှာ။ နေ့နှင့်ညဆိုသည့်အချိန်ထဲမှာ ရပ်နေငေးနေသူက ကျွန်တော် ...။ အဲသလိုသာ ကျွန်တော့်ကိုယ် ကျွန်တော် အပြစ်တင်မိပြီလားမသိ ...

✿✿✿

"မောင် ... သွားတော့မှာလား"

ဇနီး၏အမေးကို ခေါင်းညိတ်ဖြေရင်း ကားမောင်းထွက်ခဲ့သည်။ ဇနီးအနားတွင်ရပ်နေသည့် သမီးလေးကိုပင် မကြည့်မိ။ အရင်တုန်းကတော့ အခုလိုအလုပ်သွားပြီဆိုလျှင် သမီးကို ပြုံးပြ၊ လက်ပြမိသည်။ "သွားပြီနော်"ဟု ပြောသည့်အခါမျိုး၊ ပြီးတော့ သမီးကို နမ်းသည့်အခါမျိုး ...

အခုတော့ သမီးကိုပင် တစ်ချက်ကလေးလောက် လှည့်ကြည့်မိရုံမှအပ ရင်ထဲမှာ အပူအပင်ကင်းနေသလိုမျိုး၊ ခံစားမှုကင်းမဲ့နေသလိုမျိုး။ ကျွန်တော် ကျောပေးရာအရပ်တွင်တော့ ဇနီးနှင့်သမီးတို့ ငေးပြီးကြည့်ရင်း ကျန်ရစ်ခဲ့မှာအမှန်။

တွေးရင်းနှင့် ကားလေးကို မြို့ထဲမောင်းခဲ့သည်။ တကယ်တော့ ကျွန်တော့်အလုပ်က တက္ကစီကားမောင်းသမား၊ မနက်စောစောအချိန်မှာ အိမ်မှထွက်ပြီးသည်နှင့် လမ်းမတော် သရက်တောကျောင်းတိုက်ရဲ့ အနောက်ဘက်၊ နာရီစင်ဘေး၊ သရက်တောကျောင်းပေါက်က ကျွန်တော်တို့ရဲ့စားကျက်။ သည်နေရာက ခရီးသည်ပေါသည်။ အသွားအလာများသည့်နေရာ၊ သည်နေရာမှာ ကျွန်တော်တို့လို တက္ကစီကားသမားတွေ သာမက ဆိုက္ကားသမား လေးငါးဦးလည်း စခန်းချသည့်နေရာ။ စားသောက်စရာကလည်းပေါ၊ ကွမ်းဆေးလိပ်ဝယ်လို့ အရန်သင့်ဖြစ်သည့်နေရာ ....

ကျွန်တော်နေသည်က သာကေတ၊ (---)ရပ်ကွက်မှာ ကိုယ်ပိုင်အိမ်၊ ကိုယ်ပိုင်ကားလေးနှင့်မို့ အဆင်ပြေသည်။ အငှားမောင်းရမည်ဆိုရင် မလွယ်။ နာကြေးရဖို့က အတော်ကြိုးစားရှာဖွေရမည်။ ယခု ကိုယ့်ကားနှင့် ကိုယ်ဆိုတော့ ရသမျှသည် ကျွန်တော့်ငွေ။ ဆီဖိုးနှင့် စားစရိတ်နုတ်ရုံသာ။ ရသမျှကို ကျွန်တော် သုံးချင်သုံး၊ ဖြုန်းချင်ဖြုန်း၊



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူထံ အပ်ချင်အပ်၊ မအပ်ချင်နေ။ ရာသမျှအပ်ပါဟု ဖနီးဖြစ်သူက မပြောရဲ။ မပြောဝံ့။ ဖနီးဖြစ်သူမှာက အိမ်ဈေးဆိုင်ဖွင့်ရောင်းနေသည်ဆိုတော့ အဆင်ပြေသည်။ တစ်နေ့တစ်နေ့ ... မရောင်းရဘူးဆိုသည့်နေ့က တစ်သိန်းကျော် နှစ်သိန်းနီးပါး ရောင်းရသည်ဆိုတော့ အဆင်ပြေသည် ...

သည်နေ့က ကျွန်တော့်စိတ်တွေ ဝေဝါးနေသည်။ မြင်သမျှသည် ကျွန်တော့်အတွက် မွန်းကျပ်နေသည်ဟု ထင်သည်။ လူတွေကားတွေကို ကြည့်ရင်းအဓိပ္ပာယ်မဲ့ ခံစားနေမိသလို အိမ်ကထွက်၊ လမ်းမပေါ်ရောက် မြို့ထဲသွားသည့် ခရီးသည်ကိုရှာသည်။ ဆယ်မိနစ် အကြာမှာတော့ စုံတွဲတစ်တွဲက သိမ်ကြီးဈေးအထိငှားသည်မို့ ကံကောင်းသွားသည်။ သာကေတနဲ့ သူ့ဥယျာဉ်ကားတွေ၊ ပြီးတော့ ... သန်လျင်ဘက်က လာသည့်ကားတွေက ကျပ်သည်လေဘယ်ကားကြည့်ကြည့် အပြည့်။ ငါးပိငါးချဉ်သိပ် ....

သည်တော့ စုံတွဲက လိုင်းကားမစီး။ ကျွန်တော့်ကားကိုငှားသည်။ ဈေးညှိပြီး မောင်းခဲ့သည်။ ကျွန်တော်က ဗန္ဓုလတံတားပေါ်ကမဖြတ်။ ပုဇွန်တောင်ဈေးဘက်ကနေ မောင်းခဲ့သည်။ နောက်ဘက် ချစ်သူစုံတွဲဆီက ရယ်သံသဲ့သဲ့ကြားရသည်။ ဒီတော့ မှန်ထဲကနေပြီး စုံတွဲဆီကို မသိမသာ ကြည့်မိသည်။ ချောတာကတော့ ကောင်လေးရော ကောင်မလေးပါ ချောသည်။ ကောင်လေးက အသက်ကြီးမည့်ပုံ ...



"အစ်ကို ..."

ကောင်မလေး ခေါ်သံက ခပ်နွဲ့နွဲ့ ...

ကောင်မလေးကခေါ်ရင်း ကောင်လေးဘက် ခေါင်းငဲ့ကြည့်ရင်း မှီထားသည်က ချစ်စရာအပြည့် ...

"ပြောလေ .. ဘာပြောချင်လို့လဲ ..."

"ဘာပြောချင်သလဲဆိုတာ .. အစ်ကိုသိရက်သားနဲ့ ... တကယ်လို့ ညီမမှာ ကိုယ်ဝန်ရှိရင် ... အစ်ကို ဘယ်လိုလုပ်မလဲဟင် ... အဲဒါသိချင်တာ"

ကောင်မလေး စကား



www.burmeseclassic.com

www.burmeseclassic.com



အဆုံး ကောင်လေးက ခပ်ပေါ့ပေါ့ရယ်သံတစ်သံ ထွက်လာသည်။ ကောင်မလေးက ဆက်ပြောလာသည်။

"ပြောလေ အစ်ကို ... ဘယ်လိုလုပ်မလဲလို့။ ဖေဖေတို့ မေမေတို့ သိသွားရင်တော့ မိုးမီးလောင်ရုံတင်မကဘူး။ ကမ္ဘာပါ ပျက်မှာ"

"ဘာဆိုင်လဲ အချစ်ရယ် ...၊ ဘာဖြစ်လို့ အဲသလောက်အထိ တွေးပူနေရတာလဲ။ အခုခေတ်က နည်းပညာခေတ်ပါ။ ဆေးတွေပေါ်မှပေါ။ ကိုယ်ဝန် မရှိအောင် ဆေးသောက်။ ဆေးသောက်လို့မှ မရရင် ဆရာမတစ်ဦးဦးဆီမှာ ဖျက်ချလိုက်လေ။ ကုန်ကျစရိတ်ကို အစ်ကို တာဝန်ယူမှာပေါ့"

"ဟင်း ..."

ကောင်မလေးက မကျေမနပ်ဖြင့် မျက်စောင်းခဲသည်။ ဘာမှပြန်မပြောတော့။ ကောင်လေးလည်း ငြိမ်သွားသည်။ ကျွန်တော်ကတော့ ကားကိုသတိထားမောင်းနေဆဲ။ ပန်းဆိုးတန်းမီးပွိုင့်ကျော်ပြီ။ ဆူးလေမီးပွိုင့်မှာ မီးနီမိသွားပြီ။

"ပြောတော့သာလွယ်တာ အစ်ကိုရဲ့ ... ညီမ .. အဲဒါကိုကြောက်တာ"

"အဟင်း ... ညီမက လဲ အလကားတွေးပူနေ ..."

"ပူတာပေါ့ အစ်ကိုရဲ့ ... အစ်ကို့မှာ တရားဝင်မယားက ရှိနေသေးတာလေ။ ညီမက အပျိုဆိုတော့ တွေးပူရတာပေါ့။ အင်း ... အစ်ကိုက ညီမနဲ့ချစ်ဦးသူဖြစ်ပေမဲ့ ညီမတို့ဘဝက နိမ့်ပါးတော့ အစ်ကို့မိဘတွေက သဘောမတူခဲ့ဘူးလေ။ အဲဒါ ညီမနဲ့ရမှာကြောက်ပြီး အစ်ကို့မိဘတွေက အစ်ကိုဘွဲ့မယူခင်မှာ အခုအိမ်ထောင်နဲ့ အတင်းအကျပ်ပေးစားခဲ့တာလေ ..."

"ဟုတ်တယ်လေ ညီမကိုချစ်ရက်နဲ့ ခွဲခွာခဲ့ရတာ ... အခုအိမ်ထောင်သက် နှစ်နှစ်တောင် မပြည့်သေးဘူး။ အဲဒါ ... အိမ်ထောင်ရေး စည်းဖောက်ပြီး ညီမနဲ့မသိမသာ တွဲနေတာကိုက .. အပြစ်။ အပြစ် .. သိရဲ့လား။ အဲ့ဒါ ညီမကိုချစ်လို့။ အခုလိုဖောက်ပြန်နေတာကို အိမ်ကလူတွေသိသွားရင် ... "

ကောင်လေးက စကားမဆက်။ တကယ်တော့ ကျွန်တော်ညှဲသွားပြီ။ လူကဲခတ် လွဲသွားပြီ။ ချစ်သူစုံတွဲဟု ထင်ခဲ့တာ။ အခုတော့ ကောင်လေးက ဘွဲ့မယူခင် သူ့မိဘတွေ ပေးစားသည့်လူနှင့် ယူခဲ့ပြီးပြီ။ အခု .. ငယ်ချစ်နှင့် မသိမသာ ကျူးလွန်နေပြီ။ ကောင်မလေးကလည်း ငယ်သံယောဇဉ်နှင့် လက်ခံခဲ့သည်။

"ကျေးဇူးပဲ အစ်ကို"

"အေး .. အေး ...."

ကောင်လေးကပြောရင်း ပိုက်ဆံပေးသည်။ မရယ်မပြုံးဖြစ်နေသည့် ကောင်မလေးဆီသို့ မပြုံးမရယ်ဘဲ ကြည့်နေမိသည့် ကျွန်တော်။ အခု .. သူ့တို့ ဘယ်သွားကြမည်နည်း။ ကျွန်တော်မသိချင်တော့။ ကျွန်တော်ကတော့ သရက်တောကျောင်းတိုက် အနောက်ဆီ ကားကို မောင်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





ရင်ထဲမှာတော့ တင်းတင်းကျပ်ကျပ် ...

✿✿✿

အမြဲတမ်း ရပ်နေကျဖြစ်သည့် သရက်တောကျောင်းအပေါက် နာရီစင်ဘေး ဗာဒံပင်ရိပ်မှာရပ်သည်။ ဝန်းကျင်မှာတော့ သူငယ်ချင်းဖြစ်သူတွေ၏ တက္ကစီကားသုံးစီးနှင့် ကွမ်းယာသည်၊ အသုပ်ရောင်းသူနှင့် ဆိုက္ကားငါးစီးခန့်ပင် ရောက်နေပြီ။

"ဟော .. ဝေလွင် ... လာဟေ့"

ကျွန်တော့်ကို ခေါ်သူက ကိုမြင့်မောင်။ သည်နေရာမှာ ကိုမြင့်မောင်က အသက်အကြီးဆုံး။ ကိုမြင့်မောင်၊ ကျွန်တော်၊ စိုးအောင်၊ ဝင်းမြင့် သည်လေးဦးက တက္ကစီဂိတ်အဖြစ် နေရာယူထားခြင်းပင်။ သည်နေရာက လူစည်သည်။ မှတ်တိုင်နှင့်ရော၊ ဈေးသည်နှင့်ရော၊ စားသောက်ဆိုင်၊ ရုပ်ရှင်ရုံနှင့်ပါနီးတော့ အဆင်ပြေသည်လေ ...

ကျွန်တော် ကိုမြင့်လွင်အနီး ဝင်ထိုင်သည်။ ဟိုတလောက ... ကျွန်တော့်ကားငှားလာခဲ့သည့် သိမ်ကြီးဈေးအနား ဆင်းသွားသည့် အိမ်ထောင်သည်ကောင်လေးနှင့် အပျိုမလေးအကြောင်း ပြောပြစဉ်က ကိုမြင့်မောင်က သူ့ထင်မြင်ချက်ပေးခဲ့သေးသည်။ အချစ်ဆိုတာ မျက်စိမပါဘူး။ မှန်တော့မှန်တဲ့စကားပါပဲ။ သို့သော် အချစ်ဆိုတာ ဦးနှောက်က ယိုစီးလာသည့် အတွေးတွေ ကြည်လင်သန့်ရှင်းမှု။ ပြီးတော့ ဆင်ခြင်တုံတရားရှိမှု။ စာပေဗဟုသုတများမှ စစ်မှန်တဲ့အချစ်ဖြစ်နိုင်ကြောင်း။ ကောင်မလေးရော၊ ကောင်လေးပါ စစ်မှန်တဲ့ဦးနှောက်နှင့် မဆုံးဖြတ်ကြလို့ မှားပြီးရင်း မှားနေကြသည်ကို ပြောပြသေးတယ် ...

ကိုမြင့်မောင်စကားကို "ဟုတ်တယ်နော်" ဆိုသည့်စကားသာအဖြေပေးရင်း ကျွန်တော်တွေဝေခဲ့ရုံမှအပ ဘာကိုမှမပြောနိုင်ခဲ့။ သည်ကနေ့ ကိုမြင့်မောင်အနားထိုင်စဉ်မှာပင် စိုးအောင်တစ်ယောက် ခရီးသည်နှစ်ဦးဖြင့် အောင်မင်္ဂလာအဝေးပြေးဝင်းကို ထွက်သွားသလို ဝင်းမြင့်လည်း သာကေတဘက် ပါသွားပြီ။ သည်တော့ ဂိတ်မှာ ကျွန်တော်နှင့် ကိုမြင့်မောင်နှစ်ဦးတည်း ...

"ကဲ ... ဆိုပါဦး ... ဒီ

www.burmeseclassic.com

www.burmeseclassic.com

ကနေ့ အိမ်ကအထွက် ဟိုတစ်နေ့ကလို အတွဲမျိုးတွေ့ခဲ့သေးလား"

ကျွန်တော် ခေါင်းယမ်းပြသည်။ ပါးစပ်ထဲက ကွမ်းကိုမြုံ့ရင်း ပြုံးကြည့်နေရုံမှတစ်ပါး စကားမဆိုမိ။ ကျွန်တော်တို့ဘေးပလက်ဖောင်းပေါ်မှနေ၍ ကောင်လေးတွေ၊ ကောင်မလေးတွေကတော့ သွားလာနေကြဆဲ။ ခေတ်လွန်အဝတ်အစားတွေနှင့်မို့ ငေးကြည့်ရင်းရှိနေကြသည်။ ကိုမြင့်မောင်ကတော့ ခေတ်စနစ်အကြောင်း သူငယ်တွေအကြောင်း ပြောရင်းရှိနေသည်။ သူ့စကားများက ကျွန်တော့်နားထဲမှာ ဝင်တစ်ချက် မဝင်တစ်ချက် ....

"ဒါနဲ့ ... ဟိုကောင် ... ထွေးမောင်တစ်ယောက် ... ဘာသတင်းကြားသေးလဲ ဝေလွင်။ ဟိုတစ်နေ့ကတော့ ကိုယ်နဲ့တွေ့ခဲ့သေးတယ်။ ဗိုလ်ချုပ်ဈေးနားမှာ"

"ဟုတ်လား ဒီကောင် ဘာလုပ်နေတာတဲ့လဲ"

"ကားကို သူ့မိန်းမက အပြီး သိမ်းသွားတာဆိုတော့ အခြားကားတစ်စီး ရှာနေတာတဲ့။ ကိုယ်က လက်ဖက်ရည်ဆိုင်ထိုင်ပြီး စကားပြောဖို့ ပြောတာတောင် ဒီကောင်က အချိန်မရလို့ အရေးကြီးလို့တဲ့ ...။ တစ်ခါတည်း လစ်သွားတာကွ ...."

"ဩော် ..."

ထွေးမောင်ဆိုတာ .. အရင်တုန်းက ဒီနေရာမှာကားထိုး၊ ခရီးသည်လာခေါ်ရင်လိုက်၊ ခရီးသည်မရှိရင် ကျွန်တော်တို့နှင့် စကားလက်ဆုံ ကျခဲ့ကြသည့် အကောင်။ ကျွန်တော်တို့နှင့် တစ်ဖွဲ့တည်းသား။ အခုတော့ ထွေးမောင်တစ်ယောက် လက်ရှိဘဝကနေ လက်မဲ့ဘဝရောက်သွားပြီ။ လူဆိုတာ ထင်မှတ်မထားသည့်အချိန်မှာ မထင်မှတ်သည့်အရာမျိုး ဖြစ်တတ်သည်လေ။ သူမထင်မှတ်သည့် အရာက ကြမ္မာဆိုးကြိုဟ်ဆိုးဟု ပြောရသည်ကလည်းအမှန် ...

"ဒီကောင် ... အတော်မိုက်မဲခဲ့တဲ့အကောင်။ ကိုယ်ဆိုရင် .. မင်းလဲအသိပဲ။ အမျိုးမျိုးပြောတယ်။ မရဘူး။ အခုတော့ သောင်ပြင်လွှတ်တဲ့ခွေးလို ဖြစ်မလား။ ဘယ်သောင်ဘယ်ကမ်းဆိုက်မယ်လို့ အတပ်မပြောနိုင်သေးဘူး။ အင်း ... အချစ်လို့ ပြောရမလား။ အပျော်လို့ပြောရမလား။ တပ်မက်မှုလို့ ပြောရမလား။ အတွေ့လို့ ပြောရမလား ..."

ကိုမြင့်မောင်ကပြော
ရင်း လမ်းမပေါ်ကြည့်နေသည်။
ဘုန်းကြီးလမ်းပေါ်မှာတော့ ကား
တွေက ဟိုမှသည်မှ ပြေးလွှား
ကြသည်။ ကျွန်တော့်နားထဲမှာ
စီးမျောဝင်လာသည်က ကိုမြင့်
မောင်ရဲ့ ညည်းတွားရင်း အပြစ်
ပြောနေသည့် ခပ်သဲ့သဲ့စကား
တွေ။ စေတနာစကားသံတွေ

အတော်မိုက်မဲတဲ့ အ
ကောင်။ သောင်ပြင်လွှတ်တဲ့ခွေး
ဘယ်သောင်ဘယ်ကမ်း ဆိုက်
မှာလဲ။ အချစ်၊ အပျော်၊ တ
မက်မှု၊ အတွေ့ ...

သည်စကားတွေ
ကျွန်တော့်နှလုံးသားကို
စေသည်။ ထွေပြားစေသည်



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျွန်တော့်စိတ်ကတော့ ကိုမြင့်မောင်၏ စကားကို လက်မခံချင်သေး။ ဘာကြောင့် လက်မခံချင်သလဲဆိုတာ ကျွန်တော့်စိတ်ထဲမှာသာ အဖြေရှိနေသည်လေ။

ကိုမြင့်မောင် ပြောအပြီးမှာတော့ ခရီးသည်နှစ်ဦးက မြောက်အဂုံဘက်ငှား၍ ကျွန်တော့်ကိုနှုတ်ဆက်ပြီး ထွက်သွားသည်။ သည်တော့ ထိုင်နေကျ ဗာဒံပင်ရိပ်မှာတော့ ကျွန်တော်တစ်ဦးတည်း။

ထိုအခါ ခေါင်းထဲဝင်လာသည်က ထွေးမောင် ....

ပြီးတော့ ...

ဒီကောင့်အကြောင်း ....

× × ×

ဟိုတုန်းကတော့ ကိုမြင့်မောင်က တက္ကစီမောင်းရင်းနှင့် စီးပွားရှာခဲ့ပြီး တွေ့ရာနား။ တွေ့ရာစားရင်း ခရီးသည်ရှာ၊ ခရီးသည်လိုရာ ပို့ပေးနေခဲ့သူ။ ကိုမြင့်မောင်ကျက်စားရာက ဆေးရုံကြီးရှေ့၊ ပြီးတော့ ... အရှေ့ပြားအထူးကုဆေးရုံရှေ့။ နောက် .. သူနာပြုတက္ကသိုလ်ရှေ့နှင့် စံပြရုပ်ရှင်ရုံရှေ့မှာ ... •

နောက်တော့ သရက်တောအနောက်ပေါက်၊ လက်ရှိနာရီစင်ကျောင်းဘေးက အပေါက်မှာ စခန်းချခဲ့သည်။ ဒီနေရာက ဗဟိုကျသည်။ အရိပ်ကောင်းသည်။ လူစည်သည်။ ဆေးလိပ်၊ ကွမ်း။ အရက်၊ ဘီယာရနိုင်သည့်နေရာ။ လက်ဖက်ရည်၊ အသုပ်စုံရနိုင်သည်။ ပြီးတော့ အရိပ်ကောင်း။ သောက်ရေလည်း အရန့်သင့်ရနိုင်သည်မို့ ကိုမြင့်မောင် ကားရပ်ရင်း။ ကြာတော့ ကိုစိုးအောင်၊ ကိုဝင်းမြင့် ... နောက်တော့ ကျွန်တော်တို့ပါ ဆုံမိသည်။ ပြီးတော့ ထွေးမောင် ရောက်လာပြီး ခရီးသည်ပို့စရာရှိရင် လိုက်ပို့ကြ။ ပို့စရာမရှိရင် ပလက်ဖောင်းပေါ်က ဗာဒံပင်အရိပ်မှာ ဝိုင်းပြီးစကားဖောင်ဖွဲ့ကြ။ ကွမ်းဝါးသူဝါး။ ဆေးလိပ်ဖွာသူဖွာ အဖွဲ့ကျသွားသည်။ နောက်တော့ ညနေပိုင်း ကားမသိမ်းခင် ဘီယာဝိုင်းပင် ဖွဲ့မိကြသေးသည်။ ဒါကလည်း လူမမြင်သူမမြင် သောက်ကြရသည်။ နောက်တော့ ရွှေဝင်းစားသောက်ဆိုင်မှာ ဆုံဖြစ်သည်။

ဆုံဖြစ်သည့် ညနေတိုင်းမှာတော့ ကိုယ်သောက်ချင်တာမှာ၊ ကိုမြည်းချင်တာမှာရင်း ကိုယ့်အတွက် ကိုယ်ရှင်းရသည့်အဖြစ်။ သောက်စားပြီးပါက ကိုယ့်နေရာကိုယ် ပြန်ကြသည်လေ။ ကြာတော့ ထိုအရိပ်ထိုနေရာက တက္ကစီဂိတ်လိုဖြစ်၊ ဆိုက်ကားဂိတ်လို ဖြစ်သွားခဲ့ပြီ။ နေ့ခင်း ... ငွေရှာ။ ညနေခင်း အရက်ကောင်း အမြည်းကောင်းနှင့် ဆက်ရက်မင်း စည်းစိမ်ခံ ....။

သည်အထဲမှာ အဆိုးဆုံးက ထွေးမောင် ...

သည်ကောင်က လူရည်သန့်။ အရပ်အမောင်း၊ အသားအရေ၊ ပညာရည်အဆင့်နှင့် စီးပွားရေးက ပြောစရာမလို။ စီးပွားရေးဘွဲ့ ရခဲ့ပေမဲ့ အစိုးရလုပ်ငန်း လုံးဝမလုပ်ဘဲ ကားမောင်းနေသည့်သူ။ ဘွဲ့ရအပြီး အိမ်ထောင်ကျ၊ အိမ်ထောင်ကျ

www.burmeseclassic.com



*အပြီး အလုံဘက်မှာ သီးခြားအိမ်*နှင့် ကိုယ်ပိုင်ကားနှင့် နေသည့်သူ။ အခြေအနေက မဆိုး။ ဇနီးဖြစ်သူက ကုမ္ပဏီတစ်ခုမှာ။ ထွေးမောင်ထက် ငါးနှစ်ခန့်ကြီးပေမဲ့ ရုပ်ရည်ကတော့ အသင့်အတင့်။ သူ့ဇနီးကလည်း အင်္ဂလိပ်မေဂျာနှင့် ဘွဲ့ရထားသူ။ ယခုတော့ သားတစ်ဦးနှင့် သမီးတစ်ဦးရနေပြီး ထွေးမောင်အပေါ် သိပ်ချစ်သိပ်အလိုလိုက်ခဲ့သည့် အမျိုးသမီး ...

"အဲဒါ .. မင်းအတွက် ကံကောင်းတာပဲ ထွေးမောင်။ မယားဝတ္တရား ကျေတယ်ဆိုတော့လဲ မင်းရဲ့ လင့်ဝတ္တရား ကျေဖို့ပဲ ကျန်တော့တာ ... မဟုတ်ဘူးလား ထွေးမောင်"

တစ်ရက်တွင်တော့ ဘီယာဆိုင်မှာထိုင်ကြရင်း ထွေးမောင်အိမ်ကိုရောက်ဖူးသော ဝင်းမြင့်က ထွေးမောင်တို့ မိသားစုအကြောင်း ပြောခဲ့သည်။ ဒါကို ကိုမြင့်မောင်က ထွေးမောင်ကို ဆုံးမစကား ပြောခဲ့ဖူးသည်။

"ဟုတ်တယ် .. ထွေး*မောင် ... လောကမှာ မိန်းမဆို*တာ အများကြီး။ ဒါပေမဲ့ မယားရှားတယ်ကွ။ မင်းဘဝအတွက် လုံးဝကံကောင်းတာပဲ။ လောကမှာ ကိုယ်ချစ်မရှာနဲ့တဲ့။ သူချစ်ရာတဲ့ ...။ အခုဆိုရင် နှစ်ဖက်မိဘတွေ အထောက်အပံ့နဲ့ ကိုယ်ပိုင်အိမ်ဝင်း၊ ကိုယ်ပိုင်ကားနဲ့ နေနိုင်ပြီ။ သားတစ်ယောက် သမီးတစ်ယောက်လည်း ရနေပြီဆိုတော့ အဆင်ပြေချင်တိုင်း ပြေနေတာ ဝမ်းသာတယ်ကွာ"

ကိုစိုးအောင်ကပါ ဝင်ပြီးပြောသည်။ သည်တုန်းက ထွေးမောင်တစ်ယောက်ရဲ့ ရင်ထဲမှာ သူ့ဘဝ၊ သူ့မိသားစုနှင့် သူ့စီးပွားရေးအတွက် ကျေနပ်နှစ်*သိမ့်မှု ပေးနိုင်လိမ့်မည်က အမှန်။* သူ့အပြုံး၊ သူ့မျက်နှာကိုကြည့်ရင် သိသာသည်။ ကျွန်တော်ကတော့ သည်တုန်းက ဘာမျှဝင်ပြီး မပြောမိ ...

မကြာပါ။ ခြေလှမ်းပျက်လာသူက ထွေးမောင်။

ကြည့်လေ။ ညနေအတွက် ဘီယာဖိုး၊ ထမင်းဖိုးရရုံသာ ဝင်ငွေရှာပြီး၊ နေစောင်းသည်နှင့် ဘီယာဆိုင်မှာ ထိုင်တော့သည်။ ခရီးသည်ရှိလည်း လိုက်ပြီးမပို့တော့။ ထိုင်နေကျအချိန်ထက် စောပြီးထိုင်သည်။ သောက်နေကျထက် ပိုပြီး သောက်သည်။ ပြီးတော့ ပြောနေကျ အပျော်အပြုံးစကား



www.burmeseclassic.com



ကြည်နူးစရာစကား မဟုတ်တော့ဘဲ ပြောလာသည်ကတော့ ထူးဆန်းနေသည်။

တစ်လခန့် အကြာမှာတော့ ကျွန်တော်နှင့် ကိုမြင့်မောင်တို့အဖွဲ့ မနေသာတော့ပြီ။ ဆိုင်မှာဆုံကြရင်း မေးဖြစ်သည်။

"မင်း .. ဘာဖြစ်နေတာလဲ ထွေးမောင်။ ပြောစမ်း။ မိသားစုနဲ့ အဆင်မပြေဘူးလား။ ဒါလဲ .. မဖြစ်နိုင်ပါဘူး။ ကဲ ... ပြော ဘာတွေစိတ်ညစ်နေသလဲ ... ထွေးမောင်"

အစပျိုးပြီးမေးသူက ကိုမြင့်မောင်။ စိုးအောင်နှင့် ဝင်းမြင့်ကလည်း မေးသည်။ အတော်ကြာမှ မချိသွားဖြဲပြုံးရင်း ဖြေသူကတော့ ထွေးမောင် ..."

"မိသားစုနဲ့ အဆင်ပြေပါတယ်။ အဆင်မပြေတာက ကျွန်တော့်ကိုယ် ကျွန်တော်ပဲ"

"ဘာ"

"ဘာလို့လဲကွ"

ထွေးမောင် စကားကြောင့် နားမလည်နိုင်ကြတော့။

"ရှင်းရှင်းပြောကွာ ... မင်းကိုယ်မင်း ... ဘယ်လိုအဆင်မပြေဖြစ်နေတာလဲ"

ကျွန်တော်က ဝင်မေးရင်း ဘီယာခွက်ကို မော့လိုက်သည်။

"ဒီလို ဝေလွင်ရ ... လွန်ခဲ့တဲ့ သုံးလလောက်ကတည်းက အစပျိုးခဲ့တဲ့ ဇာတ်လမ်းလေ။ နှလုံးသားဇာတ်လမ်း။ ဇာတ်လမ်းက အသစ်ကွ။ ဆက်ရန်ရှိသေးတယ်ဆိုတဲ့ ... ဇာတ်လမ်း"

ထွေးမောင်စကားကြောင့် အားလုံး အံ့အားသင့်သွားကြသည်။ ကိုမြင့်မောင်ကတော့ တအံ့တဩနှင့် ခေါင်းခါရင်းဖြစ်နေသည်။

"ပြောပါဦး မင်းရဲ့ဇာတ်ကို ... "

ဝင်းမြင့်က မေးသည်။

"ဒီလိုကွ ...။ အဲဒီရက်က သူက .. ကိုယ့်ရဲ့ကားကိုငှားတယ်။ သွားတာက သူ့အဒေါ်ရှိတဲ့ ကမာကြည်ဘက်အထဲပေါ့။ အဲဒါလိုက်ပို့တယ်။ ကျောင်းသူတစ်ဦးကွ ဘွဲ့တော့မရသေးဘူး။ ခင်မင်သွားတယ်။ ဖုန်းနံပါတ်လဲ ပေးမိကြတယ် ဆိုပါတော့ကွာ။ နောက်ရက် ဖုန်းဆက်ဖြစ်တယ်။ သူသွားချင်တဲ့ဆီ လိုက်ပို့ဖြစ်တယ်။ နောက်တော့ ချစ်သွားကြတယ် ..."

ထွေးမောင်က ပြောရင်း သူ့ရဲ့ကောင်းအသွင်နှင့် ပြုံးသည်။ သည်လို ဇာတ်လမ်းတွေက ရိုးအီနေပြီ။ ခင်မင်မှုကနေ စခဲ့သည်ဆိုတာ လူတိုင်းဖြစ်နေသည့် ဓာတ်ပြားဟောင်းတစ်ချပ်။ သို့သော် နောက်ပိုင်း အကွဲအပြဲတွေနှင့် ကျောခိုင်းသွားတတ်ကြသည်လည်း ရှိသည်။ အခု ... ထွေးမောင်တို့အဖြစ်က ဘယ်အဆင့်ရောက်လို့ ဘယ်လိုဇာတ်သိမ်းမည်သာ သိချင်သည်။

"ဒါဖြင့် ... မင်းတို့က ချစ်သူဘဝ ရောက်သွားပြီပေါ့"

"ဟုတ်တယ်"

ကိုမြင့်မောင် အမေးကို ထွေးမောင်က ဖြေသည်။ ဆက်မေးသူကလည်း ကိုမြင့်မောင်ပင် ...

"ဟုတ်ပြီလေ ... ဒါဆို



www.burmeseclassic.com

www.burmeseclassic.com



ရင် အဲဒီကောင်မလေးက ... မင်းမှာ အိမ်ထောင်ရှိတယ်ဆိုတာ သိရဲ့လား။ မင်းကရော အမှန်အတိုင်းဖွင့်ပြောလိုက်ပြီလား''

''ကျွန်တော်က သူနဲ့ ချစ်သူဘ၀ မရောက်ခင်ကတည်းက အိမ်ထောင်ရှိတယ်။ ကလေးနှစ်ယောက်ရှိတယ်ဆိုတာ ပြောခဲ့တယ်။ သူက မယုံဘူး။ အဲဒါ နောက်ရက် အမျိုးသမီးဓာတ်ပုံ၊ ကလေးနှစ်ယောက်ရဲ့ ဓာတ်ပုံပါ ပြရသေးတယ်။ ဒါပေမဲ့ သူက ကျွန်တော့်ကို သိပ်ချစ်မိပြီတဲ့ ... နောက်မဆုတ်နိုင်ဘူးတဲ့''

''ဟင် ...''

အားလုံး အံ့အားတသင့် ဖြစ်ခဲ့ကြရပြီ။

''ဒါဖြင့် ... မင်းတို့အချင်းချင်း ဟို ... ဟို''

စိုးအောင်က အမေးစကားကိုမဆက် ။ မေးချင်သည့်အဓိပ္ပာယ်ကို အားလုံးနားလည်ကြသည်။ ထွေးမောင်က ဖြေသည်။

''ကျွန်တော် ... သူနဲ့ ... လွန်ကျူးမှုဖြစ်ခဲ့တာ ကြာခဲ့ပြီ။ အဲဒါကြောင့် ...''

ထွေးမောင် စကား

**66**

**သူက မယုံဘူး။ အဲဒါ နောက်ရက် အမျိုးသမီးဓာတ်ပုံ၊ ကလေးနှစ်ယောက်ရဲ့ဓာတ်ပုံပါ ပြရသေးတယ်။ ဒါပေမဲ့ သူက ကျွန်တော့်ကို သိပ်ချစ်မိပြီတဲ့ ... နောက်မဆုတ်နိုင်ဘူးတဲ့ . . .**

**99**

မဆက်တော့။

''မင်းနှယ်ကွာ။ မင်းအ
လူအို၊ ကောင်မလေးက အ
... တကယ်လို့များ ကောင်
မလေး ကိုယ်ဝန်ရှိသွားရင်
အခက် ... ပြီးတော့ မင်းရဲ့
မိသားစု၊ မင်းရဲ့ ဆွေမျိုးတွေ
တစ်ရက်ရက် သိသွားခဲ့ရင် မ
.. ဘယ်လိုဖြေရှင်းမလဲ ... ဘ
လိုစဉ်းစားထားလဲ ထွေးမောင်''

''ကျွန်တော် မ
တတ်ဘူး။ လက်ရှိအချိန်ကတော့
ကျွန်တော်တို့ နှစ်ယောက်စ
မတွေ့ရ မမြင်ရရင် မနေနိုင်
အဆင့်အထိ ရောက်နေပြီ
ကြီးမြင့်မောင်။ အားလုံးက...
ဖြစ်ပြောလဲ ခံရမှာပဲ''

ကျွန်တော်တို့ ဘာမှ
ပြောတော့။ နောက်ရက်
တော့ ထွေးမောင် တစ်ယော
ကားဂိတ်မှာလာမထိုးတော့။
ပတ် တစ်ရက်တော့ လာသ
နောက် .. နှစ်ပတ်မှ တ
လောက်တော့လာသည်။
သည့်အခါတိုင်းလည်း အရ
တထောင်းထောင်း။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ဘေးမှာ ကောင်မလေးတစ်ဦး ...

သည်ကောင်မလေးက သူနှင့်ငြိနေသည့် ကောင်မလေး။ မခွဲနိုင်မခွာရက် ဖြစ်နေပါသည်ဆိုသည့် မိန်းကလေး။ သည်ကောင်မလေးက တကယ်ချောသည်။ ထွေးမောင်ထက် ငယ်သည်။ အရပ်အမောင်း။ အသားအရေက လိုက်ဖက်သည်။ ဒါကြောင့်လည်း ထွေးမောင်က တန်းတန်းစွဲ ဖြစ်နေတာကိုးဟု နားလည်ကြသည်။

နောက်တော့ သုံးလနီးပါးကြာသည်အထိ ထွေးမောင် ပေါ်မလာတော့။

"ဟော့ .. ဝေလွင် ... သတင်းတစ်ခု ကြားတယ်ကွ။ ထွေးမောင်တို့လင်မယား တရားဝင်ပြတ်စဲသွားပြီတဲ့"

"ဟင်"

"ဟာ ..."

ပြောလာသူက ဝင်းမြင့်။ ထွေးမောင်အိမ်ကို ရောက်ဖူးသည့်ဝင်းမြင့် ...။

"သေချာရဲ့လား ဝင်းမြင့်"

"သေချာတယ် ကိုကြီးမြင့်မောင်ရ ... တရားရုံးမှာ လူကြီးတွေရှေ့မှာ လက်မှတ်ထိုးပြီးသွားပြီ။ ထွေးမောင်က အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ဆင်း။ အိမ်နဲ့ဝင်း။ ပြီးတော့ အတွင်းပစ္စည်းအားလုံး။ ကားပါအပါအဝင် ... အားလုံး သူ့ဇနီးက ရလိုက်တာ။ ကလေးနှစ်ယောက်စလုံးလဲ မိန်းမဖြစ်သူက ရလိုက်တာလေ"

"မိုက်ပါ့ကွာ ..."

"ဟုတ်တယ် ကိုကြီးမြင့်မောင်ရ ... အဲဒါ နောက်ကောင်မလေးက မယားကြီးနဲ့ တရားဝင်ပြတ်စဲမှ ယူမယ်လို့ အကျပ်ကိုင်လို့ အခုလို တရားဝင်ပြတ်စဲခဲ့ရတာတဲ့ ... "

နောက်တွင်တော့ သတင်းက သေချာသွားသည်။ စုံစမ်းကြည့်တော့ ထွေးမောင်က နောက်ကောင်မလေးဆီ အပြီးလိုက်သွားသည်တဲ့။ သည်ကတည်းက ဂိတ်ရှိရာကို မလာတော့။ ဘွဲ့ရပြီး ကားမောင်းလာသူအတွက် ကားမရှိတော့ ကားရှာရမည်က အမှန်။ အခြား .. ဘာလုပ်ငန်းကိုမှ မလုပ်တတ်တာကိုး။ ကောင်မလေးကလည်း ဘာလုပ်လို့ လုပ်ရမှန်းလည်း မသိ။ လူဆိုတာ ကိုယ့်အသိနှင့် ကိုယ့် ကိုယ့်ဆုံးဖြတ်ချက်နှင့် ကိုယ် သွားနေကြသည့် လူတွေပဲ မဟုတ်လား။ မှားလည်းကိုယ်၊ မှန်လည်း ကိုယ်ပဲလေ။ သည်တော့ ...

✿✿✿

သည်တော့ ...

ကျွန်တော် ဆက်ပြီးမတွေးချင်တော့။ ထွေးမောင်အကြောင်းကို အတွေးထဲက ထုတ်ပစ်လိုက်သည်။ ပြီးသည်နှင့် မရေမရာဖြစ်နေသည့် ရင်ထဲက အတွေးများကို အသက်သွင်းရင်း ဝန်းကျင်ကို ငေးကြည့်နေမိသည်။

"....."

ထိုအချိန် ဖုန်းမြည်လာ၍ ခါးကြားက ဖုန်းကိုဖြုတ်ပြီး နားမှာကပ်သည်။ ဒါ .. မိချိုဆီကဖုန်း ...။

"ပြောလေ .. ချို ..."



www.burmeseclassic.com

www.burmeseclassic.com



ခေါ်နေကြအတိုင်း ချို ဟုခေါ်လိုက်သည်။ ကျွန်တော့် အသံက ခပ်တိုးတိုး။ ဘေးနားက ဝင်းမြင့်၊ စိုးအောင်တို့ ကြားမည်စိုး၍ ခပ်ဝေးဝေးအထိထွက်ပြီး ဖုန်းပြောမိသူက ကျွန်တော်။

"အစ်ကို ... ဂိတ်မှာ လား"

"အင်း ... ဟုတ်တယ် ချို ..."

"ဟို ... ထမင်းရော စားပြီးပြီလား။ ဘာနဲ့စားလဲဟင်"

"ပြီးပြီ ... ကြက်သားနဲ့"

ချို၏အသံက ကြည်သာနေသည်။ ရယ်သံစွက်ပြီး ပြောနေသည့်စကား။ သည်စကားတွေက ချိုစမြဲ မေးနေကျ စကားတွေ။ မနက်ခင်းတစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်။ အဲ .. ကား သိမ်းချိန် ညနေဆိုရင်တော့ ဘီယာတွေ သိပ်မသောက်ဖို့၊ ကားကိုသတိထားမောင်းဖို့ ပြောခဲ့ရှာသည့် ချစ်သူ ...။

ကျွန်တော် ချိုနှင့်အတော်ကြာအောင် ပြောဖြစ်သည်။ တွေ့ကြမည့် အကြောင်းလည်း ပြောသည်။ သတိရကြောင်း၊ ချစ်နေမိကြောင်း ပြောခဲ့ကြသေးသည်။ ညနေ အရောက်မှာတော့ ဆုံနေကျအတိုင်း ကိုမြင့်မောင်တို့နှင့် ဘီယာဆိုင်မှာ ဆုံသည်။

"ဟင်း ... ငါကြိုသိနေတယ် ဝေလွင် ... မင်းလဲ ထွေးမောင်လို ဓာတ်လမ်းခင်းနေပြီ မဟုတ်လား ဝေလွင်"

ကိုမြင့်မောင်က ထင်မှတ်မထားသည့်စကားကို ပြောလာသည်။

"ဟုတ်တယ် ကိုကြီးမြင့်မောင် ... ဒီကောင့်ကို ကြည့်ရတာ အရင်ကလို မဟုတ်တော့ဘူး။ ဒီကောင်လဲ ..."

ဝင်းမြင့်စကား မဆုံးခင် မျက်စောင်းထိုးလိုက်၍ စကားရပ်သွားသည်။ ကျွန်တော်ကတော့ အပြစ်ရှိနေသည့် တရားခံတစ်ဦးပမာ နှုတ်ဆိတ်နေမိသည်။ သည်အချိန် ဘာကိုမှ မပြောချင်သေး။

"အခုခေတ်က အပျော်အပျက်တွေကများ။ ဝတ်တာစားတာ၊ သွားတာလာတာက အသည်းယားစရာဆိုတော့ ပူရှိသယောကျ်ားတွေအားလုံး စိတ်နဲ့ဖောက်ပြန်ကြတာ လက်တွေ့ဖောက်ပြန်ကြတာ ဆန်းတော့မဆန်းပါဘူးလေ။ ဒါပေမဲ့ အားလုံးတွေးကြည့်ရင် အမှားနဲ့အမှန်ကိုတော့စဉ်းစားသင့်တယ်။ ကောင်းကျိုးဆိုးကျိုးကို တွေးသင့်တယ်။ လက်တွေ့အဖြစ်ကိုကြည့်။ ထွေးမောင် ... အခု ဘာဖြစ်နေလဲ။ အရင်အိမ်ထောင်ကလဲ ပြန်ပြီး လက်မခံ၊ သူ့မိဘကလဲ လက်မခံ။ အဲ ... ချစ်လှပါ ချည်ရဲ့ဆိုခဲ့တဲ့ နောက်ကောင်မလေးက လည်း မကြည်ဖြူ ... ဒီတော့ ..."

ကိုမြင့်မောင်က စကားမဆက်။ ထွေးမောင်ရဲ့ အိမ်ထောင်ရေးဖောက်ပြန်မှု နောက်ဆက်တွဲ မကောင်းကျိုးကိုပြောရင်း ကျွန်တော့်ကို ကြည့်နေသည့် ကိုမြင့်မောင်ရဲ့ စေတနာမျက်လုံးတွေရဲ့ အဓိပ္ပာယ်ကို ကျွန်တော်သိပါသည်။ သို့သော် ကျွန်တော် မိချိုကို ချစ်သည်



www.burmeseclassic.com

www.burmeseclassic.com



ချစ်နေမိသည်။ မချိုကလည်း ကျွန်တော်မှ ကျွန်တော်။ ကျွန်တော့်မှာ အိမ်ထောင် ရှိမှန်းသိပါရက်နဲ့ မခွဲနိုင်ဘူးဟု ငိုပြီးပြောသာတုန်းက မိချိုကို ယုယမှုတွေပေးခဲ့သည်လေ။ ပြီး တော့ တရားဝင် လက်ထပ်ယူချင်သည်တဲ့။ ဒါက .. မိချိုရဲ့ တောင်းပန်သည့်စကား ...။

ကျွန်တော်ကတော့ အဖြေမပေးမိသေး။ လောကပြောင်းပြန်ဆိုတာ ဒါမျိုးလား။

''လူဆိုတာ ကိုယ့်ဗြမ္မာကို ကိုယ်တိုင်ဖန်တီးတာကွ။ ပိုးဖလံလိုပေါ့ကွာ။ ပူမှန်းသိရက်နဲ့ တိုးချင်ကြတာ''

ကိုမြင့်မောင်ကပြောရင်း ဘီယာလက်ကျန်ကိုမော့ပြီး ထပြန်သွားသည်။ ကျွန်တော်တို့အဖွဲ့ထဲမှာ သူက အသက်ကြီးဆုံး။ ဘီယာတစ်ခွက်နှုန်းသာသောက်ပြီး မိန်းမကိစ္စ ကင်းရှင်းသည့်ကိုမြင့်မောင်။ အပေါင်းအသင်းတွေ လမ်းမမှားအောင် ဆုံးမစကားပြောခဲ့သည့် ကိုမြင့်မောင်။ တစ်လင်တစ်မယားစနစ်ကို မြတ်နိုးသည့်ကိုမြင့်မောင်။ မြန်မာပီသစေချင်သည့် ကိုမြင့်မောင်။ ဘုရား၊ တရား၊ သံဃာ တို့ရဲ့စကားအတိုင်း နေလိုသည့် ကိုမြင့်မောင်။ ကျွန်တော်တို့ လေးစားရသည့် ကိုမြင့်မောင် ...

“အေးကွာ ... မင်းလဲ သတိထားပေါ့။ ကိုကြီးမြင့်မောင်က မင်းတို့အကြောင်း သိတယ်ကွ။ ဟိုတစ်နေ့က မင်းနဲ့မင်းကောင်မလေး သမ္မတရုံထဲဝင်သွားတာကို မြင်တယ်တဲ့”

“ဟင် ... ဟုတ်လား”

“ဟုတ်တယ် ... မင်းကိုလဲ ထွေးမောင်လို ဘဝပျက်သွားမှာ စိုးရိမ်နေရှာတာ။ ဒီတော့ကွာ ဖြစ်နိုင်ရင် အဆက်ဖြတ်၊ ကိုယ့်မိသားစုအပေါ်မှာပဲ သာယာမှုတွေ ပုံအောပြီး ပေးလိုက်စမ်းပါကွာ”

ဝင်းမြင့်က ပြောရင်း ကျွန်တော့်ကိုကြည့်သည်။ ကျွန်တော် အဖြေမပေးမိသေး။ မေးလာသူက စိုးအောင် ...

“ဟို ... မင်းနဲ့ဒီကောင်မလေး .. ဟို လွန်လွန်ကျူးကျူး ဖြစ်ခဲ့ပြီလား”

“ဟင့်အင်း ...”





www.burmeseclassic.com

www.burmeseclassic.com



ခေါင်းခါရင်း ဖြေမိသူက ကျွန်တော် ...

✿✿✿

"ဟင် ..."

ရင်ထဲ လှုပ်ခတ်သွားသည်။ တကယ်ပင် ... ကျွန်တော့်ရင်ထဲက လှုပ်ခတ်သွားသည်က ကျွန်တော်။ လှုပ်ခါသွားသည့် လှုပ်ခတ်မှုများကို ထိန်းချုပ်ရင်း သူမထံသို့ ကျွန်တော် ကြည့်မိသည်။ ကျွန်တော် ... စံပြရပ်ရှင်ရုံ မှတ်တိုင်မှနေ၍ ဂိတ်ထိုးရာ သရက်တောကျောင်းဆီအကွေ့၊ ကျွန်တော့်ကားနှင့် သူမကို တိုက်မိမလို ဖြစ်သွားသည်။ သူမက စံပြရုပ်ရှင်ရုံဘက်ဆီမှ ပြေးအလာ မီးဝါတာ၊ စိမ်းတာ၊ နီတာကို သတိမထားသည့် သူမရဲ့နမော်နမဲ့လုပ်ရပ်။ တော်ပါသေးသည်။ အမြန်ပင် ဘရိတ်အုပ်လိုက်ရသည်။ ထိုအချိန် သူမထံမှ "အမလေး"ဆိုသည့်အသံ၊ သူမ၏ မျက်လုံးလှလှလေး အကြည့်။ ပြီးတော့ သူမ၏ ရိုးစင်းတုတ်ခိုင်သည့်ပေါင်၊ ခြေသလုံးတွေပေါ်သည်အထိ ဝတ်စားထားသော ခေတ်မီလွန်သော ခေတ်လွန်အဝတ်အစား အနက်ရောင်ဝမ်းဆက် ...

"ဘာ ... ဘာဖြစ်သွားသေးလဲ ဟင်"

"ဟင့်အင်း ... "

"ဟူး ..."

သည်တော့မှ ကျွန်တော်သက်ပြင်းချနိုင်သည်။ သူမကို နက်နဲသည့် မျက်လုံးအစုံဖြင့် ကြည့်ရင်း ဂိတ်ကိုဝင်သည်။ ခဏနားသည်။ မကြာပါ။ သူမ .. ကျွန်တော်တို့အနား ရောက်လာသည်။

"ကား ... ငှားချင်လို့"

ပြောရင်းကြည့်နေသည့် သူမမျက်လုံးအစုံက ကျွန်တော့်ဆီမှာ။ စိုးမောင်က မေးငေါ့ပြသည်။ လိုက်ပို့လိုက်ကွာ ဆိုသည့်သဘော။ သူမက ကျွန်တော့်အနီးမှာရပ်ရင်း စောစောကကိစ္စကို သတိရဟန်ဖြင့် ကြည့်နေဆဲ။

"ဪ ... မင်းကိုး"

"ဟုတ်ကဲ့"

"ဘယ်သွားမှာလဲ ..."

"သမိုင်းလမ်းဆုံ"

ဈေးစကား မပြောမိ။ တက်ဆိုသည့်သဘောနှင့် ခေါင်းငြိမ့်ပြသည်။ သူမက ကားနောက်ခန်းမှာ။ သည်တွင် သူမအမည်က ချိုသဲဟုခေါ်ကြောင်း သမိုင်းလမ်းဆုံမှာ နေကြောင်း ပြောခဲ့သည်။ နောက်တွင်တော့ စံပြမှတ်တိုင်အနီးမှာ အမြဲလိုလို တွေ့ခဲ့သည်။ သူမအလုပ်က မြို့ထဲကကုမ္ပဏီတစ်ခုမှာ။ သူမက တစ်ခါတစ်ရံ တက္ကစီနှင့်။ တစ်ခါ တစ်ရံ လိုင်းကားနှင့်။ လိုင်းကားနှင့်လာတိုင်း စံပြမှတ်တိုင်မှာ ဆင်းသည်။ ကျွန်တော်မြင်မြ[illegible] နေရာမှာရပ်သည်။

သူမက ရုံးပိတ်ရက်[illegible] ကိစ္စတစ်ခုရှိ၍ စံပြမှတ်တိုင်ဆ[illegible] ပြီး ကျွန်တော့်ကားနှင့် မြို့ထဲသ[illegible] သည်။ ထိုအခါ သူမနှင့် ပို[illegible] နီးမှု ဖြစ်ခဲ့ကြသည်။ ယုန်က[illegible] ပိုက်ကတိုးဟု ဆိုမည်လာ[illegible] ဘယ်သို့ဆိုစေ ... ချိုသဲက[illegible] ကျွန်တော့်အပေါ် တိမ်းညွှတ်[illegible] သည်ကိုတော့ နားလည်ခဲ့[illegible] ထိုနေ့က ... သူမ၏ ဖုန်း[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကို ပေးသလို ကျွန်တော့်ဖုန်းနံ ပါတ်ကိုလည်း တောင်းသည်။

ထိုညက ကျွန်တော့်ထံ ဖုန်းဆက်သူက ချိုသဲ ...။

သတိရကြောင်း၊ နောက်ရက်လမ်းကြုံရင် ကျွန် တော်တို့ဆီ လာမည့်အကြောင်း ပြောသည်။ ဖုန်းနှင့်တစ်လနီးပါး ဆိုတိုင်း စကားပြောဖြစ်ခဲ့သည့် ကျွန်တော်တို့အဖြစ်။ မကြာပါ မြို့ ထဲလာရင်းဖြင့် ချိုသဲနှင့်ကျွန် တော်တို့ စားသောက်ဆိုင်မှာ ဆုံဖြစ်သည်။ နောက်ရက် ရုပ် ရှင်ကြည့်ဖြစ်သည်။

နောက်တော့ ... ချစ်သူ တွေဖြစ်ကြ ...။

"ဟုတ်တယ်ချို ... ကိုယ့်မှာ အိမ်ထောင်ရှိတယ်။ သမီးလေးတစ်ယောက်နဲ့ ချိုသဲရဲ့ ..."

ဤသို့ ပြောခဲ့သေးသည်။

"အစ်ကိုရယ် ... ချိုသဲ ... မှားပါတယ်လို့ ဝန်မခံချင်ဘူး။ ချိုသဲသိတာက အစ်ကို့ကိုချစ်တာတစ်ခုပဲ သိနေတယ် ... အစ်ကို့ကားနဲ့ စံပြရုပ်ရှင်ရုံ လမ်းကွေ့မှာ တိုက်မလို ဖြစ်ပြီးကတည်းက ချို့ရင်ထဲ တစ်မျိုးဖြစ်သွားတာ ...။ ခံစားချက်တစ်မျိုး ဖြစ်သွားတာ ..."

ကျွန်တော်က အမှန်ကို အမှန်အတိုင်း ဖွင့်ပြောခဲ့ပေမဲ့ နားမဝင်သူက ချိုသဲ။ ချိုသဲမှားသည်ဟု ကျွန်တော်မဆိုလို။ တကယ်မှားသည်က ကျွန်တော်။ ကျွန်တော့်အပေါ် ချိုသဲစိတ်ဝင်စားသည်ပဲ ထားဦးတော့ ကျွန်တော်က ထိန်းသိမ်းရမည်။ အဲ ... ကျွန်တော်က ချိုသဲအပေါ် စိတ်ပါသည်ပဲ ထားဦးတော့ ကျွန်တော့်စိတ် ကျွန်တော်နှိပ်ကွပ်ရမည်။ အခုတော့ သူမှားသလို ကျွန်တော်လည်း မှားကြရင်းဖြင့် ... သံယောဇဉ်က အမြစ်တွယ်





www.burmeseclassic.com

www.burmeseclassic.com



လာသည်။ ပိုပြီး ဆိုးရွားလာသည်။ ဘဝဝင်္ဂကြွေးဟုဆိုဆို၊ ကံကြမ္မာဆိုးဟုပဲပြောပြော ချိုသဲအနေအထားက ရှေ့ကိုဆက်တိုးမည့်သဘော။ အဲ ... ကျွန်တော့်သဘောကလည်း ချိုသဲခံယူချက်နှင့် ထပ်တူထပ်မျှ ...

"ချိုသဲ .. အစ်ကိုနဲ့အတူနေချင်ပြီ ... ဒီတော့ လက်ထပ်ကြရအောင် ... နော်"

ဒီစကား ပြောစဉ်က ကျွန်တော်နားကိုပင် ကျွန်တော်မယုံချင်။ ကျွန်တော်ဘဝ အခြေအနေအားလုံး သိလျက်သားနဲ့ ဘာပြုလို့များ ကျွန်တော့်အပေါ် မေတ္တာရှိနေတာလဲ။ ကျွန်တော် ... မဝေခွဲတတ်။

ကျွန်တော့်ကိုယ် ကျွန်တော် ပြန်ပြီးဆန်းစစ်တော့လည်း ... ချိုသဲမှချိုသဲ။

ကြာတော့ ကျွန်တော့်ဇနီးက ရိပ်စားမိသွားပြီ။ သို့သော် ဘာမှတော့မပြောသေး။ ရန်မလုပ်ခဲ့။ ပုံပြင်တစ်ခုထဲကလို ယုန်ကလေးနာစေးရင်းနှင့် အချိန်နှင့်အခါကို ကြည့်နေသည့်သဘော။

နောက်တော့ ပြောချင်အပြစ်ရှာချင်သည်။ အချိန်မှန်အိမ်ပြန်လာဖို့၊ အသောက်အစားလျှော့ဖို့။ သို့သော် ကျွန်တော်ကတော့ ကိုယ့်အပြစ်နှင့်ကိုယ်မို့ အပြစ်ကို ရန်လုပ်လာမည်စိုး၍ အပြစ်ကို ဖုံးကွယ်သည့်အနေဖြင့် အပြစ်မရှိသည့် ဇနီးကို အပြစ်ရှာပြီး အပြစ်ပြောရင်း ကျွန်တော့်အပြစ်ကို သူများအပြစ်နှင့် ဖုံးကွယ်ခဲ့သည်။

ခုတော့ ...

ချိုသဲက ... ကျွန်တော်နှင့်အတူ ဘဝသစ်တစ်ခု တည်ထောင်ချင်ပြီတဲ့လေ ...

✿✿✿

တိုင်းရင်းသားကျေးရွာသို့ ခရီးသွားသူများကို ပို့ပေးအပြီး သာကေတလမ်းကြောအတိုင်း မောင်းပြီးပြန်ခဲ့သည့် ကျွန်တော်။ နေ့စဉ်နှင့်အမျှ ဟိုအလျင်ကလို အိမ်ထောင်ရေး သာယာမှုမရှိခဲ့သည့် ကျွန်တော်။ ဇနီးဖြစ်သူအပေါ် အကြင်နာတွေ မပေးချင်သည့် ကျွန်တော်။ တစ်ခါတစ်ရံ အိမ်ကိုမပြန်ဘဲ နေခဲ့သည့် ကျွန်တော်။ ကျွန်တော့်အကြောင်း ကျွန်တော်တွေးရင်းနှင့် အမှားကို မှားမှန်းမသိဘဲ ဖြစ်နေခြင်းသည် အဘယ်သို့သောသဘောလဲဆိုတာကို အဖြေမရှာမိ။ အဖြေမရှာခဲ့ ...။

တွေးရင်း ပြန်ခဲ့သည့် ကျွန်တော်။ ဗန္ဓုလတံတားကို ဆင်းခဲ့သည်။ ပြီးသည်နှင့် ဗိုလ်တထောင်ဘုရားလမ်းဆင်းလာပြီး ကမ်းနားလမ်းအတိုင်း မောင်းလာခဲ့သည်။ ထိုအချိန် ဘိုကလေးဈေးမှတ်တိုင်မှာ လူအချို့ ရှုန်းစုရှုန်းစုဖြစ်နေ၍ ကားအရှိန်ကို အသာလျှော့ချလိုက်သည်။

"ဘာဖြစ်လို့ပါလိမ့် ... ကားတိုက်လို့လား"

တွေးရင်းနှင့် မလှမ်းမကမ်းမှာ ရပ်လိုက်မိသည်။ အချင်းဖြစ်ရာကို အသေအချာ ကြည့်မိသည်။

"ဟင် ... ထွေး၊ ထွေး မောင်"

မှန်သည်။ တစ်ချိန်က တက္ကစီကားမောင်းရင်း သရ[illegible] တောဂိတ်မှာ အတူနေခဲ့သ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ထွေးမောင်။ နောက်အိမ်ထောင်ပြုပြီး လက်ရှိမိသားစုကို ပစ်ပယ်သွားခဲ့သည့် ထွေးမောင်။ မိသားစုကိုသာမက လက်ရှိပစ္စည်းတွေပါထားခဲ့လို့ သူများကားအငှားရှာပြီး မောင်းနေရသည့် ထွေးမောင် ...

ကျွန်တော် ... သူတို့ဆီ အသေအချာကြည့်တော့ ထွေးမောင်ရယ်၊ လူစိမ်းတစ်ဦးရယ်၊ ကောင်မလေးတစ်ဦးရယ်။ ပြီးတော့ ဘေးကနေ ဝိုင်းကြည့်နေကြသည့် လူလေးငါးဦးရယ်။

ထွေးမောင်က မိန်းကလေးကိုဆွဲခေါ်ရင်း လက်သီးဖြင့် ထိုးရင်းရှိသလို အခြားကောင်တစ်ကောင်က ကောင်မလေးကို ရိုက်ရကောင်းလားဆိုပြီး တုံ့ပြန်ဖို့ဟန်ပြင်ပြင်။ ထိုကောင်လေးကို အခြားသူတွေက ဆွဲထားသလို ထွေးမောင်ကိုလည်း အခြားသူများက ဆွဲထားသည်။ ကောင်မလေးက ထွေးမောင်လက်ထဲမှာ ရုန်းကန်ရင်း၊ ငိုယိုရင်း၊ ဆဲဆိုရင်း ရန်တွေ့ရင်းရှိနေသည်။

"ဒါ .. ထွေးမောင်ရဲ့နောက်အိမ်ထောင် ကောင်မလေးပါလား"

မှန်သည်။ ထွေးမောင် .. နောက်အိမ်ထောင် ပြုပြီးသည့်နောက် မထင်မှတ်ဘဲ ဂိတ်ဆီလာလို့ ကျွန်တော်မြင်ဖူးခဲ့သည်။ အသေအချာကြည့်တော့ ထွေးမောင်ရဲ့ အိမ်ထောင်သည် ကောင်မလေး ...

"မင်း .. မင်း .... အတော်သစ္စာမရှိတဲ့ မိန်းမ။ ငါကတော့ ငါ့မိသားစုကိုပစ်ပြီး မင်းကို ချစ်လွန်းလို့ လက်ထပ်ယူခဲ့တာ။ အခုတော့ နောက်ထပ်လင်ငယ်နဲ့ ချိန်းတွေ့ရတယ်လို့ .. ကွာ .. တောက်"

ပြောရင်းငိုရင်း ... ဒေါသထွက်နေသည့် ထွေးမောင်။ ထွေးမောင်က အခြားသူတွေ ထိန်းထားသည့်ကြားမှ အတင်းရုန်းကန်နေသည်။

"ဟိုအကောင် .. မင်းကိုလဲ တရားစွဲမယ်။ ဒါ .. ငါ့တရားဝင်မယားကွ"

"စွဲလေ ... စွဲဗျာ ... ကျုပ်က .. ငွေပေးထားရတာ။ သူ့ယောကျ်ား ကားမောင်းတာ မလောက်လို့ဆိုပြီး ... ငွေချေးနေရတာဗျာ ..."

"ဘာကွ ..."

လူစိမ်းက ပြန်ပြောသည်။ ကောင်မလေးက ထွေးမောင်ဘက်က ရပ်တည်မည့်ပုံမပေါ်။

"ဒီမယ် ... ကိုထွေးမောင် ရှင်တိုင်ချင်ရာတိုင် ... ရှင်ပဲအရှက်ကွဲမှာ။ ဒီမှာ ဒီနေ့ကစပြီး ကျွန်မဆီ လုံးဝမလာနဲ့တော့ ဒါပဲ"

"တောက် ... ခွေးမသိက္ခာပျက်မ"

ကောင်မလေးက ပြောရင်းပြေးထွက်သွားသည်။ လူစိမ်းကောင်လေးကလည်း ကောင်မလေးနောက် အပြေးလိုက်သွားသည်။ ဩော် ... လင်ရှိတရားဝင် မိန်းကလေး တစ်ယောက်ရဲ့ ဖောက်ပြန်မှုက ဥပဒေမဲ့လှချည်လား။ လုပ်ရပ်ကလည်း မင်းမဲ့၊ ဥပဒေမဲ့၊ ပြောဆိုတာလည်း မင်းမဲ့စရိုက်မဲ့။

ကျွန်တော် ... မနေသာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ...

"ထွေးမောင် ..."

"ဟင် ... ဝေလွင် ..."

ကျွန်တော့်ဆီ ပြေးလာသူက ထွေးမောင် ...

✿✿✿

ထို့နေ့က ထွေးမောင်နှင့်ကျွန်တော်တို့ သရက်တောဂိတ်ကို လာခဲ့ကြသည်။ သူ့သူငယ်ချင်းတွေက ထွေးမောင်အဖြစ်ကို မေးကြတော့ ထွေးမောင်က အဖြစ်မှန်ကို ရှင်းပြခဲ့သည်။ သူ့မိန်းမ အခြေအနေပျက်နေကြောင်း။ နောက်တစ်ယောက်နှင့် ဖောက်ပြန်နေသည်ကို ဝန်းကျင်ကပြောလို့ လိုက်ချောင်းနေကြောင်း။ ဒီကနေ့ သူ့မိန်းမဖြစ်သူတို့ တည်းခိုခန်းတစ်ခန်းက ထွက်လာ၍ ပြဿနာဖြစ်ကြောင်း။

ယခုတော့ ... လုံးဝစိတ်နာကြောင်း။

ပြောရင်း ငိုခဲ့သည့် ထွေးမောင်။ ဒေါသမပြေသည့် ထွေးမောင်။ ကျွန်တော်တို့အဖွဲ့က တရားချရင်းနှင့် နောက်ရက်တွင် ယခင် အိမ်ထောင်စုထံ ပြန်ပို့ပေးဖို့ တိုင်ပင်ကြသည်။ ထွေးမောင်ကလည်း သူ့အမှားကိုဝန်ခံပြီး မယားကြီးကို ဒူးဖက်တောင်းပန်ပါမည်ဟု ဆိုလာခဲ့သည် ...

ထိုအခါ ... ကျွန်တော့်အတွေးထဲမှာ။ ယခုအချိန် ကျွန်တော့်မိသားစုကို ပစ်ပယ်နိုင်မည်လား။ ချိုသဲနှင့်အတူ ဘဝသစ်ထူထောင်နိုင်မည်လား။ ချိုသဲအခြေအနေကိုရော လေ့လာပြီးပြီလား။ ချိုသဲကရော ကျွန်တော့်အပေါ် သံယောဇဉ်ရှိပါ့မလား။ တွေးရင်းနှင့် ... ကျွန်တော်ခေါင်းခါမိသည်။

ထိုအချိန်၌ အသိတစ်[...] ဝင်လာသည်။ ကျွန်တော့်လုပ်[...] မှားနေမှန်း နားလည်သွားပြီ[...] လက်ရှိအချိန်က မီးဝါပြနေသည်[...] အချိန်။ မီးနီဆဲ ရပ်နေသည်[...] အချိန်နှင့် မီးစိမ်း၍ မောင်းနှင်[...] သော ကျွန်တော့်အဖို့ ...

မီးဝါချိန်တွင် ရခဲ့သော[...] အသိတရားတို့က ကျွန်တော့်[...] နှလုံးသားဗဟိုက ချစ်ခြင်းမေတ္တာ[...] အမှန်ကို တွေ့သွားပြီ ...

"ခွင့်လွှတ်ပါတော့ [...] မိန်းမရယ် ..."


ကျွန်တော့် မျက်[...] အိမ်မှာတော့ ဇနီးနှင့်သားသမီး[...] ပုံရိပ်က အထင်အရှား။

**တွင်းကြီးသားတင်ဝင်း[...]**



www.burmeseclassic.com

www.burmeseclassic.com



# နှုတ်ခမ်းပါးလေး သက်သေတည်

ဆွေမြင့်သူ (ကြေး/မြေ)
(ရသဝတ္ထုတို)



www.burmeseclassic.com

www.burmeseclassic.com



"နှုတ်ခမ်းပါးလေး

သက်သေတည်"

ဆွေမြင့်သူ(ကြေး/မြေ)

သူငယ်ချင်းလည်းဖြစ်၊ အနစ်နာခံတတ်သော အောင်သွယ်တော်ကြီးလည်းဖြစ်သည့် ညိုဝင်းတစ်ယောက် မနေ့ကဆုံးပြီဟူသော သတင်းစကားကြားရ၍ မိတ်ဆွေတို့ဝတ္တရားနှင့်အညီ သတင်းမေးရအောင် ဦးဖုန်းရွှေ သွားရောက်သည်။

ဒဂုံတက္ကသိုလ်မှ ခရီးစတင်သော ၂၀၂ အထူးလိုင်းကားက ဒီနေ့ကျမှ ထိုင်ခုံတွင်လူပြည့်နေ၍ မတ်တတ်ရပ်စီးလာခဲ့ရသည်။ မြောက်ဥက္ကလာပ အဝိုင်းမှတ်တိုင်တွင် ခရီးသည်အချို့ ဆင်းလေ့ရှိ၍ နေရာတစ်နေရာတော့ ရလိမ့်မည်ဟု မျှော်လင့်သည်။

သို့သော် တနင်္ဂနွေရုံးပိတ်ရက်မို့ ခရီးသည်ကများပြီး မြောက်ဥက္ကလာပ အဝိုင်းမှတ်တိုင်မှ စထွက်သော်လည်း နေရာမရ။ ရှစ်မိုင်လမ်းဆုံအရောက်တွင် ဦးဖုန်းရွှေရပ်နေသည့် ဘေးထိုင်ခုံမှ ခရီးသည်က ထမည့်ဟန်ပြင်သဖြင့် ဝင်ထိုင်ရန်ကြံစည်လိုက်ချိန်တွင် သူ့လိုပင်မတ်တတ်ရပ်စီးလာသော အမျိုးသမီးငယ်ကို သတိထားမိ၍ ..

"သမီး .. ထိုင်ပါ"

"ဟင့်အင်း အဘထိုင်ပါ။ သမီးက စောစောလေးကမှ ကားပေါ်တက်လာတာပါ"

"ရပါတယ် သမီးရဲ့ Lady First လေ .."

"နေပါစေ အဘပဲထိုင်ပါ၊ အဘက အသက်ကြီးပါတယ် အားနာပါတယ်"

သူထိုင်ပါ၊ ငါထိုင်ပါနှင့် သူများဝင်ထိုင်မည်စိုး၍သာ ဦးဖုန်းရွှေ ထိုင်ချလိုက်ရသည်။ အမျိုးသမီးငယ်ကို ကျေးဇူးတင်သွားသည်။ သူမကို စေ့စေ့ကြည့်မိသောအခါတွင်ကား ဦးဖုန်းရွှေ အံ့အားသင့်သွားသည်။

သူမ၏ ဖြူဖွေးသော မျက်နှာနှင့် အနည်းငယ် ချွန်သယောင်ရှိသော နှာတံအောက်မှ နီတျာတျာ နှုတ်ခမ်းပါးလေးတစ်စုံ။

"မင်းသမီးက မင်းနဲ့ တော်တော်တူတယ်ကွ၊ အထူး[illegible] သဖြင့် သူ့နှုတ်ခမ်းပါးလေးက[illegible] မင်းရဲ့နှုတ်ခမ်းနဲ့ တထေရာတည်[illegible] ပဲ"

ညိုဝင်းပြောခဲ့ဖူးသော[illegible] စကားတစ်ခွန်းကို ပြန်လည်ကြာ[illegible] ယောင်မိသည်။

"ဒီ သူမငယ်ဟာ [illegible] သမီးများ ဖြစ်နေမလား ...?"

✿ ✿ ✿

အဖေ ကွယ်လွန်သွာ[illegible] ကြောင်းကို မြောက်ဥက္ကလာရှ[illegible] နီလမ်းနေ အန်တီဝင်းတို့ဆီ သွာ[illegible] ရောက်ပြောကြားပြီးနောက် [illegible] အပြန်တွင် အောင်ဆန်း[illegible] ရောက်သော (၂၀၂)လိုင်းကာ[illegible] မြောက်ဥက္ကလာပ အဝိုင်းမှ[illegible] တိုင်၌ ပြောင်းစီးသည်။

ထုံးစံအတိုင်း (၂၀[illegible] ကားပေါ်တွင် ထိုင်ခုံမရပြန်။ သ[illegible] လိုပင် မတ်တတ်ရပ်စီး ခရီးသ[illegible] များရှိနေရာ အနည်းငယ် [illegible] ချိသည့်နေရာသို့ တိုးဝင်[illegible] သည်။

အရပ်ရှည်ရှည်[illegible]

www.burmeseclassic.com



သားဖြူဖြူ၊ မျက်မှန်နှင့် ခန့်ခန့် လူကြီးတစ်ဦး၏အနားသို့ ရောက်သွားသည်။ အသက်ကတော့ (၆၀)ခန့်ရှိမည်။ ထူးခြားသည်ကား ထိုလူကြီး၏ နှုတ်ခမ်းမှာ သူမ၏နှုတ် ခမ်းပါးနှင့် အတော်တူ၍ အသာငေးကြည့်နေခိုက်

"သမီးထိုင်ပါ"ဟု ထိုလူကြီးကနေရာပေးသည့်အဖြစ်။ သို့သော် သူမက မထိုင်ဘဲ ထိုလူကြီးကိုသာ ထိုင်ခိုင်းလိုက်သည်။ နှစ်ယောက်သား အကြည့်ချင်းဆုံတော့ စိတ်ထဲမှာ တစ်မျိုးကြီးပဲ ခံစားရသည်။



"အဖေ ခုပြောမယ့် စကားကို သမီးတစ်သက်လုံး ထိန်းသိမ်းသွားပါမယ်လို့ ကတိပေးရင် အဖေတစ်ခု ပြောပြခဲ့မယ်။ ဟောဒီ သမီးကြီးကလေ အဖေ့သမီးအရင်း မဟုတ်ဘူးကွယ့်။ အဖေအရမ်းချစ်တဲ့ သူငယ်ချင်းနဲ့ သမီးအမေတို့ ငြိစွန်းကြပြီး သူတို့ချင်း မညားဖြစ်လို့ သမီးကြီးအမေကို အဖေက လက်ထပ်ယူတဲ့အချိန်မှာ သမီးကိုယ်ဝန်ပါလာခဲ့တယ်။ အဲဒါ သမီးတစ်ယောက်တည်း သိပါစေ၊ မင်းအမေက လွဲရင်ပေါ့"

ဖခင်ကြီး မကျန်းမာဘဲ အိပ်ရာထဲလဲနေတုန်း "ခင်အေးမွန်"တစ်ဦးတည်း အနားမှာရှိခိုက် ပြောခဲ့ဖူးသည့် စကားတစ်ခွန်း။

"အင်း ... အဖေပြောပြတဲ့ ငါ့ရဲ့ အဖေအရင်းဟာ ဒီလူကြီးများ ဖြစ်နေမလား"

ဦးဖုန်းရွှေ၏ ဘေးထိုင်ခုံမှ ခရီးသည်က အင်းစိန်မှတ်တိုင်တွင် ဆင်းသွားတော့ အမျိုးသမီးငယ်က မရဲတရဲဝင်ထိုင်သည်။ ပထမတော့ အတွေးကိုယ်စီဖြင့် ဆိတ်ဆိတ်နေခဲ့ရာမှ ဦးဖုန်းရွှေက မနေနိုင်တော့ဘဲ စကားစလိုက်သည်။

"သမီးက ဘယ်လဲကွယ့်"

"အောင်ဆန်းကို ပါအဘ"

"အဘလဲ အောင်ဆန်းသွားမှာကွယ့်၊ သမီးက အောင်ဆန်းရပ်ကွက် ဘယ်နားမှာ နေတာလဲဟင်"

"အောင်ဆန်းဆေးရုံဝင်းမှာ နေပါတယ် အဘ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် တိုက်ဆိုင်လှချည်လား။ အဘလဲ အောင်ဆန်းဆေးရုံဝင်းထဲမှာ အဘရဲ့သူငယ်ချင်း အသုဘကို သွားမလို့ကွယ့်"

"ရှင်"

"ဘာဖြစ်လို့လဲ သမီးရဲ့၊ အဘ သူငယ်ချင်း ညိုဝင်းက မနေ့ညက ဆုံးသွားတယ်လေ။ အဲ့ဒါ သတင်းမေးမလို့သွားမှာ၊ သမီးက ဦးညိုဝင်းကို သိလို့လား"

"အဲ့ဒီ ဦးညိုဝင်းဆိုတာ သမီးရဲ့ဖခင်ပါ အဘ ... အဟင့် ..."

"ဟေ ...."

✿ ✿ ✿

ဦးဖုန်းရွှေနှင့် ခင်အေးမွန်တို့ ရှေ့ဆင့်နောက်ဆင့်ဆိုသလို အိမ်ထဲဝင်လာသည်လည်း မြင်ရော ဒီတစ်ခါ အံ့ဩသွားသူက ဒေါ်မြအေးဖြစ်ပါသည်။

"မေမေ ... ဖေဖေ့သူငယ်ချင်းဆိုတာ တစ်ခါတည်းပါလာတယ်။ အဲဒီအဘနဲ့ လိုင်းကားပေါ်မှာတစ်ခါအတူ ထိုင်စီးလာ ကြတာလေ ..."

"လာ ... လာ ကိုဖုန်းရွှေ ရှင့်သူငယ်ချင်းက ရှင့်အလာကို မစောင့်နိုင်တော့ဘူး။ ကျွန်မကို ကလေး(၄)ယောက်နဲ့ ပစ်ထားခဲ့ပြီးတော့ ... ဟီး ... ဟီး ..."

ညိုဝင်းအလောင်း ကားခဆို ထိန်ပင်သုသာန်အအေးခန်းမှာ ရောက်နေလောက်ပေပြီ။ ရန်ကုန်မှာ လူသားတို့နှစ်စွသဘောနှင့် ကိစ္စချောလျှင် ပောခနဲဆို နာရေးကူညီမှုအသင်းက ရောက်လာပြီး လိုအပ်သည်များကို အစစအရာရာ ဆောင်ရွက်ပေးသည်မို့ ဘာမျှပူပင်စရာ မလိုတော့ပြီ။

"အေးဟာ ငါ့သူငယ်ချင်းကြီး ခုလို သက်ဆိုးမရှည်တော့တာ ငါလဲစိတ်မကောင်းပါဘူး။ ငါလဲ နင်တို့မိသားစုဆီ လာလည်မယ်၊ လာလည်မယ်နဲ့ မလာဖြစ်ခဲ့တာကြာပြီ။ ငါ့မှာလဲ ပင်စင်ပြီးကတည်းက ငွေစုငွေချေးအသင်းမှာ ဆက်လုပ်နေရတယ်။ တစ်နေ့မှ အားတယ်လို့ မရှိပါဘူး မမြအေးရယ်"

"ဒါနဲ့ ကိုဖုန်းရွှေရဲ့ သမီးတွေကော သူတို့အမေနဲ့ အတူတူနေသလား၊ ကိုဖုန်းရွှေရော တစ်ယောက်တည်းနေတာလား"

အသုဘအိမ်ရောက်နှင့်နေသော အပေါင်းအသင်းများနှင့် အာလာပ၊ သလ္လာပစကား စမြည် ပြောဆိုကျီစယ် စကြနောက်ကြရင်း သည်အောင်ဆန်းမြို့မှာ ဘောလုံးကန်ကောင်းသော ကိုဖုန်းရွှေကို လှည်းနေလှေအောင်းမြင်းဇောင်းမကျန် မသိသူမရှိ။ အားလုံးက ဝိုင်းချစ်ကြလေသည်။

"တော .. စတား"ဘဝကို ပြန်လည်သတိရမိသည်။

စကားလက်ဆုံပြော၍ မကုန်ကြပေမယ့် အချိန်တန်တော့လည်း အိမ်ပြန်လာခဲ့ရသော ဦးဖုန်းရွှေသည် သူ၏ငယ်ချစ်ဦး တောသူမလေး မမြအေးနှင့် အချစ်ဇာတ်လမ်းစခဲ့သည့် "တောစတားနှင့် ရည်းစားတော်သူ"အကြောင်းကို ပြန်လည်စဉ်းစား တွေးတောမိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဂိုး ... ဂိုး ..."

"ဖုန်းရွှေကွ၊ တော
တောကြီးကွ နောက်တစ်ဂိုးသွင်းပါ
ဟေ့"

ဖုန်းရွှေကား အကောင်း
ဆုံး ရှေ့တန်းကစားသမားပီပီ
တစ်ဖက်မှ နောက်တန်းလူများကို
တိုခေါက်၊ သည့်ခေါက်ဖြင့် ဂိုးထဲ
သို့မရမက ကန်သွင်းသည်။

"ဂိုး ... ဂိုး ..."

အင်းစိန်မြို့နယ်ရှိ ရပ်
ကွက်ဘောလုံးပွဲများတွင် ဂိုးသွင်း
ကောင်းသော ဖုန်းရွှေကို မြို့နယ်
အသက်ရွေးစင်အဖြစ် ရွေးချယ်ခံရ
သည်မှာ အဆန်းမဟုတ်ပါ။ အ
သားဖြူဖြူ၊ ရုပ်ချောချောသော
လုံးသမားမှို ပျိုတိုင်းကြိုက်သည့်
ခင်းဆီနိုင်လည်းဖြစ်သည်။

ယင်းလုပျိုဖြူများအ
က် မမြအေးဆိုသောမိန်းမချော
လေးနှင့် ဖုန်းရွှေတို့ သမီးရည်း
စားဖြစ်ကြသည်မှာ ညိုဝင်း၏
ယောဂမကောင်း။ ညိုဝင်းက အိမ်
ချင်းမမြအေးကို အောင်သွယ်
ပေးခဲ့ခြင်းဖြစ်သည်။

တကယ်တော့ ညိုဝင်း
က မမြအေးကို အသေအလဲ
ကြိုက်နှစ်သက်ခဲ့သော်လည်း
ဖုန်းရွှေနှင့် မိတ်ဆက်ပေးခဲ့သည့်
အချိန်မှစ၍ မမြအေးက ဖုန်းရွှေ
ဆီ စိတ်ညွှတ်သွားလေတော့
သည်။ ညိုဝင်းခမျာ ကျန်ရစ်ကြီး
ဖြစ်သွားရရှာသည်။

သူငယ်ချင်းနှင့် ချစ်သူ
ကို ကြည်ဖြူစွာ အောင်သွယ်ပေး
ရသည်ကိုပင် အပြုံးမပျက်၊ ခင်
မင်လျက်ဖြင့် စိတ်သက်သာရာရ
ခဲ့သော ညိုဝင်းသည် ဖုန်းရွှေနှင့်
မမြအေးတို့ ချိန်းတွေ့သည့်ညမှာ
တောင် ဖုန်းရွှေခြေစည်းရိုး ကျော်
တက်နိုင်ရေးအတွက် ကုန်းပိုးခဲ့
ပါသေးသည်။

သို့သော် ...

ဖုန်းရွှေက ရည်းစားများ
သည်။ မြာစွံသည်။ ရည်းစားတွေ
တစ်ယောက်ပြီးတစ်ယောက်ထား
သည်။ မမြအေးကိုလည်း (၆)လ
လောက်ကြာတော့ အဆက်အ
သွယ်ဖြတ်လိုက်သည်။ ထိုအခါ
ညိုဝင်းကမနေနိုင်။





www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ဖုန်းရွှေ မင်းဘာဖြစ်လို့ မြအေးဆီ ခြေဦး မလှည့်တော့တာလဲ၊ ဟိုမှာ တဒိုင်ဒိုတရယ်ရယ်နဲ့ မင်းကွာ၊ တကယ်ရက်စက်တဲ့ကောင်ပဲ"

"ညိုဝင်းရာ ငါအလုပ်ထဲက မြင့်မြင့်ရီနဲ့ ခရီးရောက်နေတာ မင်းလဲအသိသားနဲ့ကွာ၊ ငါ မြင့်မြင့်ရီကို တကယ်စွဲလမ်းနေပြီကွ၊ သူနဲ့တောင် ယူဖြစ်တော့မယ်ထင်ပါရဲ့"

"ဟေ ဒါဆို မင်းမမြအေးကို ထားခဲ့ပြီပေါ့ ဟုတ်လား"

"အေးပေါ့ကွာ၊ ကိုယ်မချို အမိသော်လည်း သားတော်ခဲဆိုတဲ့ စကားရှိပါတယ်။ ခုမှတော့ ဘယ်လိုမှ မတတ်နိုင်တော့ဘူး မမြအေးကို ငါချစ်တော့ချစ်ပါတယ် ဒါပေမဲ့ ..."

"ဒါပေမဲ့ လုပ်မနေနဲ့။ မင်းနဲ့ ငါတို့နှစ်ယောက် ညဘက်ညဘက်တွေမှာ မြအေးတို့အိမ်ပေါ် ခိုးတက်ကြတာကို အိမ်နီးချင်းတွေကတိုင်လို့ သူ့မိဘတွေ သိကုန်ပြီး သူ့ကို ယောကျ်ားပေးစားဖို့လဲ လုပ်နေပြီ။ ဒီအချိန် မှာ မင်းဘာလုပ်သင့်သလဲ စဉ်း စား ..."

"အေး ငါတစ်ခုစဉ်းစားမိပြီ။ မြအေးနဲ့ချိန်းတွေ့တာ မင်းလိုလိုငါလိုလိုဖြစ်နေတာ မင်းကလဲ မြအေးနဲ့ငါ မဖြစ်ခင်ကတည်းက မြအေးကို အသေအလဲကြိုက်နေတာဆိုတော့ အင်း ... မင်းပဲ မြအေးကို ခိုးပြေးတော့ကွာ"

"ဟေ ..."

✿ ✿ ✿

ဦးဖုန်းရွှေ အတိတ်ကမ္ဘာမှ ပြန်လည်နိုးထလာချိန်တွင် ဘတ်စ်ကားမှတ်တိုင်သို့ ရောက်ခါနီးလေပြီ။ သူ၏နောက်မှ လိုက်လာသော ဦးညိုဝင်း၏ သမီးကြီးကို သတိမထားမိ။

ဩော် ... ညိုဝင်းရယ်၊ အရက်လည်းမသောက်၊ ဆေးလိပ်လည်းမသောက်၊ ကွမ်းမစား နဲ့ ဘာဖြစ်လို့များ အဆုတ်ကင်ဆာနဲ့ သေရတယ်လို့ .....

တကယ်တော့ ဦးညိုဝင်းသည် အနစ်နာခံသည့်နေရာတွင် နှစ်ယောက်မရှိဟု ဆိုရ[...] မည်။ အချစ်ဆုံး သူငယ်ချင်းက[...] ပစ်ထားခဲ့သော မမြအေးကို ခိုး[...] ပြေးကာ သားမှတ်မှတ်မယား[...] မှတ်မှတ် ပေါင်းသင်း၍ သေ[...] သည့်တိုင်လုပ်ကျွေးခဲ့သည်။

သူ .. မမြအေးကို ခိုး[...] ပြေးစဉ်က မမြအေးမှာ ကိုယ်ဝန်[...] (၂)လရှိနေသည်ကိုပင် မည်သို့[...] မျှသဘောမထားခဲ့ကြောင်း၊ ဦး[...] ဖုန်းရွှေနှင့်ရခဲ့သည့် ထိုကိုယ်ဝန်[...] ကိုလည်း ရှောရှောရှုရှုမွေးဖွား[...] ရန် စောင့်ရှောက်ခဲ့ကြောင်း၊ မွေး[...] ဖွားပြီးနောက်လည်း သမီးအကြီး[...] ဆုံးကို ပို၍ပင်ချစ်ကြောင်း ဦးဖုန်း[...] ရွှေကို ဖွင့်ဟဝန်ခံခဲ့သည်။

ဦးဖုန်းရွှေကိုယ်တိုင်က[...] လည်း သည်ကလေးမကို မြင်[...] မြင်ချင်း မိမိ၏သမီးမှန်းသိသည်[...] သွေးကစကားပြောသည်ထင့်[...]

"အဖေ ... အဖေ ..."

နောက်မှ ခေါ်သံကြာ[...] ၍ လှည့်ကြည့်လိုက်ရာ ဦးညိုဝင်[...] ၏ သမီးကြီးဖြစ်နေသည်။

"ဟင် ... သမီး"

"အဖေ ... အဖေရေ[...]

www.burmeseclassic.com



မြန်တော့မလို့လား၊ အဖေကြီး အသုဘချတဲ့နေ့ ရက်လည်ဆွမ်းသွတ်တဲ့နေ့ကျရင် အဖေလာဦးမယ် မဟုတ်လားဟင်''

''လာ၊ လာ ... သမီး၊ လမ်းမကြီးပေါ်မှာ မကောင်းဘူး၊ လက်ဖက်ရည်ဆိုင်ထဲ သွားပြောတာပေါ့''

''ဟုတ်ကဲ့ အဖေ''

သားအဖနှစ်ယောက် နီးစပ်ရာဆိုင်တစ်ဆိုင်၏ ထောင့်ကျကျဝိုင်းနားသို့ ထိုင်မိကြသည်။

''အဖေက အလုပ်ကိစ္စတွေ များတယ်နဲ့တူတယ်၊ အိမ်မှာတောင် ကြာကြာမနေဘူးနော်''

အားကိုးလိုသောအကြည့်နှင့် အားငယ်လှစွာ မျက်လုံးများက သမီးဖြစ်သူ၏မျက်နှာတွင် ထင်ဟပ်ပေါ်လွင်နေသည်။ ခြယ်မှုန်းထားခြင်း မရှိသော ကရုဏာသက်ဖွယ် သမီးမျက်နှာကို ဦးဖုန်းရွှေ ပြန်လည်ကြည့်ရင်း ကိုယ့်ကိုယ်ကိုယ် မှန်ထဲတွင်ကြည့်နေရသလို စိတ်မကောင်းခြင်းများစွာ ဖြစ်လို့လာသည်။

''ကိစ္စတွေတော့ ရှိတာပေါ့သမီးရယ်၊ အခုချက်ချင်း ပြန်ရလောက်အောင်တော့ မဟုတ်ဘူး၊ ခုနက စဉ်းစားရင်းတွေးရင်းနဲ့ မှန်းကျပ်လွန်းလို့ပါ၊ ကိုယ်တိုင်လဲ ဘာကိုဆက်လုပ်ရမလဲ ဆိုတာကိုပေါ့''

စိတ်ဝင်စားစွာဖြင့် နားထောင်နေသော ခင်အေးမွန်က ဦးဖုန်းရွှေ၏ စကားများကို ပဟေဠိတစ်ပုဒ်၏ အဖြေကို သိချင်သလိုနှင့် မေးရန်ဟန်ပြင်ပြီးမှ သူမဖခင်၏ ခံစားမှုကို ဆက်လက်မဖြစ်စေလိုတော့ပေ။

''အင်း ... ဟုတ်ကဲ့၊ ဒါနဲ့ ခုနကမေးတာ နောက်ရက်တွေမှာ လာမယ်မဟုတ်လား အဖေ''

''လာရမှာပေါ့ သမီးရယ်၊ အဖေရဲ့ အချစ်ဆုံးသူငယ်ချင်း နောက်ဆုံးခရီးကို အစအဆုံး လာဖြစ်မှာပါ ...''

ဝန်းကျင်တွင် လေပူများမင်းမူနေကြသည်။

ဦးဖုန်းရွှေ အိမ်ပြန်ရောက်တော့ မြင့်မြင့်ရှိနှင့်ရထားသော သမီးနှစ်ယောက်အနက်

**လာရမှာပေါ့ သမီးရယ်၊ အဖေရဲ့ အချစ်ဆုံး သူငယ်ချင်း နောက်ဆုံး ခရီးကို အစအဆုံး လာဖြစ်မှာပါ . . .**



www.burmeseclassic.com

www.burmeseclassic.com



အကြီးမက ဦးကြိုသည်။ သူ့ယောက်ျား နိုင်ငံခြားတွင် အလုပ်လုပ်နေပြီး စက်ချုပ်သင်တန်းတက်နေသည်။ အငယ်မကတော့ ပုဇွန်တောင်ဈေးတွင် ဖိနပ်ဆိုင်ဖွင့်ထားကာ ယောက္ခမအိမ်တွင် ခင်ပွန်း၊ သမီးတို့နှင့်နေထိုင်ကြသည်။

"အဖေ ထမင်းစားတော့မလား"

"ဟင့်အင်း ... အဖေ အစားတော့ဘူး"

"သမီးကော ဘာတွေ ချက်ထားလဲ"

"သမီးဈေးသွားပြီး အဆင်ပြေတာလေး ဝယ်ချက်ထားတယ်"

မြင့်မြင့်ရီ ဆုံးပြီးကတည်းက ဒီသမီးနှစ်ယောက်နှင့် ဆိုးတူကောင်းဖက် တိုင်ပင်၍ အေးအေးဆေးဆေး နေထိုင်ကြသည်။ သမီးကြီးမှာ အဖေဖြစ်သူကို အလိုက်တသိနှင့် ပြုစုရရှိက်ရှာသည်။ အရာရာကို ခေါင်းအေးအေးနှင့် စဉ်းစားဆုံးဖြတ်တတ်သော ဒီသမီးကြီးအတွက် စိတ်ချနေချေပြီ။

ဆောင်းငွေ့များ တိုးဝေ့သောညပြင်တွင် ဦးဖုန်းရွှေရင်ထဲမှာတော့ နွေကန္တာရသဖွယ်။ သူငယ်ချင်းညိုဝင်းအတွက် စိတ်ထိခိုက်ရသလို ကျန်ရစ်ခဲ့တဲ့ သမီးခင်အေးမွန်အတွက်လည်း စိတ်မကောင်းဖြစ်ရသည်။ မိမိကိုစွန့်ပစ်ခဲ့သော ဖခင်ဟု နာကြည်းမည်ကိုသိသလို ညိုဝင်းအပေါ်တင်နေသော အကြွေးကို ဘယ်လိုပြန်ဆပ်ရမည်ကိုလည်း စဉ်းစားနေတော့သည်။

"အဖေ ... သမီးအိပ်တော့မယ်"

"အိပ်ခါနီး ဆေးသောက်ဦးနော်"

"သမီးလဲ အိပ်တော့လေ"

အတွေးများလွင့်ပြယ်ကာ ခွန်းတုံ့ပြန်လိုက်သည်။ ဒီနှစ်ဆောင်းက သိပ်မအေးသလိုပင်။

× × ×

ရက်လည် မပြီးမချင်း ကူညီသူများ၊ သတင်းလာမေးသူ မိတ်ဆွေများ၊ ဆွေမျိုးများနှင့် စည်ကားလှသော်လည်း ဒေါ်မြအေးတစ်ယောက် စိတ်ကျေနပ် နှစ်သိမ့်မှုမရသေးပေ။ အစ... ပူပန်ရပေမဲ့ သားသမီးများနောင်ရေး စဉ်းစားကာအတွေးမအေး နိုင်ပေ။ ခုမှ ကိုဖုန်းရွှေကပေါ်လာ ပြန်သည်မို့ အတွေးသံ သရာထဲ လက်ပစ်ကူးနေမိသည်။

ဦးညိုဝင်း တစ်လပြည့် လည်း အဆင်ပြေစွာ ပြီးမြောက် သွားသည်။ အရာအားလုံး ပုံမှန် ပြန်ဖြစ်သယောင်ရှိသော်လည်း အလျင်အတိုင်း မဟုတ်တော့... သူရှိယနေမင်းကြီးသည် တာ... ကိုထမ်းဆောင်ရန် အရှေ့ဘက်... ချီတက်လာသည်။

ဒီနေ့ရုံးပိတ်ရက်မို့ ဦး... ဖုန်းရွှေတစ်ယောက် ဒေါ်မြအေး... တို့ဘက် လှည့်လာဖြစ်သည်။

"သမီးရေ ခင်အေး... အဖေလာတယ်"

အိမ်ဝမှ လှမ်းခေါ်... သွားလိုက်သည်။ တွေ့ရသ... ကား ဒေါ်မြအေး။ လူ... ယောက်လုံး အိမ်ပေါ်တက်... သည်ကို ဂရုစိုက်မိပုံမပေါ်။...

www.burmeseclassic.com



နှာပြင်၌သာ သောကပုံရိပ်များ ထင်ဟပ်ပေါ်လွင်နေသည်။

"အဟမ်း၊ မမြအေး ဘာတွေစဉ်းစားနေတာလဲ"

"ဩော် … ကိုဖုန်းမြွေ ပါလား။ ဘာရယ်လို့မဟုတ်ပါဘူး။ ဒီလိုပါပဲ"

ဒုတိယအကြိမ်မြောက် ခေါ်မှသာ ဒေါ်အေး သတိဝင် ကာ ပြန်ပြောလာသည်။

"ကိုညိုဝင်း ကိစ္စတွေမှာ ကူညီပေးခဲ့တာတွေကို ကျေးဇူးတင်ပါတယ်"

"မဟုတ်တာပဲဗျာ၊ ဒါတွေက ကျွန်တော်လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စတွေပဲဟာ။ ဒီထက်ပိုပြီး လုပ်ပေးသင့်တာတွေ အများကြီးပါ"

မိမိအတွေးထဲတွင် စကားပေါင်းများစွာ ပြောနေမိသည်။ (ကိုယ့်မှာ ဘာအရည်အချင်းရှိလို့ ခွင့်လွှတ်ဖို့ပြောရက်မှာလဲဗျာ၊ လက်ရှိနဲ့ ကျန်ရှိတဲ့ဘဝတွေမှာ အကောင်းဆုံးကြိုးစားသွားရင်းနဲ့ နေဖို့ပါပဲ၊ ဘာမှမမျှော်လင့်ပါဘူး။ သမီးလေးရဲ့ နွေးထွေးကမ်းလင့်မှုကလွဲရင်ပေါ့)

"ပြီးခဲ့တာတွေလဲ ပြီးသွားပါပြီရှင်၊ အသက်တွေရလာကြပြီပဲလေ။ ကျွန်မမှာ အမုန်းအာဃာတတွေ လုံးဝမရှိပါဘူး။ ကျန်နေတဲ့ အငယ်လေးတွေအတွက် ပြုစုရဦးမယ်လေ"

ဒေါ်မြအေး၏ စကားအဆုံး၌ ဦးဖုန်းမြွေ၏ ကရုဏာစိတ်ကလေးများ ပျံ့နှံ့သွားသည်။ ထိုအချိန်တွင် ဈေးမှပြန်လာသော ခင်အေးမွန်က အသာဝင်ထိုင်လိုက်သည်။ (သမီးလေးက ဒီအရွယ်ကလေးနဲ့ ကြိုးစားနေလိုက်ရတာ)

"သမီးက အလုပ်က တစ်ဖက်၊ အိမ်ကိစ္စတွေနဲ့ ပင်ပန်းလိုက်တာ သမီးရယ်"





www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေအားလုံးက အဖေ့ကြောင့်ပါကွယ်"

"အဖေ့ကို စိတ်မနာဘူးလားဟင်"

ဦးဖုန်းရွှေ ကတုန်ကယင်ဖြင့် မဝံ့မရဲမေးလိုက်သည်။ သမီးက ဘယ်လိုပဲ တုံ့ပြန်ပြောဆိုပါစေ ခံယူဖို့အသင့်ပြင်ထားသော ဖခင်တစ်ယောက်ပါလေ။

ခင်အေးမွန်က ခဏနေပြီးမှ ခေါင်းမော့ကာပြောလာသည်။

"အဖေရယ် သမီးက စိတ်နာမှတော့ အခုလို ဒီမှာလာထိုင်နေပါ့မလား။ ပြီးတော့ အဖေဦးညိုဝင်းမရှိတော့လို့ သည်အဖေကကော သမီးတို့ဆီ ပြန်လာနိုင်လို့လား။ ကဲပါ … အဖေရယ် သမီးတို့ရှေ့ဆက်ပြီး ဒီအတိုင်းပဲ ဗိုလ်နေမြို့ကျွားနေမြို့ အေးအေးချမ်းချမ်း နေသွားကြရအောင်နော်"

ဒေါ်မြအေးကတော့ ခေါင်းတညိတ်ညိတ်နှင့် ကျေနပ်ကာပြုံးနေလေ၏။ ဦးဖုန်းရွှေမှာ သဘောထား ဖြူစင်လှသည့် သမီး၏စကားများအတွက် ပီတိမျက်ရည် ကျလုမတတ် ခံစားလိုက်ရရှာသည်။ ဤမျှအပြောကောင်း၍ အကောင်းချည်းပြောတတ်သော သားအဖနှစ်ယောက်၏ ထပ်တူညီနှုတ်ခမ်းပါးလေး။

ဦးဖုန်းရွှေ၏ အိမ်အပြန်လမ်းတွင် လွတ်လပ်ပျော်ရွှင်စွာ ပေါ့ပါးသွက်လက်နေသည်။ မည်သို့ပင်ဖြစ်စေ မကြာမီ ဦးဖုန်းရွှေ၏ လုပ်ငန်းကိုင်ငန်းများ အဆင်ပြေတော့မည်။ မမြအေး၏ လူမမည်ကလေးများ၏ ပညာရေးအတွက် တတ်နိုင်သလောက် ထောက်ပံ့ပေးမည်။ ပြီးတော့ ခင်အေးမွန်၏ ပြောကြားချက်အရ ဗိုလ်နေမြို့ကျွားနေမြို့ဟု ပုဆိုးပင်ဒါရိုက်တာ မောင်ဇော်ဦးနှင့် သမီးကြီးတို့ လက်ထပ်ထိမ်းမြားမည့် အစီအစဉ်ကိုလည်း ဦးစီးဦးကိုင် ပြုရပေဦးမည်။

ထိုစဉ် လမ်းဘေးလက်ဖက်ရည်ဆိုင်တစ်ဆိုင်မှ စိုင်းဆိုင်မောဝ်၏ သီချင်းလေးတစ်ပုဒ်လေထဲမှာ ပြန့်လွင့်လာသည်။

×× ဖနီးလေးအေးနဲ့ ×× သမီးနှစ်ယောက်ကိုသာ ×× တမ်းတမ်းတတ အဝေးမှ × လွမ်းရရှာသာ ဘယ်လိုဖြေမလဲ ×× မောင့်ရဲ့အသည်း ×× အို စကားပြောတတ်ရင် ×× ချစ် သည်းပါးလိုက်ချင်တယ် ×××

(နှုတ်ခမ်းပါးလေးနဲ့ သက်သေတည်ပေးတဲ့ သမီးရယ်၊ မင်းတို့သားအမိကို ခပ်လှမ်းလှမ်းကပဲ စောင့်ရှောက်ရင်း လွမ်းနေပါတော့မယ်)လို့ …..။

ဆွေမြင့်သူ(ကြေး/ချေ)




www.burmeseclassic.com

www.burmeseclassic.com








အမှတ်(R-1)၊ ဂန္ဓမာလမ်း နှင့် (၆)လမ်းထောင့်၊ မင်္ဂလာဥယျာဉ်မြို့တော်အိမ်ယာစီမံကိန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ ။
ဖုန်း - ၂၉၂၉၉၂၊ ၂၉၆၈၄၆၊ ၂၉၉၂၆၈၊ ၂၀၅၈၅၄၊ ၂၀၅၄၀၄၊ ၂၀၅၈၈၉

www.burmeseclassic.com

www.burmeseclassic.com

ညီလေးဖတ်ဖို့ရေးတဲ့စာ



# ဗိုလ်ချုပ်ကတော့

# ဗိုလ်ချုပ်ပါ

ဆူးသစ်



www.burmeseclassic.com

www.burmeseclassic.com



ညီလေးရေ ...

အစ်ကိုအလုပ်လုပ်နေတဲ့ စက်ရုံက လုပ်ကွက်ထဲမှာ သန့်ရှင်းရေးလုပ်ရတဲ့ တစ်ရက်၊ အလုပ်သမားလေးတွေကို လိုက်ကြည့်နေတုန်း တရင်အလုပ်သမားလေး တစ်ယောက်က အစ်ကို့ကို မေးပါတယ်။

"အစ်ကို အခုအချိန် ဗိုလ်ချုပ်သာရှိရင် ဘာတွေ ဖြစ်မလဲ" တဲ့။ ကောင်းလိုက်တဲ့မေးခွန်း၊ အစ်ကိုတော်တော် သဘောကျမိတယ်။ ဒါနဲ့ပဲ အစ်ကိုတွေးမိသလောက် သူ့ကို ပြောပြဖြစ်တယ်။

"သေချာတာ တစ်ခုက လာဘ်စားတာ အခုလောက်ဆိုးမှာ မဟုတ်ဘူး။ ဗိုလ်ချုပ်အောင်ဆန်းသာ သိရင် တုတ်လိမ့်မယ်။ ဗိုလ်ချုပ်က သူကိုယ်တိုင် အစိုးရအဖွဲ့ဝင်ဖြစ်ကတည်းက သူ့ရဲ့အပါးတော်မြဲ ဗိုလ်ထွန်းလှ (တပ္ပသိုလ်နေဝင်း)ကိုတောင် သူတို့ရဲ့ ဆွေမျိုး၊ သူငယ်ချင်း၊ မိတ်ဆွေတွေ အခွင့်အရေးတောင်းဆိုဖို့ ချဉ်းကပ်လာရင် ဘယ်သူ့ကို လက်မခံဖို့ပြောခဲ့တာ။

နောက်တစ်ခုက အခု ငါတို့ မြန်မာပြည်မှာ ကြုံနေရတဲ့ တိုင်းရင်းသားတွေနဲ့ မပြေမလည်ဖြစ်နေတာတွေရှိမှာ မဟုတ်ဘူး။ သူ ကိုယ်တိုင်က တိုင်းရင်းသားတွေစည်းလုံးဖို့ ပိုလုပ်ခဲ့တာ။

နောက်တစ်ခုရှိသေးတယ်။ ငါတို့တိုင်းပြည် အခုထက် ပိုတိုးတက်မှာ။ ဘာဖြစ်လို့လဲဆိုတော့ သူက တိုင်းပြည်အတွက် ကြိုတွေးတတ်တဲ့ တကယ်တော်တဲ့လူဖြစ်လို့ ငါစာထဲဖတ်ဖူးတာ ရေနံချောင်းမှာ ကျောင်းတက်နေတဲ့အရွယ်ကတည်းက မြန်မာပြည်မှာ စနစ်တကျဖွဲ့ထားတဲ့ တပ်မတော် လိုတယ်ဆိုတာ သူတွေးခဲ့တာ။ အဲဒါကို ကြည့်ရင် ဗိုလ်ချုပ်ဟာ တက္ကသိုလ်မတက်ခင်ကတည်းက သူ့ခေါင်းထဲမှာ တိုင်းပြည်လွတ်လပ်ရေးရဖို့ ဘာလိုသလဲဆိုတာကို ကြိုသိနေတယ်။ အဲဒီလို တွေးခေါ်တတ်ပုံမျိုးနဲ့ ငါတို့ တိုင်းပြည်တကယ်ကို အခုထက် တိုးတက်နေမှာလို့ ငါထုံတယ်" လို့ အစ်ကိုတွေးမိတာတွေ ပြောပြဖြစ်တယ်။

အဲဒီစကားအဆုံးမှာ တရင်လေး ကျေနပ်သွားတာ တွေ့တယ်။ သေးကနားထောင်နေတဲ့ မြန်မာကောင်လေး တစ်ယောက်ကပါ ဟုတ်တယ်နော်လို့ ပြောတယ်။





www.burmeseclassic.com

www.burmeseclassic.com



**ညီလေးရေ---**

တရင်လေးရဲ့ မေးခွန်းကို ဖြေခဲ့ဖို့သာ အဲဒီလောက် ရှင်းပြခဲ့တာ။ တကယ်တော့ အဲဒီနေ့က သန့်ရှင်းရေးလုပ်ရင်း ဗိုလ်ချုပ်အကြောင်းတွေ အစ်ကိုသိသလောက် သူတို့ကို ထပ်ပြောဖြစ်ခဲ့သေးတယ်။

ဗိုလ်ချုပ်ဟာ အနေအစားဆင်းရဲပြီး စကားပြောရိုးတယ်။ ဟန်တွေပန်တွေ လုပ်တာမကြိုက်ဘူး။ သူ့မင်္ဂလာဆောင်မှာ ရွှေကြိုးတားတာကို ဖြင်းဖြင်းထန်ထန် ငြင်းပယ်ခဲ့သလို ရုပ်ရှင်ကြည့်တော့လည်း သူလိုငါလို အတန်းတနေ ကြည့်ခဲ့ဖူးတယ်။

အဝတ်အစား ရှားပါးလွန်းလို့ သုံးစုံလောက်သာရှိတဲ့ ဗိုလ်ချုပ်ကို အိန္ဒိယမှာ နေရူးကတွေ့တော့ အင်္ဂလန်မှာ ချမ်းလို့ ကုတ်အကျီအရှည် (အစ်ကိုတို့တွေ့နေကျ ဓာတ်ပုံထဲက ကော်လာအကြီးကြီးနဲ့ အကျီ) ပေးလိုက်တာ။ အစ်ကို့အထင် ဗိုလ်ချုပ်မှာ သူသေတဲ့အထိ ကောင်းကောင်းတန်းတန်း လူတောတိုးတာဆိုလို့ အဲဒီအကျီလောက်သာ ရှိမယ်ထင်ပါရဲ့။ အစိုးရအဖွဲ့ထဲရောက်တော့ သူတို့အစိုးရကို ပြည်သူတွေ လက်မခံရင် ဆင်းပေးမယ်လို့ ပြောခဲ့သေးတယ်။

ဗိုလ်ချုပ်အစ်ကို ဦးအောင်သန်းရေးတဲ့ စာထဲမှာတော့ ဗိုလ်ချုပ်တို့ စာသင်ကျောင်းပြန်တက်ဖို့ အချိန်ကျတဲ့အခါမှာ သူတို့ အဖေမမာလို့ ပြုစုရင်း ဗိုလ်ချုပ်တို့အဖေ ဆုံးသွားတယ်တဲ့။ ရက်တွေနောက်ကျပြီးမှ ကျောင်းပြန်လာတော့ ဆရာကြီးကမေးသတဲ့။ ကျောင်းဘာလို့ နောက်ကျသလဲပေါ့။ ဗိုလ်ချုပ်က အဖေ နေမကောင်းလို့ ပြုစုနေရလို့လို့ ဖြေတယ်။ ဒါနဲ့ ဆရာကြီးကလည်း အခုရောဆိုတော့ ဗိုလ်ချုပ်ကဆုံးပြီတဲ့။ သူ့အစ်ကို ဦးအောင်သန်းက ဗိုလ်ချုပ်ဖြေတာ နားထောင်ပြီး အောင်ဆန်းကတော့ လုပ်ပြီဆိုတဲ့ သဘောနဲ့ ပြုံးရသေးသတဲ့။

နောက်မှ ပြန်စဉ်းစားတော့ ဗိုလ်ချုပ်ဖြေတဲ့အဖြေက ဗိုပြီး မှန်ကန်နေတာ တွေ့ရသတဲ့။ ဆရာကြီးက သူ့ကို ကျောင်းတက်နောက်ကျတာ မေးတာကိုး။ အဲဒီတော့ ဗိုလ်ချုပ်ကလည်း နောက်ကျရတဲ့ တကယ့်အကြောင်းရင်းကိုပဲ ဖြေတာပါတဲ့။ နာမကျန်းဖြစ်လို့ ပြု ရတာကြောင့် ကြာတာလေ။ ဆုံးသွားလို့ နောက်ကျရတာ မဟုတ်ဘူးလို့ ဦးအောင်သန်းက သိလေတော့ အဲဒီ တည်းက ကိစ္စရပ်တစ်ခုအပေါ် ကွက်ကွက်ကွင်းကွင်း မြင်တတ်တဲ့ ဗိုလ်ချုပ်ကို သူ့အစ်ကိုအရင်း ကိုယ်တိုင် အသိအမှတ်ပြုခဲ့ရတော့တယ်။

**ညီလေးရေ----**

တရင်အလုပ်သမားလေးကို ဖြေခဲ့တဲ့အထဲ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးဆိုတာမှာ ဗိုလ်ချု သာ အခုထိ ရှိရင်၊ ဗိုလ်ချုပ်ရဲ့ မျက်နှာ၊ ဗိုလ်ချု



www.burmeseclassic.com

www.burmeseclassic.com





လုပ်ရပ်တွေနဲ့ အဲဒီတိုင်းရင်းသားစည်းလုံး ညီညွတ်ရေးဟာ ဒီနေ့အထိ ခိုင်မာနေဦးမှာလို့ ယုံကြည်မိနေပါတယ်။ ဘာဖြစ်လို့လဲဆို တော့ ပင်လုံစာချုပ်ဟာ ဗိုလ်ချုပ်ကြောင့် ဖြစ်ပေါ်ခဲ့ရတာ မဟုတ်လား။ ဒါဟာလည်း ဗိုလ်ချုပ်ကို ယုံလို့ ဖြစ်ပေါ်လာတဲ့ တိုင်းရင်းသားတွေရဲ့ သက်သေလေ။

အခုလည်း ကရင်လေးရဲ့ မေးခွန်းကိုကြည့်ပါဦး။ သူလည်း ဗိုလ်ချုပ်သာရှိရင်ဆိုတဲ့ အတွေးလေး ဘာလို့ဝင်နေခဲ့သလဲဆိုတာ စဉ်းစားကြည့်ရင် ဗိုလ်ချုပ်ကို သူ ယုံကြည်လို့ပေါ့။ လူတစ်ဦး တစ်ယောက်ကို မမြင်တွေ့ရဘဲ ယုံကြည်ဖို့ဆိုတာ သူ့ရဲ့လုပ်ရပ်တွေက ဘယ်လောက်တောင် ခိုင်ကျည်သလဲလို့ တွေးစရာမလိုအောင် ရှိနေလို့ပေါ့။

**ညီထေးရေ ...**

ကရင်အလုပ်သမားလေးရဲ့ SAMSUNG TABLET ရဲ့ HOME PAGE မှာ သူတို့ကရင်တော်လှန်ရေးရဲ့ ခေါင်းဆောင်ပုံကို အစ်ကိုတွေ့ပါတယ်။ ဒါနဲ့ အဲဒါဘယ်သူလဲလို့ မေးတော့ သူကနာမည် ပြောပြပါတယ်။ နှစ်ပေါင်းများစွာ ကြားဖူးနေတဲ့ နာမည်ပါ။ ဒါနဲ့ အစ်ကိုက မင်းက သူ့ကိုကြိုက်လို့လားဆိုတော့ ကျွန်တော်တို့ လူမျိုးဆိုတော့ ထောက်ခံရမှာပေါ့တဲ့။

အစ်ကိုလည်း တွေးမိပါတယ်။ သူ့ရဲ့ "အခု

www.burmeseclassic.com



အချိန် ဗိုလ်ချုပ်သာရှိရင် ဘာတွေဖြစ်မလဲ"ဆိုတဲ့ မေးခွန်းကို သေသေချာချာ ဖြေမိတာ မှန်သွားတာပေါ့။ သူက သူ့လူမျိုးရဲ့ တော်လှန်ရေးသမားကို ထောက်ခံသလို ဗိုလ်ချုပ်ကိုပါ ယုံကြည်အားကိုးတာ ပေါ်လွင်နေပါတယ်။

ဘာဖြစ်လို့လဲ ညီလေးရေ ရှင်းပါတယ်။ သူလည်း ကရင်လူမျိုးတွေ ဒီထက် ပိုတိုးတက်တာ မြင်ချင်မှာပေါ့။ ဒါကြောင့် ဗိုလ်ချုပ်သာရှိရင်လို့ မဝံ့မရဲ တွေးနေမိတာ ထင်ပါရဲ့။



**ညီလေးရေ ...**

ဗိုလ်ချုပ်မရှိတော့တာ (၆၇)နှစ် ရှိခဲ့ပြီပေါ့။ ဒါပေမဲ့ ဒီနေ့အထိ ဗိုလ်ချုပ်အောင်ဆန်းကို လေးစားနေကြတုန်း ပါပဲ။ ပြီးတော့ ဗိုလ်ချုပ်သာရှိရင်လို့ တွေးနေကြတုန်းပါပဲ။ အဲဒီလို တွေးနေတဲ့အထဲမှာ မြန်မာတွေသာမက တိုင်းရင်းသားတွေလည်း ရှိနေတယ်ဆိုတာ ဒီအဖြစ်အပျက်ကလေးက သက်သေပါ။

တကယ်တော့ ဗိုလ်ချုပ်လို လူမျိုး နောက်တစ်ယောက် မရှိနိုင်တော့ပါဘူး။ ရှိခဲ့ရင်တောင် အရည်အချင်း တူညီးတော့ တိုင်းပြည်ကောင်းစားဖို့ ပေးဆပ်တာချင်းတူမှာ မဟုတ်လို့ ဗိုလ်ချုပ်ကတော့ ဗိုလ်ချုပ် ပါပဲလို့ အစ်ကို ပြောချင်တာပါပဲ ညီလေးရေ။

ဆူးသစ်
၂၀း၄၄ နာရီ
၂၂-၀၆-၂၀၁၄



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားရှုထောင့်
ဖြောင့်ချက်နှလုံးသား

# “ဆေးရောင်ဖြတ်လွင့်သွားသော ဝန်းချီထားတစ်ချပ်”

ရှီ (ထဏ္ဍသိုက်)

ချစ်ခြင်းနဲ့ မုန်းခြင်း၊ ဒါမှမဟုတ် ဝေးလွင့်ခြင်း၏ အခြားတစ်ဖက်မှာ ရှိနေကြတဲ့ မောင်နဲ့မေတို့ရဲ့ အနာဂတ်ခရီးက အပြီးအပိုင် မှေးမှိန်ကွယ်ပျောက်သွားခဲ့ပြီဆိုတာ မေ နားလည်လိုက်ပါပြီမောင်။



www.burmeseclassic.com

www.burmeseclassic.com



မယုံကြည်နိုင်လောက်အောင်ပဲ နာကျင်မှုတွေကို ခံစားရှိလိုက်တာဟာ မေ့ဘဝအတွက် တစ်သက်တာ များလား မောင်ရယ်...။

မေ့ဘဝမှာ မောင်ကလွဲပြီး ကျန်တာတွေကို မေ့ပျောက်နိုင်စွမ်းရှိပေမဲ့ မောင့်ကိုတော့ မေ့ နှလုံးသားထဲက အမြဲတသ သတိရအောက်မေ့လျက်ပါ။ မောင့်အပေါ်မှာ ထားရှိခဲ့တဲ့ မေ့ရဲ့အချစ်က နှလုံးသားထဲမှာ စူးစူးနစ်နစ် ဝေါက်ဖွားလာခဲ့တယ်ဆိုတာ မောင် အသိဆုံးပါ။

ဒါနဲ့များ မောင် မေ့ကို ဥပေက္ခာ ပြုရက်တယ်နော်။

မောင့်ကို မြင်မြင်ချင်း ချစ်ခဲ့မိအောင် အချစ်ကို ယုံကြည်လက်ခံလာအောင် မောင် သင်ပေးခဲ့တာ မှန်ပါတယ်။ ဒါပေမဲ့ မေ့အချစ်က အပေါ်ယံကြောမျိုး မဟုတ်ဘဲ မေ့ဘဝရဲ့သက်ဆုံးတိုင် လက်တွဲဖော်အထိ ရည်ရွယ်ခဲ့တာပါ မောင်။ မေ့ရဲ့ ဗွေဆော်ဦးရင်ခုန်သံဟာ မောင်နဲ့တွေ့မှ စတင်ခဲ့တာမို့၊ မေ့ရဲ့ခန္ဓာကိုယ်အနှံ့ စီးဆင်းနေတဲ့ သွေးနီနီတွေ မရပ်မချင်း မောင့်အပေါ် ထားရှိခဲ့တဲ့ အချစ်တွေက ကမ္ဘာတည်သရွေ့ တည်တံ့နေမှာပါ။

မောင်မရှိတဲ့နေ့တွေမှာ မေဟာ မနေတတ်၊ မထိုင်တတ်နဲ့ ယောင်ချာချာဖြစ်ခဲ့ရတယ်။ မောင်နဲ့ ဆက်နွယ်သမျှ သတိရစရာ အမှတ်ရစရာအဖြစ်နဲ့ တိုက်ဆိုင်လာတိုင်း မောင့်ကိုပိုပြီး လွမ်းမောမိတယ်။

မောင်နဲ့ဝေးကွာနေတဲ့အချိန်တွေမှာ မေ့ဘဝအတွက် ပျော်ရွှင်ကြည်နူးမှုတွေ ပျောက်ကွယ်ပြီး မျှော် လင့်ချက်ရောင်ခြည်တွေကင်းမဲ့တဲ့ နေ့ရက်တွေပါမော[င်]

ခုတော့ . . . မေ နားလည်လိုက်ပါပြီမော[င်]

မောင်နဲ့မေတို့ရဲ့ အချစ်ဇာတ်လမ်းက ဘာ[...] မဟုတ်တဲ့ ပြဿနာလေးတစ်ခုကြောင့် ဘယ်သူ့ထ[...] ဘယ်လိုမှ ဆက်စပ်ပေးလို့ မရအောင် တစ်ခန်းရပ်ခဲ့[ပြီ] မဟုတ်လား?

☆☆☆☆☆

ရုပ်ရှင်သရုပ်ဆောင် တေးသံရှင် စန္ဒီမြင့်လွင်[...] "ပျော်ပါစေ" သီချင်းထဲကလိုပဲ မောင်နဲ့အတူ သွား[...] လာဖူးတဲ့ နေရာလေးတွေ၊ အတူစားသောက်ဖူးတဲ့ ဆိုင် [...]ကလေးတွေ ရောက်တိုင်း တိုက်တိုက်ဆိုင်ဆိုင် မောင့်[ကို] အမြဲသတိရတယ်။

ခုလို ဒီဇင်ဘာလရဲ့ အေးချမ်းတဲ့ ညကလေး[...] မောင့်ရဲ့နွေးထွေးတဲ့ လက်ဖဝါးနဲ့ မေ့ရဲ့ပခုံးကိုဖက်[ပြီး] အင်းလျားကန်တစ်လျှောက် တဖြည်းဖြည်း လ[...] လျှောက်ခဲ့ကြတယ်နော်။

တစ်ခါတလေ မောင့်ရဲ့ စက်ဘီး နောက်[...] ထိုင်ပြီး မောင့်ရဲ့ ကိုယ်သင်းရနံ့ကို တစ်ရှိုက်မက်မက် န[...] ရှုပ် ရင်ခုန်ခဲ့ရတာတွေဟာလည်း မေ့ဘဝရဲ့ တစ်သက်[...] မေ့မရတဲ့ နေ့ရက်တွေပါမောင်။

အဲဒီတုန်းက မောင့်ကို မေက (မောသလား)[...] မေးတော့ မောင်က စိုင်းထီးဆိုင်ရဲ့ "ဘီးကလေး[...]



www.burmeseclassic.com

www.burmeseclassic.com





သီချင်းကို ပြန်ဆိုပြခဲ့တာကိုတော့ မောင်မှတ်မိသေးရဲ့လား ဟင်?

"Say you will"ဆိုတဲ့ သီချင်းကလေးကို ကြားမိတိုင်း မောင်နဲ့ပတ်သက်တဲ့ သတိရစရာလေးတွေက မေ့ရဲ့ ရင်ထဲကို အပြေးကလေး ဝင်ရောက်လာတယ်။ ဒီသီချင်းလေးကို မောင်က ဂစ်တာတီးပြရင်း နှစ်ယောက်သား သီချင်းဆိုခဲ့တာတွေဟာ မမေ့စကောင်းတဲ့ အတိတ်ဟောင်းက နှောင်းအရိပ်တွေပဲပေါ့။

မေတစ်ယောက်တည်း အထီးကျန်တဲ့အခါ စိတ်သက်သာရာ သက်သာကြောင်း တေးသီချင်း ဆိုညည်းတဲ့အခါ မေ့နှလုံးသားထဲက အလိုလိုပွင့်အံ့လာတဲ့ သီချင်းလေး က "Say you will" ပါပဲလေ။

အဲဒီသီချင်းလေးကို မေ့မျက်ဝန်းထဲမှာ ဆွေးမြည့်တဲ့ မျက်ရည်ပေါက်ကြီးငယ် ကျလာတဲ့အထိ မရပ်မနား ဆိုဖြစ်ခဲ့တယ်။ မေက မောင့်အပေါ် အဲဒီလောက်ထိ ရူးရူးသွပ်သွပ် ချစ်ခဲ့မိတာ အမှန်ပါ။

ဒါနဲ့များ မောင်ရယ် . . .။

☆☆☆☆☆

တစ်ခုသော ညက ကျယ်ပြောလှတဲ့ မိုးကောင်းကင်ကြီးကို မော့ကြည့်လိုက်တဲ့အခါ ဝိုင်းစက်စက်လမင်းကြီးက ထိန်ထိန်သာလို့

(ကြော် .... လပြည့်ညတိုး)

လပြည့်ညတိုင်း မောင့်ကိုလွမ်းမိပါတယ်ဆိုရင် မောင်ယုံ နိုင်ပါ့မလားဟင်?



www.burmeseclassic.com

www.burmeseclassic.com



ခုလို လပြည့်ညတွေမှာ မောင်နဲ့မေတို့ နှစ်ယောက်သား ဖိုးရွှေလကိုကြည့်ပြီး မောင်က မေ့ လက်ဖဝါးနုနုကလေးကို မောင့်ရင်မှာ ဖိကပ်ထားရင်း–

"မင်းတစ်ယောက်တည်းကိုသာ ထာဝရ ချစ်သွားပါ့မယ်"တဲ့။

အဲဒီမောင့်ရဲ့ သစ္စာတိုင်တည်စကားကို ပြန်လည် ကြားယောင်မိရတာ မေ့မှာ မေးခွန်းတစ်ခု ပေါ်ပေါက်လာတယ်။

"မောင်ကရော လပြည့်ညတိုင်း လမင်းကြီးကို ကြည့်ဖို့ သတိရပါလေစ"လို့ပေါ့။

ပြီးတော့လည်းလေ။ မောင့်အပေါ် မျှော်လင့်ချက် ဝိညာဉ်နဲ့ ပျိုမျစ်ရှင်သန်နေတဲ့ မေ့ရဲ့ အချစ်ကို ဘာဖြစ်လို့ မယုံကြည်ရတာလဲ မောင်ရယ်။

မောင် မေ့ဆီကို ပို့လိုက်တဲ့ တစ်ဖက်သတ်စွပ်စွဲချက်နဲ့ ရေးသားလိုက်တဲ့ စာတစ်စောင်ကို မမျှော်လင့်ဘဲ လက်ခံရရှိလိုက်လို့ ဖတ်လိုက်ရတဲ့အချိန်မှာ မေလေ အလွန်ကို အံ့ဩတုန်လှုပ်ပြီး ဝမ်းနည်းကြေကွဲမိခဲ့တယ်။ နောက်ပြီး မေ တအားငိုချင်မိတယ်။

မောင်ကို ဆက်သွယ်ဖို့ သတိရပေမဲ့ မေ့ရဲ့ ဒေါသနဲ့ မာနတရားတွေရယ် ဖြေရှင်းချက်ကို ငြင်းဝယ်ခံရမှာ စိုးရိမ်တဲ့ စိတ်တွေက မဆက်သွယ်မိအောင် တားဆီးထားတယ်လေ။

ဒါပေမဲ့ မေ နားလည်လိုက်ပါပြီလေ။

မေ့အပေါ် ထားရှိတဲ့ မောင့်ရဲ့ သံသယထား... မျက်မြင်မတုတ်ဘဲ မောင့်အစ်မရဲ့ ကြားစကားနဲ့... မေ့ကို သံသယ ဝင်ရတယ် မဟုတ်လား?

သည်အဖြစ်က အဆန်းတကြယ်တော့ ... တုတ်ပါဘူး။ ဟိုအရင်တုန်းကလည်း မောင်နဲ့မေ အ... တတွ ပေါင်းဖော်တဲ့အချိန်မှာတောင် သဝန်တိုတတ်... မောင်ကြောင့် မေနဲ့မောင် ခဏခဏ စကားများလိုက်... ရန်ဖြစ်လိုက်၊ မောင်က ပြန်ချော့လိုက်နဲ့ ပျော်စရာ... တောင် ဖြစ်ခဲ့ရသေးတယ် မဟုတ်လား?

နောက်တော့ အစိုးရဝန်ထမ်းဖြစ်တဲ့ မောင့်... မိဘများက ရန်ကုန်ကို ပြောင်းရွှေ့သွားတဲ့အခါ နယ်... လေးမှာ မေတစ်ယောက်တည်း ကျန်ရစ်ခဲ့ပြီး မောင်... နေ့တိုင်း လွမ်းနေရပါတယ်မောင်။

နှစ်ဖက်သော မိဘအသိုင်းအဝိုင်းတွေ သိ... ကြည်ဖြူခဲ့ကြတဲ့ မောင်နဲ့မေတို့ရဲ့ ချစ်လမ်းခရီး... အစကတည်းက သာယာဖြောင့်ဖြူးခဲ့ပေမဲ့ မောင့်... တအားချစ်တဲ့ မောင့်အစ်မက မေ့ကို မကြည်ဖြူ... လေ။ ဘာဖြစ်လို့လဲဆိုတော့ မေက မောင့်ရဲ့အချစ်... ရရှိလိုက်တော့ (၁၂၈)သွယ်သော မောင်ချစ်နှမချစ်... (၁၅၀၀)ကိလေသာအချစ်တို့ ကွဲပြားခြားနားတယ်ဆို... သူမသဘောပေါက်သွားပြီလေ။ ဒါကို မေသိ... မောင်လည်း အသိသားနဲ့မောင်ရယ်။

တျောင်းပြီးလို့လည်း လုပ်ငန်းခွင်ဝင်ရော...



www.burmeseclassic.com

www.burmeseclassic.com

တော့လည်း မောင်နဲ့ဝေးခဲ့ရပေမဲ့ ဓာတ်ပုံတွေ၊ စာတွေ၊ လက်ဆောင်ပစ္စည်းတွေ မှန်မှန်ပေးပို့ခဲ့တာ ဖုန်းဆက်ပြီး လေလှိုင်းထဲမှာ အလွမ်းသယ်ခဲ့ကြပြီး မောင်နဲ့မေတို့ အဆက်အသွယ် ပြတ်ခဲ့ကြလို့လား။

"မီးဝေးတော့ချိပ်မာ" ဆိုပေမဲ့ လူချင်းဝေးတာကလေးနဲ့ မောင့်ရဲ့သဝန်တိုမှုလေးတွေဟာ မေ့အပေါ် သံသယတွေအဖြစ် ပြောင်းလဲသွားတာကို အစက မေ မသိခဲ့ပါဘူး။ ဘာပဲဖြစ်ဖြစ် မေ့ရဲ့ ရိုးသားဖြူစင်မှုကို မောင်က အနက်ရောင် ဆိုးလိုက်တာလား မောင်ရယ်။

"တစ်ဦးနဲ့တစ်ဦး သံသယဆိုတာ အလကား၊ မှန်သမျှဆိုတာ ပတ္တမြား" ဆိုတဲ့ သီချင်းလေး တစ်ပုဒ် ရှိတယ်။



တကယ်ဆိုရင် မောင်က မေ့အပေး သံသယ စိတ်တွေဝင်တယ်ထား၊ မေ့ကို မောင်မျက်နှာချင်းဆိုင်ပြီး မေးသင့်တယ်လို့ ထင်တယ်။ အဲဒီအခါ မေကလည်း ဒေါသထွက်နေတဲ့ မောင့်ရဲ့ မျက်နှာချောချောလေးကို စေ့စေ့ကြည့်ပြီး ရဲရဲကြီး ဖြေရှင်းလိုက်ရုံပဲလေ။

တကယ်တော့ ....

အဲဒီနေ့က မေအလုပ်လုပ်တဲ့ ကုမ္ပဏီကို နိုင်ငံခြား ဧည့်သည်လာမှာမို့ မန်နေဂျာ ဦးညီညီနဲ့ မေတို့နှစ်ယောက် လေယာဉ်ကွင်းကို လာကြိုတာပါ။

ဖြစ်ချင်တော့ အချိန်စောသေးလို့ Yangon Inter-natuional Airport အပေါ်ထပ်က စားသောက်ဆိုင်မှာ ကော်ဖီသောက်ရင်း ခဏထိုင်နေတုန်း မောင့်ရဲ့ အစ်မက သူမရဲ့ မိတ်ဆွေအချို့နဲ့ ခပ်လှမ်းလှမ်းက စားပွဲမှာ ရှိနေတာကိုး။

အဲဒီတော့ မန်နေဂျာ ဦးညီညီနဲ့ မေတို့နှစ်ယောက်ကို ချစ်သူစုံတွဲလို့ အထင်လွဲ စွပ်စွဲရက်ပြီပေါ့ မောင်ရယ်။ ဒါပါ ပဲလေ။

☆☆☆☆☆

မောင့်ရဲ့ အစ်မက မောင့်ကို ဘယ်လိုပြန်ပြောသလဲဆိုတော့ မေမသိရပေမယ့် သိလည်းမသိချင်တော့ပါဘူးလေ။

ဒါပေမဲ့ ...

မောင့်ရဲ့ နောက်တွယ်မှာ မေဟာ သစ္စာမဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ယောက်ရယ်လို့ မေ့အပေါ် မောင်ယူဆခဲ့ရင်တော့ မောင့်ကို ချစ်မိခဲ့တဲ့ မေ့အချစ်တွေအတွက် နှောင်တရလို့ဆုံးမှာ မဟုတ်တော့ပါဘူးမောင်။

တစ်ခုတော့ ရှိပါတယ်။

ချစ်သူ့ သက်တမ်းတစ်လျှောက်လုံးမှာ မေ့လက်ဖဝါးနုနုလေးတွေကို အကြာကြီးကိုင်ပြီး ဆုပ်နမ်းတာ၊ မေ့ပါးပြင်ကို ဖွဖွလေး နမ်းရှုပ်တာ၊ မေ့ ခါးလေးကို အသာဖက်တာကလွဲပြီး အဆင့်မကျော်လွန်ဘဲ သန့်ရှင်းဖြူစင်စွာ လျှောက်လှမ်းခဲ့တဲ့ မောင့်ရဲ့ ကိုယ့်ကျင့်သိက္ခာကို မေ တကယ်လေးစားလို့ မဆုံးနိုင်ပါဘူး။ ပြီးတော့လည်းလေ ...

လက်မထပ်ခင်အထိ အပျိုစင်ဘဝကို အမည်းစက် မစွန်းအောင် တန်ဖိုးထားပြီး ချစ်သွားပါ့မယ်လို့ ကတိတွေပေးထားပြီး အဲဒီကတိကို မပျက်အောင် ထိန်းသိမ်းသွားတာကိုလည်း ကျေးဇူးတင်လို့ မဆုံးပါဘူးမောင်။

နောက်ဆုံးတော့ မောင်နဲ့မေတို့ ခုလိုကွဲကွာခဲ့ကြရတာဟာ မောင်အစ်မရဲ့ ဝယောဂမကင်းဘူးဆိုတာ မောင် တစ်နေ့တျရင် နားလည်လာပါလိမ့်မယ်။

အဲဒီ မောင့်အစ်မဆိုတာ မောင့်ရဲ့အစ်မရင်း မဟုတ်ဘဲ မောင်မမွေးဖွားမီကတည်းက မောင့်မိဘတွေရဲ့ မွေးစားသမီးဆိုတာ မောင်သိလောက်ပြီထင်ပါရဲ့။

ဒီနေရာမှာ မောင့်အစ်မကို မိန်းမသားချင်း စာနာစိတ်နဲ့ မေက အပြစ်မတင်ရက်ပါဘူး။ မောင့်အပေါ်မှာ မောင်အရင်း တစ်ယောက်လို အချစ်ကြီးချစ်လာခဲ့သမျှ မေက မောင့်အချစ်ကိုလည်း ပိုင်ဆိုင်ရော၊ မောင့်ရဲ့အစ်မမှာလည်း မေ့ကို မနာလိုစိတ်နဲ့ မောင့်အပေါ်မှာ ချစ်တဲ့စိတ်တွေ ယိုဖိတ်တဲ့သဘောပဲပေါ့။

မေ့သဘောနဲ့ ပြောရရင် မောင့်အစ်မရဲ့ အချစ်က မေ့ရဲ့ အချစ်ထက် အများကြီးပိုလိမ့်မယ်လို့ တစ်ထစ်ချ ယုံကြည်မိတယ်မောင်။

ဘာဖြစ်လို့လဲဆိုတော့ မောင့်ရဲ့အစ်မက မောင့်ကို မောင်ချစ်နှမချစ်ရော တစ်ထောင့်ငါးရာ ကိလေသာ





www.burmeseclassic.com

www.burmeseclassic.com



အချစ်ရော ပေါင်းစပ်ဖြည့်ဆည်းပြီး တကယ်ချစ်နေတာမို့ အပြစ်မယူဘဲ ခွင့်လွှတ်သင့်ပါတယ်မောင်။

မောင့်အစ်မရဲ့ ချစ်စနက်ကြောင့် မေ့ရဲ့ဘဝတစ်ဆစ်ချိုးမှာ အပျက်အပျက်နဲ့ တစ်သက်မမေ့စရာ နှလုံးသား ဒဏ်ရာတစ်ခု ရခဲ့ပြီကောမောင်ရယ်။

ဒါပေမဲ့ ...

အဲဒီနှလုံးသား ဒဏ်ရာဒဏ်ချက်တွေကို မေ့ရဲ့ အနာဂတ်အထိ သယ်ဆောင်ပြီး တမ်းတမ်းတတ ခံစားမနေသင့်တော့ဘူးဆိုတာရယ်၊ ဘယ်သောအခါမှ ပြန်လည် ဆုံစည်းဖို့ရာ လမ်းမရှိတော့တဲ့ချစ်သူကို လွမ်းဆွေးမနေသင့်တော့ဘူးဆိုတာရယ်ကို မေ နားလည်လိုက်ပါပြီ။

ပြီးတော့ အသိတရားတစ်ခုလည်း ရလိုက်ပါပြီလေ။

တကယ်လို့များ ...

မောင်နဲ့ တစ်နေ့နေ့ တစ်ချိန်ချိန် တစ်နေရာရာမှာ ပြန်လည်ဆုံတွေ့ကြမယ်ဆိုရင်တောင် အဲဒီအတွေးပုံရိပ်ဟာ စိတ်ကူးယဉ် အိပ်မက်တစ်ခုသော ဖြစ်ပါလိမ့်မယ်လို့။

ခုတော့လေ . . ။

မောင်နဲ့မေတို့ရဲ့ ချစ်ခန်းနဲ့စပြီး လွမ်းခန်းနဲ့ဆုံးတဲ့ အချစ်ဇာတ်လမ်းလေးဟာ ဆေးရောင်ပြယ်လွင့်သွားတဲ့ ပန်းချီကားတစ်ချပ်လို့ပါပဲလားမောင်ရယ်။

"Say you will"

ရှီ(တက္ကသိုလ်)

"တဲ "ရှီ (တက္ကသိုလ်)"ရဲ့ "ဆေးရောင်ပြယ်လွင့်သွားသော ပန်းချီကားတစ်ချပ်" ဆိုတဲ့ နှလုံးသားရှုထောင့်ထဲက "မေ" ရဲ့ ခံစားချက်တွေကို "မောင်"က ဘယ်လိုပြန်ပြီး ဖြေရှင်းမလဲ။ "မောင်"ရဲ့ကိုယ်စားကိုယ်ပွားခံစားပြီး ၁၀-၈-၂၀၁၄ ရက်နေ့ နောက်ဆုံးထားတာ ရေးသားပေးပို့ကြပါလို့ မေတ္တာရပ်ခံအပ်ပါတယ်။

**မောင်ငြိမ်းသူ (ကြို့ဝင်ထောက်)**
**ဒုတိယအယ်ဒီတာချုပ်**
**ရွှေထောင့်မှုခင်းနှင့် ရသစုံမဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com



# နှလုံးသား ရှုထောင့်၊ ပြောင်ချက်နှလုံးသား တာဝန်ခံအယ်ဒီတာရဲ့ သုံးသပ်ချက်



## “ပထမဆုရွေးချယ်စိစစ်ချက်”

၂၀၁၄ခုနှစ်၊ ဧပြီလထုတ်၊ မှုခင်းရှုထောင့်ရသစုံမဂ္ဂဇင်းထဲမှာ ဖော်ပြခဲ့တဲ့ “**ခေတ်လူ (စိတ်ပညာ)**”ရဲ့ “**အ[illegible] နှလုံးသား၊**”ဆိုတဲ့ နှလုံးသားရှုထောင့်ထဲက “**ထိုထိန်း**”ရဲ့ ခံစားချက်တွေကို “**သီတာ**”ရဲ့ ကိုယ်စားကိုယ်ပွားခံစား[illegible] ဖြေရှင်းပေးထားသူတွေထဲက ပထမဆုရွေးချယ်ထားတဲ့ (၁၀)ဦးရဲ့ စာရင်းကို ဖော်ပြလိုက်ပါတယ်–

| | | |
|---|---|---|
| (၁) | စံပယ်ဖြူ | “နှောင်းခဲ့လေပြီ” |
| (၂) | ဥမ္မာခင် | “ဘယ်သူ့အပြစ်လဲ” |
| (၃) | စိမ်းစိမ်းနွယ် | “ဖူးစာလို့ပဲမှတ်ပါ” |
| (၄) | ကြေးကေခိုင် | “မိန်းတလေးပါ” |
| (၅) | ဆွေဆွေသိန်း | “မကြောင်လို့မဟုတ်ပါ” |
| (၆) | သူဇာစိုး | “သီတာဘယ်ဝယ်ဘယ်ဆီ” |
| (၇) | မြသင်းမွန် | “ယုံချင်မှယုံပါ” |
| (၈) | အေးမြတ်ရတီ | “ခွင့်လွှတ်ပါလို့မဆိုချင်” |
| (၉) | ကြူကြူစန်း | “အလွမ်းနဲ့သာဖြေလိုက်ပါ” |
| (၁၀) | တန်နီ(တောင်ကြီး) | “ဆုံမှတ်တို့ရှိလားရာ” |

## “ပြန်လည်စိစစ်သုံးသပ်ချက်”

(၁) စံပယ်ဖြူ **“နှောင်းခဲ့လေပြီ”**

ကျိုးကြောင်းဖော်ပြချက်က ပီပြင်မှုအားနည်းနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



(၂) ဥမ္မာခင် **"ဘတ်ဘူအဖြစ်ထဲ"**

နိဒါန်းချီလာတာကောင်းလာပြီးမှ ဇာတ်သိမ်းခန်းမှာ ယုတ္တိကင်းမဲ့သွားပါတယ်။

(၃) စိမ်းစိမ်းနွယ် **"ဖူးစာလို့ဗဲ မှတ်ပါ"**

ဝတ္ထုတိုတစ်ပုဒ်လို ရေးသားထားပေမဲ့ အဓိကလိုရင်းကို ဖော်ပြမှုမှာ ပီပြင်မှုမရှိပါ။

(၄) ကြော့ကေခိုင် **"မိန်းထလေးပါ"**

တိုးကြောင်း ဖော်ပြချက် သင့်ပါတယ်။

(၅) ဆွေဆွေသိန်း **"မကြြင်ထို့မထုတ်ပါ"**

ကိုးကြောင်းဖော်ပြချက်သင့်ပေမဲ့ အရေးအသားက ပြေပြစ်မှုအားနည်းနေပါတယ်။

(၆) သူဇာစိုး **"သီထာဘတ်ဝတ်ဘတ်ဆီ"**

ကဗျာတွေ၊ သီချင်းတွေ များပြားနေတော့ အဓိကကိုးကြောင်းဖော်ပြချက်မှာ အားနည်းနေပါတယ်။ ကဗျာတို့ သီချင်းတို့ဆိုတာ လိုအပ်သလောက်သာ ထည့်သင့်ပါတယ်။ ငါးသိုင်းများတော့ ဟင်းတုန်သွားတာပေါ့

(၇) မြသင်းမှုန် **"ထုံချင်မှထုံပါ"**

ကိုးကြောင်းဖော်ပြချက်သင့်ပေမဲ့ ရန်တွေ့သံတွေ များနေပါတယ်။

(၈) အေးမြတ်ရတီ **"ခွင့်လွှတ်ပါလို့ မဆိုချင်"**

ကိုးကြောင်းဖော်ပြချက်က ရုပ်ရှင်၊ ဗီဒီယိုဇာတ်လမ်းဆန်နေပါတယ်။

(၉) ကြူကြူစန်း **"အထွမ်းနဲ့သာဖြေထိုက်ပါ"**

ငေါ်တော့တော့ရေးသားထားတာ ထူးခြားမှုရှိလှပေမဲ့ ဆွဲဆောင်မှုအားနည်းနေပါတယ်။

(၁၀) ဟန်နီ (တောင်ကြီး) **"ဆုံမှတ်ထို့ရဲ့ထားရာ"**

ကြားခံတစ်ဦးက ဖြေရှင်းဖျောင်းဖျနားချထားတာ သင့်ပါတယ်။

**"အကြိုက်ဆုံးဖြောင့်ချက်နှလုံးသားပိုင်ရှင်"**

ဒီလအတွက် အကြိုက်ဆုံးဖြောင့်ချက်နှလုံးသားပိုင်ရှင်ကတော့ **"ဟန်နီ (တောင်ကြီး)"** ဖြစ်ပါတယ်။ ကဲ **"ဟန်နီ(တောင်ကြီး)ရဲ့ ဆုံမှတ်ထို့ထားရာ"** ဆိုတဲ့ ဖြောင့်ချက်နှလုံးသားကို ခံစားကြည့်ကြပါစို့။

**မောင်ငြိမ်းသူ (ကြို့ဝင်ထောက်)**

**တာဝန်ခံအယ်ဒီတာ**

**ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com





# ဆုံမှတ်တို့ရဲ့လားရာ

ဟန်နီ(တောင်ကြီး)

ကိုဟိန်းရဲ့ စာကိုဖတ်ရင်းနဲ့ စဉ်းစားပြီး ဒီစာကို ရေးလိုက်တာပဲ။ သီတာ့ရဲ့ အနိုတီလေးပါ။ သီတာ့အိမ်မှာ မင်းနဲ့စကားပြောဖူးပါတယ်။ မင်းမှတ်မိမယ် ထင်တာပဲ။ မင်းရဲ့စာကိုဖတ်ရင်းနဲ့ မင်း သိသင့်တယ်ထင်လို့ပြီးတော့ အန်တီတို့အတွက်လည်း စဉ်းစားမိလို့ပါ။ မင်းတို့မောင်နှမ သီတာဆီလာလည်ကတည်းက ရိပ်မိတာပါ။ မျက်လုံးက စိတ်ရဲ့ပြတင်း



www.burmeseclassic.com

www.burmeseclassic.com



ခေါ်တဲ့။ မင်းတို့ကတော့ ငယ်သေးတာကိုး။ အဲဒီတတည်း
က သိပ်အတဲမရှမှန်းသိခဲ့တယ်။ သီတာ့ကိုမေးတော့ "ဘာမှ
ဆိုင်ပါဘူးတဲ့။ သမီးက သူ့အစ်မနဲ့ အလွန်ခင်တဲ့ သူငယ်
ချင်းပါ။ သူငယ်ချင်း မောင်အဖြစ်ပဲ သမီးသိတာပါ။ မေမေ့ကို
သွားပြီး လျှောက်မပြောနဲ့နော်။ ဘာမှမဟုတ်ဘဲ သမီးအဆူ
ခံထိနေဦးမယ်နော် အန်တီလေး" လို့ သူပြောတာနဲ့ မပြော
ဖြစ်ခဲ့ဘူး။

နောက်တစ်ခေါက် မင်းတို့ရဲ့ 'ယင်း'မြို့ကို အန်တီ
လေး မရှိတုန်း သူသွားလည်တယ်လေ။ သူပြန်လာပြီး အချိုး
တွေ တော်တော်ပြောင်းလာတာ တွေ့ရတယ်။ ဘယ်လိုမေး
မေး ဘူးခံငြင်းတယ်။ ဘာမှဆက်မမေးတော့ဘဲ နေလိုက်
တယ်။ အဲ ကံဆိုးချင်တော့ မင်းရေးလိုက်တဲ့စာ ငါ့အစ်မ



လက်ထဲ ရောက်သွားတယ်။ မင်းရဲ့စာတွေ သူ့သမီးလက်ထဲ
မရောက်စေနဲ့ ဝရုစိုက်ဆိုပြီး သူပဲ အားလုံး မီးရှို့ပစ်လိုက်တာ။
သီတာကတော့ တငေးငေးလေးပေါ့။ ဘာမှလည်းမမေးရဲ၊
ဘာမှလည်း မပြောရဲနဲ့ ကြိတ်မှိတ်ခံစားနေပုံပဲ။ ငါ ထပ်မေး
မှ သူဖွင့်ပြောပြတာ။ မင်း ရန်ကုန်ကို တက်သွားတယ်။ အနု
ပညာလောကမှာ နာမည်တစ်လုံးရအောင် ကြိုးစားမယ်လို့
မင်းပြောသွားခဲ့တာတွေပေါ့။

အခု မင်းဆီက ဘာမှအဆက်မသွယ်မရဘူး ဆို
ပြီး ငါ့ကို မျက်ရည်တွေနဲ့ ပြောပြတယ်။ ငါ့တူမရဲ့ မျက်ရည်
တွေအတွက် ငါ စိတ်မကောင်းဖြစ်ရတယ်။ ဒါပေမဲ့ ငါ့အစ်မ
ရဲ့ အစီအစဉ်ကို ပြောပြလို့ ဘယ်ဖြစ်ပါ့မလဲ။ အနုပညာလုပ်
ငန်းဆိုတာ ကိုယ်ထင်တိုင်းဖြစ်တာမဟုတ်ဘူး။ ကံ၊ ဉာဏ်၊
ဖွဲ၊ လုံ့လ၊ ဝီရိယ၊ အချိန်နဲ့ငွေကြေး၊ ကံဇာတာဆန်းလည်း
လိုတယ်လေ။ မင်းတို့ ပြောသလောက်သာ လွယ်ကူရင် အသံ
ကောင်းသူ အားလုံး အဆိုတော်တွေဖြစ်ပြီး အတွေးအခေါ်
ကောင်းပြီး စကားပြောကောင်းရုံနဲ့ စာရေးဆရာတွေ အားလုံး
မဖြစ်သွားကြပါဘူး။ 'အနုပညာသမား'ဆိုတာနဲ့တင် ငါ့
အစ်မက ဝယ်ချပြီးသားပဲ။ ဘာလို့လည်းဆိုတော့ အကြောင်း
ရှိလို့ပေါ့။

ဖုံးကွယ်ထားလို့မရတဲ့ အထဲမှာ ပါတဲ့အကြောင်း
တစ်ခုမို့ မင်းလည်းကြားလောက်သိလောက်ရောပေါ့။ သီတာ့
ရဲ့ အဖေအကြောင်းပဲ။ သီတာ့အဖေကလည်း အနုပညာကို
ဝါသနာပါတယ်။ ဝါသနာတူ သူငယ်ချင်းတွေနဲ့ ချိန်းချိန်းပြီး



www.burmeseclassic.com

www.burmeseclassic.com



> ❝ သံသယတစ်ခုဝင်လာပြီဆိုရင် အဲဒီမီးက မငြိမ်းတော့ဘူး။ သီတာစိတ်ထဲဝင်လာတဲ့ သံသယမီးတစ်စကို မငြိမ်းသွားအောင် ဘေးကနေ ငါတို့က သွေးထိုးစကား ပြောပေးရတယ်။ ❞

ဆိုကြတာကြပေါ့။ အစ်မကတော့ သူ့ယောက်ျားဝါသနာကို သိတော့ ဘာမှ မပြောဘူး။ သူနေချင်သလို လွတ်လပ်ခွင့်ပေးထားတယ်။ သိပ်ချစ်သလို အလွန်ယုံကြည်ခဲ့တာလည်း ပါတာပေါ့။ သီတာ့အဖေက အပေါင်းအသင်းတွေ သိပ်ခင်တယ်။ အလုပ်မအားတဲ့ကြားက သူငယ်ချင်းတွေ ထိစွဆိုအားသွန်ခွန်စိုက်ပဲ။ သူငယ်ချင်းတွေနဲ့ ပတ်သက်လာရင် ထဲတဲဆတ်လွန်းလို့ တစ်ခါတစ်ရံ သူတို့ စကားများကြတယ်။ အစ်မက အလျှော့ပေးတာ များတယ်လေ။ တစ်နေ့တော့ အစ်မက ယောကျ်ားသူငယ်ချင်းအဖွဲ့ထဲကပဲ မသီဂီနဲ့ တရားဝင် လက်ထပ်ယူခဲ့တယ်။ အစ်မက မထားပြိုင်လည်းမနေနိုင်ဘူးဆိုပြီး ကွာရှင်းပြတ်စဲခဲ့ကြတယ်။ အဲဒီကတည်းကပဲ အစ်မက အနုပညာသမားတွေကို စိတ်နာခဲ့တာ။ အနုပညာသမားတွေက စိတ်နုတယ်ဆိုပြီး အဲဒီ အပြောအောက်မှာပဲ သစ္စာမဲ့မှုတွေ အများကြီးဖြစ်သွားကြတာ မဟုတ်လား။ အနုပညာသမားတွေ အားလုံးကို မဆိုလိုပါဘူး။ စောင့်ထိန်းနိုင်တဲ့ ကျင့်ဝတ်နည်းတဲ့သူတွေကို ပြောတာပါ။ ဒီတစ်ခါ သီတာနဲ့ ပတ်သက်လာပြန်တော့လည်း အနုပညာသမားတဲ့။ အစ်မကတော့ သံသရာမရှည်အောင် မီးကို စောစောငြိမ်းချင်တယ်လို့ ဆိုတယ်။ အနုပညာသမားဆိုတာတွေနဲ့ မပတ်သက်လိုတော့ဘူးလေ။ ဒါကြောင့် မင်းဆီက လာတဲ့ စာမှန်သမျှ သီတာ ဘာမှ မသိလိုက်ခင်မှာပဲ အစ်မက ဖျက်ဆီးပစ်လိုက်တယ်။ သီတာကတော့ မင်းဆီက ဘာအဆက်အသွယ်မှ မရတော့ မင်းကို စိတ်နာလာတယ်။

သံသယတစ်ခုဝင်လာပြီဆိုရင် အဲဒီမီးက မငြိမ်းတော့ဘူး။ သီတာ စိတ်ထဲဝင်လာတဲ့ သံသယမီးတစ်စ မငြိမ်းသွားအောင် ဘေးကနေ ငါတို့က သွေးထိုးစကား ပြေ ပေးရတယ်။ အစ်မကလည်း သူ့အဖေအကြောင်းကို ပြေ တာပေါ့။ ညည်းတို့အါဖေ ချိုးသွားတဲ့ အချိုးကဘယ်လို ညည်းတို့သိတဲ့ မြင်တဲ့ လူတွေကဘာ်လို၊ အစ်မက သူ သလိုနဲ့ ဝင်ပြီးပြောတာပေါ့။ သီတာကလည်း ကြာ မင်းကိုစိတ်ခုလေပေါ့။ ကျောင်းတွေဖွင့်တော့ သီတာ အဝေးသင်ပဲတက်တော့မယ်ဆိုတာနဲ့ အစ်မက ခွင့်ပြု အလုပ်သွင်းပေးခဲ့တယ်။ မင်းအိမ်မှာ သီတာကိုလာရှာတိုင် မဆုံဖြစ်အောင် တမင်လုပ်ခဲ့တာ။ ကြာရင် အားလုံးပြီးသွ မယ်လို့ပဲ ထင်ထားခဲ့တယ်။ သီတာတို့က ငယ်ရွယ်သ

www.burmeseclassic.com



လေ၊ စိတ်မြန်တယ်။ သစ္စာတရားကို တိုးတွယ်တဲ့အချိန်၊ အချစ်ကို ကိုးကွယ်တဲ့အချိန်မှာ မင်းနဲ့ အစစအရာရာ အဆက်ပြတ်သွားခဲ့တော့ သူ့စိတ်ထဲမှာ မင်းကိုချစ်တဲ့ အကြောင်းထက် အသစ်တွေပြီး သူ့ကို မေ့ပြီးလို့ပဲတွေးခဲ့ တယ်။ ငါတို့တလည်း ပြောတာပေါ့ "သူကြွင်မှ ကိုယ်ကြွင် မယ်၊ ချင်စိမ်းနဲ့မိသလွှင်ပေါ့ အေလို့၊ ဘာလို့လွမ်းနေမှာလည်း သူတောင် ကိုယ့်ကိုသတိမရတာ၊ ကိုယ်လည်းအနေသာကြီး ပါပေါ့။ ငယ်ရွယ်သူဆိုတော့ ယုံလွယ်တယ်။ ဒီထိုအချိန်မှာ တောင်မယုံကြည်ရတာ ဘယ်လိုအချိန်မှာ ယုံကြည်ရမှာလဲ။ သူ့စိတ်က ဒီလိုပါဆို အခုညည်းကိုယ်တွေ့ပဲ ညည်းစဉ်းစားလို့ ပဲပြောလိုက်တယ်။

နောက်ပိုင်း သီတာ မင်းအကြောင်းသိပ်မပြော တော့ဘူး။ မင်းရန်ကုန် မသွားတော့ဘဲနေတာ၊ မုံရွာမှာ ကျောင်းတတ်နေတာ၊ အတုန်ကြားတယ်။ သီတာကဖြစ်ချင် တော့ မောင်အောင်မင်းနဲ့ ရင်းနှီးသွားတယ်။ သူတို့တော်တော် ရင်းနှီးသွားမှ မင်းသီတာအကြောင်းစုံစမ်းပြီး သိသွားတယ်။ သီတာက မင်းသူ့ကိုလာရှာတယ်လို့ ငါ့ကိုပြောပြတယ်။ သူတော်တော်စိတ်ဆိုးနေတယ်။ မင်းက အခုမှပေါ်လာပြီး သူ့ကိုလာချော့နေတယ်ပေါ့။ မင်းစာထည့်တယ်လို့လည်း ပြောတယ်။ အိမ်ကိုမရောက်တာလား။ သူ့ဆီကိုပဲ မရောက် တာလား မေးလို့ ငါညာဖြေလိုက်တယ်။ အိမ်မှာလည်း ညည်း ရှိတာပဲ ညည်းညီမတွေသွားမေးကြည့်ပါလား။ စာလာလားလို့ ပေါ့ သူ့ညီမတွေက သိမှမသိတာ မလာဘူးလို့ပြောကြတာ ပေါ့။ သီတာက ငါနဲ့အစ်မပဲ ရှိတာ။ စိတ်မကောင်းပေမယ့်

**"သူကြွင်မှ ကိုယ်ကြွင်မယ်၊ ချင်စိမ်းနဲ့မိသလွှင်ပေါ့ အေလို့၊ ဘာလို့လွမ်းနေမှာလည်း သူတောင် ကိုယ့်ကို သတိမရတာ၊ ကိုယ်လည်း အနေသာကြီးပါပေါ့။ ငယ်ရွယ်သူဆိုတော့ ယုံလွယ်တယ်။"**




www.burmeseclassic.com

www.burmeseclassic.com



ညာလိုက်ရတယ်။ သူ့ရင်ထဲက သံယောဇဉ်တွေ အတုန်ပြတ်သွားအောင်ပေါ့။ သူစိတ်ထင်သွားတာ မင်းကသူ့ကိုလိမ်တယ် ညာတယ်လို့ပဲ ထင်သွားတာ။ မင်းကိုရွဲ့ချင်တာလည်းပါတာပေါ့။ သူ မောင်အောင်မင်းနဲ့ ပြေလည်သွားတယ်။ မင်းက သူ့ရှိတဲ့နေရာကို အမြဲလာတယ်တဲ့။ သီတာက စိတ်မာမှန်းပြတ်မှန်းကို မင်းနဲ့ဖြစ်တဲ့ ကိစ္စမှ ငါတို့သိလိုက်ရတာ။

မင်း အတင်းလိုက်စကားပြောလို့ သူပြောဝစ်ခဲ့တယ်ဆိုတဲ့ အကြောင်းကို ပြောပြတဲ့ အချိန်သူတော်တော်ဒေါသထွက်နေတယ်။ မင်းအပေါ် စိတ်နာပြီး အတော်မုန်းသွားသလိုပဲ။ ဒီအချိန်ကျမှ ငါ့တူမကိုလည်း ငါမပြောချင်ဘူးလေ။ သူက မောင်အောင်မင်းနဲ့ ပြေလည်သွားပြီကိုး။ ပြီး



တော့ငါ့တူမက သူ့ရဲ့မေတ္တာနဲ့ သစ္စာကို တန်ဖိုးထားတတ်လာခဲ့တယ်။ မောင်အောင်မင်းနဲ့ ကျတော့ အစ်မကသဘောတူတယ်လေ။မောင်အောင်မင်းက ရိုးတယ်၊အေးတယ်၊ သဘောဖြည့်တယ်။ ထားပါတော့လေ ဒါကတော့ ငါတို့လူကြီးတွေအမြင်ပေါ့။ ငါတို့လူကြီးအမြင်နဲ့တော့ သဘောကျတာပေါ့။ မင်းကတော့ ဓာသမားပီပီ စကားတတ်တိုင်းလျှောက်ပြောခဲ့တာလို့ ငါတို့က စွဲချက်တင် ကောက်ချက်ချပေးခဲ့တယ်။ သီတာက စိတ်နာရင်းစွဲဆိုတော့ မင်းဘာလုပ်လုပ်အကောင်းမထင်တော့ဘူးလေ။ မင်းနဲ့ ပတ်သက်တဲ့ သတင်းတွေလည်းလုပ်ကြံဖန်တီးပြောရတာပေါ့။ သံယောဇဉ် မှန်သမျှ သူ့ရင်ထဲမှာ အမြစ်မကျန်အောင် ဖြတ်ပစ်လိုက်တယ်လေ။

ကဲအခုတော့ မင်းလည်း သိလောက်ကြားလောက်ရောပေါ့။ သီတာနဲ့ မောင်အောင်မင်းလက်ထပ်လိုက်ကြတော့ မင်းအတွက် သီတာက ပြန်မလှည့်နိုင်တော့အောင် ဆက်လျှောက်သွားခဲ့ပြီ။ သူက ပြောမရဆိုမရလောက်အောင် မင်းကို တမ်းတမ်းတတ ချစ်နေလွမ်းနေ စွဲလမ်းနေရင်တောင် ငါ့အစ်မသိခါမှသိ ငါတော့ ပြောပြလိုက်တော့ ငါလည်း ...သာတော့ဘူးပေါ့။ သူ့စိတ်ထဲပေါ့ ပါစေဆိုပြီး ငါကရှာကြံ... တီးပြီး ဇာတ်လမ်းဆင်ပြောရတော့တယ်လေ။ မင်း... ကဲ့လို့ပြောရမလား။ ငါတို့ကတော့ လမ်းလွဲအောင် ဖန်တီး... တာတော့အမှန်းပါ။ ဒီအချိန်မှာသီတာကလည်း မောင်အောင်မင်းကို တကယ်သံယောဇဉ်တွယ်တာ၊ မေတ္တာနှောင်ကြိုး... တွယ်သွားခဲ့မှတော့ အရင်က အဖြစ်အပျက်တွေကို...



www.burmeseclassic.com

www.burmeseclassic.com



ထိစေချင်တော့ပါဘူး။ ဒါကြောင့် မင်းရဲ့ နှလုံးသားရှုထောင့်မှာ ရင်ဖွင့်ထားတဲ့ ခံစားချက်တွေကို သီတာ သိအောင် ကြားအောင် မလုပ်စေချင်ဘူး။ သူ့ရဲ့ စိတ်ထဲ မတင်မကျဖြစ်သွားစေတဲ့ အကြောင်းအရာတွေ ခုချိန်မှာ မဖြစ်စေချင်ဘူး။ မင်းခံစားရသမျှတွေ အတွက်လည်း မြင်ရကြားရ သိရတော့ ထကယ်စိတ်မကောင်းဖြစ်မိတယ်။ အစ်မကိုလည်း ငါပြောပြလိုက်တော့ အစ်မလည်း စိတ်မကောင်းဖြစ်ခဲ့တယ်။ မင်း ဒီလောက် သီတာကိုချစ်လိမ့်မယ်လို့ ထင်မထားတဲ့အတွက်ကြောင့်ပါ။ မရေရာတဲ့ အနုပညာ သမားတစ်ယောက်နဲ့တော့ ဘယ်သူက ကိုယ့်သမီးကို စိတ်ချလက်ချ ထည့်ရက်ပါ့မလဲ။ ရေရာသေချာပါတယ်ဆိုတာတွေတောင် မသေချာမှတော့ သိသိကြီးနဲ့တော့ မိုက်ကြမယ် မထင်ပါဘူး။

အဲဒီတော့ မင်း နားလည်းပေးပါ၊ အမေတစ်ယောက်ရဲ့ခံစားချက်၊ အတိတ်ရဲ့ နာကြည်းချက်တွေက ဒီအစ်မရဲ့ နှလုံးသားကို လမ်းကြောင်းတစ်ခု ဖန်တီးပေးခဲ့တာပဲ။ သီတာကလည်း သူ့ရဲ့ဆုံးဖြတ်ချက်နဲ့ပဲ ပြန်မလှည့်တမ်းဆက်လျှောက်သွားခဲ့တာ။ မင်းလည်းလက်လျှော့ပြီး ဒီအလွမ်းတွေ အဆုံးသတ်လိုက်ပါတော့၊ အသုံးမဝင်တော့တဲ့ စကားတွေ၊ သူများအိမ်ထောင်ရေး အက်ကြောင်းထစေမဲ့ အပြုအမူတွေကို မလုပ်ပါနဲ့တော့လား။ ဘယ်သူ့အတွက်မှ မလှတော့တဲ့ ဇာတ်လမ်းကို အဆုံးသတ်လိုက်ပါတော့ကွယ်။ မင်းအပေး မတရားခဲ့တာတွေ အတွက်လည်း အန်တီလေး တောင်းပန်ပါတယ်။ တစ်ဖက်သတ် ဖွတ်ဖန်တီးခဲ့တာတွေကလည်း သူ့အကြောင်းနဲ့ သူဆိုတော့ မင်းကပဲ နားလည်ပေးစေချင်ပါတယ်။ မင်း ဒီရင်နာစရာတွေနဲ့ အချိန်တွေ ထပ်ဖြုန်းနေရင် မင်းပဲ နစ်နာမှာကို သိတဲ့အတွက် ဒီအကြောင်းကို ပြောပြဖို့ အန်တီလေးဆုံး ဖြတ်လိုက် တာပါ။ သီတာ့ကို အတတ်နိုင်ဆုံး မေ့ပစ်ပြီး မင်းဘဝလေးကို ပျော်ရွှင်သာယာအောင် ဖန်တီးပါလို့ပဲ အန်တီလေးတိုက်တွန်းပါရစေ။ မင်းအပေါ် မတရားမှန်းသိပေမဲ့ မင်းနားလည်ပေးစေချင်ပါတယ်။ အားနာနာနဲ့ပဲ တောင်းပန်လိုက်ပါတယ်။

**နားလည်ပါစေလို့ဆန္ဒပြုရင်း**

**အန်တီလေး**

**ထန်နီ(တောင်ကြီး)**

■

www.burmeseclassic.com

# HURRICANE
## Restaurant

- ချိုသာသောဈေးနှုန်း
- သန့်ရှင်းသပ်ရပ်သော ဆိုင်အပြင်အဆင်
- ယဉ်ကျေးပျူငှာသော ဝန်ထမ်းများ၏ အကောင်းဆုံးဝန်ဆောင်မှု
- ကျွမ်းကျင်သော စားဖိုမှူးကြီး၏ ကောင်းမွန်လတ်ဆတ်သော အစားအသောက်များ
- နိုင်ငံခြားအရက်မျိုးစုံနှင့် မြန်မာစည်ဘီယာ၊ အေဘီစီစည်ဘီယာ အခြားအချိုရည်မျိုးစုံ


တန်ဖိုးရှိလှတဲ့ ငွေကို အကျိုးရှိရှိကုန်ရကျိုးနပ်အောင်
**HURRICANE Restaurant** သို့ လာခဲ့ပါ။

အပတ်စဉ် သောကြာနေ့တိုင်း
အထူးအစီအစဉ် ဖျော်ဖြေမှုရှိသည်။

အမှတ်(၃၄)၊ လေးဆောင့်ကန်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်။
ဖုန်း ၀၉ ၄၃၀၃၄၂၁၉၊ ၀၉ ၄၃၀၃၄၃၅၂၊ ၀၉ ၄၃၁၅၆၅၈၉

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



## "နှင်းစေရင်"

**ဟျော်စောထိန်း(ဒေါ်ရုံ)**

ကရာတေးသမား မိုးစွေ ကရာတေး လေ့ကျင့်နေစဉ် သူတို့မြို့လေးကို ပြောင်းရွှေ့လာသူ ဝတ်ရည်ချိုကို စတွေ့တွေ့ချင်းပင် ရင်ခုန်စွဲလမ်းသွားတော့တယ်။ သူငယ်ချင်းဖြစ်သူရဲ့ အောင်သွယ်ပေးမှုကြောင့် မိုးစွေနဲ့ ဝတ်ရည်ချိုတို့ ချစ်သူဘဝ ရောက်သွားကြတယ်။ ဝတ်ရည်ချိုမှာ မိုးစွေလိုပဲ အမေနဲ့နေသူဖြစ်တယ်။ မိုးစွေမှာ တခြားသူများက အမိန့်နဲ့ခိုင်းစေမှုကို ကလန်ကဆန်လုပ်သလောက် ဝတ်ရည်ချိုခိုင်းရင် နှစ်ခွန်းမပြောရ။ မိုးစွေနဲ့ ဝတ်ရည်ချိုတို့မှာ အကျင့်တစ်ခုရှိတယ်။ ခေါင်းဝန်းလှန်ခြင်းပင်။ မိုးစွေက ဝတ်ရည်ချိုကို အမှတ်တရအဖြစ် ဝတ်ဝံရုပ်လေး လက်ဆောင်ပေးတယ်။




တစ်နေ့ ဝတ်ရည်ချိုအ ကြောင်းများ မကောင်းပြောနေတဲ့ သန်းနိုင်တို့အုပ်စုနဲ့ မိုးစွေ ရန်ဖြစ်ကြတယ်။ သန်းနိုင်ကို ခေါင်းရိုက်ခွဲခါနီး ဝတ်ရည်ချို ရောက်လာပြီး တားနိုင်လို့ သန်းနိုင် သတ်သာရာရသွားတယ်။ ထံကြမ္မာရဲ့ အလှည့်အပြောင်းက ကြောက်ဖို့ ကောင်းလှတယ်။ ဝတ်ရည်ချိုရဲ့ အမေ ဒေါ်ကြည်ပြာမှာ နှစ်လုံးထီထိုးပြီး ပိုက်ဆံများ မပေးနိုင်လို့ ထွက်ပြေးလာခြင်းဖြစ်တယ်။ ဒီမြို့ကလေးကို နှစ်လုံးထီဒိုင် ကျင်ဝှတ်တို့အုပ်စုလိုက်လာလို့ ဒေါ်ကြည်ပြာမှာ မြို့ကထွက် ပြေးဖို့ပြင်တယ်။ ဝတ်ရည်ချိုက ထွက်မပြေးခင် ... မိုးစွေကိုနှုတ်ဆက်ဖို့ သွားရှာရင်း သန်းနိုင်တို့အုပ်စုနှင့်တိုးတယ်။ သန်းနိုင်က ဝတ်ရည်ချိုကို အဓမ္မကျင့်ဖို့ ကြံစည်တယ်။ မိုးစွေအချိန်မီရောက်လာပြီး သန်းနိုင်ကို သတ်လိုက်မိတယ်။ ဝတ်ရည်ချိုကို သူတစ်နေ့ ဆက်ဆက်ပြန်လာမယ်၊ ဆက်ဆက်စောင့်နေပါလို့ မှာကြားပြီး ရဲများဖမ်းဆီးရာကို လိုက်ပါသွားတော့တယ်။ တစ်မတ်စေ့ကလေးကို ပစ်တင်ရင်း "ငါတို့နှစ်ယောက် ပြန်ဆုံရမယ်ဆိုရင် ခေါင်းကျပါစေ" လို့ ဆုတောင်းလိုက်တာ ခေါင်းကျခဲ့တယ်။

ဆယ်နှစ်ဆယ်မိုးကြာတဲ့အခါ မိုးစွေထောင်က ထွက်လာတယ်။ နာမည်ကကျိုးတဲ့။ ထောင်ထဲမှာခင်မင်ခဲ့တဲ့ အောင်မောင်းရဲ့အကူအညီနဲ့ ဦးသီဟစည်သူထံမှာ အလုပ်ရတယ်။ ဦးသီဟစည်သူက စီးပွားရေးသမား လောဘသမား တစ်ဦးဖြစ်တယ်။ ဦးသီဟစည်သူမှာ ထောက်ပံ့ပေးကမ်းထားတဲ့ ချစ်သူဂါဂါ တစ်ယောက်ရှိတယ်။

တစ်နေ့ ဦးသီဟစည်သူက ကျိုးကိုခေါ်ပြီး ဂါဂါ တိုက်ခန်းကို ခေါ်သွားတယ်။ ကျိုးတွေ့လိုက်ရတဲ့ ဂါဂါ သူချစ်ခဲ့တဲ့ ဝတ်ရည်ချို ဖြစ်နေတော့ ကျိုးရင်ကွဲရပြီ။



www.burmeseclassic.com

www.burmeseclassic.com





ရည်ချိုနဲ့ ဂျိုစာရင်းသွားရှင်းတယ်။ သူ့ဘဝအဖျက်ခံပြီး ပေးဆပ်မှုက နင့်ဒီဘဝရောက်ဖို့မဟုတ်ဘူးလို့ ဂျိုကရင်ဖွင့်တယ်။ ဝတ်ရည်ချိုကလည်း ကင်ဆာဖြစ်နေ တဲ့သူ့အမေအတွက် ငွေသိန်းရာ ပေါင်းများစွာလိုကြောင်း၊ အမေ အသက်ရှင်နိုင်ရန်အတွက် ပေးဆပ်ရခြင်းဖြစ်ကြောင်းပြောရာ ဂျို ဘာမှပြန်မပြောနိုင်တော့။ ဝတ်ရည်ချိုက ဂျိုအား ဗီရိုထဲမှ အရုပ်များအားပြပြီး "ဒီအရုပ်တွေ ငါလိုချင်လို့ ယူခဲ့တဲ့ အရုပ်တစ်ရုပ်မှမပါဘူး။ ငါ့ဘဝမှာ ချစ်ခြင်းမေတ္တာနဲ့ ယူခဲ့တဲ့အရုပ်ကတော့ ဒီအရုပ်လေးပဲရှိတယ်"လို့ဆိုကာ အံဆွဲထဲမှ တစ်ချိန်က မိုးစွေပေးခဲ့တဲ့ ဝက်ဝံရုပ်ကလေးကို ထုတ်ပြရာ ဂျိုဘာလုပ်လို့လုပ်ရမှန်းမသိတော့။ ဝတ်ရည်ချိုက အမေဆုံးပြီးရင် ငါတို့ဘဝကို ငါတို့ ထူထောင်လို့ရပြီဖြစ်ကြောင်းနဲ့ ဒီအချိန်အထိတော့ သည်းခံစောင့်ဆိုင်းပေးဖို့ တောင်းပန်တယ်။ ဂျို ရင်နာနာနဲ့ပဲ လက်ခံလိုက်တယ်။

အမေဆုံးပြီး ဦးသီတစည်သူအား ဂါဂါက သူမှာချစ်သူကိုသာ လက်ထပ်မယ့်အကြောင်း အသိပေးလိုက်လေတယ်။ ဦးသီဟစည်သူက လက်ခံသလိုလို တစ်ဖက်လှည့်နဲ့ ဂျိုအားဖမ်းဆီးပြီး ဂါဂါက သူ့ကိုသာလက်ထပ်ဖို့ အကျပ်ကိုင်တော့တယ်။

သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်း ဘယ်လိုခရီးဆက်ပြီး ဇာတ်လမ်းနိဂုံး အဆုံးသတ်မယ်ဆိုတာကိုတော့ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများမှာ ရုံတင်ပြသတဲ့အခါ ဆက်လက်ကြည့်ရှု ခံစားရတော့မှာ ဖြစ်ပါတယ်။

ဒီဇာတ်ကားအတွက် ဒါ ရိုက်တာဝိုင်းက ဇာတ်လမ်းဖန်တီးရေးဖွဲ့ပြီး နေနော်က ဇာတ်ညွှန်း ရေးဖွဲ့ပေးထားပါတယ်။ ဒါရိုက်တာဝိုင်းက စိန်ငွေ့ရုပ်ရှင်ထုတ်လုပ်ရေး အတွက် "နှင်းစေရင်" အမည်နဲ့ ပုံဖော်ခံစားရိုက်ကူး တင်ပြထားတာ ဖြစ်ပါတယ်။


ပြေတီဦး၊ မင်းဦး၊ ဝတ်မှုံရွှေရည်၊ ဇင်မျိုး၊ ဦးမင်းသစ်၊ သန်းသန်းစိုး၊ အောင်ဇော်မင်း ဇာတ်ကြမ်းသရုပ်ဆောင်များ ဇာတ်ပို့ဇာတ်ရန်များ ပါဝင်ထားပါတယ်။

**ကျော်ဇောထိန်း (ဒေါ်ပုံ)**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



## "နိမိတ်စထား"

**ခိုင်စင်သန့်**

မန်ထက်ချိုဗီဒီယို ထုတ်လုပ်ရေးအတွက် မစန်းစန်းဆင်း (မော်လမြိုင်)စီစဉ်ပေးထားပါတယ်။ ဆန်းဒေးရဲ့ ဇာတ်လမ်းဇာတ်ညွှန်းနှင့် ဒါရိုက်တာ သားကြီးက "နိမိတ်စထား"အမည်ပေးပြီး ဗီဒီယိုဇာတ်ကားရိုက်ကူးထားသည်။ ဇာတ်ကားကို မာန်ထက်ချို ဗီဒီယိုစက်ဖြင့် အထယ်ဒမီ ဝင်းထက် (လယ်ဖေး)က တည်းဖြတ်ပေးပြီး ကိုလတ် (Galaxy)က နောက်ခံတေးသီချင်းများအား ဖြည့်တင်းထားသည်။ ဝင်းဝေယံ၊ ချစ်သုဝေ‌တို့ အဓိကသရုပ်ဆောင်ကြပြီး ဝင်းထက်အောင်၊ နှင်းယုညိမြင့်မိုရ်၊ ခင်သန်းဝင်း၊ မိုးအိန္ဒြာယွတ်တို့နှင့် ဇာတ်ပို့ဇာတ်ရန်များ ပါဝင်ထားကြသည်။

နှစ်သက်စဖွယ်က မိဘမဲ့ဝေတာမှ သူဌေးကြီး လင်မယားရဲ့ မွေးစားခြင်းခံရသော သူဌေး သမီးလေးဖြစ်သည်။ အတူနေ သူငယ်ချင်း ရွှေစင်၊ အိမ်အကူ ကြီးကြီးဥတို့နှင့် အတူနေထိုင်ပြီး ကိုယ်ပိုင်ဒီဇိုင်နာ ရုံးခန်းဖွင့်ထားသူဖြစ်တယ်။ နှစ်သက်စဖွယ်က ရှေ့ဖြစ်တွေ ကြိုမြင်တဲ့သူတွေ အကြောင်းကြားရင် အမောတကော သွားရောက်တွေ့ဆုံတာ မျိုးရှိသည်။ နှစ်သက်စဖွယ်က ဗေဒင်လက္ခဏာ မယုံကြည်ပေမဲ့ ရှေ့ဖြစ်တွေကြိုမြင်တဲ့သူကို ရှာ ဖွေနေတဲ့သူ။ ဖြစ်ကြောင်းမှန်တန်စေရန် ထိုလူက သူမနဲ့ရွယ်တူ ဖြစ်ရမည်။ ဝန်းချီဆွဲတတ်ရမည်တူသော ထန့်သတ်ချက်တွေရှိသည်။ တစ်နေ့မှာ သူမတန့် သတ်ထားတဲ့ အချက်နဲ့ကိုက်ညီသော ရှေ့ဖြစ်ကြိုမြင်နိုင်သူရှိ သည့် ကော်ဖီဆိုင်သို့ သွားတွေ့ သည်။





www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲ၌ သူမငယ်ဘဝက ခွေးရုပ်တစ်ရုပ်နှင့် သူမတို့ ငယ်ဘဝ အထိမ်းအမှတ် နှင်းဆီပန်းတွေနှင့်အတူ အသက်ဟု ခေါ်လိုက်သော လူတစ်ယောက်ကြောင့် .. ထိုလူသည် သူမ ငယ်ဘဝက ကွဲကွာခဲ့သောမိုက် ဖြစ်နေသည်။

မိုက်နှင့် နှစ်သက်စဖွယ်က မိဘမဲ့ကလေးဂေဟာမှာ တွေ့ခဲ့ကြသည်။ မိုက်က မွေးရာပါ ရှေ့ဖြစ်ကြိုမြင်သူ။ ဘယ်လက်နဲ့ ပန်းချီဆွဲတော်သူဖြစ်သည်။ မိုက်က ရှေ့ဖြစ်တွေကို ကြိုမြင်၍ အသက်ဘေးမှ လွတ်သွားခဲ့သူ။ သူဌေးလင်မယားက မိုက်ကိုလာရောက်မွေးစားရန် ခေါ်ပေမဲ့ မိုက်က သူ့ကိုယ်စား နှစ်သက်စဖွယ်ကိုမွေးစားရန် အစားထည့်ပေးလိုက်သည်။ ထို့ကြောင့် နှစ်သက်စဖွယ် ချမ်းသာပြည့်စုံခဲ့တာ မိုက်ကြောင့်ဟု အမှတ်ရကာ မိုက်ကို လိုက်ရှာခဲ့တာဖြစ်ကြောင်း။ မိုက်ကိုတွေ့တဲ့အခါ ကျေးဇူးဆပ်ရန် အိမ်၌အတူခေါ်ထားခဲ့သည်။ အတူနေ သံယောဇဉ်နှင့် ငယ် သံယောဇဉ်က ပြောင်းလဲသွားပြီး လက်ထပ်ရန်အထိ စီစဉ်ခဲ့ကြသည်။ လက်ထပ်ပွဲမှာ ပုံတူပန်းချီထားချိတ်ရန် မိုက်ကိုယ်တိုင်ပန်းချီဆွဲတာ ညာလက်နဲ့ဖြစ်နေသောအခါ ထခင်မိုက်နဲ့ ကွဲပြားခြားနားခြင်းကို နှစ်သက်စဖွယ် ကြိုသိသွားသည်ကို ဖွင့်မပေးဘဲ မိုက်အကြောင်း စုံစမ်းသောအခါ သူမအကြောင်း ကြိုသိရန် မိုက်ကအိမ်နေရာအနှံ့အပြား၌ စီစီတီဗီတွေ ထပ်ထားကြောင်း။ ထိုစီစီတီဗီမှတစ်ဆင့် ကြည့်၍ သူမကိုကြိုသိမြင်နေကြောင်း နှစ်သက်စဖွယ် သိသွား၍ မိုက်အယောင်ဆောင်နေတာ သူမစည်းစိမ်တွေမက်၍ ဟန်ဆောင်နေခြင်းလားဟု ဒေါသနဲ့မေးခဲ့သည်။ မိုက်အစစ်ကို သာ သိခွင့်ရရင် ငွေဘယ်လောက်ပေးရပါစေ ပေးမည်ဟုပြောတဲ့အခါ မိုက်အစစ် သေပြီဖြစ်ကြောင်း။ ငွေမက်၍ နှစ်သက်စဖွယ်အနား ရောက်လာတာမဟုတ်ဘဲ မိုက်အစစ်က သူ့ကို အယောင်ဆောင်ပါဟု တောင်းဆိုခဲ့၍ ကင်ဆာရောဂါသည် မိုက်အစစ်စကားကို နားထောင်ခဲ့မိကြောင်း သို့ပေမဲ့ နှစ်သက်စဖွယ်နဲ့ စတွေ့တဲ့အချိန်မှာ သူတကယ် ချစ်မိသွားကြောင်း ပေါက်ကွဲစွာပြောကြားပြီး ထိုအိမ်မှထွက်သွားခဲ့သည်။ မသွားခင် မိုက်အစစ်ပေးခဲ့သော ဒိုင်ယာရီစာအုပ်လေးကို နှစ်သက်စဖွယ်ကို ပေးခဲ့သည်။ ထိုစာအုပ်ထဲမှ မိုက်အစစ်က နှစ်သက်စဖွယ်အတွက် ရှေ့ဖြစ်ဟောတွေရေးပေးခဲ့ပြီး နောက်ဆုံးစာမျက်နှာက ရက်စွဲပဲပါရှိကာ စာသားတွေကို တစ်စုံတစ်ယောက်က ဆုတ်ဖြဲထားခဲ့သည်။ ထိုစာမျက်နှာရှိ ရက်စွဲရောက်လာသောနေ့တွင် နှစ်သက်စဖွယ် ကားတိုက်ခံရမည့်အရေးကို မိုက်အတုက တွန်းလွှတ်ဝင်ကယ်ခဲ့သည်။ မိုက်အတု ဆေးရုံရောက်သွားသောအခါ နှစ်သက်စဖွယ်က မိုက်အတုလက်ထဲက စာရွက်ပြဲလေးတစ်ရွက်ရခဲ့သည်။ ထိုစာရွက်၌ သူမသေနေ့စေမည့်အကြောင်း မိုက်အစစ်က ကြိုသိဟောခဲ့ပြီး မိုက်အတုက အချစ်အတွက်အသက်စွန့်မည်ဟု ရေးထားသော စာကြောင်းကို မြင်ရတဲ့အခါ မိုက်အတု၏ အချစ်ကို သူမ ယုံကြည်သွားပြီးနောက် ဘာတွေဆက်ဖြစ်မည်ကို ဗီဒီယိုဇာတ်ကား ထွက်ရှိလာပါက စောင့်မျှော်ကြည့်ကြပါရန်။

ခိုင်ခင်သ



www.burmeseclassic.com

www.burmeseclassic.com



# စာအုပ်စင်ရှုထောင့်

**ကိုကြီးထူး**

## "မြတ်ဗုဒ္ဓခေတ်ကျွတ်တန်းဝင်ပုဂ္ဂိုလ်များ"




**"ဆရာတော်ဒေါက်တာမိုးအောင် (စာပေဗိမာန်စာမူဆု)"**

ရှာဖွေစုစည်း ရေးသားသော ဤစာအုပ်တွင် မြတ်ဗုဒ္ဓလက်ထက်၌ ကျွတ်တန်းဝင်သွားခဲ့ကြသော ယောကျာ်း၊ မိန်းမများ၊ တေဒဂ်ဘွဲ့ ရသူများအကြောင်းကို ဖတ်ချင်စဖွယ် မှတ်ချင်စဖွယ် ရေးသားထား သည်။ သင့်စာအုပ်စင်တွင်ရှိသင့်သည်။ တစ်အုပ်လျှင် ၁၅၀၀ိ/နှုန်းဖြင့် ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

## "ရင်ခုန်ဘဲဖွယ်တစ်ဆင့်ဓမ္မရသစာစုများ"

**"စာရေးဆရာမ ထက္ကသိုလ်ရွှေဆင့်"**၏ လေးအုပ် မြောက်လုံးချင်းဖြစ်သော ဤစာအုပ်တွင် ဗုဒ္ဓစာပေကို ခံစား နားလည်အောင် ရသပါပါ ရေးသားထားသော သိမှတ်လိုက်နာ ကျင့်ကြံဖွယ်များပါရှိရာ စာကြည့်တိုက်တိုင်းတွင် ထားရှိသင့်သည်။ အမျိုးသားစာပေဆုရ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)နှင့် စာပေ ဗိမာန်စာမူဆုရ နန္ဒာမိုးကြယ်တို့၏ အမှာစာများပါရှိသည်။ ညီမေတ္တာ စာပေမှ တစ်အုပ်လျှင် ၂၀၀ိ/နှုန်းဖြင့် တစ်ပြည်လုံးသို့ ထုတ်ဝေ ဖြန့်ချိလျက်ရှိသည်။



www.burmeseclassic.com



## "စန္ဒာဝီထာသာ"



"ထွက်ထွန်းသွားရှာပြီဖြစ်သော ဝန္တဝင်စာရေးဆရာကြီး ထင်းထုန်သစ်ထွင်"၏ ဆဋ္ဌမအကြိမ်မြောက် ထပ်မံ ထုတ်ဝေသော ဤစာအုပ်သည် ယခုမှသာ ပြန်လည်ထုတ်ဝေခွင့်ရခြင်းဖြစ်သည်။ ၁၉၇၁-ခုနှစ်တွင် အမျိုးသား စာပေဆု ရခဲ့သော ဤစာအုပ်၏ဂုဏ်ထူးဝိသေသမှာ မြန်မာစာပေလောကတွင် ဝန္တဝင်တွင်သွားခဲ့သည်။ ရှားပါးလှသောဤစာအုပ်ကို စာကြည့်တိုက်တိုင်းတွင်ထားရှိသင့်သည်။ ခိုင်ဇင်စိုးစာပေမှ တစ်အုပ်လျှင် ၅၀၀ဝိ/နှုန်းဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိလျက်ရှိသည်။

## "ချန်ဝီအကျဉ်းသား သုံးထောင်ပြန်နှင့်ဖြတ်ဝ"



"ဆရာညီညီနိုင်၊ ဆရာ ညိုထွန်းအောင်နှင့် ဆရာထောင်တွင်း ထိုရင်ကြ"တို့ သုံးဦး၏ ဝတ္ထုလတ်သုံးပုဒ် စုစည်းထုတ်ဝေထားခြင်းဖြစ်ရာ တစ်မျိုးတစ်ဘာသာစီ ဆွဲဆောင်မှုရှိကြသည်။ SHINING STAR စာအုပ်တိုက် ဝ၉၄၂၁ဝ၈၉၉၁၆ မှ တစ်အုပ်လျှင် ၂၀၀ဝိ/နှုန်းဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိလျက်ရှိသည်။

www.burmeseclassic.com



## "ရခိုင်မြေမှာရှင့်သောဝန်း"



**"ဆရာတော် ဦးဓမ္မဝိဟ(ကဗျာဆရာကြိုင်ထွန်းထင်း)"**၏ ကဗျာစာအုပ်တွင် မိခင်မြေအကြောင်း၊ ပန်းမာလာတို့ အကြောင်း၊ မိဘအကြောင်း၊ ဓမ္မရသပါပါ ရေးဖွဲ့ထားသောကဗျာ(၈၂)ပုဒ်ပါသည်။ ကဗျာဆရာများဖြစ်ကြသော ထပ်ဆင့်အမျိုးသားစာပေဆုရ မင်းရွှေမင်း(အင်းစိန်)နှင့် မောင်ကြယ်နွယ်တို့၏ အမှာစာများပါသည်။ ကဗျာချစ်သူများ သိမ်းဆည်းထားသင့်သည်။ နိုင်ငံဂုဏ်ရည်စာပေတိုက်မှ တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ထိုကြီးထူး



www.burmeseclassic.com

www.burmeseclassic.com



# တစ်လတာသင့်ကံကြမ္မာ

တက္ကသိုလ်စိုးမိုးနိုင်

## တနင်္ဂနွေ



လက်နှင့်ထိလျှင်ပင် ရွှေအတိဖြစ်သည်ဟူသော ပုံပြင်ထဲက လက်ကိုရရှိသူ တန်ခိုးရှင်တစ်ဦးကဲ့သို့ဖြစ်နေမည့်ကာလ။ ရိုးသားခြင်း၊ မှန်ကန်တိကျခြင်းတို့ကြောင့် ဆုံမိသူတိုင်း၏ အထင်ကြီးလေးစားမှုကို လက်ခံရရှိပေလိမ့်မည်။ အကြံပေး၊ ကူညီသူတို့နှင့်တြုံ့ရလိမ့်မည်။ ကျန်းမာရေး ကောင်းစေရန် လမ်းမှန်မှန်လျှောက်ပါ။ အရက်သေစာနှင့် အပျော်အပါးရှောင်ပါ။

BURMESE CLASSIC

သင့်နှလုံးသားအဘိဓာန်မှာ အချစ်ကို စာလုံးပေါင်းခွင့်ရမည်။ အကြင်နာ၊ မေတ္တာများစွာ ချစ်သူကို အသက်ထက်တန်ဖိုးထား ချစ်မိနေမည်။

**ထိထိုးရမည့်နေ့** – ကြာသပတေး၊ တနင်္လာ။

**အထျိုးပေးဝထာန်း** – (၃ ၈ ၆) (၇ ၈ ၁)

**ထကြာ**– ယောဂီဝတ်ကို ဆေးနှင့်ငွေလှူပါ။

## တနင်္လာ



လှပသော မွှေးရနံ့များကို ပိုက်ထွေးရှူရှိုက်ခွင့် မည့်ကာလ။ အရာရာကို စိတ်ဝင်စားနေပေလိမ့်မည် ဘက်မလိုက်သူတစ်ဦးအဖြစ် လူအများ၏လေးစားချစ် မှုကို ရရှိပေလိမ့်မည်။ လူမှုရေးစိတ်ဓာတ်ပြည့်ဝသူ တစ်ပါးသူကို အကူအညီနှင့်အကြံဉာဏ်ပေးတတ် ကြောင့် အောင်မြင်ပျော်ရွှင်ရမည်။ ကျန်းကျန်းမာမာ ပျော်ရွှင်ရွှင်ရှိနေမည်။

ချစ်သူအပေါ် ပေးဆပ်ခြင်းသက်သက် ရန် မငြော်တိုးဘဲ ချစ်နေလိမ့်မည်။ ချစ်သူ၏ အမှား မှုကို အပြစ်မမြင်ဘဲ ခွင့်လွှတ်ချစ်ခင်နေမည်။

**ထိထိုးရမည့်နေ့** – အင်္ဂါ၊ တနင်္ဂနွေ။

**အထျိုးပေးဝထာန်း** – (၁ ၈ ၂) (၇ ၈ ၂)

**ထကြာ**– စနေထောင့်မှာ ပန်းများများလှူပါ။



www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါ



အမွေးအတောင်စုံစ ကြက်ကလေးသဖွယ် ဘုံဗိုင်ရင်ဆိုင် တက်ကြွပြီး အားမာန်ပြည့်ဝနေမည့်ကာ လ။ ဆန္ဒနှင့်ဘဝ ထပ်တူကျရန် ကြိုးစားနေရပေလိမ့် မည်။ မှန်ကန်သောအတွေးကြောင့် တိုးလိုးတန်းလန်းဖြစ် နေသောကိစ္စရပ်တို့ အဆင်ချောသွားလိမ့်မည်။ ကျန်းမာ ရေးအတွက် ဖောဇ္ဈင်သုတ်တော်ကို ရွတ်ဖတ်သင့်၏။

သင်နှင့် ဘုဘောက်ကျနေသူလေးနှင့် ခပ်ငြိငြိ ဖြစ်သွားရတတ်သည်။ အချစ်ရေးမှာ ဆန္ဒမစောသင့်။ လောမကြီးသင့်ပေ။

**ထီထိုးရမည့်နေ့** – ဗုဒ္ဓဟူး ကြာသပတေး။

**အကျိုးပေးဝဏ္ဏန်း** – (၂ ၈ ၈) (၇ ၈ ၇)

**အကြာ**– ငှက်စာတွေ့ပါ။

## ဗုဒ္ဓဟူး



ဖြိုင်မြင်းတစ်အုပ် ပြေးလာသည်နှင့်ရင်ဆိုင် တွေ့ကြုံရတတ်သောကာလ။ ထိပ်တိုက်ရင်ဆိုင်ဖြေရှင်း မှု တော့တော့ဆိုင်ဆိုင်ဖြေရှင်းစရာများနှင့် ကြုံရပေလိမ့် မည်။ အသိ၊ သတိနှင့် လှုပ်ရှားသွားလာသင့်၏။ "မြင်း" စီးခွာလိပ်မှုမျိုးမကြုံရစေရန် ဉာဏ်ပညာနှင့် ဝီရိယ ကို ပေါင်းစပ်ကာ ကြိုးစားသင့်၏။ ကျန်းမာရေးအတွက် ရာသီပေါ်အသီးအနှံများကို စားသုံးသင့်၏။

ဖူးစာရေးနတ်က သင့်အတွက် လှပလွန်းသော အချစ်အိပ်မက်ကလေးတစ်ခု ဖန်တီးပေးလိမ့်မည်။ အချစ်ထဲကောင်းပြီး ခမ်းနားထည်ဝါသော အချစ်ခရီးလမ်း ကို စတိုင်လ်အပြည့်နှင့် လျှောက်ခွင့်ရပေလိမ့်မည်။

**ထီထိုးရမည့်နေ့** – ဗုဒ္ဓဟူး၊ သောကြာ။

**အကျိုးပေးဝဏ္ဏန်း** – (၇ ၈ ၀) (၉ ၈ ၉)

**အကြာ**– မွေးနံထောင့်မှာ တံခွန်၊ ကုက္ကားနှင့် ရွှေထီး လှူပါ။

## ကြာသပတေး



ကန်ရေပြင်ပြာလဲ့လဲ့မှာ ကြာဖြူ၊ ကြာနီစသည့် ကြာမျိုးစုံပူးပွင့်ဝေဖြိုင်နေခြင်းကို စိတ်ချမ်းမြေ့စွာ တွေ့ မြင်နေရမည့်ကာလ။ စုတ်ရောလာဘ်ဝါ အထူးဝင်ပေလိမ့် မည်။ အိမ်၊ ခြံ၊ မြေတိုက်တာကိစ္စ အိုကေသွားလိမ့်မည်။ ဟိတ်ဟန်လုပ်ပြီး ကြွားဝါတတ်သောဝါသနာကို ဆင်ခြင် သင့်၏။ ကျန်းမာရေးအတွက် ဆေးကောင်းဝါးကောင်း တွေ့မည်။

အချစ်အိပ်မက်ဆိုးမှ နိုးထခွင့်ရပေလိမ့်မည်။ ချစ်သူ၏ မာယာထောင်ချောက်မှ လွတ်မြောက်ခွင့်ရမည်။



www.burmeseclassic.com

www.burmeseclassic.com

နှလုံးသားသည် ရင်ခုန်သံတို့ တိုးတိတ်လျက် ဝတတိ တည်ငြိမ်နေပေလိမ့်မည်။

**ထီထိုးရမည့်နေ့** – တနင်္ဂနွေ၊ ဗုဒ္ဓဟူး

**အကျိုးပေးဂဏန်း** – (၃ ၈ ၆) (၇ ၈ ၇)

**ယတြာ**– ကလေးများကို ကောက်ညှင်းပေါင်းဒါနပြု ကျွေးပါ။

## သောကြာ



ကံတရားကို ညထက်ကစားနေမည့် ကာလ။ ပြောင်းလဲမှုများကြောင့် တက်လမ်းပွင့်ပေလိမ့်မည်။ လူ တကာ၏ လိုက်လံပူဇော်စွာ အရေးပေးမှုကို ခံရလိမ့်မည်။ ကျေးဇူးတုံ့ပြန်မှုခံရဖွယ်ရှိသည်။ သူတစ်ပါးကို ချီးမွမ်း ထောမနာပြုရန် မမေ့ပါနှင့်။ ကျန်းမာရေးကောင်းစေရန် ရေကောင်းရေသန့်ကို သောက်ပါ။ ရေကို ကြိုချက် သောက်ပါ။

အချစ်ရေးမှာ မိမိ၏နှလုံးသားရင်ခုန်သံကို မိဘ များ၏ဆန္ဒကြောင့် ဘရိတ်အုပ်လိုက်ရလိမ့်မည်။ ချစ်ခြင်း ရင်ခုန်သံများကို စွန့်လွှတ်လိုက်ရမည်။

**ထီထိုးရမည့်နေ့** – ကြာသပတေး၊ စနေ။

**အကျိုးပေးဂဏန်း** – (၃ ၈ ၀) (၄ ၈ ၇)

**ယတြာ**– အုန်းရာထင်းပရိတ်ရွတ်ဖတ်ပါ။

## စနေ



လိုတရ ဆိမ်းခွက်ကို လက်ဝယ်ရရှိမည့်ကာလ။ ဒဏ္ဍာရီဆန်ဆန် ပေးအပ်လာမည့် ကံအခွင့်အလမ်းများ နှင့် ကြုံရပေလိမ့်မည်။ အပြင်ပန်းသဏ္ဍာန်က မာကျော ခက်ထန်သော်လည်း အတွင်းစိတ်က ပျော့ပျောင်းနူးညံ့ နေပေလိမ့်မည်။ သူတစ်ပါးအကူအညီနှင့် အကြံပေး ချက်များမလူဘဲ မှန်ကန်သောဆုံးဖြတ်ချက်များ ချနိုင်ပါ လိမ့်မည်။ အသက်ကို ညထက်စောင့်သောကြောင့် မိမိ ကျန်းမာရေးကို မိမိဂရုစိုက်စောင့်ရှောက်သင့်၏။

မိမိ၏ ချစ်သူချောလေးကို ပူးပူးမှုတ်ချစ်ခင်နေ လိမ့်မည်။ ချစ်သူလေးကို အများသူငါမျက်စိစပါးမွေးစူးရ လောက်အောင် သဲသဲကဲကဲ ချစ်နေလိမ့်မည်။

**ထီထိုးရမည့်နေ့** – ကြာသပတေး၊ စနေ။

**အကျိုးပေးဂဏန်း** – (၅ ၈ ၀) (၁ ၈ ၂)

**ယတြာ**– ရတနာမြတ်သုံးပါး၏ ဂုဏ်တော်ကို ပွားများ ရွတ်ဖတ်ပါ။

**ထက္ကသိုလ်မိုးမိုးနိုင်**



www.burmeseclassic.com